
http://www.cherrythitsar.org



# ၆။ ယဉ်နွဲ့ဟာန်
## ပါးလ်ဗတ် ရေးသည်

"ဆက်စုက သူ့ကို ဖျက်ဆီးနေတယ်"ဟု အယ်လယ်က ခပ်တည်တည် ပြောလိုက်သည်။

သူသည် မှန်တင်ခုံတွင်ထိုင်၍ ရွှေနားကပ်နှင့် သူ့ ဂါဝန်အသစ် အနက်ရောင်နှင့် လိုက်မလိုက်ကို ကြည့်နေသည်။ မှန်ထဲတွင် သူ့အရိပ် အပေါ်၌ သူ့ခင်ပွန်း၏ အရိပ်ကို မြင်တွေ့ရသည်။ သူ ချောသလောက် သူ့ခင်ပွန်းချောကြောင်း သူ့စိတ်တွင် မှတ်သားလိုက်သည်။ သူတို့ နှစ်ယောက် အလွန် လိုက်ဖက်သည်။ သူတို့ မင်္ဂလာဆောင်သည့်နေ့က စ၍ ယခုထက်တိုင်ပင် သူတို့နှစ်ယောက်ကို လူအများက လိုက်ဖက်သည်၊ ရုပ်ချောကြသည်ဟု ချီးကျူးလျက်ပင် ရှိသေး၏။ သို့ရာတွင် သူတို့မှာ မငယ်တော့ပေ။ သူတို့၏ တစ်ဦးတည်းသောသားမှာ ယခု အသက်နှစ်ဆယ့် ငါးနှစ်ရှိ၍ ဂျပန်မှ အပြန်တွင် ဂျပန်အမျိုးသမီးကို ယူလာခဲ့လေပြီ။

သူသည် ရွှေနားကပ်နှင့် မလိုက်ဟု ဆုံးဖြတ်ပြီးနောက် ပုလဲ နားကပ် လှမ်းယူနေသည်။ အဖြူနှင့်အနက် အမြဲတမ်းလိုက်သည်ဟု သူထင်၏။ သူ့ ဆံပင်မှာလည်း ငွေရောင်ထ, လာပေပြီ။

http://www.cherrythitsar.org



'စတီဖင် ဘာလို့ ပြန်မပြောသလဲ'ဟု သူက ခပ်ဆတ်ဆတ် မေးလိုက်သည်။

စတီဖင်သည် လည်စည်းအနက်ကို ချည်နေသည်။ သူ့ မေးသည် မော့လျက်ရှိသည်။ "ငါ ဘာပြောရမလဲလို့ စဉ်းစားနေတယ်'ဟု သူက ဆိုသည်။

"ကဲ ... ကျွန်မပြောတာ ဟုတ်ရဲ့ မဟုတ်လား"

'မဟုတ်ဘူး။ ငါတော့ မင်းနဲ့ သဘောချင်း မကိုက်ညီဘူး။ မင်းဘာဆိုချင်တယ်ဆိုတာ ငါသိပါတယ်။ ဒါကတော့ လုပ်ပုံလုပ်နည်းခြင်း ကွာတာပါ။ ဒီပြင် အထူးအထွေ မဟုတ်ပါဘူး'

အယ်လင်သည် သူ့ခင်ပွန်းကို သေသေချာချာ စိုက်ကြည့်လိုက်သည်။ သူတို့နှစ်ယောက်မှာ ဆံပင်ဖြူသော်လည်း သူတို့ မျက်နှာများသည် အတော်ပင် နုနေကြသေးသည်။

'လုပ်ပုံလုပ်နည်း ဟုတ်လား'ဟု သူက မေးလိုက်သည်။

'ကြောင်တောင်တောင် လုပ်မနေစမ်းပါနဲ့ကွာ။ မင်းတို့ မိန်းမတွေမှာ လုပ်ပုံလုပ်နည်းတွေ ရှိကြတာပဲဟာ'

'စတီဖင် ရှင်ဟာ အတော် ရွံစရာကောင်းတယ်'

'ဒါတော့ ဘယ်တတ်နိုင်မလဲကွာ'ဟု ဆိုကာ သူ့ဇနီး၏ ပခုံးပေါ်သို့ လက်တင်လိုက်လေသည်။ သူ့ ပခုံးကလေးများသည် ယခုထက်တိုင်ပင် လှနေပေသေး၏။

အယ်လင်သည် အနည်းငယ် ပခုံးတွန့်သွားပြီးလျှင် 'သူ့ လက်တွေက အေးလိုက်တာ'ဟု ဆိုသည်။

'လက်အေးတာဟာ နှလုံးသားနွေးတဲ့ လက္ခဏာပေါ့'ဟု ဆိုကာ စတီဖင်က သူ့လက်များကို ရုပ်လိုက်သည်။

'ကဲ...နောက်ကျနေတော့မယ်။ သွားကြရအောင်'ဟု အယ်လင်က စကားဖြတ်ချင်၍ ဆိုလိုက်သည်။

စတီဖင်က အယ်လင်အား သားမွေးအင်္ကျီ ကူဝတ်ပေးရင်း 'မင်း သိပ်လှတာပဲ၊ ခံ့လဲ ခံ့တယ်'ဟု ဆိုသည်။

http://www.cherrythitsar.org



'ကျေးဇူးတင်ပါတယ်ရှင်။ ရှင်လဲမဆိုးဘူး။ အတော်ချော အတော် ခံ့တာပဲ'ဟု သူ့ဇနီးက ပြန်ဆိုလိုက်သည်။

သူက ပြုံးလိုက်သည်။ ဇနီးက ပါးကလေးကို စောင်းလိုက်ပြီးလျှင် 'အလှပြင်ထားတာကိုး လှမှာပေါ့'ဟုဆိုသည်။

'သိပါတယ်။ ပြောစရာ မလိုပါဘူးကွယ်။ မင်းကိုငါသိတာ မင်းထင် တာထက်တောင်ပိုသေး'ဟု ပြောကာ သူ့ဇနီး၏ ပါးကို နမ်းလိုက်သည်။

သူတို့ရောက်သွားသောအခါ လှေကားတွင်ဆက်စုသည် အလွန် လှသော ဂျပန်ကီမိုနိုအင်္ကျီဝတ်လျက် စောင့်နေသည်။ ဆက်စုသည် သူ့ ယောက္ခမများကို တွေ့ရသည်မှာ မိနစ်အနည်းငယ်မျှသာ ရှိသေးသော် လည်း ပျူပျူငှာငှာ ရိုရိုသေသေ နှုတ်ဆက်လေသည်။

'သတိထားတက်နော်'ဟု ဆက်စုက ပြောလိုက်ရာ စတီဖင်က ရယ်၍ 'ဘာဖြစ်ဦးမှာလို့လဲဟ။ လှေကားပေါ်က လိမ့်ကျမှာမို့လား'ဟု မေး လိုက်သည်။

'ဩော် မေမေ့အဝတ်က ရှည်လို့ တက်နင်းမိမှာ စိုးလို့ပါ'

ဆက်စုက သူတို့နောက်မှ လှေကားသုံးထစ်လျှော့၍ လိုက်သည်။

'ဆက်စု ငါတို့ကို လိုက်ပို့စရာ မလိုပါဘူး။ ငါတို့ဘာသာ သွား တတ်ပါတယ်'ဟု အယ်လင်က ဆိုသည်။

'အို ဒါက ကျွန်မရဲ့ ဝတ္တရားမို့ပါ'ဟု ဆက်စုက ခပ်တိုးတိုး ပြောလိုက်သည်။

သူတို့၏သား ဘောလတ်သည် အဝတ် ခပ်ဟောင်းဟောင်း ဝတ်၍ ရှေ့ထိုးဖိနပ်စီးကာ ဧည့်ခန်းထဲမှ ထွက်လာပြီးလျှင် "သူလုပ်ပါစေ မေမေ။ သူ အင်မတန် ပင်ပန်းခံတယ်။ အဲဒီလို လုပ်ရမှလဲ သူက ကျေနပ်တာ'ဟု ဆိုလေသည်။

ဆက်စုက ရယ်လေသည်။ ပါးစပ်ကို အင်္ကျီလက်စဖြင့် ကွယ်လိုက် သည်။

'ဘာရယ်ရတာလဲကွ ... အပုမလေးရဲ့'ဟု ဘောလတ်က ပါးစပ်မှ ဆေးတံကို ချွတ်၍ မေးလိုက်သည်။

http://www.cherrythitsar.org



'ရှင့်ကို ရယ်တာ'ဟု ဆက်စုက ဆိုသည်။

'ဘာဖြစ်လို့လဲဟ...'

'ရှင်က ကျွန်မကို ရယ်လို့'

'ကဲမေမေ ဘယ်လောက်ရူးသလဲဆိုတာကိုပဲ ကြည့်ပေတော့'ဟု ဘောလတ်က သူ့ဇနီးကို ချစ်စနိုးဖြစ်သည့်အလျောက် သူ့ အမေကို ပြောပြနေသည်။

စတီဖင်နှင့် ဘောလတ်တို့က ဆက်စုကိုကြည့်၍ ရယ်နေကြသည်။ ဆက်စုက သူတို့နှစ်ယောက်ကို ခင်မင် ကြည်ညိုသော မျက်လုံးများဖြင့် တစ်ယောက်မှ တစ်ယောက်သို့ လှမ်း၍ကြည့်နေရာမှ တည်ကြည်သော အသံဖြင့် 'ဘောလတ် ရှင့်အဖေကို အင်္ကျီကူဝတ်ပေးလိုက်ပါဦး'ဟု ဆို လိုက်သည်။

သူသည် ဗီရိုသို့ ပြေးသွားပြီးလျှင် စတီဖင်၏ အပေါ်အင်္ကျီကို ထုတ်ယူလာလေသည်။ စတီဖင်က 'အို ငါ့ဘာသာ ဝတ်ပါ့မယ်။ သူများ ဝတ်နေစရာ မလိုပါဘူး'ဟု ဆိုသည်။

'မဟုတ်ပါဘူး ကျွန်မ ဝတ်ပေးပါရစေ'ဟု ဆိုကာ ဆက်စုက ခြေဖျား ထောက်၍ စတီဖင်ကို အင်္ကျီဝတ်ပေးပြီးလျှင် လည်ပင်းကော်လာများကို ဖြန့်ပေးလေသည်။ သားနှင့်အဖေတို့သည် ဆက်စုကို ပြုံး၍ ကြည့် နေကြသည်။

'ကျုပ်တော့ မရယ်ချင်ပါဘူး'ဟု အယ်လင်က ဆိုပြီးလျှင် 'ကဲ... နောက်ကျနေဦးမယ်၊ လာသွားမယ်'ဟု ပြောပြီးလျှင် ဆင်းသွားပြီး နောက် ကားထဲတွင် ဝင်ထိုင်နေသည်။

'ဘောလတ်တော့ သူ့ကြောင့် ပျက်စီးနေပြီလို့ ကျွန်မပြောတာ။ အခု ဆိုရင် ဘောလတ်ဟာ သတင်းစာကို ကောက်တောင် မယူတော့ ဘူး။ ကြမ်းပေါ် ပစ်ချထားတာပဲ'ဟု အယ်လင်က ပြောသည်။

ကားမှာ မှောင်ထဲမှ ထွက်၍ လမ်းဘက်သို့ ဆင်းသွားသည်။

'ဒါဟာ ရေးကြီးခွင်ကျယ် လုပ်ဖို့ မဟုတ်ပါဘူးကွယ်'ဟု စတီဖင် က ကားမောင်းရင်း ပြန်ပြောသည်။

http://www.cherrythitsar.org



'အရေးကြီးတာပေါ့၊ ဒါက အစပဲဟာ"

'အို ငါပြောသားပဲ။ ဒါဟာ ဆက်စုရဲ့ လုပ်ပုံလုပ်နည်းပေါ့'

'ရှင်က သိရက်သားနဲ့ ဘာလို့ တဟီးဟီး လုပ်နေရတာလဲ'

'ဟော့ မင်း ငါတို့ချွေးမကို မမုန်းဘူး မဟုတ်လား။ မုန်းရင်တော့ ခက်တယ်'

'ဘာဖြစ်လို့လဲ'

'ငါ့သား အနေအထိုင်ကျပ်နေမှာ စိုးလို့ပါ။ မျက်နှာပူနေမှာလဲ စိုးရသေးသကွ'

'ဒီလိုဆိုရင်လဲ တော်က တော့ချွေးမကို ကြည့်ပြီး တဟီဟီ လုပ်မနေနဲ့ သိလား'ဟု အယ်လင်က ဆိုလိုက်ရာ၊ စတီဖင်က...

'သိပ်ခက်တာပဲ'ဟု ညည်းပြီးလျှင် ကားကို ရပ်လိုက်သည်။

'ကဲပါ နောက်မပြောတော့ပါဘူး။ ရန်ဖြစ်နေဖို့ အချိန် မရှိပါဘူး'

'အင်း မင်းအပြောအဆို ဆင်ခြင်ပါ'ဟု စတီဖင်က အံကြိတ်၍ ပြောပြီးလျှင် ကားကို ဆက်မောင်းလေသည်။

သူတို့သွား၍ ညစာစားသောအိမ်တွင်လည်း ဆက်စုအကြောင်းကိုပင် ပြောကြသည်။ အိမ်ရှင်မ ဟယ်လင်ဘော့စကရော့က ကျကျနန ပြုပြင်ဆင်ယင်ထားသဖြင့် ညစာစားပွဲသည် ကောင်းမွန်လှပါသည်။

'ဂျပန်မကို ချွေးမတော်ရတာ ဘယ်လိုနေသလဲ'ဟု မေရီယန်တာလီက ပြောင်ပြောင်မေးသည်။

'အတော်ဟန်မယ် ထင်ပါ့ကွာ'ဟု မေရီယန်၏ ခင်ပွန်းက ဝင်၍ ပြောလိုက်သည်။

စတီဖင်က...

'ဘောလတ်တော့ သူ့ဇနီးနဲ့ နေရတာ စိတ်ချမ်းသာပုံ ရပါတယ်'ဟု ဖြေလိုက်သည်။

'ဟုတ်ပေမပေါ့ဗျာ။ သူ့ကြည့်ရတာ တေးဆို ငှက်ကလေးကို စားရတဲ့ ကြောင်ကြီးလိုပဲ'ဟု အိမ်ရှင် ဟင်နရီဘောစကရော့က စားပွဲထိပ်က နေ၍ အသံအောကြီးနှင့် ပြောလိုက်သည်။

http://www.cherrythitsar.org



'အို ဟင်နရီကလဲ'ဟု ဟင်နရီ၏ ဇနီးက သတိပေးလိုက်သည်။

'ရှင့်ချွေးမက အိမ်အလုပ်ကို ကူညီလုပ်ပေးသလား'ဟု လီလီယန် ရှယ်လီက မေးမြန်းသည်။

'သိပ်လုပ်တာပဲ'ဟု အယ်လင်က ဆိုသည်။

'သူချည်းလုပ်ချင်တာပဲ'ဟု စတီဖင်က ဝင်၍ ထောက်လိုက်သည်။

'ထင်သားပဲ'ဟု ဟယ်လင်က ပြောသည်။

'ဒီမှာ စတီဖင်၊ ဂျပန်မတွေဟာ ကျုပ်တို့ အမျိုးသမီးတွေလိုပဲ လား'ဟု တွန်ရှယ်လီက မေးလိုက်သည်။

'မတူဘူးဗျ၊ နည်းနည်းမှ မတူဘူး'ဟု စတီဖင်က ဝင်ဖြေလိုက်သည်။

'ဘယ်လိုများ ကွဲပြားခြားနားသလဲ'ဟု ဟင်နရီက မေးလိုက်သည်။

'မပြောတတ်ဘူးဗျ၊ ပြောလို့လဲ ရမယ်မထင်ဘူး။ သိပ်နူးညံ့ သိမ်မွေ့ တာ။ ကျွန်တော်တော့ ဒီအကြောင်း ဟုတ်တိပတ်တိ မတွေးမိ သေး ပါဘူး'ဟု စတီဖင်က ဆိုလိုက်သည်။

အယ်လင်က စိတ်ထဲတွင် 'သိပ်ညာတဲ့လူပဲ။ သူဟာ ဆက်စု အကြောင်းကို အမြဲပဲ တွေးနေတာ။ ဆက်စုဟာ ဘာကြောင့် သူများနဲ့ မတူပါလိမ့်။ ဂျပန်အမျိုးသမီးတွေဟာ ဒီလိုပဲလား။ အယ်လင်နဲ့ ဘယ့် နှယ့်နေသလဲ။ အမေရိကန်အမျိုးသမီးတွေနဲ့ ယှဉ်ကြည့်ရင် ဘယ်လို နေသလဲ' အဲဒီအမေးတွေကို သူ့ခေါင်းထဲမှာ မေးရင်း 'သူ့သားရဲ့ မိန်းမ သေးသေးသွယ်သွယ် နွဲ့နွဲ့နှောင်းနှောင်းကလေးကို ငေးစိုက် ကြည့်နေတာပဲဟာ' ဟု ဆိုလေသည်။

'ခင်ဗျားချွေးမ စကားများများပြောသလား'ဟု ဟင်နရီက မေးသည်။

'မပြောဘူး၊ ဘောလတ်ပြောတာကို စောင့်ပြီး နားထောင်တယ်' စတီဖင်က ပြောလိုက်သည်တွင် ယောက်ျားသုံးယောက်သည် ဝါးခနဲ ရယ်လိုက်ကြ၏။

'ကဲ မိန်းမတွေ ဧည့်ခန်းသွားချိန် တန်ပါပြီ'ဟု ဟယ်လင်က ရုတ် တရက် ဆိုလိုက်လေသည်။

ဧည့်ခန်းသို့ ရောက်သောအခါ မေရီယန်က 'ယောက်ျားတွေ ဘာကို

http://www.cherrythitsar.org



ရယ်ကြတာလဲ'ဟု စုံစမ်းသည်။

'သူတို့က ဆက်စုအကြောင်းပြောပြီး ရယ်နေကြတာ'ဟု အယ်လင်က ပြောပြသည်။

'ရှင့်ချွေးမ ကလေးတွေရရင် ကလေးတွေဟာ သူနဲ့ တူမှာလား'ဟု မေရီယန်က စုံစမ်းပြန်သည်။

'ဆက်စုဟာ သူ့အနေနဲ့သူ လှတယ် မေရီယန်'ဟု ဟယ်လင်က ဝင်ပြောသည်။

'အို မလှပါဘူး။ နှာခေါင်းပြားပါတယ်'ဟု အယ်လင်က သူ့ချွေးမအကြောင်းကို ပြောသည်။

'အမေရိကန်မတွေလိုတော့ မလှဘူးပေါ့။ အသက်ကြီးလာရင် ဝ,သွားလိမ့်မယ်ထင်တယ်။ မျက်နှာက လ,လိုပဲ ဝိုင်းဝိုင်းကြီး။ ဂျပန်ပြည်မှာ သူ့လို အမျိုးသမီးတွေ ပြည့်လို့ပါ'ဟု မေရီယန်က ဆိုသည်။

'ဆက်စုဟာ သူ့အတွက်သူဘာမှ မစဉ်းစားဘူး'ဟု အယ်လင်က ဆိုလိုက်ရာ၊ မေရီယန်က 'ဒါဖြင့် ဘယ့်သူအတွက် စဉ်းစားသလဲ'ဟု မေးလိုက်သည်။

'ဆက်စုဟာ သူ့ခင်ပွန်းအတွက်ရယ်၊ ကျွန်မတို့နှစ်ယောက်အတွက်ရယ်၊ အဲဒီ သုံးယောက်အတွက်သာ စဉ်းစားတယ်'

'ဒါက အစမို့ပါ၊ နောက်တော့ ဒီလို ဂရုစိုက်တော့မှာ မဟုတ်ပါဘူး'ဟု မေရီယန်က ဆိုသည်။

မေရီယန်၏စကားကို အယ်လင်မှတ်မိနေသည်။ ရက်ပေါင်းအတော်ကြာသောခါ ထိုစကား မမှန်ကြောင်း သဘော ပေါက်လာလေသည်။ ဆက်စုသည် မူမပြောင်းပေ။ သူသည် အိမ်မှုကိစ္စများတွင် အချက်ပိုင်ပိုင် လုပ်ကိုင်တတ်သောကြောင့် တစ်အိမ်လုံးက သူ့ကို အားကိုးရသည့်အခြေသို့ ရောက်လေသည်။ လုပ်စရာကိုင်စရာ မှန်သမျှကို ဆက်စုက လုပ်ကိုင်ပေးသည်။

'ကျေးဇူးပါပဲ ဆက်စု' ဆိုသော စကားသည် အိမ်တွင်ပြောနေကျ စကားဖြစ်သည်။ တစ်နေ့တွင် အယ်လင်သည် ဆက်စုက အင်္ကျီဝတ်

http://www.cherrythitsar.org



ပေးရာတွင် စတီဖင်က ဆက်စုတွင် ဖက်လိုက်သည်ကို မြင်လိုက်လေသည်။ တစ်ခါကလည်း စတီဖင်သည် ဆက်စုကို ငုံ၍ နမ်းလိုက်သည်။ ဆက်စုကလည်း ကျင့်သားရသည့်အနေနှင့် အနမ်းခံသည်။ ဘောလတ်သည် အနီးတွင် ရပ်လျက်ရှိသည်။ ဆေးတံကို ပါးစောင်တွင် ခဲလျက် ကြည့်နေသည်။

ဆက်စုသည် ဘောလတ်၌ ဆရာဝန်ကို တွေ့ဖို့ ချိန်းချက်ရှိကြောင်း သတိရသည်။ ဂျပန်ပြည်တွင် ဘောလတ် ကားတိုက်ခံရ၍ ဆေးရုံ ရောက်စဉ်က ဆက်စုနှင့် တွေ့ခဲ့သည်။ ဂျပန်ပြည်က ကားသမားများသည် ကမ္ဘာပေါ်တွင် အရမ်းကားဆုံးဖြစ်သည်ဟု ဘောလတ်က နောက်မှ ပြောပြသည်။ ဆေးရုံတွင် တွေ့ရသည်ဆိုသော်လည်း ဆက်စုမှာ သူနာပြု ဆရာမလေး မဟုတ်ပါ။ သူ့အဖေက ဆရာဝန် ဖြစ်သဖြင့် ဆေးရုံသို့ အလည်လာရင်း ဘောလတ်နှင့် တွေ့သည်။ တွေ့လျှင်တွေ့ချင်းဆိုသလို သူတို့နှစ်ယောက် ချစ်ကြိုက်သွားကြသည်။

အယ်လင်သည် လှေကားထိပ်မှနေ၍ သူ့ခင်ပွန်းသူ့ကို နှုတ်မဆက်ဘဲ ရုံးသို့ ထွက်သွားသည်ကို ကြည့်နေသည်။ ထို့နောက် သူ့သားက ဆက်စုကို အားရပါးရ နမ်းလိုက်သည်။ ဆက်စုမှာ ကလေးသဖွယ် ဖြစ်သော်လည်း နမ်းရာတွင် မိန်းမကဲ့သို့ ရင့်သန်ပေသည်။ ဘောလတ်၏ ရင်ခွင်ထဲတွင် နွဲ့နွဲ့နှောင်းနှောင်းနေရင်း ဘောလတ်နှင့် အနမ်းချင်း လဲလှယ်နေသည်။ ထို အခြင်းအရာကိုလည်း အယ်လယ်က လှေကား ထိပ်မှ လှမ်းကြည့်နေမိသည်။ ကြည့်ရင်း ရှက်လာသည်။

သူ့သားသည် သူနှင့် ကင်းကွာ၍ အခြား မိန်းမတစ်ယောက်၏ အယုအယကို ခံယူနေသည်။ ထို မိန်းမမှာလည်း မျိုးခြား မိန်းမ ဖြစ်သည်။ အယ်လင်၏ ရင်တွင်း၌ မနာလိုစိတ်သည် မီးသို့တောက်လောင်လျက်ရှိသည်။ သူ့သည် သူ့အခန်းသို့သွား၍ ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်နေသည်။ ဒီ အေးချမ်းသာယာတဲ့အိမ်မှာ ဘာတွေ ဖြစ်နေတာလဲ။ ဆက်စုနဲ့ စတီဖင်တို့ ဘယ်အထိ ဖြစ်နေကြသလဲ။ သူနဲ့ ဘောလတ်တို့ အညာခံနေကြရသလား။ စတီဖင်ကတော့ ညာတာမဟုတ်ဘူး။

http://www.cherrythitsar.org



စတီဖင်ဟာ အင်မတန်ရိုးတယ်။ စတီဖင်ကို သဘောကျသော မိန်းမ အမြောက်အမြားကို သူတွေ့ဖူးသည်။ သို့သော် မနာလိုစိတ် မဖြစ်ခဲ့ပေ။ ရယ်ပင် ရယ်လိုက်သေး၏။ သူ့ကို ဆွဲချင်သလောက် ဆွဲကြပါစေ။ စတီဖင် ကတော့ ပါမှာမဟုတ်ပါဘူးဟု သူ့စိတ်ထဲက ဆိုလေ့ရှိသည်။ မိန်းမများ က နယ်လွန်လာလျှင် စတီဖင်က တင်းတင်းမာမာ ငြင်းပယ်လိုက်သည် သာပင်။ သူတို့ဆီက စာတွေကို စတီဖင်က သူ့အတွင်းရေးမှူး မိန်းမကြီး အား ပြန်ကြားစေသည်။ မိန်းမကြီးကလည်း ခပ်တည်တည်နှင့် ပြန်ကြား လိုက်သည်။ သူတို့က တယ်လီဖုန်းခေါ်၍ စတီဖင် ပြန်မပြော။ အယ်လင် ကိုယ်တိုင် ပြန်ပြောသည်။ သူတို့လည်း ရှောင်ခွာသွားကြကုန်၏။

ဆက်စုသည်ကား အိမ်ထဲ၌ ရောက်နေသူ ဖြစ်သည်။ သူ့သား၏ ဇနီးဖြစ်နေသောကြောင့် အိမ်တွင် နေပိုင်ခွင့်ရှိနေသည်။ အယ်လင်သည် တွေးရင်း ကြောက်လာ၏။ ထို့ကြောင့် သူ့သားရှိရာသို့ သွား၍ခေါ်သည်။

"ဟော... လာ မေမေ'ဟု ဘောလတ်က ဆိုသည်။

မကြာခင် ဘောလတ်သည် ထမင်းစားပွဲ၌ တစ်ယောက်တည်း ထိုင် နေသည်။

'ထိုင်ပါမေမေ... ကော်ဖီထပ်ဖျော်နေတယ်။ ဘာစားမလဲ'

'ကော်ဖီနဲ့ ပေါင်မုန့်'ဟု ပြောကာ လိမ္မော်ရည်ကို ကရားထဲမှ ဖန် ခွက်ထဲသို့ ငှဲ့ထည့်လိုက်သည်။

'ငါလဲ အပျင်းကြီးနေတာပဲကွယ်။ ဆက်စုချည်း နံနက်စာ လုပ်လုပ် နေရတယ်'

'သူက လုပ်ချင်လွန်းလို့မှ လွန်နေပါရော မေမေရာ...'

'ဘောလတ်... ငါ မင်းနဲ့ နှစ်ယောက်ထဲ ပြောစရာ ရှိတယ်'

'ပြဿနာရှိလို့လား မေမေ'

'ရှိတာပေါ့'

ဆက်စုဝင်လာကာ ကော်ဖီအိုးကို စားပွဲပေါ်သို့ ချထားပြီးလျှင် သူ့ ယောက္ခမရှေ့တွင် ဦးညွှတ်လျက် 'မင်္ဂလာ နံနက်ပါ မေမေ'ဟု နှုတ်ဆက် လေသည်။

http://www.cherrythitsar.org



'မင်္ဂလာနံနက်ပါ ဆက်စု'ဟု အယ်လင် ပြန်၍နှုတ်ဆက်လေသည်။

သူသည် ဆက်စုဦးညွှတ်သည်ကို ဂရုမစိုက်။ ဆက်စုရောက်လာပြီး သုံးရက်မြောက်နေ့တွင် သူက သူ့သားကို ဆက်စု ဦးညွှတ်မှုကို မလိုလားကြောင်း၊ သူ့ကို ဦးမညွှတ်စေချင်ကြောင်း ပြောထားပါလျက်နှင့် ဘောလတ်က သူ့ဇနီးကို ပြန်မပြောဘဲ 'သူတို့ ထုံးစံပဲ မေမေရယ်။ ဒီလိုမှ မလုပ်ရရင် သူစိတ်မကောင်းဖြစ်မှာပေါ့။ ဦးညွှတ်တာဟာ ရိုသေခြင်း လက္ခဏာပဲဟာ။ ဘာမှ အန္တရာယ် မဖြစ်နိုင်ပါဘူး။ သူ စိတ်မကောင်း မဖြစ်စေချင်ပါဘူး မေမေရယ်'ဟု သူ့ကို ပြန်ပြောထားလေသည်။

'ကဲ... အချစ်လေးရယ်၊ မင်းရဲ့ ဂုဏ်ပြုအပ်တဲ့ ယောက္ခမက ငါနဲ့ နှစ်ယောက်ထဲ ပြောစရာရှိလို့တဲ့'

ဆက်စုက ရယ်လိုက်သည်။ သူ့ ပါးချိုင့်ကလေးများသည် ခွက်သွားလေသည်။ ဘောလတ်ကို ဦးညွှတ်ပြီးလျှင် ခပ်သွက်သွက်ကလေး ထွက်သွားလေသည်။ သူ့အင်္ကျီစကလေးများသည် လွင့်လျက်ပါသွားသည်။

'ဘာလို့ ပြောလိုက်ရတာလဲကွယ်'ဟု အယ်လင်က ပေါင်မုန့် ထောပတ်သုတ်ရင်း ဆိုလေသည်။

'ဒီသူငယ်မ ကောင်းတာက သူ့ကို ဘာဖြစ်ဖြစ် ပြောလို့ရတယ်။ သူ့မှာ ဉာဏ်နီဉာဏ်နက်တွေ မရှိဘူး။ ရိုးရိုးပဲ'

'ဉာဏ်နီဉာဏ်နက် မရှိပေမယ့် ဉာဏ်မရှိတာတော့ မဟုတ်ဘူး'ဟု အယ်လင်က ဆိုသည်။

'ဟုတ်ပါတယ်။ ဒါပေမယ့် စည်းကမ်းသိပ်ကျတာပဲ'

'စည်းကမ်းရှိပါစေလို့ ဆုတောင်းပါတယ်ကွယ်'

ဘောလတ်က မျက်ခုံးပင့်၍ သူ့အမေကို ကြည့်လိုက်ပြီးလျှင်...

'မေမေက ဘာကိုဆိုလိုတာလဲ'ဟု မေးလေသည်။

အယ်လင်က ဘာမျှ ပြန်မပြောဘဲ ချိန်ဆနေသည်။

'ကွေ့လည်ကြောင်ပတ် ပြောမနေနဲ့ဗျာ။ ပြောစရာကိုသာ တည့်တည့် ပြောလိုက်စမ်းပါ'ဟု ဘောလတ်က ဆိုသည်။

'တည့်တည့်ပဲ ပြောမယ်။ မင်းအဖေ နံနက်တိုင်း ဆက်စုကို ရှုံးသွားခါနီး နမ်းသလား'

http://www.cherrythitsar.org



ဘောလတ်က အယ်လင်ကို ငေးစိုက်ကြည့်နေသည်။

'ဘာဖြစ်လို့ မေးတာလဲ'

'ဒီမနက် ငါမြင်လို့ မေးတာပေါ့'

ဘောလတ်သည် ခက်ရင်းသွားကို စားပွဲပေါ်ပြန်ချလိုက်ပြီးလျှင်...

'ကဲ... မေးမှတော့ ပြောမယ်ဗျာ။ ဆက်စုက ဒီအတွက် အတော် အနှောင့်အယှက် ဖြစ်နေတယ်။ သူကလဲ ကျွန်တော့် အဖေမို့ ကလန် ကဆန် မလုပ်ချင်ဘူး။ သူ့ဆန္ဒကတော့ ကျွန်တော်တို့ အိမ်ပြောင်း စေချင်တာပဲ'ဟု ပြောပြလေသည်။

အယ်လင်က မျက်နှာ အောက်ချလျက် 'ငါလဲ အဲဒီလို ဖြစ်စေချင် တယ်'ဟု ဆိုလိုက်သည်။

'ကျွန်တော်ကတော့ ဖေဖေ့ကို အပြစ်မဆိုချင်ပါဘူး'

အယ်လင်က မော့ကြည့်လိုက်သည်။

'ဘာဖြစ်လို့ အပြစ် မဆိုချင်ရတာလဲ။ ဒီလိုဆိုရင် ဆက်စုကို အပြစ် ဆိုရလိမ့်မယ်'

'မေမေထင်သလို ဆက်စုက မလုပ်တတ်ပါဘူး'

'မင်းဖေဖေဟာ ငါးဆယ်ပဲရှိသေးတယ်။ ငယ်သေးတယ်လို့ ဆိုရ မယ်။ မိန်းမတွေ အများကြီး သူ့နောက်လိုက်ကြတယ်'

'ဆက်စုဟာ ဒီလိုမိန်းမစားမျိုး မဟုတ်ပါဘူး မေမေ"

'ဒါဖြင့် ဘာဖြစ်လို့ မင်းက မင်းအဖေကို အပြစ်မဆိုချင်တာလဲ'

'ဖေဖေက နံနက်ရုံးသွားခါနီး နမ်းတာကို ကစားတဲ့သဘောနဲ့ လုပ်တာပဲ။ အစတုန်းကတော့ ကစားသလိုလိုပဲ။ နောက်တော့ တကယ် ဖြစ်သွားတယ်။ ဘယ်တုန်းက တကယ်ဖြစ်မှန်း ကျွန်တော်တော့ မသိ ဘူး။ ဆက်စုကတော့ သိတယ်'

'ဆက်စုက မတုံ့ပြန်ဘူးလို့ မင်း ဘယ်နှယ့်လုပ် သိသလဲ'

'သူလဲ မိန်းမပဲဗျာ'

'မင်း ဆိုလိုတာက ဘာလဲ'

'ဆက်စုဟာ ယောကျာ်းတစ်ယောက် ဘာကို ရည်ရွယ်တယ်ဆိုတာ အဲဒီ ယောကျာ်းမသိခင်ဘဲ သိနှင့်တယ်'

အယ်လင်က မယုံကြည်သလို ကြည့်နေသဖြင့် ဘောလတ်က...

'ဒီလိုပြောလိုက်တော့ အူကြောင်ကြောင်ကျမှန်း ကျွန်တော် သိပါတယ်။ ဒါပေမယ့် အဲဒါအမှန်ပဲ မေမေ။ ကျွန်တော့် ကိုယ်တွေ့ပဲ မေမေ။ တစ်ခါတလေ ကျွန်တော့စိတ်ထဲ ဘယ်လို ဖြစ်နေတယ်ဆိုတာ ကျွန်တော့်ဟာ ကျွန်တော်တောင် မသိဘူး။ ဘာလိုလိုကြီးပဲ ဆိုတာလောက်သာ သိတယ်။ အဲဒါကို ဆက်စုက သူ့အပြောအဆိုနဲ့ ဖြစ်ဖြစ် သူသိတဲ့ အကြောင်းကို ပြတယ်'ဟု ရှင်းပြလေသည်။

'ဆက်စုဟာ မင်းတို့သားအဖနှစ်ယောက်လုံး ဖျက်ဆီးနေတာပဲ'ဟု အယ်လင်က အသံမာမာဖြင့် ပြောလိုက်ပြီးလျှင် မျက်ရည် ကျလာမှာစိုးသဖြင့် ကော်ဖီကို ငုံ့၍သောက်နေလေသည်။

'အဲဒါ မမှန်ဘူး မေမေ။ သူက ကျွန်တော်တို့ကို ဖျက်ဆီးတာ မဟုတ်ဘူး။ သူ ပြုစုယုယတာကလေးတွေကို ကျွန်တော်တို့ ခံယူပါတယ်။ ဒါပေမယ့် သူက ဒီလိုပြုစုပြီး သူလိုရာကို ဆွဲဆောင်ယူတာမှ မဟုတ်ပဲ'

'ဒါက ဘာဆိုလိုတာလဲဟင်'

အယ်လင်က စိန်းစိန်းဝါးဝါး ကြည့်နေသည်ကို ဘောလတ်က ပြန်မကြည့်ဘဲ ခက်ရင်းကိုကောက်ကိုင်ပြီးလျှင် ကြက်ဥကြော်ကို ပလုတ်ပလောင်း စားနေသည်။

'မင်း ငါ့ကို ရှင်းမပြချင်ဘူးပေါ့လေ'

သူသည် သူ့အမေကို စိတ်ရှုပ်ဟန်ဖြင့် ကြည့်ပြီးလျှင် 'ဆက်စု'ဟု အော်ခေါ်လိုက်လေသည်။

ဆက်စုသည် ချက်ချင်းပင် ရောက်လာသည်။ သူ့ဖိနပ်မှာ ကြမ်းကောဇောပေါ်တွင် တဖျတ်ဖျတ်နှင့်...။

'ထိုင်စမ်း'ဟု ဘောလတ်က အမိန့်ပေးလိုက်သည်။ ဆက်စုက သူတို့ နှစ်ယောက်ကြားတွင် ဝင်၍ ထိုင်လေသည်။

'ငါ မေမေ့ကို ပြောနေတယ်။ ငါတို့ အိမ်ပြောင်းချင်တယ်လို့'

သူသည် ပေါင်မုန့်ကို ယိုသုတ်ရင်း ပြောသည်။

'မင်း သတိထားနော်၊ နောက် ဗိုက်ထွက်လာဦးမယ်။ ပေါင်မုန့်သုံးချပ်ရှိပြီ' အယ်လင်က ပြောလိုက်သည်။

ဘောလတ်သည် ပေါင်မုန့်သုံးချပ်ကို ချလိုက်ပြီးလျှင် 'ကဲ… အဲဒါပဲ။ ဆက်စုဆိုရင် ကျွန်တော့်ကို ပြောမှာ မဟုတ်ဘူး'ဟု ပြောလေသည်။

'ငါ့အတွက်ပြောတာ မဟုတ်ဘူး။ မင်း ကောင်းဖို့ပါ'

'ဟုတ်တယ် မေမေ၊ ကျွန်မလဲ မေမေ့အတွေးအတိုင်းပဲ ရှိတယ်။ ရှင် အသက်လေးဆယ်ရှိရင် မေမေပြောတဲ့ စကားကို မှတ်မိပါစေနော်'ဟု ဆက်စုက ဝင်ပြောသည်။

'ဟုတ်ကဲ့ခင်ဗျား'ဟု ပြုံး၍ ပြောရင်းပင် ဘောလတ်သည် ပေါင်မုန့်ကို ကိုက်လိုက်သည်။

'ဆက်စု နားထောင်စမ်း။ မေမေက မင်းဟာ ဖေဖေရုံးသွားခါနီး နှုတ်ဆက်တာကို သဘောမကျဘူးလို့ ထင်တယ်။ ကဲ… ရှင်းပြလိုက်စမ်း။ မင်းတို့ မိန်းမနှစ်ယောက်ဟာ တစ်ယောက်သဘောနဲ့ တစ်ယောက် မင်းတို့ ထင်နေတာထက် ပိုပြီးကိုက်ညီတယ်လို့ ငါဖြင့် ထင်နေတယ်'

ဘောလတ်သည် ယင်းသို့ပြောပြီးလျှင် စောင့်ဆိုင်းနေသည်။ သူ့ဇနီးမှာ မျက်နှာ နီမြန်းလာသည်။ သူ့မျက်လုံးကြီးများတွင် မျက်ရည်များ ရွှဲလာသည်။ ထိုင်ရာမှ ထ၍ 'ခွင့်လွှတ်ပါမောင်။ မောင့် ဖေဖေကို အပြစ် မပြောနိုင်ပါဘူး။ မောင်ပြောသမျှ ကျွန်မလုပ်ပါ့မယ်'ဟု ဆိုပြီးလျှင် မျက်ရည်ကို အင်္ကျီလက်အစွန်းဖြင့်သုတ်လျက် ထွက်သွားတော့မည်ပြုရာတွင် ဘောလတ်က ထ၍ ဆွဲထားလိုက်လေသည်။

'နေဦး မင်းမသွားနဲ့၊ ငါသွားမယ်။ မေမေ့ကို မကြောက်ပါနဲ့။ မေမေလဲ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ရှိပါတယ်'

သူသည် ထလိုက်ရာတွင် လက်သုတ်ပဝါ အောက်သို့ ကျသွားသည်။ သူသည် ဆက်စုကို နမ်းပြီးလျှင် ထွက်သွားလေသည်။ ဆက်စုသည် လက်သုတ်ပဝါကို ကောက်ယူပြီးလျှင် သပ်သပ်ရပ်ရပ် ခေါက်ပြီးနောက် စားပွဲပေါ်တွင် ပြန်တင်ထားလိုက်သည်။ ထို့နောက် ပြန်ထိုင်ပြီးလျှင် သူ့ ယောက္ခမအပြောကို စောင့်နေသည်။

http://www.cherrythitsar.org



အယ်လင်သည် ဘာပြောရမှန်း မသိ ဖြစ်နေသည်။ ဆက်စု၏ မျက်နှာ ဝိုင်းဝိုင်းကလေးမှာ ကလေးမျက်နှာနှင့် တူပေတော့သည်။ ထို အပြစ်ကင်းသူကလေးကို ဘယ်သို့ စွပ်စွဲနိုင်ပါအံ့နည်း။ သို့ရာတွင် ထိုနေ့ နံနက်ကအဖြစ်မှာ မျက်မြင်ကိုယ်တွေ့ ဖြစ်နေသဖြင့် ပွင့်လင်းစွာ မေးခြင်းက ကောင်းမည်ဟု အယ်လင်က ထင်မိသည်။

'ညည်းက သားရော၊ အဖေရောကို ဘယ်လို စွဲအောင် လုပ်တာလဲ ပြောစမ်းပါဦး'

ကလေးနှင့်တူသည် ဆိုရသော်လည်း သူ့စကားမှာ ကလေးစကားကဲ့သို့ မရေမရာ မဟုတ်။ အဓိပ္ပာယ် လေးနက်လှသည်။

'ကျွန်မက စွဲမက်အောင် လုပ်တာမဟုတ်ပါဘူး။ သူတို့ ကိုယ်တိုင်က စွဲချင်လို့ စွဲတာပါ။ သူတို့မှာ စိတ်မချမ်းမြေ့တာရှိလို့ ဖြစ်ပါလိမ့်မယ်။ မေမေ့မှာလဲ ရှိမှာပဲ

'ငါ့မှာ...၊ ဟုတ်လား'

အယ်လင်က စူးစမ်းလိုက်သည်။

သူတို့နှစ်ယောက်သည် မျက်စိချင်း တွေ့ကြသည်။ တစ်ယောက်နှင့် တစ်ယောက် ပွင့်လင်းစွာ ဆက်ဆံနိုင်ပေသည်။ အတားအဆီး မရှိတော့ပေ။

'မေမေ့အဖို့ စိတ်မချမ်းသာစရာပေါ့'ဟု ဆက်စုက ဆိုလိုက်ပြီးလျှင် လက်ပိုက်၍ စားပွဲစွန်းကို ကြည့်နေသည်။

အယ်လင်က စီးကရက်ညှိသောက်ရင်း စဉ်းစားဖို့ အချိန်ယူလိုက်သည်။ ဆေးလိပ်ကို ခပ်ပြင်းပြင်း ဖွာလိုက်ပြီးလျှင်...

'ငါတော့ ဖိနပ်ယူပေးတာတို့ လက်သုတ်ပဝါ ကောက်တာတို့ မလုပ်နိုင်ဘူး။ လုပ်သင့်တယ်လို့လဲ မထင်ဘူး။ ယောကျ်ားတွေကို ယောကျ်ားတွေပဲဆိုပြီး ပြုစုယုယနေရင် သူတို့ အလိုလိုက် အမိုက်စော်ကားဖြစ်တော့မယ်။ သူတို့ကို မဖျက်ဆီးချင်ဘူး'ဟု ဆိုလိုက်သည်။

ဆက်စုက...

'ဟုတ်တယ်၊ ကျွန်မလဲ ဒါတွေ လုပ်မပေးချင်ဘူး'ဟု အယ်လင်၏

http://www.cherrythitsar.org



စကားကို လက်ခံ သဘောတူလိုက်သဖြင့် အယ်လင်လည်း အံ့အားသင့်သွားလေသည်။

'ဒီလို အသေးအဖွဲ့ကလေးတွေမှာ လိုက်လုပ်ပေးနေဖို့ မလိုပါဘူး။ ကျွန်မ လုပ်ပေးနေတာကတော့ ကျွန်မတို့မှာ ငယ်ငယ်ကတည်းက အဲဒီလို လုပ်ပေးရမယ်လို့ သင်ကြားပေးလာခဲ့လို့ပါပဲ။ မေမေက အမေရိကန်ဆိုတော့ ဒီလို သင်ကြားပေးတာ မခံခဲ့ရဘူး။ အဲဒီတော့ ကျွန်မလုပ်သလို လိုက်လုပ်ရင် သက်သက်ဟန်လုပ်တာ ဖြစ်မှာပေါ့။ ကျွန်မအဖို့တော့ ဟန်လုပ်တာ မဟုတ်ဘူး။ ဒီ အသေးအဖွဲလေးတွေဟာ တကယ်တော့ အရေးမကြီးလှပါဘူး'

'ဒီလိုဆိုရင် ဘာအရေးကြီးဆုံးလဲ ပြောစမ်းပါ ဆက်စုရယ်...။ ညည်းမှာ ရှိတဲ့ ဝှက်ထားတဲ့ နည်းကလေး ပေးစမ်းပါ'

'ကျွန်မမှာ ဘာမှ ဝှက်ထားတာ မရှိပါဘူး'

'မဟုတ်ပါဘူး။ ညည်းမှာ တစ်ခုကောင်းတော့ ရှိမှာပါ။ ဒီကနေ့မနက် ဘောလတ်ရဲ့ အဖေကိုမြင်ကတည်းက ညည်းမှာ တစ်ခုကောင်းရှိတယ်လို့ ငါထင်တယ်'

ဆက်စု၏ မျက်နှာသည် နီမြန်းသွားလေသည်။ သူ့ ယာလက်ကို မြှောက်၍...

'ဒီလိုလုပ်တာ ကျွန်မ မနှစ်သက်ပါဘူး'ဟု ဆိုသည်။

'ဒါဖြင့် ညည်းက ဘာလို့...'

'ကျွန်မ လူတွေထိခိုက်အောင် မလုပ်နိုင်ပါဘူး။ ထိခိုက်အောင် လုပ်တာဟာ အကျိုး မဖြစ်နိုင်ပါဘူး'

'ဒီလိုဆိုတော့ ညည်းဘယ်လို လုပ်မယ်ကြံသလဲ'

'ကျွန်မတော့ ဒီက ထွက်သွားဖို့ ကြံထားတယ်။ ကျွန်မ ဘောလတ်ကို ပြောပြတော့ ဘောလတ်က သဘောတူတယ်။ သူက ကျွန်မ ဘယ်လို စိတ်ဆိုတာ သိပါတယ်'

'သူက မနာလို မဖြစ်ဘူးလား'

'မဖြစ်ပါဘူး။ သူ ကျွန်မကို ယုံတယ်။ ကျွန်မကို နားလည်တယ်။ အဲဒီလို နားလည်တာ သိပ်ကောင်းတာပဲ'

http://www.cherrythitsar.org



အယ်လင် စီးကရက်ကို ခြေပစ်လိုက်သည်။ 'ညည်းလဲ သိပ်ကောင်းတာပဲ။ သိပ်လိမ္မာတာပဲ။ ကျေးဇူးတင်ပါတယ် သမီးရယ်။ ဒီကိစ္စ ဆုံးဖြတ်ပြီးပြီ'

အယ်လင်သည် ထလိုက်ပြီးလျှင် သူ့ချွေးမ၏ ပါးကို နမ်းလိုက်ချင်စိတ်ကို ချုပ်တည်းလိုက်ပြီးနောက် ပြုံး၍ လသာခန်းထဲသို့ ထွက်သွားလေသည်။ ထွက်အသွားတွင် ပြန်ကြည့်လိုက်ရာ ဆက်စုသည် ဣန္ဒြေမပျက်ဘဲ ခပ်အေးအေးပင် ပန်းကန်များ၊ ကရားများကို စားပွဲပေါ်မှ ယူ၍ မီးဖိုခန်းထဲသို့ သယ်သွားသည်ကို တွေ့ရသည်။ အယ်လင်သည် နံနက်နေရောင်တွင် ပွင့်လန်းနေသော ပန်းပွင့်ကလေး များကို ကြည့်ရင်း ညကျလျှင် သူ့ခင်ပွန်းကို ပြောပြမည်ဟု ပိုင်းဖြတ်လိုက်လေသည်။

'သူတို့ ပြောင်းဖို့ မလိုပါဘူး။ တို့နှစ်ယောက်ထဲဆိုရင် သိပ်ကျယ်နေမှာပေါ့'ဟု စတီဖင်က ပြင်းပြင်းထန်ထန် ကန့်ကွက်လေသည်။

'ကျွန်မတို့ နှစ်ယောက်ထဲနဲ့ မလုံလောက်သေးဘူးလား'ဟု အယ်လင်က နာကြည်းသော လေသံဖြင့် မေးလိုက်ပြီးခါမှ နောင်တ ရသလိုလို ဖြစ်မိသည်။ အယ်လင်သည် ညစာစားပြီးထိ မစောင့်နိုင်ဘဲ စတီဖင် ရုံးပြန်လျှင်ပြန်ချင်း ဘောလတ်တို့ အိမ်ပြောင်းမည့် အကြောင်း ပြောပြလိုက်လေသည်။

'ဆက်စုက ပြောင်းချင်တယ်'ဟု အယ်လင်က ပြောသည်။ စင်စစ်သော်ကား ဆက်စုသည် ဆက်၍ အတူနေရမည်ဆိုလျှင် နေမည်ပင်။

'ငါမယုံဘူးကွာ'ဟု စတီဖင်က ပြောသည်။

'ရှင်က ဆက်စုသွားတာ မကြိုက်လို့ ပြောနေတာပါ'ဟု အယ်လင်က လေအေးဖြင့် ဆိုလိုက်သည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ငေးစိုက်ကြည့်နေကြသည်။

'ဒီနေ့ မနက် အောက်ထပ်မှာ ရှင်နမ်းနေတာကို ကျွန်မမြင်တယ်'

'ဘောလတ် အနားမှာ ရှိသားပဲ'ဟု စတီဖင်က ကာကွယ်သည့်သဘောနှင့် ပြောလိုက်သည်။

'အစတော့ ဒီလိုပေါ့။ နောက်တော့ ဘောလတ်ကွယ်ရာမှာ နမ်းကြမှာ...'

စတီဖင်သည် ခုတင်အစွန်းတွင် ထိုင်လိုက်ပြီးလျှင် 'ကဲ... မင်းဘယ်လို လုပ်ချင်သလဲ'ဟု မေးလိုက်သည်။

'ဘယ်လိုမှ မလုပ်ချင်ပါဘူး'

'ဒါဖြင့် ဒီအကြောင်းကို ဘာလို့ ပြောရတာလဲ'

'မီးမလောင်ခင်က တားရမှာမို့ ပြောတာပါ။ စတီဖင် ရှင် ဆက်စုမှာ ဘာကြိုက်တာလဲ။ ပွင့်ပွင့်လင်းလင်းကြီး ပြောလိုက်စမ်းပါ'

'မသိဘူး'

'ရှင်ဟာ မိန်းမတွေနောက်ကို တန်းခနဲ လိုက်တဲ့ လူစားမှ မဟုတ်ပဲ'

'ဟုတ်တယ်လေ။ မင်း အသိသားပဲ'

'ငယ်လဲ ငယ်တော့တာမှ မဟုတ်ပဲ'

'ဟုတ်ပါတယ်။ မငယ်ပါဘူး'

'ဆက်စုရဲ့ ကန္တကလျ အမူအရာကြောင့်လား'

'အင်း... အဲဒါလဲ... အို... တကယ်တော့ မဟုတ်သေးဘူး'

'ကဲ... ဒါဖြင့် ဘာကြောင့်လဲ'

'သူက ငါ့ကို အယုံအကြည်ရှိလာအောင် လုပ်ပေးတယ်'

'စတီဖင် ဒီလိုမပြောပါနဲ့။ ရှင်ဟာ ရှင့်ကိုယ်ရှင် အင်မတန် အယုံအကြည်ကြီးတဲ့လူ မဟုတ်လား။ အောင်မြင်နေတဲ့ လူပဲဟာ။ ကြည့်ပါလား။ ကိုယ့်ကုမ္ပဏီမှာ ဥက္ကဋ္ဌ။ အခြား အဖွဲ့အစည်းတွေမှာလဲ အကြီးအကဲ ခေါင်းဆောင်ပိုင်းက နေရတာ'

စတီဖင်က ရင်ကိုပုတ်၍ 'ဒီထဲမှာ'ဟု ဆိုသည်။

''ဒီထဲမှာ ဘာရှိလို့လဲ'

'ငါတို့ ယောက်ျားတွေဟာ တခြားနေရာတွေမှာ ခေါင်းဆောင်လုပ်ပြီး အကြီးအကျယ် ယုံကြည်မှုတွေ ဘာတွေ ရှိတယ်ဆိုပေမယ့် ဟောဒီရင်ထဲမှာတော့ ကိုယ့်ကိုယ်ကို အယုံအကြည် ကင်းမဲ့နေတယ်ကွ။ အဲဒီရင်ထဲမှာ အယုံအကြည် ရှိလာအောင်...'

http://www.cherrythitsar.org



'ဆက်စုက ဘယ်လို လုပ်ပေးသလဲဟင်'

'ဘယ်လို လုပ်ပေးသလဲတော့ မသိဘူး။ လုပ်ပေးတာတော့ အမှန်ပဲ'

'ဒါဖြင့် ရှင် ဆက်စုကို ချစ်နေပြီပေါ့'

စတီဖင်သည် ထိုမေးခွန်းကို စဉ်းစားပြီးမှ ဖြေသည်။

'တကယ်ပြောရရင် ငါသူ့ကို ချစ်နေတာ မဟုတ်ဘူး။ ဒါပေမယ့် သူ ငါ့ကို နားလည်တယ်'

'ဒီလိုဆိုတော့ ရှင်သူ့ကို ချစ်နေတာပါပဲ'

'မဟုတ်ဘူး'ဟု စတီဖင်ပြောပြီးလျှင် သူ့မျက်နှာမှာ ရှက်သွေး ဖြာသွားလေသည်။

'ငါ သူ့ကို ဘောလတ်ရှေ့မှာပဲ နမ်းချင်တယ်။ ဘောလတ် မရှိဘဲ ဘာမှ မလုပ်ချင်ဘူး မဖောက်ပြန်ချင်ဘူး'

'မဟုတ်ပါဘူး။ ရှင်လုပ်မှာပါ'

'မဟုတ်နိုင်ပါဘူးကွာ။ မလုပ်ဖြစ်ပါစေနဲ့လို့ ငါ့တော့ ဆုတောင်းတာပဲ '

'ကျွန်မလဲ ဆုတောင်းပါတယ်။ အို... စတီဖင်၊ ကျွန်မမှာ ဘာလို နေလို့လဲ'

''မင်းမှာ ဘာမှ မလိုပါဘူး။ မင်းဟာ အင်မတန်ကောင်းတဲ့ မိန်းမ ပါပဲ။ ဒါပေမယ့်... '

'ဘာလဲ...'

စတီဖင်သည် အယ်လင်ကို ငေးကြည့်ကာ 'ငါမသိဘူး'ဟု ဆို လေသည်။

'မပြောချင်လို့ပါ'

'မဟုတ်ပါဘူး။ ပြောကို မပြောတတ်လို့ပါ'

ရှေ့ဆက်၍စကားဆိုနေဖို့ အကြောင်းမရှိတော့ချေ။ စတီဖင်မှာ ဉာဏ်ပညာ ဗဟုသုတနှင့် ပြည့်စုံသော လူတော်တစ်ယောက် ဖြစ်ပါလျက် သူ့ အကြောင်းကို သူပြောမပြတတ် ဖြစ်ရချေသည်။ စတီဖင်က ပြောမပြတတ်၍ စိတ်ရှုပ်နေသည်ကို ကြည့်ပြီးလျှင် အယ်လင်သည် ရုတ်

http://www.cherrythitsar.org



တရက် ဝမ်းနည်းသွားလေတော့သည်။ သူသည် သူ့ယောက်ျားကို ဖက်၍ နမ်းလိုက်ပြီးလျှင် 'ကျွန်မ ရှင့်ကို မဆူတော့ပါဘူး'ဟု ဆိုလေသည်။

'ကျေးဇူးပါပဲ ဒာလင်ရယ်'ဟု စတီဖင်က ပြန်ပြောလိုက်သည်။

'ရှင်ဟာ ကောင်းပါတယ်။ တကယ် ကောင်းပါတယ်။ ကျွန်မကို ခွင့်လွှတ်ပါ'

'ဘာဖြစ်လို့ ခွင့်လွှတ်ဖို့ တောင်းပန်နေရတာလဲ။ မင်းပြောတာတွေဟာ နာစရာ၊ ကြည်းစရာမှ မဟုတ်ဘဲ'

နာစရာ မဟုတ်ဘူးလို့ မဆိုနိုင်ဘူးလေ။ ကဲ... ရှိပါစေတော့'ဟု ဆိုကာ သူသည် စတီဖင်၏ပါးကိုလက်နှင့်တို့ပြီးလျှင် ထွက်သွားလေသည်။

ညစာကို ပျော်ပျော်ရွှင်ရွှင် စားကြလေသည်။ အယ်လင်သည် ဆက်စုကြောင့် အစစအရာရာတွင် အဆင်ပြေရသည်ဆိုသည့်အချက်ကို ထိုညတွင်မှ ပို၍ သဘောပေါက်လာလေသည်။ ခါတိုင်းလိုပင် ဆက်စုသည် စကား အနည်းငယ်သာ ပြောသည်။ သူပြောသော စကား တို့မှာလည်း ဆိုလောက်အောင် ထွန်းထွန်းပြောင်ပြောင် ရှိလှသည် မဟုတ်။ သာမန်စကားတို့သာတည်း။ သူသည် စကားပြောမည့် အစားပြုံး၍ပြ၏။ မျက်နှာထား အပြောင်းအလဲတို့ဖြင့် ပြ၏။ သူတစ်ပါး ပြောသည်ကို နားစိုက်၍ထောင်ခြင်းဖြင့် ပြ၏။ သူက ပြောပြန်လျှင်လည်း နားလည်သည့်သဘော သက်ရောက်အောင် ပြောတတ်ပေသည်။

'ဆက်စု... သူတို့ယောက်ျားနှစ်ယောက်ကို ထားခဲ့ပြီး ဧည့်ခန်းသွားကြရအောင်'ဟု အယ်လင်က ဖြုန်းခနဲ ပြောလိုက်သည်။

ပြောရင်းဆိုရင်းပင် သူသည် ထိုင်ရာမှထ၍ ဆက်စုလက်ကို ဆွဲခေါ်လိုက်သည်။

'ဘာဖြစ်လို့လဲ'ဟု စတီဖင်က မေးသည်။

'အို မိန်းမချင်း မိန်းမစကား ပြောဖို့ပေါ့'ဟု သူက ပြေလိုက်သည်။

'ညည်းလက်တွေဟာ အမြဲပဲနွေးနေတာပဲ'ဟု သူက ဆက်စုကို ဆွဲခေါ်သွားရင်း ပြောသည်။

http://www.cherrythitsar.org



"ကြမ်းလဲ ကြမ်းပါတယ်'ဟု ဆက်စုက ညည်းသဖြင့် ဆိုသည်။

'မကြမ်းပါဘူး။ လက်ကလေးက နုနေတာပဲ။ နွေးလဲ နွေးတယ်'

ဧည့်ခန်းတွင် ဆက်စုသည် သူ့ယောက္ခမ ထိုင်ပြီးသည်အထိ စောင့်နေသည်၊

'ဒီ အခန်းထဲမှာ မိန်းမတွေဟာ ညစာစားပြီးရင် စုပြီး လျှို့ဝှက်တဲ့ စကားတွေ ပြောကြတယ်။ အဲဒါ ထုံးစံပဲ။ ညည်းရဲ့ လျှို့ဝှက်တဲ့ နည်းလမ်းကို ငါ ရိပ်မိပါပြီ'

'ကျွန်မရဲ့ လျှို့ဝှက်တဲ့နည်းလမ်း... ဟုတ်လား မေမေ။ ပြောစမ်းပါဦး'

'ညည်း တကယ်မသိဘူးလားဟင်။ ငါ့သားအတွက် ညည်းဘာကို အလိုချင်ဆုံးလဲ'

'သူ့ စိတ် ချမ်းသာမှုပါပဲ မေမေ'

'ဒိပြင်ကော...'

'ဒိပြင် ဘာလိုချင်ရဦးမှာလဲ... မေမေရယ်'

'သူ့ စိတ်ချမ်းသာဖို့...၊ သူ ဘာလုပ်ရမှာလဲ'အယ်လင်က မေးလိုက်သည်။

'သူ့ကိုယ်သူ သိဖို့ပါပဲ'

'အဲဒါ... ညည်းရဲ့ ရည်ရွယ်ချက်ပဲလား'

'ဒိပြင် ရည်ရွယ်ချက် ဘာလိုလို့လဲ မေမေ...'

'သူကြီးပွားတာ၊ ချမ်းသာတာ မလိုလားဘူးလား။ စီးပွားရေးမှာ အောင်မြင်တာ ဆိုလိုတယ်'

'သူ စိတ်ချမ်းသာရင် အောင်မြင်မှာပေါ့'

'ပိုက်ဆံချမ်းသာဖို့ကော မလိုလားဘူးလား'

'ဒါကတော့ သူ့ပိုက်ဆံ ချမ်းသာအောင် လုပ်ချင်လဲ လုပ်လိမ့်မပေါ့'

'ညည်းအဖို့ ဘာမှ မလိုချင်ဘူးဆိုတာ အမှန်ပဲလား'

'အို... အမှန်ပဲ။ ကျွန်မလဲ စိတ်ချမ်းသာချင်တာပေါ့'

'ကိုယ် စိတ်ချမ်းသာဖို့ဆိုတာ ဘာလဲ'

http://www.cherrythitsar.org



ဆက်စုသည် ခေါင်းငိုက်၍ စဉ်းစားလေသည်။ အခန်းမှာ ငြိမ်သက်လျက် ရှိ၏။

'ကျွန်မ ထင်တာကတော့ တခြားကိစ္စအတွက် ကိုယ့်ကိုယ်ကို အသုံးမပြုမိဖို့ပဲပေါ့'

'တခြားကိစ္စအတွက် အသုံးမပြုမိဖို့'ဟု အယ်လင်က သံယောင်လိုက်၍ ဆိုသည်။ ထို စကားလုံးများသည် လွယ်၏။ အဓိပ္ပာယ် ခက်လှသည်။ ဘာ ဆိုလိုပါလိမ့်။

ဆက်စုသည် ခေါင်းထောင်၍ အယ်လင်ကို စိုက်ကြည့်လေသည်။

'ကျွန်မဆိုလိုတာက ကျွန်မမှာ ဘောလတ်ဖြစ်ဖြစ်၊ သူ့အဖေဖြစ်ဖြစ်၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ် အသုံးပြုပြီး ကျွန်မလိုချင်တာကို အရမယူဘူး။ ကျွန်မ ပိုက်ဆံ ချမ်းသာချင်တယ်ဆိုပါတော့၊ ကျော်စောချင်တယ်ဆိုပါတော့၊ ဝတ်ကောင်းစားကောင်းတွေကိုပဲ လိုချင်တယ်ဆိုပါတော့ အဲဒါတွေရအောင် ဘောလတ်ကို အသုံးမပြုအပ်ဘူး။ ဘောလတ်ဟာ သူ့ကိုယ်သူ ပိုင်တယ်။ ကျွန်မ သူ့ကို မပိုင်ဘူး'

ဆက်စုပြောသော အင်္ဂလိပ် မတတ်တတတ် စကားထဲမှ တောက်ပ ကြည်လင်သော အလင်းရောင်သည် အယ်လင်၏ စိတ်နှလုံးသား အပေါ်သို့ ကျရောက် ထွန်းလင်းလေတော့သည်။

'ဘုရားရေ… ငါ ညည်းတွေးသလို ဘယ်တုန်းကမှ မတွေးခဲ့ဘူး။ မသိခဲ့ဖူးဘူး'

အယ်လင်သည် ပြန်လည်တွေးကြည့်မိ၏။ သူလိုချင်သည့်အရာများအတွက် စတီဖင်ကို ဘယ်နှစ်ကြိမ် အသုံးပြုခဲ့ပါသလဲ။ ငါ အသုံးပြုမယ်ဟဲ့ ဆိုပြီး အသုံးပြုခဲ့သည်မဟုတ်။ အသုံးပြုမှန်းမသိ အသုံးပြုခဲ့မိပေါင်း များလှချေပြီ။ သူသည် အသေးအဖွဲ ကိစ္စကလေးများ၌ပင် စတီဖင်ကို အသုံးပြုသည်မှာ နှစ်ပေါင်းများလှချေပြီ။ ဥပမာ ဤအိမ်။ အိမ်ကို စတီဖင် လိုချင်သလား။ စတီဖင်၏ ရည်မှန်းချက်မှာ အဘယ်တို့နည်း။ အကယ်၍သာ စတီဖင်သည် လွတ်လွတ်လပ်လပ်နှင့် သူ့သဘောအတိုင်း လုပ်ဆောင်ရပါမူ ဘယ်သို့သော အနေမျိုးတွင် နေမည်နည်း။

http://www.cherrythitsar.org



အယ်လင်သည် စတီဖင်၏ သဘောကို မသိချေ။ သူသည် စတီဖင်အား ငွေကြေး ကြွယ်ဝအောင် ကြိုးပမ်းစေခဲ့သည်။

'ညည်းဟာ တကယ်တော့ ကလေးပဲ ရှိသေးတယ်။ ဒါပေမယ့် ညည်းပါးစပ်က ပညာရှိစကား ထွက်တယ်'ဟု သူက ဆက်စုကိုပြောသည်။

'ကျွန်မအမေက သင်ပေးတာ။ သူ့ကို သူ့အမေက သင်ပေးခဲ့တယ်'ဟု ဆက်စုက ရိုကျိုးစွာ ပြောလေသည်။

အယ်လင် ပြန်ပြောမည်အပြုတွင် သားအဖ အခန်းထဲသို့ ဝင်လာကြသည်။

'ဘောလတ်နဲ့ ငါနဲ့ ပြောနေတယ်။ ဟုတ်တယ်။ ငါသဘောတူတယ်။ ဘောလတ်တို့နှစ်ယောက် သူတို့အိမ်နဲ့သူတို့ နေဖို့ကောင်းတယ်။ အဲဒီအကြံကောင်းတယ်'ဟု စတီဖင်က ရုတ်တရက်ပြောလိုက်သည်။

'ကျွန်မလဲ ဒီလိုပဲ ထင်မိတယ်။ အခုလို အတူနေကြတဲ့အချိန်အတွက် ကျွန်မတော့ သိပ်ဝမ်းသာတာပဲ။ ဆက်စု ညည်းကို ကျေးဇူးတင်တယ်'ဟု အယ်လင်က ဆိုသည်။

'ကျွန်မကို ကျေးဇူးတင်ရအောင် ကျွန်မဘာမှမလုပ်ဘဲ'ဟု ဆိုကာ ဆက်စုက အယ်လင်ကို ပထမဦးညွတ်လိုက်သည်။ နောက် စတီဖင်ကို ဦးညွှတ်သည်။ 'ကျွန်မဘာမှ မလုပ်ဘဲ'ဟု ထပ်၍ ဆိုပြန်သည်။ ထို့နောက် သူ့နဂို ယဉ်ယဉ်နွဲ့နွဲ့ ဟန်အမူအရာနှင့် 'ကျွန်မ နဂိုအတိုင်းပဲနေတာပါ'ဟု ဆက်၍ ဆိုလိုက်လေသည်။

❋ ❋ ❋

http://www.cherrythitsar.org

# ရှင်းပြချက်

ဤဝတ္ထုသည် **မိန်းမတို့အကြောင်း**စစ်စစ် ဝတ္ထုဖြစ်သည်။ ပါးလ်ဗတ်သည် ကမ္ဘာကျော် အမေရိကန် အမျိုးသမီး ဝတ္ထုရေးဆရာ ဖြစ်သည်။ သူ့ဝတ္ထုများတွင် **The Good Earth** (မြေပဒေသာ) ဝတ္ထုကြီးသည် ကမ္ဘာ့စာပေတွင် ထင်ရှားသည်။ ကမ္ဘာ့စာပေဆု (နိုဗဲလ်ဆု)ဖြင့် ချီးမြှင့်ခြင်း ခံရသည်။

ပါးလ်ဗတ်သည် အမျိုးသမီး စာရေးဆရာမကြီးဖြစ်သည်။ သို့သော် များလှစွာသော အမျိုးသမီး စာရေးဆရာတို့ထက် လေးနက်သော စာပေကို ရေးနိုင်သဖြင့် ကမ္ဘာ့စာပေ ပညာရှင်များက သူ့အား အထူး လေးစားမှုပေးကြသည်။ သူသည် အမျိုးသမီး စာရေးဆရာမများစွာကဲ့သို့ ဘဝကို အပေါ်ယံ လျှပ်ပြီးမကြည့်ဘဲ လူ့ဘဝနှင့် လူ့စရိုက်အထွေထွေ၏ လေးနက်သော အဓိပ္ပာယ်ကို မြင်တတ်ပေသည်။

သူ့ဝတ္ထုကို သာမန်ကာလျှံကာ ဖတ်ကြည့်လျှင် အဓိပ္ပာယ်ပင် ပေါ်ချင်မှ ပေါ်မည်။ ပေါ်ပြန်လျှင်လည်း သာမန်မျှသာ ထင်တတ်ချေမည်။ ဤ 'ယဉ်နွဲ့ဟန်' ဝတ္ထုတိုကို တစ်ခေါက်မက ဖတ်ကြည့်စေချင်သည်။

စာအမျိုးမျိုးရှိသည်။ အချို့စာများကို တစ်ခေါက်လောက် ဖတ်လိုက်ရုံနှင့် ကိစ္စပြီးသည်။ အချို့ စာများကိုမူ တစ်ခေါက်မက ဖတ်ပါမှ လိုရင်း အဓိပ္ပာယ် ပေါ်လွင်လာနိုင်သည်။

**စိတ်ကူးချိုချို**

http://www.cherrythitsar.org



ဤဝတ္ထုကို တစ်ခေါက်လောက်သာ သာမန်အားဖြင့် ဖတ်လိုက်လျှင် လိုရင်းအဓိပ္ပာယ် မပေါ်လွင်ဘဲ၊ မှားယွင်းသော အမြင်မျိုးပင် ရနိုင်ချေမည်။ "ဟာ ဂျပန်အမျိုးသမီးရဲ့ ကန္တ့ကလျ အမူအရာကို သားရော ဖအေရောက ကြိုက်ကြတာကို ရေးထားတာပါ"ဟု ဆိုကောင်း ဆိုချေမည်။

ထိုစကားသည် မှန်၏။ သို့သော် သာမန်အားဖြင့်သာ မှန်သည်ဟု ဆိုရပေမည်။ ပါးလ်ဗတ်က 'မိန်းမတို့အကြောင်း'ကို သိမ်မွေ့သောအနုပညာ နည်းဖြင့် လေးနက်စွာ ဖော်ပြလိုက်ခြင်းပင်ဖြစ်သည်။

မိန်းမတို့အကြောင်း ဆိုရာ၌လည်း အမျိုးဘာသာ အယူဓလေ့မတူသော မိန်းမနှစ်မျိုး၏အကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ ဂျပန်အမျိုးသမီးနှင့် အမေရိကန်အမျိုးသမီးတို့၏ အယူအဆ အပြုအမူများ ကွဲပြားကြောင်းကို သရုပ်ပေါ်စေရုံသာမက 'မိန်းမ'ဟူသော သဘာဝအစစ်ကို ဂျပန်မကလေး ဆက်စု၏ ဥဒါဟရဏ်ဖြင့် ဖော်ပြလိုက်ပေသည်။

ကိုယ်ကာယ ရုပ်သဏ္ဌာန်အားဖြင့် မိန်းမဟုခေါ်ရသော လူတစ်မျိုးတွင် မိန်းမ၏သဘာဝအစစ်အမှန်သည် ရှိရ၏။ သို့သော် အပေါ်ယံ အပြင်ပ အလေ့အထ၊ အတွေးအခေါ်၊ အယူအဆ၊ အပြုအမူ၊ အနေအထိုင်စသည်တို့၏ ပယောဂအထွေထွေကြောင့် နဂိုသဘာဝသည် ငုပ်လျှိုး ကွယ်ပျောက်နေ တတ်သည်။ ယောကျ်ားဟူသော လူတစ်မျိုး၌လည်း ယောကျ်ား၏ သဘာဝ အစစ်အမှန်သည် ရှိ၏။

ဤနေရာတွင် ကွာခြားချက်တစ်ရပ် ထင်ရှားစွာရှိလေသည်။ ယောကျ်ား ၏ သဘာဝ၌ ပွင့်လင်းသော သဘောတစ်ရပ်ရှိနေသဖြင့် ပင်ကိုသဘာဝသည် အပြင်ပ အပေါ်ယံ အထွေထွေ ပယောဂ လွှမ်းခြုံစေကာမူလည်း ပေါ်လွင်၍ ပင် နေတတ်သည်။

မိန်းမ၏ပင်ကိုသဘာဝ၌ကား ရှက်တတ်ကြောက်တတ် စိတ်ကလေး အမြဲတမ်း အရောင်သန်းနေသဖြင့် လျှို့ဝှက်တတ်သော သဘောသည်ရှိ၏။ ထို့ကြောင့် မိန်းမ၏ ပင်ကိုသဘာဝသည် ယောကျ်ားမှာကဲ့သို့ တင်းတင်း ပြောင်ပြောင် မပေါ်တတ်ပေ။ ငုံ့ငုံ့ပုံ့ပုံ့ လျှို့လျှို့ဝှက်ဝှက် နေတတ်ပြုတတ် ခြင်းပင်လျှင် မိန်းမ၏ ပင်ကိုသဘာဝ၌ ပါရှိသော သဘောကလေးတစ်ခုပင် တည်း။

မိန်းမတို့ အကြောင်းကို မိန်းမတွေ ကိုယ်တိုင် သိသည် ထင်ကြ၏။

http://www.cherrythitsar.org



သို့သော် များသောအားဖြင့်မသိ။ ပါးလ်ဗ်တ်ကမူ မိန်းမတို့အကြောင်းကို လေးလေးနက်နက်သိပေသည်။ သူကိုယ်တိုင်က အမေရိကန်အမျိုးသမီးတစ်ယောက်ဖြစ်သော်လည်း၊ သူ့အဖို့မှာ စာရေးဆရာ စိတ်ထားနှင့် စိတ်ဓာတ်တို့ ရှိပြီးဖြစ်သဖြင့် အမေရိကန်အမျိုးသမီးတွေမှာထက် အရှေ့တိုင်းသူ ဂျပန်အမျိုးသမီးတွေမှာ မိန်းမ၏ ပင်ကိုသဘာဝ ပိုမို ထင်ရှားစွာရှိသည် ဆိုသည့်အချက်ကို သဘောပေါက်ပေသည်။

မိန်းမသည် မိန်းမပီသရမည်။ မိန်းမပီမှသာ မိန်းမ၏ နဂိုအလှသည် ပေါ်လွင်နိုင်ပေမည်။ မိန်းမ၌ မိမိနှင့် ကြုံတွေ့ဆက်ဆံသူ အပေါင်းတို့အား ကြည်နူးရွှင်ပြုံးစေသော သတ္တိသည် နဂို သဘာဝအားဖြင့် ရှိ၏။ ထိုသတ္တိကို စာတန်းအမျိုးမျိုးဖြင့် ရှင်းပြခြင်းမှာ မစွမ်းသာပေ။ ကြုံဖူးမှ သိပေသည်။ (အင်္ဂလိပ် ဘာသာ၌မူ **Charm** ဆိုသော စကားလုံးဖြင့် ဖော်ပြနိုင်၏။) ထို သတ္တိကို ယောကျ်ားများက ရိပ်စားမိကြ၏။ သို့သော် ထိုသတ္တိ၏ သဘာဝကို နားလည်ဖို့ ခဲယဉ်းလှ၏။ ထို သတ္တိသည် နူးညံ့သိမ်မွေ့လှ၏။ သိရခက်ခဲလှချေသည်။

မြန်မာတို့က 'မာယာ'ဟု ဆိုချင်ကြပေလိမ့်မည်။ သို့သော် မာယာသည် မကောင်းသော အဓိပ္ပာယ်ကိုဆောင်သည်။ မာယာ မဟုတ်ပေ။ ထိုသတ္တိသည် နူးညံ့သိမ်မွေ့၏။ ကောင်းသော အကျိုးကိုပြု၏။ သန့်ရှင်းသော အဓိပ္ပယ်ကို ဆောင်ပေသည်။

အချို့သော မိန်းမတို့၌ ရုပ်ရည်အခြေအနေအားဖြင့် လှသည်ဟုမဆိုသာသော်လည်း၊ ယောကျ်ားများသာမက မနာလိုဆိုးရွားသော မိန်းမများမှအပ အခြားသော မိန်းမများကပင် ချစ်ခင်လိုသောဆန္ဒမျိုး ပေါ်ထွန်းစေနိုင်သည့် သတ္တမျိုး ရှိကြသည်။ ယင်းသည် မာယာ မဟုတ်။ မာယာသည် ဟန်ဆောင်မှု၊ လုပ်ကြံမှု၊ လီဆယ်မှုတို့ဖြင့် ပြည့်လျှမ်းလျက်ရှိ၏။ ယင်းသတ္တိသည်ကား ပြောင်းပြန်ပင်။ ထိုအမှုများ ကင်းစင်ပေသည်။

ဤဝတ္ထု၏အဆုံး၌ ဂျပန်မကလေး ဆက်စုက 'ကျွန်မကို ကျေးဇူးတင်ရအောင် ကျွန်မဘာမှမလုပ်ဘဲ၊ ကျွန်မနဂိုအတိုင်းပဲ နေတာပါ" ဟု ဆိုသည့် အတိုင်းပင်။ မိန်းမ၏ သဘာဝအစစ်သည် ဘာမျှ (အမူအရာ ဟန်ဆောင်မှု) မပြုဘဲ နဂိုအတိုင်း နေတတ်မှသာလျှင် ပေါ်လွင်နိုင်ပေသည်။

ပါးလ်ဗတ်သည် မိန်းမတို့အကြောင်း အဆိုးအကောင်း နှစ်ထွေကို

http://www.cherrythitsar.org



မိန်းမဖြစ်သည့်အလျောက် သိပေသည်။ (တစ်ဖန်ဆိုရပါမူ) ပါးလ်ဗတ်သည် မိန်းမတို့အကြောင်းကို မိန်းမဖြစ်သော်လည်း သိပေသည်။

ယင်းသို့ နှစ်မျိုးပြောင်းပြန်ဆိုရသည်မှာ မိန်းမတို့အကြောင်းကို မိန်းမဖြစ်သူက ပို၍သိနိုင်သည်မှန်၏။ သို့သော် မိန်းမတို့အကြောင်းကို မိန်းမတို့သည် များသောအားဖြင့် မိန်းမဖြစ်ပါလျက်နှင့် မသိကြချေ – ဟု ဆိုချင်လှသောကြောင့်ပင် ဖြစ်သည်။

ပါးလ်ဗတ်သည် ဤဝတ္ထုတွင် လှသော မိန်းမတစ်ယောက်နှင့် အရုပ်ဆိုးသော မိန်းမတစ်စုအကြောင်းကို သရုပ်ဖော်သည်။ (လှသည်၊ အရုပ်ဆိုးသည် ဟူသော စကားလုံးများကို ရုပ်ရည်ကို ပဓာနပြု၍ မဆိုပါ။) ဂျပန်အမျိုးသမီးကလေး ဆက်စုသည် လူ့ဘဝ၊ လူ့လောက၌ မိန်းမတို့၏ နဂိုနေရာ အစစ်ဖြစ်သော အိမ်ရှင်သက်ထားနေရာတွင် နေသည်။ မိဘရိုးရာယဉ်ကျေးမှု အယူအဆအတိုင်း လင်ယောကျ်ားကို ပြုစုယုယမှု၌ ကျွမ်းကျင်သည်။ နဂိုနေ အတိုင်း နေတတ်သည်။ ယင်းသို့ ပြုစုယုယရာ၌လည်းကောင်း၊ အများနှင့် ဆက်ဆံရာ၌လည်းကောင်း ပင်ကိုစိတ်ထား ဖြူစင်သိမ်မွေ့သည်။

ထိုသို့သောအဖြစ်ကို ခေတ်မီသည်ဟု ယူဆလျက်ရှိကြသော အမေရိကန်အမျိုးသမီးတို့က ကဲ့ရဲ့ကြသည်။ ရှေးကျသည်ဟု ဆိုကြပေမည်။ ယောကျ်ားနှင့်မိန်းမ တန်းတူချင်း ဖြစ်သည်။ အခွင့်အရေး တူညီရမည်။ မိန်းမတို့သည် ယောကျ်ားတို့နည်းတူ လွတ်လပ်ရမည် စသည့်ဝါဒကို ကိုးကွယ်ကြသည့်အလျောက် ဂျပန်မိန်းကလေးအကြောင်းကို အတင်းပြော၍ ရယ်သွမ်းသွေးကြကုန်၏။

သူတို့ကိုယ်သူတို့ ဟုတ်လှပြီ ထင်နေကြရှာသော အမေရိကန်အမျိုးသမီးတို့က သူတို့နှင့်မတူသော ဂျပန်မိန်းကလေးဆက်စုအကြောင်းကို ဝိုင်းဖွဲ့၍ အတင်းပြောကြသည်။ ယင်းသို့ အတင်းပြောမှုသည်ပင်လျှင် အမေရိကန်အမျိုးသမီးတို့၏ အရုပ်ဆိုးခြင်းကို သရုပ်ပြလျက်ရှိသည်။

"ဆက်စုဟာ သူ့အတွက်သူဘာမှ မစဉ်းစားဘူး"ဟု ဆက်စု ယောက္ခမအယ်လင်က ပြောလိုက်သောအခါ၊ မိတ်ဆွေ အမေရိကန်အမျိုးသမီးများက မယုံကြည်ကြပေ။ နားမလည်နိုင်ကြပေ။

"ဒါဖြင့် ဘယ်သူ့အတွက် စဉ်းစားသလဲ" ဟု မေးလိုက်သည်။

"ဆက်စုဟာ သူ့လင်အတွက်ရယ်၊ ကျွန်မတို့ နှစ်ယောက်အတွက်ရယ်၊

အဲဒီသုံးယောက်အတွက်သာ စဉ်းစားတယ်”ဟု အယ်လင်က ပြောလိုက်သော အခါ၊ အမေရိကန်အမျိုးတွေမှာ သာ၍ပင် မယုံနိုင် ဖြစ်ကြရသည်။

“ဒါက အစမို့ပါ။ နောက်တော့ ဒီလိုဂရုစိုက်တော့မှာ မဟုတ်ပါဘူး”ဟု မေရီယန်က ဆိုသည်။

မေရီယန်သည် အခြားသာ အမေရိကန်အမျိုးသမီးများ၏ ကိုယ်စား ဆိုလိုက်ခြင်း ဖြစ်သည်။ သူတို့တစ်တွေ၏ **အကြုံအတွေ့**နှင့် ဉာဏ်မီ သလောက်မှာ သူဆိုလိုက်သည့် အတိုင်းပင်ဖြစ်သည်။ အစမို့သာ ဂရုစိုက် သည်။ နောက်နောင်တွင် စိတ်ဝင်စားမှု လျော့ပါးသွားမည်။ အခြား စိတ် ဝင်စားစရာတွေ ပေါ်လာမည် စသည်ဖြင့် ကိုယ်ချင်းစာ၍တွေးပြီး ပြောလိုက် ခြင်းဖြစ်သည်။

သို့သော် ဆက်စုမှာ မေရီယန် ဗေဒင်ဟောသလို မဟုတ်။ သူ့၌ရှိသော ဝတ္တရားသိစိတ်သည် အပေါ်ယံ၌သာ တည်နေသည်မဟုတ်။ သူ၏မိန်းမ သဘောဝအတွင်း၌ ကိန်းဝပ်နေလေသောကြောင့် လင်သား၊ ယောက္ခမ တို့ကို ပြုစုခြင်းသည် ထမင်းစာရေသောက်ဆိုသလို သူ့အဖို့ တစ်သက်လုံး မငြီး ငွေ့နိုင်စရာကိစ္စ ဖြစ်နေပေသည်။

ဆက်စုသည် သူ့ကိုယ်သူ မိန်းမဖြစ်နေမှန်းသိသည်။ သူ့ဘဝ၌သူသည် နဂိုနေအတိုင်း နေသည်။ သူ့သဘာဝကိုသူ ကျေနပ်စွာ လက်ခံသည်။ ထို့ကြောင့် သူသည် သူ့ဝတ္တရားများကို ဆောင်ရွက်ရာ၌ မငြီးငွေ့မငြိုငြင်ပေ။ အချုပ်အားဖြင့် သူသည် မိန်းမအစစ်ဖြစ်၏။

ယောကျ်ားတို့သည် မိန်းမအစစ်ကို ပို၍ မြတ်နိုးကြသည်။ ကျေနပ် ကြသည်။ မိန်းမအစစ်၏ အေးမြသောရိပ်သာတွင် ခိုလှုံချင်ကြသည်။ ထို့ကြောင့်ပင်လျှင် ဆက်စု၏ယောက္ခမ စတီဖင်သည် သူ့ချွေးမ၏ အယုယ ကို ခံယူလို၏။ ယင်းသို့ ခံယူလိုခြင်းသည် ကာမဆန္ဒကြောင့်ဟု တစ်ဖက်သတ် မဆိုအပ်ပေ။ အေးမြကြည်လင်သော ရေကို သောက်လိုစိတ်၊ အေးချမ်းသာ ယာသော အရိပ်ကို ခိုချင်စိတ်မျိုးနှင့် **ခိုင်းနှိုင်း** နိုင်သည်။

အယ်လင်သည် သူ့ချွေးမဆက်စုကို နားမလည်ရာက ဆက်စုနှင့် စကား ဆိုကြရာဝယ် ဆက်စုအကြောင်းကိုသာမက သူ့အကြောင်းကိုပါ သဘော ပေါက် သွားလေသည်။ အယ်လင်၏ မိန်းမသဘာဝ အစစ်အနှစ်ကို အယ်လင် ကိုယ်တိုင် သိမြင်လာသည်။ သူ့အမှားကို သူမြင်လာသည်။ ဆက်စုသည်

http://www.cherrythitsar.org



ခေတ်မမီ ပညာမတတ်။ သို့သော် မိန်းမသဘာဝကို သူ့ရင်ထဲက နားလည်သည်။ 'မိန်းမပညာ'ကောင်းစွာ တတ်သည်ဟု ဆိုနိုင်၏။

ပညာတတ် ခေတ်မီမိန်းမများသည် များသောအားဖြင့် မိန်းမပညာကို မတတ်ကြချေ။ ယောကျ်ားများနှင့် အစစအရာရာတွင် ဖက်ပြိုင်၍ အခွင့်အရေး အတူယူချင်ကြသည်။ အပေါ်ယံ အခြေအနေအားဖြင့် ယောကျ်ားများနှင့် တန်းတူဖြစ်နိုင်စေကာမူ မိန်းမသည် မိန်းမဖြစ်သည်ဟူသော အသိမျိုး မရှိကြချေ။ လက်လည်း မခံချင်ကြပေ။ သို့သော် မိန်းမလိုမနေဘဲလည်း မနေနိုင်။ ထို့ကြောင့်လည်း ဘဝ၌ အဆင်မပြေမှုများ ဖြစ်ပွားရသည်။

"ကျွန်မဟာ ဘောလတ်ဖြစ်ဖြစ်၊ သူ့အဖေဖြစ်ဖြစ်၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ် အသုံးပြုပြီး ကျွန်မလိုချင်တာကိုအရမယူဘူး။ ကျွန်မ ပိုက်ဆံချမ်းသာချင်တယ်ဆိုပါတော့၊ ကျော်စောချင်တယ်ဆိုပါတော့၊ ဝတ်ကောင်းစားကောင်းတွေကိုပဲ လိုချင်တယ်ဆိုပါတော့။ အဲဒါတွေရအောင် ဘောလတ်ကိုအသုံးမပြုအပ်ဘူး။ ဘောလတ်ဟာ သူ့ကိုယ်သူ ပိုင်တယ်။ ကျွန်မ သူ့ကို မပိုင်ဘူး" ဟုဆက်စုက ဆိုလိုက်ကာမှ ယောက္ခမ အယ်လင်က "ဘုရားရေ ငါ ညည်းတွေးသလို ဘယ်တုန်းကမှ မတွေးခဲ့ဘူး။ မသိခဲ့ဖူးဘူး"ဟု ဆိုလေသည်။

ယင်းသို့လျှင် ခေတ်ပညာမတတ်သော၊ ခေတ်မဆန်သော ဂျပန်မိန်းက လေးဆက်စုက သူ့ယောက္ခမ အမေရိကန်အမျိုးသမီး ခေတ်မီသူပညာတတ်အား 'မိန်းမပညာ' ပေးလိုက်လေသည်။ ပါးလ်ဗတ်က မိရိုးဖလာ ပညာအချို့တွင် မိန်းမပညာသည် ဘယ်သောအခါမျှ ရိုးသွား တိမ်ကောသွားဖွယ် မရှိ။ ကျောက်ခေတ်မှသည် ဂြိုဟ်တုခေတ်အထိ၊ ဂြိုဟ်တုခေတ်မှသည် နောင်သံသရာအဆုံးတိုင်အောင်ပင် မိန်းမသည် မိန်းမသာဖြစ်သည်။ လူ့သဘာဝရှိနေသမျှ မိန်းမသဘာဝသည် လူ့သဘာဝ၏ ကဏ္ဍတစ်ရပ်အဖြစ် တည်နေပေလိမ့်မည်ဟူသော အမှန်တရားကြီး တစ်ရပ်ကို ဤဝတ္ထုငယ်ဖြင့် သရုပ်ဖော်လိုက်ပေသည်။

ဤဝတ္ထုတိုသည် 'မိန်းမတို့အကြောင်း' ဝတ္ထုတိုတစ်ပုဒ်ဖြစ်၏။ မိန်းမတို့အကြောင်းကို လေးလေးနက်နက် သုံးသပ်ပြီးမှ သိမ်မွေ့စွာ သရုပ်ဖော်သွားသော ဝတ္ထုတစ်ပုဒ် ဖြစ်သဖြင့် အထူး လေ့လာသင့်သည်ဟု ကျွန်တော်ထင်မိပါတော့သည်။

❖ ❖ ❖

http://www.cherrythitsar.org



http://www.cherrythitsar.org

# ၇။ ပြော် ချစ်ကြပေတယ်

## ဆမွှားဆက်မော်မ် ရေးသည်

**ကျွန်ုပ်** သည် လင်ဒန်ကို ခင်မင်လှသည် မဟုတ်ပါ။ သူသည် ကျွန်ုပ်တို့ပါဝင်သော ကလပ်အသင်းသားတစ်ဦးဖြစ်သဖြင့် နေ့လယ်စာ စားပွဲတွင် မကြာခဏ သူ့ဘေးနားတွင် ကျွန်ုပ်ထိုင်ရသည်။ သူသည် အင်္ဂလိပ် တရားရုံးကြီးတွင် တရားသူကြီးတစ်ယောက် ဖြစ်သဖြင့် စိတ်ဝင်စားဖွယ်ကောင်းသော အမှုများ နားထောင်လို၍ သွားသောအခါ သူက ကျွန်ုပ်အား နေရာထိုင်ခင်း ကောင်းကောင်းပေးပေသည်။

လင်ဒန်သည် တရားသူကြီးအဝတ်အစားဖြစ်သော ဆံပင်တုနှင့် ဝတ်ရုံကြီး ဆင်မြန်းထားသောအခါ သူ့မျက်နှာ ဖြူဖြူရှည်ရှည် မျက်လုံးပြာပြာနှင့် မျက်နှာထား ခပ်တင်းတင်းတို့ကြောင့် ကြောက်ရွံ့ဖွယ်ရာပင် ဖြစ်နေလေတော့သည်။

သူသည် တရားအတိုင်း တင်းတင်းကြပ်ကြပ် ဆောင်ရွက်လေ့ရှိသည်။ တစ်ခါတစ်ရံ ထောင်ဒဏ်ပေးခါနီးတွင် တရားခံအား ပြောဆိုဆုံးမနေသည်မှာ အတောင်ပင်ခံ့ညားလေးစားဖွယ်ဖြစ်သဖြင့် ကြားရသည့် ကျွန်ုပ်မှာ တရားခံအစား ကြားထဲက အနေအထိုင်ခက်လှတော့သည်။

ကလပ်တွင်ကား သူသည် ဖော်ဖော်ရွေရွေရှိပေသည်။ နေ့လယ်စာစားပွဲတွင် သူစီရင်ခဲ့ရသော အမှုများအကြောင်းကို စိတ်ရှည်လက်ရှည်ပြောပြ၍ ဆွေးနွေးလေ့ရှိသောကြောင့် ကျွန်ုပ် ယခင်က သူ့အပေါ် ထားရှိခဲ့သော အာဃာတကလေးမှာ ပျက်ပြားပျောက်ကွယ်သွားလေတော့သည်။

တစ်ခါက ကျွန်ုပ်ကသူ့အား တရားခံတစ်ယောက်ကို သေစားသေစေ အမိန့် ပေးလိုက်သည့်အခါတွင် စိတ်မထိခိုက်ပေဘူးလားဟု မေးကြည့်သောခါ သူကဝိုင်အရက်ကို အာနံ့ရှုံ စုပ်လိုက်ပြီးမှ "မထိခိုက်ပါဘူးဗျာ၊ တရားခံအဖို့ တရားသဖြင့် အစစ်အဆေးခံရပြီးပြီဟာပဲ ။ ပြီးတော့ ကျုပ်ကလဲ သေသေချာချာအမှုသွားအမှုလာကြည့်ပြီးမှ နိဂုံးချုပ်တယ်။ ဂျူရီလူကြီးတွေကလဲ တရားခံမှာ အပြစ်ရှိတယ်လို့ ထင်တဲ့အကြောင်း ပြောပြကြတယ်။

"ဒီတော့ ကျုပ်သူ့ကို သေစားသေစေအမိန့် ပေးလိုက်တာဟာ သူရသင့် ရထိုက်တဲ့အပြစ်ဒဏ်ကိုသာ ပေးတာပဲ။ ကျုပ် ဘာလို့ စိတ်ထိခိုက်ရမှာလဲ။ တရားခုံက ထလာတာနဲ့တစ်ပြိုင်နက် ဒီအမှုကြောင်းကို ကျုပ်ရဲ့ခေါင်းထဲက ထုတ်ပစ်လိုက်တယ်။ စိတ် မနိုင်တဲ့ လူသာ စိတ်ထိခိုက်မှာပေါ့ဗျာ"ဟု ပြောပြလေသည်။

လင်ဒန်သည် ကျွန်ုပ်အား စကားစမြည်ပြောရန် လိုလားသော်လည်း ကျွန်ုပ်အား ကလပ်တွင်သိသော အသိအကျွမ်းမျှသာ သဘောထားသည်ဟု ကျွန်ုပ်မှတ်ထင်မိခဲ့သည်။ ထို့ကြောင့် တစ်နေ့တွင် သူ့ထံမှ သံကြိုးတစ်စောင်ရသောအခါ ကျွန်ုပ်သည် အံ့အားကြီး သင့်နေမိပါတော့သည်။ သူ့သံကြိုးက သူသည် အီတလီပြည်အပန်းဖြေစခန်း 'ရိုင်ဗီရာ'သို့ သွား၍ အပန်းဖြေမည်။ အီတလီသို့အသွားတွင် ကျွန်ုပ်ထံတွင် (၂)ရက်၊ (၃)ရက် ဝင်၍တည်းခိုလိုပါသည်ဟု ဆို၏။

ကျွန်ုပ်ကလည်း အလည်လာမည်ဆိုသဖြင့် ဝမ်းမြောက်ကြောင်း သူ့ထံသို့ ထိုသံကြိုး ပြန်လိုက်သည်။ သူ့ကို မီးရထား ဘူတာရုံတွင် သွားကြိုသောအခါ ကျွန်ုပ် စိတ်မှာ အတော်ပင် လှုပ်ရှားသွားပါသည်။

သူရောက်လာသောနေ့ ညစာစားပွဲတွင် စကားပြောဖော် ရလေ

http://www.cherrythitsar.org



အောင် ကျွန်ုပ်သည် ကျွန်ုပ်၏အိမ်နီးချင်း မစ္စဂရေးကို ထမင်းစားဖိတ်ထားသည်။ မစ္စဂရေးမှာ အသက်အတော်ကြီးရင့်နေပြီဖြစ်သော အပျိုကြီးတစ်ယောက်ပင်ဖြစ်၏။ အသက်ကြီးသော်လည်း ရုပ်ရည်သားနား၍ အပြောအဆို ကောင်းပေသည်။

ကျွန်ုပ်သည် ဧည့်သည်တို့အား စားကောင်းသောက်ဖွယ်များ ကောင်းစွာကျွေးမွေးပါသည်။ လင်ဒန်သည် ကျွန်ုပ်တည်သော ကောက်တေး အရက်ကို သဘောမကျသော်လည်း ဝိုင်အရက်ကိုမူ နှစ်သက်လေသည်။ မစ္စဂရေး၏ အပြောအဆိုကိုလည်း နှစ်သက်သဖြင့် သူသည် ကျွန်ုပ် တွေ့ကြုံခဲ့ဖူးသည်နှင့်မတူဘဲ အထူးပင် ရွှင်လန်းဖော်ရွေနေပေတော့သည်။

လင်ဒန်သည် တရားသူကြီးဖြစ်သဖြင့် မျက်နှာထားတင်းတင်းကြီးနေလေ့ရှိသော်လည်း ရုပ်ရည်သားနား၍ အပြောအဆိုကောင်းသော အပျိုကြီးမစ္စဂရေးနှင့် တွေ့ဆုံရသဖြင့် အတော်ပင် ကျေနပ်နေလေရကား ဘရန်ဒီအရက် တမြမြနှင့် စကားတဖောင်ဖောင် ဖြစ်နေလေတော့သည်။

ကျွန်ုပ်တို့သည် အတော်ပင် စိတ်ကြည်ရွှင်ကြသဖြင့် မစ္စဂရေးက ကျွန်ုပ်တို့နှစ်ယောက်အား နောက်တစ်နေ့နေ့လယ်စာ ဖိတ်လေသည်။ ကျွန်ုပ်က ပြန်မပြောရခင်ပင်လျှင် လင်ဒန်က စိတ်အားထက်သန်စွာ ဖိတ်ကြားချက်ကို လက်ခံလိုက်လေသည်။

"အတော်ဖော်ရွေတဲ့ မိန်းမပဲ။ စဉ်းစားဉာဏ်လဲရှိတယ်။ ငယ်ငယ်တုန်းက အတော်ချောမှာပဲ။ အခုတောင် မဆိုးလှဘူးဗျ။ သူဘာဖြစ်လို့ အိမ်ထောင်မပြုသလဲ"ဟု လင်ဒန်က မစ္စဂရေး ပြန်သွားသောအခါ မေးလေသည်။

'သူ့ကို ကြိုက်မယ့်သူ မရှိလို့ ပြောတာပဲ'

'ဟာ မဟုတ်နိုင်ရာ၊ မိန်းမတွေဟာ အိမ်ထောင်ပြုရမယ်။ အိမ်ထောင်မပြုဘဲ လွတ်လွတ်လပ်လပ်နေချင်တဲ့ မိန်းမတွေ သိပ်ပေါတာပဲ။ ကျုပ်ဖြင့် သူတို့ကိုမြင်ရရင် စိတ်တိုတယ်'

မစ္စဂရေးသည် စိန်ဂျုန်းရပ်ကွက်တွင်ရှိသော ပင်လယ်နှင့် မျက်နှာ

http://www.cherrythitsar.org



ချင်းဆိုင်နေသော အိမ်ကလေးတစ်ဆောင်တွင် နေသည်။ ကျွန်ုပ်နေသော ကက်ဖဲယက်နှင့် နှစ်မိုင်ခန့် ကွာလေသည်။ ကျွန်ုပ်တို့ နှစ်ယောက်သည် နောက်နေ့ နာရီပြန်နှစ်ချက်တွင် မော်တော်ကားနှင့် မစ္စဂရေးတို့ အိမ်သို့သွားကြရာ၊ ရောက်လျှင်ရောက်ချင်း ကျွန်ုပ်တို့မှာ ဧည့်ခန်းတွင် ထိုင်၍ စောင့်နေကြရသည်။

မစ္စဂရေး ဧည့်ခန်းထဲသို့လာပြီးလျှင် ကျွန်ုပ်တို့အား လက်ဆွဲ နှုတ်ဆက်ပြီးနောက် "ရှင်တို့အတွက် မမျှော်လင့်တဲ့ဟာတစ်ခု ရှိထားတယ်။ ကရိတ်တို့လင်မယားကိုလဲ ဖိတ်ထားတယ်"ဟု ဆိုလေသည်။

"သြော်၊ ခင်ဗျား သူတို့နဲ့ သိသွားပြီလား" ကျွန်ုပ်က မေးလိုက်ပါသည်။

"ဒါကတော့လေ အိမ်နီးချင်းလဲဖြစ်နေ၊ ပင်လယ်ကမ်းစပ်မှာလဲ အတူရေချိုးနေကြတော့ စကားမပြောမကောင်းပေဘူးပေါ့။ ဒါနဲ့ ကျွန်မကပဲ သူတို့ကို စကားစပြောရာက ဒီနေ့ နေ့လယ်စာစားဖို့ ဖိတ်တော့ သူတို့လဲလာပါ့မယ်လို့ ကတိပေးကြတယ်"ဟုဆိုကာ မစ္စဂရေးကပင် လင်ဒန်ဘက်သို့လှည့်ပြီးလျှင် "သူတို့ကို ရှင်နဲ့ ဆုံပေးချင်တယ်။ သူတို့နဲ့ တွေ့ရမှာ ဝန်မလေးဘူး မဟုတ်လား"ဟု မေးလေသည်။

"မစ္စဂရေး ခင်ဗျားမိတ်ဆွေဆိုရင် ဘယ်သူ့ကိုပဲဖြစ်ဖြစ် ကျုပ်တွေ့ချင်ပါတယ်။ တွေ့ရမှာ ဝမ်းသာပါတယ်"ဟု လင်ဒန်က ထူးထူးခြားခြား ဖော်ရွေစွာပြန်ပြောလေသည်။

"ကရိတ်တို့လင်မယားကတော့ ကျွန်မမိတ်ဆွေတွေတော့ မဟုတ်ပါဘူး။ သူတို့ကိုတွေ့နေတာတော့ အတော်ကြာပါပြီ။ ဒါပေမယ့် မနေ့ကမှ စကားပြောမိကြတယ်။ ဒီလိုလင်မယားမျိုး တွေ့ရတာ စာရေးဆရာနဲ့ တရားသူကြီးတို့အဖို့ အတော်ဟန်မှာပဲ"ဟု မစ္စဂရေးက ပြောလိုက်သည်။

ကျွန်ုပ်မှာမူ ကရိတ်တို့အကြောင်းကို မစ္စဂရေးထံမှ အတော်များများကြားရဖူးပါပြီ။ ကရိတ်တို့လင်မယားသည် မစ္စဂရေး၏ အိမ်နှင့် ကပ်လျက်ရှိသော အိမ်ကုပ်ကလေးတွင် လာရောက်နေထိုင်ကြသည်။

http://www.cherrythitsar.org



အစကနဦးကမူ မစ္စဂရေးက အိမ်နီးချင်း ရောက်လာပြီဖြစ်ရာ အိမ်နီးချင်းမှာ သူ့အဖို့အနှောင့်အယှက် ဖြစ်လေမလားဟု စိုးရိမ်မိသည်။ သို့ရာတွင် ရောက်လာကြပြီး မကြာမီပင်လျှင် မစ္စဂရေးသည် သူတို့ လင်မယားမှာသူတို့အိမ်နီးချင်းများနှင့် မိတ်ဖွဲ့လိုသာဆန္ဒ မရှိကြောင်း သိရသဖြင့် စိတ်သက်သာရာ ရမိလေသည်။

ရပ်ကွက်ငယ်ကလေးထဲတွင် အတူနေကြသဖြင့် တစ်နေ့လျှင် အနည်းဆုံး နှစ်ကြိမ်,သုံးကြိမ်မျှ မျက်နှာချင်းဆိုင် ဆုံကြသော်လည်း သူတို့၌ အသိဖွဲ့လိုသော ဆန္ဒရှိပုံမရပေ။ သူ့အား လာရောက်မိတ်ဖွဲ့ခြင်း အားဖြင့် အနှောင့်အယှက်မပေးသဖြင့် စိတ်မဆိုးသော်လည်း မစ္စဂရေး သည် သူတို့၏ နေထိုင်ပုံကို ကြည့်ပြီးလျှင် အံ့ဩသလိုလို ဖြစ်မိလေ သည်။ ယင်းသို့ သူတို့ကစ၍ မိတ်မဖွဲ့လျှင် တစ်နေ့နေ့တွင် မစ္စဂရေး ကစ၍ မိတ်ဖွဲ့လိမ့်မည်ဟု ကျွန်ုပ်ထင်မိခဲ့သည်။

တစ်ခါကလည်း မစ္စဂရေးနှင့်ကျွန်ုပ်တို့ အတူတွဲ၍ လမ်းလျှောက် လာကြရာ ကရိတ်တို့လင်မယားနှင့် လမ်းတွင် ဆုံတွေ့သဖြင့် ကျွန်ုပ်တို့ သည် သူတို့လင်မယားကို သေသေချာချာ စိုက်ကြည့်ရလေသည်။

ကရိတ်မှာ ရုပ်ရည်သားနားသော လူတစ်ယောက်ဖြစ်သည်။ အသား နီ၍ သူ့မျက်နှာမှာ ရိုးသားပုံရသည်။ ဆံပင် အတော်ထူ၍ နှုတ်ခမ်းမွေး ကလေးရှိသည်။ သူ့ကိုကြည့်ရသည်မှာ ငွေကြေး အတော်အတန် ချမ်းသာ၍ အလုပ်မလုပ်တော့ဘဲ အငြိမ်းစားနေသော ပွဲစားတစ်ဦးနှင့် တူလှတော့သည်။

သူ့ဇနီးမှာ ယောက်ျား မျက်နှာပေါက်ရှိ၍ ရုပ်ရည်အားဖြင့် အတော် ညံ့သည်ဟု ဆိုရချေမည်။ သွက်လက်ခြင်း အတော်နည်းပါး၍ နှာခေါင်း ကြီးသည်။ ပါးစပ်ကျယ်သည်။ အသားအရေ ကြမ်းတမ်းပုံရသည်။ အရပ်မြင့်သည်။ မျက်နှာထား တည်လွန်းလှသည်။ ရုပ်အတော်ပင် ရင့် နေသော်လည်း ဝတ်စားထားသည်မှာ (၁၈)နှစ် အပျိုကလေး အရှုံးပေး ရလောက်သည်။ ယင်းသို့ ပြင်ဆင်ထားသော်လည်း မစ္စစ်ကရိတ်မှာ အသက်(၄၀) ရှိလောက်ပြီ။

သူတို့လင်မယားကို ကြည့်ရသည်မှာ ခင်ပွန်းက သာမန်လူတစ်ယောက်ဖြစ်၍ ဇနီးက အပေါက်ဆိုးပုံရသည်။ ကျွန်ုပ်က မစ္စဂရေးအား သူတို့လင်မယားက အသိမလုပ်ချင်သည်မှာ သူ့အဖို့ ကံကောင်းသည်ဟု ယူဆအပ်ကြောင်း ပြောပြပါသည်။

"ဒါပေမယ့် သူတို့နှစ်ယောက်မှာ သဘောကျစရာ အချက်တစ်ခုရှိတယ်"ဟု မစ္စဂရေးက ဆိုသည်။

"ဘာအချက်လဲ"

"သူတို့လင်မယား ချစ်ကြပေတယ်။ သူတို့ကလေးကိုလဲ သူတို့သိပ်ချစ်ကြတာပဲ"

ကရိတ်တို့တွင် အခါမလည်သေးသော သားကလေးတစ်ယောက်ရှိသည်။ ထိုအချက်ကိုထောက်ရှု၍ မစ္စဂရေးက သူတို့နှစ်ယောက် အိမ်ထောင်ကျသည်မှာ မကြာလှသေးဟု တွက်ဆပေသည်။ သူသည် သူတို့၏ကလေးကိုကြည့်၍ စိတ်ဝင်စားနေမိသည်။

နံနက်တိုင်း သူတို့လင်မယားသည် ကလေးကို လမ်းလျှောက်သင်ကြသည်။ ကလေးနှင့်နေရသည်မှာ သူတို့အဖို့ စိတ်ကြည်နူးဖွယ်ဖြစ်သည်ဟု မစ္စဂရေး ထင်မိ၏။ (၁၅)မိနစ်ခန့် ကလေးကိုမြှူပြီးနောက် အထိန်းလက်သို့ အပ်လိုက်ကြသည်။ အထိန်းက ကလေးကို လှည်းကလေးပေါ်တွင်တင်၍တွန်းသွားရာ သူတို့နှစ်ယောက်က မျက်စိတစ်ဆုံးကြည့်၍ ပြန်ခဲ့ကြသည်။

မစ္စဂရေးသည် သူတို့နှစ်ယောက်လက်တွဲ၍ သူတို့၏ခြံ မြက်ခင်းပေါ်တွင် လမ်းလျှောက်နေသည်ကို မြင်ရတတ်သည်။ သူတို့သည် ယင်းသို့လမ်းလျှောက်နေစဉ် အခြားလင်မယားများနည်းတူ စကားစမြည်ပြောလေ့မရှိ။ သူတို့အဖို့ နှစ်ဦးတွဲဖက်နေရသည်မှာ ပျော်လွန်းလှ၍ စကားပြောရန်ပင် မလိုသကဲ့သို့ ဖြစ်နေလေသည်။

မစ္စဂရေးသည် ယင်းသို့ မျက်နှာထားဆိုးဆိုး မိန်းမကြီးက သူ့ခင်ပွန်းအပေါ်တွင် ယုယပုံကို မြင်ရသည့်အခါ အသည်းခိုက်သွားလေတော့သည်။ မစ္စစ်ကရိတ်က သူ့ခင်ပွန်းသည်၏ အင်္ကျီကို ဖုန်ခါ

နေသည်မှာ မစ္စဂရေးအဖို့ အလွန်လှသောရှုခင်းတစ်ခု ဖြစ်နေတော့သည်။ သူ့ခင်ပွန်း၏ ခြေအိတ်ကို ဖာထေးပေးလိုလွန်းလှ၍ ခြေအိတ်တွင် အပေါက်ကလေးများ တမင်သက်သက် ဖောက်တားလေသလားဟု မစ္စဂရေးက တွေးထင်မိသည်။

ကရိတ်ကလည်း သူ့ဇနီးကို အလွန်ချစ်ပုံရသည်။ သူသည် သူ့ဇနီးကို မကြာခဏ လှမ်း၍ကြည့်တတ်ရာ၊ သူ့ဇနီးကလည်း ထိုနည်းအတူပင် လှမ်းကြည့်လေရာ အကြည့်ချင်းဆုံသောခါ နှစ်ယောက်သား ပြုံးကြသည်။ ကရိတ်က သူ့ဇနီး၏ပါးကလေးကို လက်ညှိုးကလေးနှင့် တို့၍ ကျီစယ်လိုက်သည်။ အရွယ်ငယ်သူများမဟုတ်သဖြင့် သူတို့ကျီစယ်ပုံကို ကြည့်ရသည်မှာ စိတ်ထိခိုက်စရာပင်တည်း။

ကျွန်ုပ်တို့ပင်လျှင် မစ္စဂရေး ဘာ့ကြောင့်အိမ်ထောင်မပြုသည် ဆိုသည့်အကြောင်းကို မတွေးဆတတ်ပေ။ လင်ဒန် ပြောသည့်အတိုင်းပင် သူ့ရုပ်ရည်နှင့်ဆိုလျှင် ကြိုက်သူ ပေါနိုင်ပေသည်။ သူကဲ့သို့ ကရိတ်တို့ ဇနီးမောင်နှံ ချစ်ခင်ကြသည်ကို မြင်သောအခါ အပျိုကြီး၏ စိတ်တွင် အချိန်မီ လင်သား မယူလိုက်မိသည့်အတွက် နောင်တရသည့် စိတ်ကလေး ပေါ်ကောင်းပေါ်ပေလိမ့်မည်။

ချမ်းသာသုခ အပြည့်အစုံရရှိဖို့ ခဲယဉ်းလှသည်။ သို့ရာတွင် ဤဇနီးမောင်နှံမှာ အိမ်ထောင်မှု ချမ်းသာသုခ အတော်ပင် ပြည့်စုံဟန်ရှိပေသည်။ သူတို့ကိုကြည့်ပြီးလျှင် မစ္စဂရေးမှာ တစ်ကိုယ်တည်း အပျိုကြီးလုပ်နေမိခြင်းကြောင့် ရသင့်ရထိုက်သော အကျိုးချမ်းသာစည်းစိမ်ကို လက်လွတ်ရသည်ဟူ၍ မတွေးဘဲ မနေနိုင်ရှာချေ။

အပျိုကြီးမစ္စဂရေးသည် ကရိတ်တို့ဇနီးမောင်နှံအကြောင်းကို မသိသော်လည်း သူ့စိတ်ကူးနှင့်သူ သူတို့၏အကြောင်းကို ထိုးဇာတ်ကလေးတစ်ပုဒ်ဖြစ်အောင် စီစဉ်ကြည့်သည်။ သူ့အလိုအားဖြင့် ကရိတ်တို့ဇနီးမောင်နှံသည် ငယ်ရည်းစားများဖြစ်ကြသည်။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကျော်လောက်က လူငယ်တို့ဘာဝ ချစ်ကြိုက်ကြသည်။

ကရိတ်မှာ သူ့ရည်းစား အိန်ဂျယ်လာကို လက်ထပ်လိုသော်လည်း

http://www.cherrythitsar.org



ငွေကြေးဟူ၍ တစ်ပြားတစ်ချပ်မျှ မရှိချေ။ အိန်ဂျယ်လာမှာလည်း ဆင်းရဲသူကလေးဖြစ်သဖြင့် ငွေကြေးကိစ္စ၌ မည်သို့မျှမတတ်နိုင်ချေ။ ထို့ကြောင့် သူတို့နှစ်ယောက် အိမ်ထောင်ပြုဖို့အရေးမှာ မဖြစ်နိုင်သေးပေ။ သို့ရာတွင် အချစ်စစ်နှင့် ချစ်သူတို့အဖို့ မျှော်လင့်ချက် ကုန်သည်ဟူ၍ မရှိချေ။

ကရိတ်က တောင်အမေရိကန်ပြည် သို့မဟုတ် ပသျှူးကျွန်းဆွယ်စသည့်တစ်နေရာရာသို့သွား၍ ငွေကြေးရှာဖွေရန် စိတ်ပိုင်းဖြတ် လိုက်သည်။ ကရိတ်သွားနေခိုက် အိန်ဂျယ်လာ သူ့အမေမုဆိုးမကြီးနှင့် နေရရှာသည်။

ချစ်သူနှစ်ဦးတို့အဖို့ မျှော်လင့်ချက်အတိုင်းမဖြစ်ချေ။ ကရိတ်သည် ထင်ကြေးမကိုက်ဘဲ ငွေကြေးရှာ၍ မရရုံသာမက အသက်နှင့် ကိုယ်တည်မြဲမှုကိုပင် အတော်ကြိုးစားရရှာသည်။ ထွက်သွားပြီး ငါးနှစ်လောက်ကြာသော်လည်း ကရိတ်မှာ ဆင်းရဲမြဲဆင်းရဲနေလေသည်။

အိန်ဂျယ်လာအဖို့ အချစ်ထက်မြတ်သောအရာမရှိဟု ယူဆသဖြင့် ကရိတ်ထံသို့ လိုက်သွားပြီးလျှင် ဆင်ရဲလျှင်ဆင်းရဲချင်း၊ ချမ်းသာလျှင် ချမ်းသာချင်းဆိုသလို ကျေနပ်စွာနေထိုင်ပေါင်းသင်းမည်ဟု ကြံရွယ်သော်လည်း မွေးသမိခင်ကြီးမှာ အိပ်ရာတွင်လဲနေသော နာတာရှည်လူမမာကြီးဖြစ်နေသောကြောင့် မိခင်ကြီးကို ပစ်၍မလိုက်နိုင် ဖြစ်နေရှာသည်။ ထို့ကြောင့် ချစ်သူနှစ်ဦးသည် အိမ်ထောင်မပြုနိုင်သေးဘဲ သည်းခံ၍သာ နေကြလေသည်။

ယင်းသို့လျှင် နှစ်ပေါင်းများစွာ ကြာမြင့်သွားလေရာ ကရိတ်၌ ဆံဖြူလာလေပြီ။ အိန်ဂျယ်လာမှာလည်း ဒုက္ခအပေါင်းကို ကျုံးရုံးခံရသဖြင့် မျက်နှာထားတင်းမာမာကြီးဖြစ်ကာ အိုစာ နေလေတော့သည်။ သူ့သူငယ်ချင်း မိန်းမပျိုတို့မှာ အသီးသီး အိမ်ထောင်ကျ၍ ကလေးရကုန်ကြလေပြီ။ သူသည်ကား မိခင်ကိုပြုစုရသည့် ဝတ္တရား အချုပ်အချယ်ကြီးနှင့်ပင် ရှိလေသေးသည်။

အိန်ဂျယ်လာသည် သူ့ရည်းစားကရိတ်က လူအိုစနာဖြစ်သွား

သဖြင့် ချစ်မှချစ်ပါဦးမလားဟု အောက်မေ့ကာ စိတ်မချမ်းမြေ့ ဖြစ်နေရှာသည်။ နှစ်ပေါင်းများစွာ (ဆယ်နှစ်၊ ဆယ့်ငါးနှစ်၊ အနှစ် နှစ်ဆယ်) ဆိုသလို ကြာသွားပြီးနောက်၊ ကရိုတ်ထံမှ သူ့တွင် အိမ်ထောင်ပြုလောက်အောင် ငွေကြေးရှိလာပြီဖြစ်သောကြောင့် အိန်ဂျယ်လာသာ သူ့ကိုချစ်နေသေး၍ အိမ်ထောင်ပြုလိုပါသေးလျှင်၊ သူ ချက်ချင်း ပြန်လာခဲ့မည်ဆိုသော စာတစ်စောင်ရောက်လာလေသည်။ ထိုအခိုက်၌ပင်လျှင် ကံကောင်းထောက်မ၍ အိန်ဂျယ်လာ၏ မိခင်သည် ဘဝတစ်ပါးသို့ ပြောင်းသွားလေသည်။

သူတို့နှစ်ယောက် တွေ့ကြသောအခါ ကရိုတ်မှာ ဆံဖြူနေသော်လည်း အတော်ပင်ငယ်သေးကြောင်း အိန်ဂျယ်လာတွေ့၍ အံ့အားသင့်မိလေသည်။ ကရိုတ်သည် ယခင်ကကဲ့သို့ပင် ချောမောနေသေးသည်။ အိန်ဂျယ်လာမှာ ကရိုတ်နှင့်စာလိုက်လျှင် အတော်ပင်အိုနေလေပြီ။

ထို့ပြင်လည်း အိန်ဂျယ်လာမှာ တစ်သက်လုံးအိမ်ကခွာသူ မဟုတ်သဖြင့် ဗဟုသုတမရှိဘဲ တောကျနေလေတော့သည်။ ကရိုတ်မှာမူ နိုင်ငံခြားအရပ်ရပ်သို့ ရောက်ဖူးနေသောကြောင့် ဗဟုသုတနှင့် ပြည့်စုံ၍ တိုင်းကြီးပြည်ကြီးသား ဆန်လေသည်။

ယင်းသို့ အခြေချင်းကွာ၍ အသွင်ခြားနေသောကြောင့် အိန်ဂျယ်လာက ကရိုတ်အား လွန်ခဲ့သည့် အနှစ်နှစ်ဆယ်က ထားခဲ့သော ကတိ၏ အချုပ်အချယ်မှ လွတ်လိုက်သည်တွင် ကရိုတ်က ဝမ်းနည်းစွာဖြင့်၊ “အိန်ဂျယ်လာရယ်၊ မင်းက ငါ့ကိုမချစ်တော့ဘူးလားကွယ်”ဟု ငိုသံကြီးနှင့် ပြောလေသည်။

ထိုအခါအိန်ဂျယ်လာသည် ကရိုတ်၏ အချစ်စစ် အချစ်မှန်ကိုသိရ၍ အလွန်အမင်း ဝမ်းမြောက် ကျေနပ်ကာ မျက်နှာရွှင်လန်း လေတော့သည်။ သူ့ကိုယ်သူ အိုစနာကြီးပါဟူသော အစွဲကိုဖျောက်ပစ်လိုက်ပြီးလျှင် တစ်သက်လုံး မျှော်မှန်း၍ ဒုက္ခခံကာ စောင့်လာခဲ့ရသော အချစ်ပန်းတိုင်သို့ ရောက်သဖြင့် အိန်ဂျယ်လာ၏စိတ်သည် သစ်လွင် လန်းဆန်း

http://www.cherrythitsar.org



လာလေသည်။ ကရိတ်ကလည်း မြဲသည့်သစ္စာနှင့် ချစ်လာရသော အိန်ဂျယ်လာကို ရည်းစားဖြစ်စ အသက် (၁၈)နှစ်အရွယ် အပျိုက လေးဟုပင် အောက်မေ့ရာသည်။

"ဟာ၊ ခင်ဗျားပြောတဲ့ဟာကို ကျုပ်တစ်လုံးမှမယုံဘူး"ဟု ကျွန်ုပ် က မစ္စဂရေးပြောပြသော ကရိတ်တို့၏အကြောင်းနှင့် ပတ်သက်၍ ဆုံး ဖြတ်ချက် ချလိုက်လေသည်။

"ဟင်၊ ရှင်ယုံရလိမ့်မယ်။ မယုံချင်လို့မနေရဘူး။ ဒီအကြောင်းဟာ အမှန်ဖြစ်တယ်လို့ ကျွန်မတော့ယုံတာပဲ။ သူတို့လင်မယား အိုအောင် မင်းအောင် ပေါင်းသင်းပြီး တစ်သက်လုံး စိတ်ချမ်းချမ်းသာသာ နေ သွားကြလိမ့်မယ်လို့ ကျွန်မ မျှော်လင့်တယ်"ဟု မစ္စဂရေးက ဆိုလေ သည်။ "သူတို့ရဲ့ အချစ်ဟာ တကယ့်အခြေအနေကို မသုံးသပ်ဘဲ စိတ်ကူးယဉ်မှုပေါ်မှာ အခြေတည်ထားတယ်။ ဒါပေမယ့် သူတို့ဟာ စိတ်ကူးယဉ်ကို တကယ်လို့ အောက်မေ့နေတာ။ တကယ်ပဲလို့ ထင်သမျှတော့ ဘာအရေးလဲ"ဟု မစ္စဂရေးက ဆက်လက်ပြောလေ သည်။ သူပြောသည့်စကားမှာ အတော်လေးနက်သည်ဟု ကျွန်ုပ် ထင်မိပါသည်။

မစ္စဂရေးက ကရိတ်တို့၏ဇာတ်ကို သူ့စိတ်ကူးအတိုင်း ပြောပြ နေခိုက်တွင် ကျွန်ုပ်တို့သည် ကရိတ်တို့အလာကို စောင့်နေကြသည်။

"အဝေးကမိတ်ဆွေက အချိန်မီ ရောက်ပြီး အိမ်နီးချင်းမိတ်ဆွေ တွေက အရောက်နောက်ကျတယ်ဆိုတာ တွေ့ဖူးသလားရှင်"ဟု မစ္စဂရေးက တရားသူကြီး လင်ဒန်ကို မေးလိုက်သည်။

"မတွေ့ဖူးဘူး။ ကျုပ်တော့ အမြဲတမ်း အချိန်မှန်တယ်။ သူများ အချိန်မလေးစားရင်လဲ ကျုပ်မကြိုက်ဘူး"

ကျွန်ုပ်တို့ အရက်သောက်နေခိုက်တွင် မစ္စဂရေးသည် ပြတင်းမှ လှမ်းကြည့်လိုက်ပြီးလျှင် "သူတို့ကလေး ပြန်ရောက်လာအောင် စောင့် နေကြလို့ ဒီကိုအရောက်နောက်ကျတာကိုး"ဟု ဆိုလိုက်လေသည်။

ကျွန်ုပ်လည်း မစ္စဂရေးကြည့်သည့်ဘက်သို့ ကြည့်လိုက်ရာ အထိန်း

http://www.cherrythitsar.org



က လက်တွန်းလှည်းကလေးကို မစ္စဂရေးအိမ်ရှေ့မှ တွန်းသွားသည်ကို တွေ့လိုက်ရသည်။ ကရိတ်သည် ကလေးကို လှည်းထဲမှ ချီ၍မြှောက်ကိုင်လိုက်သည်။ ကလေးက သူ့နှုတ်ခမ်းမွေးကိုဆွဲ၍ "ဂူဂူ...ဂူဂူ" နှင့် ပျော်ရွှင်စွာ အော်မြည်နေလေသည်။ မစ္စစ်ကရိတ်က အနီးတွင်ရပ်ကြည့်ရင်း ပြုံးနေလေသည်။ သူ့အပြုံးကြောင့် သူ၏ တင်းမာသော မျက်နှာထားသည် ပျောက်ကွယ်၍ သူ့မျက်နှာမှာ ကြည့်ပျော် ရှုပျော် ဖြစ်လာလေသည်။ ပြတင်းတံခါးဖွင့်ထားသဖြင့် သူပြောသော စကားကို ကျွန်ုပ်တို့ ကြားကြရသည်။

"ကဲလာ မောင် နောက်ကျနေလိမ့်မယ်"

ကရိတ်သည် ကလေးကို လှည်းကလေးထဲသို့ ပြန်ထည့်လိုက်ပြီးလျှင် သူတို့လင်မယားနှစ်ယောက်သည် မစ္စဂရေး၏ အိမ်ရှေ့သို့ ရောက်လာကြကာ တံခါးခေါင်းလောင်းကို နှိပ်လိုက်လေသည်။ အစေခံ မိန်းကလေးက သူတို့ကို ဧည့်ခန်းသို့ ခေါ်လာလေသည်။ မစ္စဂရေးနှင့် လက်ဆွဲ နှုတ်ဆက်ကြပြီးနောက် မစ္စဂရေးက ကျွန်ုပ်နှင့် မိတ်ဆက်ပေးသည်။

ထို့နောက် တရားသူကြီးဘက်သို့လှည့်၍ "ဟောဒါက ဆာအက်ဒဝပ်လင်ဒန်၊ မစ္စတာကရိတ်၊ မစ္စစ်ကရိတ်တို့ပါပဲ"ဟု မိတ်ဆက်လိုက်လေသည်။

ယင်းသို့မိတ်ဆက်ပေးပြီးလျှင် တရားသူကြီးက ရှေ့သို့တိုး၍ လက်ဆွဲနှုတ်ဆက်ရန် လက်လှမ်းပေးလိမ့်မည်ဟု မျှော်လင့်ကြသည်။ သို့ရာတွင် ထိုသို့မလုပ်ဘဲ တရားသူကြီးက ငေးကြောင်၍ ကြည့်နေလေသည်။

ထို့နောက် သူသည် ကြီးလေးသော အပြစ်ဒဏ်ပေးခါနီးတွင် တရားခံအား ကြိမ်းမောင်းဆုံးမတော့မည်ပြုသည့်အခါ မျက်မှန်ကြီးတပ်လိုက်ပုံကို ကျွန်ုပ်အကြိမ်ပေါင်းများစွာ တွေ့မြင်ခဲ့ဖူးလေရာ ထိုနည်းအတူ ယခုလည်း မျက်မှန်ကြီးတပ်၍ ကရိတ်တို့လင်မယားကို စိုက်ကြည့်နေလေသည်။

'သိပ်ရိုင်းတဲ့ လူပဲ'ဟု ကျွန်ုပ်က စိတ်ထဲတွင် ရေရွတ်မိပါသည်။

လင်ဒန်သည် မျက်မှန်ကြီးကို မျက်စိမှ ဖြုတ်ချလိုက်ပြီးလျှင် "ကျန်းမာရဲ့နော်၊ ကျွန်ုပ်တို့ အရင်က တွေ့ဖူးတယ် မှတ်တယ်"ဟု ဆိုလိုက်လေသည်။

ထိုသို့မေးလိုက်သောအခါ ကျွန်ုပ်သည် ကရိတ်လင်မယားတို့ လှမ်းကြည့်မိသည်။ သူတို့နှစ်ယောက်သည် ဘေးတစ်ခုခုကိုမြင်၍ တစ်ယောက်ကိုတစ်ယောက် အားကိုးသည့်အနေနှင့် ခပ်ကပ်ကပ် ရပ်နေကြသည်ကို တွေ့ရသည်။ ချက်ချင်း စကားမပြောနိုင်ကြပေ။

မစ္စစ်ကရိတ်သည် ကြောက်အားပိုဟန်ရှိလေသည်။ ကရိတ်၏ မျက်နှာကြီးမှာ ညိုမည်းသွားလေသည်။ မျက်လုံးများသည်လည်း ပြူး၍ လာလေသည်။ ယင်းသို့ အခြေပျက်သည်မှာ စက္ကန့်မျှသာဖြစ်သည်။

"တွေ့ဖူးမယ် မထင်ပါဘူးခင်ဗျာ။ ဒါပေမယ့် ကျွန်တော်တော့ လူကြီးမင်းအကြောင်းကို ကြားဖူးပါတယ်"ဟု ကရိတ်က အောင်မြင်သောအသံကြီးနှင့် ပြန်ပြောလိုက်လေသည်။

"အေးလေ လူရွှင်တော်ကို လူတိုင်းသိပေမယ့်၊ လူရွှင်တော် ကတော့ လူတိုင်းကို မသိဘူးပေါ့"ဟု လင်ဒန်က ပြောလိုက်လေသည်။

မစ္စဂရေးသည် ထိုအခိုက်တွင် အရက်ရော၍ မွှေနေသည်။ မွှေပြီးလျှင် ရောက်လာသော ဧည့်သည်နှစ်ဦးအား အရက်တစ်ခွက်စီ ကမ်းလိုက်သည်။ သူကမူ ထူးခြားသောအချက်ကို သတိမမူလိုက်ပေ။ ကျွန်တော်လည်း ထိုထူးခြားသော အချက်၏အဓိပ္ပာယ်ကို မသိချေ။ အဓိပ္ပာယ် ရှိချင်မှလည်း ရှိမည်ဟု ထင်မိပါသည်။

အရေးပါ အရာရောက်သော ပုဂ္ဂိုလ်ကြီးတစ်ယောက်နှင့် မိတ်ဖွဲ့ပေးလိုက်သောအခါ သာမန် ပုဂ္ဂိုလ်တို့သည် ရှုံ့စိုးစိုးဖြစ်တတ်သည်။ ရှုံ့စိုးစိုးဖြစ်ခြင်းမှာ အဓိပ္ပာယ် မရှိချေ။

ကျွန်ုပ်လည်း ဖော်ရွေနိုင်သမျှ ဖော်ရွေပါသည်။ သူတို့အား ရိုင်ဗီရားတွင် ပျော်ပါရဲ့လား၊ သူတို့အိမ်မှာ သက်သောင့်သက်သာ ရှိပါရဲ့လား စသည်ဖြင့် မေးမြန်းပါသည်။ မစ္စဂရေးကလည်း ဝင်၍ ပြောပါသည်။ ကျွန်ုပ်တို့သည် သူစိမ်းများနှင့်တွေ့သောအခါ အရေးမကြီးလှသည့်ကိစ္စ

http://www.cherrythitsar.org



များကို လျှောက်၍ မေးမြန်းကာ အာလာပ သလ္လာပ စကားများကို ပြော ဆိုမြပင်ဖြစ်သည်။ သူတို့သည်လည်း ဣန္ဒြေမပျက် ရွှင်ရွှင်ပြုံးပြုံးနှင့် ပြောဆိုနေကြသည်။

မစ္စစ်ကရိတ်က ပင်လယ်ကမ်းစပ်တွင် ရေချိုးရသည်မှာ ကောင်း ကြောင်း ပြောလေသည်။ ငါးကောင်းကောင်း မရသည့်အကြောင်းကို လည်း ထည့်ပြောလေသည်။ တရားသူကြီးမှာမူ စကားဝင်၍မပြောဘဲ ငုံ့၍ငေးနေလေသည်။

နေ့လယ်စာပြင်ပြီးကြောင်း ပြောလာသည်။ ကျွန်ုပ်တို့ ထမင်းစား ခန်းထဲသို့ ဝင်သွားကြသည်။ အားလုံး ငါးယောက်မျှသာ ရှိသောကြောင့် ထွေရာလေးပါး လျှောက်၍ပြောကြရသည်။ စကားပြောကြသည်ဟူ၍ သာ ဆိုရသည်။ စင်စစ်မှာကား ကျွန်ုပ်နှင့် မစ္စဂရေးတို့ကသာ ဒိုင်ခံ၍ ပြောနေကြသည်။

တရားသူကြီးမှာ စကားတစ်လုံးမျှမပြောဘဲ ကြက်ဥကြော်ကိုသာ ငုံ့၍လွေးနေသည်။ လင်ဒန်မှာ နဂိုကပင် စကားမပြောချင်လျှင် မပြောဘဲ နေတတ်သဖြင့် ကျွန်ုပ်က သူ့ကို ငြိမ်ချက်ကောင်းလှချေရဲ့ဟု သဘော မထားဘဲ အမှတ်မထင် နေလိုက်မိပါသည်။

ပထမ၌ ကရိတ်တို့လင်မယားသည် ရှိုးတိုးရှန့်တန့် ဖြစ်နေကြ သည်။ ဒုတိယ ဟင်းပွဲလာခါမှ စကားပြောလာကြသော်လည်း ပေါင်း သင်း၍ ကောင်းလှသူများ မဟုတ်တန်ရာဟု ကျွန်ုပ် ထင်မိပါသည်။ သူတို့၏ ကလေးအကြောင်းနှင့် အိမ်တွင်ခိုင်းထားသော အီတာလျံ မိန်းကလေးနှစ်ဦး အကြောင်းအပြင် ပြောတတ်ပုံ မရချေ။

ထိုသို့ပြောဆိုနေခိုက်တွင် မစ္စတာကရိတ်သည် ထိုင်ရာမှ ဖြုန်းခနဲ ကြမ်းပေါ်သို့ စင်းစင်းလဲကျသွားလေတော့သည်။ ကျွန်ုပ်တို့သည် ထိုင်နေရာမှ ခုန်ထလိုက်ကြသည်။ မစ္စစ်ကရိတ်ကမူ သူ့ခင်ပွန်းသည် အား ခေါင်းကို ဖေးမပေးလေသည်။

"ဂျော့ နေကောင်းရဲ့လား"ဟု သူက သူ့ခင်ပွန်းကို ထိတ်လန့် တကြား မေးလေသည်။

http://www.cherrythitsar.org



"ခေါင်းချထားလိုက်ပါ။ မူးသွားတာပါ၊ ဘာမှ မဖြစ်ပါဘူး"ဟု ကျွန်ုပ်က ပြောလေသည်။

ကျွန်ုပ်သည် သူ့လက်ကိုကိုင်၍ သွေးစမ်းကြည့်သည်။ သွေးမှန်နေကြောင်း တွေ့ရသဖြင့် "ဘာမှမဖြစ်ပါဘူး၊ မူးရုံသာမူးတာပါ" ဟု ဆိုလိုက်၏။ သို့ရာတွင် မူးရုံသာမူးသလော၊ သို့တည်းမဟုတ် သွက်ချာပါဒ လိုက်သွားသလောဟူ၍ကား မဝေခွဲတတ်ပါ။

မစ္စဂရေးက သူလက်ကိုင်ပဝါကို ရေတွင်နှစ်ပြီးလျှင် မစ္စတာကရိတ်၏ နဖူးပေါ်တွင် ကပ်ပေးလေသည်။ မစ္စစ်ကရိတ်မှာ အတော်ပင်သောကရောက်သွားဟန်ရှိသည်။ ထို့နောက် ကျွန်ုပ်သည် ကုလားထိုင်ပေါ်တွင် အေးအေးဆေးဆေး ထိုင်နေသော လင်ဒန်ကို သတိပြုမိပါတော့သည်။

"သူမူးသွားတာမှန်ရင် ဒီလိုဝိုင်းအုံနေလို့ သူသက်သာလာမှာမဟုတ်ဘူး"ဟု သူက အေးစက်စက် ပြောလိုက်လေသည်။

မစ္စစ်ကရိတ်က သူ့ကိုလှည့်ကြည့်ပြီးလျှင် အတော်နာကြည်းမုန်းတီးသည့် မျက်နှာထားကို ပြလေသည်။

"ကျွန်မ ဆရာဝန်ကို တယ်လီဖုန်းနဲ့ လှမ်းခေါ်လိုက်မယ်လေ"ဟု မစ္စဂရေးက ဆိုသော်လည်း၊ ကျွန်ုပ်ကပင် "လိုမယ်မထင်ပါဘူး၊ အခုပဲ သတိရလာပါပြီ"ဟု တားလိုက်လေသည်။

သူ့သွေးတိုးသည်ပို၍ သန်လာလေပြီ။ မကြာမီပင်လျှင် သူသည် မျက်စိဖွင့်လာလေသည်။ သူသည် သူ့အဖြစ်ကို သတိရလာဟန်ဖြင့် ထရန် ဟန်ပြင်လေသည်။ "မလှုပ်ရှားပါနဲ့။ ခဏလောက် ငြိမ်ငြိမ်ကလေးနေလိုက်ပါဦး"ဟု ကျွန်ုပ်က တားလေသည်။

ထို့နောက် ကျွန်ုပ်ကပင်လျှင် ဘရန်ဒီတစ်ခွက် ကမ်းလိုက်ရာ၊ ဘရန်ဒီသောက်ပြီးသည့်နောက် ကရိတ်၏ မျက်နှာမှာ ဖျော့တော့ခြင်းပျောက်ကင်း၍ နဂိုအသားအတိုင်း နီမြန်းလာလေသည်။

"ကျွန်တော် သက်သာသွားပါပြီ"ဟု သူက ဆို၏။ "ဟိုဘက်ခန်းသွားပြီး ဆိုဖာပေါ်မှာ ခဏလောက် အိပ်နေပါဦးလား"ဟု မစ္စဂရေး

http://www.cherrythitsar.org



ကပြောရာ”ဟာ ကိစ္စမရှိပါဘူး။ အိမ်ကိုပဲ ပြန်ပါတော့မယ်။ အိမ်က တစ်လှမ်းပဲ ကွာတာပါ”ဟု ကရိတ်က ဆိုလေသည်။

ပြောပြောဆိုဆိုနှင့် ကရိတ်သည် ကြမ်းပေါ်မှ ထလိုက်သည်။ “ဟုတ်ပါတယ်။ အိမ်ပြန်ကြပါစို့”ဟု မစ္စစ်ကရိတ်ကဆိုပြီးလျှင် မစ္စဂရေး ဘက်သို့လှည့်၍ “ဒီလိုဖြစ်ရတာ ဝမ်းနည်းပါတယ်ရှင်။ သူဒီလို တစ်ခါမှ မဖြစ်ဖူးပါဘူး”ဟု ဆိုလေသည်။ သူတို့မှာ ပြန်လိုသောဆန္ဒ ပြင်းထန် နေပုံရသဖြင့် တားရန်မသင့်ဟု ကျွန်ုပ်ထင်မိပါတော့သည်။

ထို့ကြောင့် “အိပ်ရာထဲမှာပဲ နေပါစေ။ နက်ဖြန်ကျတော့ ကောင်း ကောင်းကြီး ကျန်းမာလာပါလိမ့်မယ်”ဟု ကျွန်ုပ်က ပြောလိုက်လေ သည်။

မစ္စကရိတ်က မစ္စတာကရိတ်၏ လက်မောင်းတစ်ဖက်ကိုမ၍၊ ကျွန်ုပ်က အခြားတစ်ဖက်ကို ဖေးမပြီးလျှင် ခေါ်သွားရာ၊ မစ္စဂရေးက အိမ်တံခါးဖွင့်ပေးလေသည်။ ကရိတ်မှာ ကောင်းစွာ မဟန်နိုင်သော် လည်း လမ်းလျှောက်နိုင်ပေသေးသည်။

သူတို့အိမ်သို့ ရောက်သောအခါ ကျွန်ုပ်က အိမ်ထဲသို့လိုက်ပို့မည် ဆိုသော်လည်း သူတို့က နေပါစေဟု ဆိုသဖြင့် ကျွန်ုပ်ကလည်း မစ္စဂရေး ၏အိမ်သို့ ပြန်ခဲ့ရလေသည်။ ပြန်ရောက်သောအခါ မစ္စဂရေးနှင့် လင်ဒန် တို့မှာ ချိုချဉ်ပွဲ စားနေကြသည်ကို တွေ့ရပါသည်။

“ဒီနေ့ဟာ သိပ်ပူလှတာလဲ မဟုတ်ပါဘူး။ ပြီးတော့ ပြတင်းတံခါး တွေအားလုံး ဖွင့်ထားတာပဲ။ ဒါနဲ့တောင် မူးရတယ်ဆိုတာ ကျွန်မဖြင့် အံ့ပါရဲ့”ဟု မစ္စဂရေးက ဆိုလေသည်။

“ကျုပ်လဲအံ့သြနေတာပဲ”ဟု လင်ဒန်က ဆိုလေသည်။ ကျွန်ုပ် သည် လင်ဒန်၏ ပါးပါးလျားလျားမျက်နှာတွင် ကျေနပ်ပြုံးကလေး ပေါ်နေသည်ကို သတိပြုမိပါသည်။ ကျွန်ုပ်တို့သည် ကော်ဖီသောက်ပြီး လျှင် လင်ဒန်က ဂေါက်သီးရိုက်ရန်စီစဉ်ထားသဖြင့် မစ္စဂရေးတို့အိမ် တွင် ကြာရှည်မနေကြတော့ဘဲ ကားပေါ်တက်၍ တောင်ကုန်းပေါ်ရှိ ကျွန်ုပ်တို့နေအိမ်သို့ မောင်းနှင်လာကြလေသည်။

"မစ္စဂရေးက ဒီလူတွေနဲ့ ဘယ်လိုလုပ် သိတာလဲ။ သူတို့ဟာ အောက်တန်းစားတွေပါ။ မစ္စဂရေးနဲ့ အဆင့်အတန်းချင်း မတူပါဘူး" ဟု လင်ဒန်က ဆိုလေသည်။

"ခင်ဗျားလဲ မိန်းမတွေအကြောင်း အသိသားပဲ။ မစ္စဂရေးက သူ့ကို နှောင့်ယှက်တာ မကြိုက်ဘူး။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေချင်တယ်။ ဒါကြောင့်မို့ ကရိတ်တို့အိမ်နားရောက်လာတော့ အသိမလုပ်ဘဲ နေခဲ့တယ်။ ဒါပေမယ့် ကရိတ်တို့ကလဲ သူနဲ့ အသိမလုပ်ချင်ဘူးဆိုတာ သိရတော့ သူက စပြီး အသိလုပ်တော့တာပေါ့"

ကျွန်ုပ်က မစ္စဂရေးပြောပြသော ကရိတ်မောင်နှံ၏ လုပ်ဇာတ်ကို လင်ဒန်အားပြောပြရာ လင်ဒန်က မျက်နှာထားတည်တည်ကြီးနှင့် နားထောင်နေလေသည်။

"ခင်ဗျာ့ မစ္စဂရေးဟာ အလွန် အလွမ်းသန်တဲ့ ဉာဏ်တုံးမနဲ့ တူပါတယ်။ ကျုပ်အပြောသားပဲ။ မိန်းမတွေဟာ အိမ်ထောင် ပြုသင့်တယ်လို့။ တကယ်လို့ မစ္စဂရေးမှာသာ ကလေး တစ်ဒါဇင်လောက်ရှိရင် ဒီလိုစိတ်ကူးယဉ်မှာ မဟုတ်ဘူး"

"ကရိတ်တို့အကြောင်း ခင်ဗျားဘာသိသလဲ"ဟု ကျွန်ုပ်က မေးလိုက်သည်။

သူက ကျွန်ုပ်ကို ကြောင်တက်တက်ကြည့်ပြီးလျှင် "ကျုပ်လား၊ ကျုပ်က သူတို့အကြောင်း ဘာလို့သိရမှာလဲ။ သူတို့ကြည့်ရတာ သာမန်အစားထဲကပဲလို့သာ ကျုပ်ထင်မိတာပါ"ဟု ဆိုလေသည်။

လင်ဒန်က ကရိတ်တို့အကြောင်းကို နောက်ထပ် မပြောလိုတော့သည့် အမူအရာနှင့် လေသံကို ကျွန်ုပ်သတိမူမိပါသည်။ ထိုကြောင့် ကျွန်ုပ်တို့သည် ငြိမ်သက်စွာကားမောင်း၍ အိမ်သို့ ရောက်သွားကြလေသည်။

လင်ဒန်သည် အသက်ခြောက်ဆယ်နီးပါး ရှိလေပြီ။ သို့ရာတွင် ဂေါက်သီးကစားရာတွင် သန်စွမ်းကျင်လည်သဖြင့် ကျွန်ုပ်မှာ ရှုံးရလေသည်။ ညစာစားပြီးနောက် ကျွန်ုပ်က လင်ဒန်ကို မွန်တီကာလို ကစားဝိုင်းသို့ခေါ်သွားရာ ကစားဝိုင်းတွင် ဖရန့်တစ်ထောင် နိုင်လာလေသည်။

ယင်းသို့ ဂေါက်သီးကစားရာတွင်းလည်းနိုင်၊ ကစားဝိုင်းတွင်လည်း နိုင်သဖြင့် လင်ဒန်မှာ အတော်ပင် စိတ်ရွှင်ပျနေလေသည်။

"အင်မတန်ပျော်စရာကောင်းတဲ့နေ့ပဲဗျာ။ ကျုပ်ဖြင့် သိပ်ပျော်တာပဲ"ဟု လင်ဒန်က ထိုနေ့ည အိပ်ရာဝင်ခါနီးတွင် နှုတ်ခွန်းဆက်ရင်း ပြောလေသည်။

နောက်နေ့နံနက်တွင် ကျွန်ုပ်အလုပ်လုပ်နေသဖြင့် လင်ဒန်နှင့် နေ့လယ်စာ စားချိန်ကျခါမှ ဆုံမိလေတော့သည်။ စားသောက်ပြီးခါမျှ ရှိသေးသည်။ တယ်လီဖုန်း အသံကြားရ၍ ကျွန်ုပ် စကားပြောရပါသည်။

တယ်လီဖုန်းရှိရာမှ စားပွဲသို့ ပြန်ရောက်လာသောအခါ လင်ဒန်မှာ ကော်ဖီကို ဒုတိယတစ်ခွက် သောက်နေလေသည်။ "မစ္စဂရေးဆီက တယ်လီဖုန်းပါ"ဟု ကျွန်ုပ်ကဆိုသည်။ "အို ဟုတ်လား၊ သူ ဘာပြောသလဲ"

"ကရိတ်လင်မယား လစ်ကြပြီတဲ့။ ညကပဲ လစ်ကြတယ်ဆိုပဲ။ အိမ်မှာ ခိုင်းထားတဲ့ မိန်းကလေးတွေက ညကျရင် ရွာကို ပြန်အိပ်ကြတယ်။ မနက်အလုပ်ဆင်းဖို့လာတော့ စားပွဲပေါ်မှ အစေခံတွေရဲ့ လခတွေနဲ့ အိမ်ငှားခရယ်၊ နွားနို့ဖိုး ထောပတ်ဖိုးစတဲ့ ပေးစရာ ငွေတွေကို တင်ထားခဲ့ကြသတဲ့"

လင်ဒန်က ဘာမျှမပြောဘဲ၊ သေတ္တာထဲမှ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်၍ သေသေချာချာကြည့်ပြီးလျှင် ဖြည်းဖြည်းဆေးဆေး မီးညှိလေသည်။

"ကဲ – ခင်ဗျား ဘာပြောစရာရှိသလဲ"ဟု ကျွန်ုပ်က မေးလိုက်ရာ လင်ဒန်က "ခင်ဗျားကလဲဗျာ ဘာဖြစ်လို့ အမေရိကန်ဆန်ဆန် မေးရတာလဲ။ အင်္ဂလိပ်လိုမေးရုံနဲ့ မကျေနပ်သေးဘူးလား"ဟု ဆိုလိုက်သည်။ "ဒါ အမေရိကန် မေးနည်းမျိုးလား။ ကျုပ်ဖြင့် မသိပါဘူးဗျာ။ ဘာပဲပြော ပြောလေ။ ကျုပ်ဆိုလိုတာက အဲဒီလိုပါပဲ။ ခင်ဗျားက ကရိတ် လင်မယားကို အရင်က မတွေ့ဖူးဘူးဆိုတာ ယုံရမှာလား။ ကျုပ်က ဒီလောက် မသုံးမကျ မဟုတ်သေးပါဘူးဗျ။ အခုလို သူတို့ ပျောက်ခြင်းမလှ ပျောက်သွားကြ

http://www.cherrythitsar.org



တယ်ဆိုတော့ ခင်ဗျားနဲ့သူတို့ အရင်က တွေ့ဖူးတာဟာ အကောင်း တွေ့တာမဟုတ်ဘူးလို့ ဆိုရပေမယ်"

တရားသူကြီး လင်ဒန်က တခစ်ခစ် ရယ်မောလေသည်။ သူ့ မျက်လုံးများလည်း တောက်ပြောင်လာလေသည်။ "ဒါနဲ့ ခင်ဗျား မနေ့ည က ညစာစားပွဲမှာ ထုတ်တည်တဲ့ ဘရန်ဒီကော။ နေ့လယ်စာ စားပြီးရင် ဝိုင်အရက်သောက်သင့်ပေမယ့် ကိုယ်ကြိုက်တာ မလုပ်ဘဲ ထုံးစံအတိုင်း သာ လုပ်နေတဲ့လူဟာ လူမိုက်ပဲဗျ။ ဘရန်ဒီသောက်လို့ ကောင်းရင် ထုံးစံ မဟုတ်တဲ့အခါလဲ သောက်ရမှာပဲဗျို့"ဟု လင်ဒန်က ဆိုလေသည်။

ကျွန်ုပ်လည်း ဘရန်ဒီထုတ်လာရန် အမိန့်ပေးလိုက်သည်။ ရောက် လာသောအခါ လင်ဒန်က ဘရန်ဒီခပ်များများ ငှဲ့ထည့်နေသည်ကို ကြည့် နေမိလေသည်။

သူသည် ဘရန်ဒီကို အနည်းငယ်သောက်ပြီးလျှင် အကျေနပ်ကြီး ကျေနပ်နေပုံရသည်။ "ဝင်းဖို့သတ်မှုကို ခင်ဗျား မှတ်မိရဲ့လား"ဟု သူက ကျွန်ုပ်အား မေးလိုက်သည်။ "ဟင့်အင်း၊ မမှတ်မိဘူး"

"အဲဒီတုန်းက ခင်ဗျား အင်္ဂလန်မှာမရှိဘူးထင်တယ်။ ခင်ဗျားရှိရင် သိပ်ကောင်းမှာဗျ။ အဲဒီအမှုကို နားထောင်ရရင် ခင်ဗျား သိပ် ကျေနပ် မှာပဲ။ အတော်ကလေး လှုပ်လှုပ်ရှားရှား ဖြစ်လိုက်တယ်။ သတင်းစာတွေ ကလဲ သိပ်ရေးကြတာပဲ။

"မစ္စဝင်းဖိုဆိုတဲ့ အပျိုကြီးတစ်ယောက်ဟာ အသက်အတော်ကြီး အောင် တောပိုင်းမှာ အဖော်တစ်ယောက်နဲ့ နေတယ်။ သူဟာ သူ့ အသက်နဲ့စာရင် အတော်ပဲကျန်းမာတယ်။ ဒါကြောင့်မို့ ဖြုန်းခနဲ သေ သွားတော့ သူ့မိတ်ဆွေတွေက အံ့အားသင့်သွားကြတာပေါ့။ သူ့ ဆရာဝန် ဘရင်ဒန်ဆိုတဲ့အကောင်က သေစာရင်းလက်မှတ် ထိုးလိုက်တာနဲ့ အလောင်းကို ထုံးစံအတိုင်း မြေမြှုပ်လိုက်ကြတာပေါ့။ သေတမ်းစာ ဖောက်ပြီး ဖတ်လိုက်တော့ အဘွားကြီးရဲ့ဥစ္စာ ပေါင်ပေါင်း ခြောက် သောင်း ခုနစ်သောင်းတန်လောက်ရှိတာ အားလုံးကို သူ့အဖော်ကို အပိုင် လွှဲပစ်တာကို တွေ့ရတယ်။ ဒီတော့ အဘွားကြီးရဲ့ ဆွေမျိုးတွေက သိပ်

မကျေမနပ်ဖြစ်ကြတယ်ပေါ့။ ဒါပေမယ့် သေတမ်းစာအတိုင်း ဖြစ်ရမှာပေါ့။ ဘယ်သူမှ မတတ်နိုင်ပေဘူး။ သေတမ်းစာကို ရှေ့နေက ရေးပေးရတယ်။ ရှေ့နေရဲ့စာရေးနဲ့ ဒေါက်တာဘရင်ဒန်တို့က သက်သေအဖြစ်နေကြရတယ်။

"မစ္စဝင်းဖို့မှာ သူနဲ့ အနှစ်သုံးဆယ်လောက် နေလာတဲ့ အစေခံမ တစ်ယောက်ရှိတယ်။ အဲဒီ အစေခံမက အဘွားကြီး သေတမ်းစာ ရေးတဲ့အခါ သူ့ကို သတိရလိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်။ မစ္စဝင်းဖို့ကလဲ သူသေသွားရင် သူ့ကို ကောင်းကောင်းမွန်မွန် နေနိုင်အောင် အမွေ ပေးထားခဲ့မယ်လို့ ပြောခဲ့ဖူးတယ်။

"အခု သေတမ်းစာ ဖွင့်ဖတ်တော့ သူ့နာမည်တောင်မှ မပါတော့ သူ သိပ်ဒေါသဖြစ်တာပေါ့။ ဒါနဲ့ သူက အဘွားကြီးမသာ ပို့ဖို့လာတဲ့ အဘွားကြီးရဲ့ တူနဲ့တူမနှစ်ယောက်ကို အဘွားကြီးဟာ အဆိပ်ခတ်ခံရတာလို့ ပြောတယ်။ တူနဲ့တူမတွေက ပုလိပ်ကိုမတိုင်ပဲ ဒေါက်တာဘရင်ဒန်ဆီကိုသွားပြီး ပြောပြကြတာပေါ့။

"ဘရန်ဒန်က ဒီစကားဟာ ရယ်စရာကြီးပဲ။ သူကိုယ်တိုင် မစ္စဝင်းဖို့ကို ကုသလာတာ သူ အသိဆုံးပေါ့တဲ့။ မစ္စဝင်းဖို့ဟာ နှလုံးအားနည်းနေတာ ကြာလှပြီတဲ့။ သူက သူသေရင် အိပ်ရာထဲမှာအိပ်နေရင်း သေချင်တယ်လို့ ပြောပြောနေတာ၊ အခု သေရတော့လဲ အဲဒီလိုပဲ ညင်ညင်သာသာကလေး သေရပေတယ်လို့ ဆရာဝန်က ပြောလိုက်သတဲ့။ အစေခံမ ပြောတာကို အရေးမစိုက်ကြပါနဲ့။ သူက အဘွားကြီးရဲ့ အဖော်ဖြစ်တဲ့ မစ္စတာလင်ကို မနာလိုလို့ပြောတာပါလို့ ဘရန်ဒန်က ပြောလွှတ်လိုက်တော့ ဘရန်ဒန်ဟာ ဂုဏ်သရေရှိ ပုဂ္ဂိုလ်လဲ ဖြစ်တယ်၊ မစ္စဝင်းဖို့ကို တစ်သက်လုံး ဆေးဝါးကုသလာတဲ့ ဆရာဝန်လဲ ဖြစ်တယ်ဆိုတော့၊ အားလုံးက လေးစားကြတာပေါ့။ ပြီးတော့လဲ သေတမ်းစာထဲမှာ သူ့ကို ဘာတစ်ခုမှပေးခဲ့တာ မဟုတ်တော့ သူ့စကားကို မယုံကြည်စရာ မရှိဘူးပေါ့။ ဒါနဲ့ ဆွေမျိုးသားချင်းတွေဟာ ဈာပနကိစ္စပြီးတော့ လန်ဒန်ပြန်ကြတာပေါ့။

"ဒါပေမယ့် အစေခံမက နှုတ်ငြိမ်ငြိမ်မနေဘူး။ သူက ပြောလွန်း

http://www.cherrythitsar.org



တော့ ပုလိပ်က စိတ်မပါပေမယ့် တာဝန်ရှိတာနဲ့ အလောင်းကို ဖော်ပြီး စစ်ဆေးရတော့တယ်။ စစ်ဆေးလိုက်တော့ အိပ်ဆေးလွန်လို့ သေရတဲ့ အကြောင်း တွေ့တာနဲ့ အိပ်ဆေးကို မစ္စစတာလင်က တိုက်တယ်ဆို တဲ့အချက် ပေါ်လာတာနဲ့ မစ္စစတာလင်ကို ဖမ်းတော့တာပေါ့။ စကော့ တလန်ယဒ် (စုံထောက်ဌာနချုပ်)က စုံထောက်တစ်ယောက် ဆင်းလာပြီး စုံစမ်းလိုက်တာ မမျှော်လင့်တဲ့နေရာတွေက သက်သေခံချက်တွေရတယ်။

"မစ္စစတာလင်နဲ့ ဒေါက်တာဘရင်ဒန် စွန်းငြိနေတဲ့အကြောင်း ပေါ်လာတော့တာပေါ့။ သူတို့ နှစ်ယောက်ဟာ ပူးတွဲ ပူးတွဲနဲ့နေတာကို တွေ့ရတော့၊ တစ်ရွာလုံးက မစ္စဝင်းဖို့ အသေစောင့်နေကြတာတဲ့၊ သေရင် သူတို့ယူကြမလို့တဲ့၊ အဲဒီလို သတင်းဖြစ်နေတယ်။ အဲဒီလိုဆိုတော့ အမှု ရဲ့ အသွင်အပြင်ဟာ ပြောင်းသွားတာပေါ့။ တိုတိုပြောရမယ်ဆိုရင်၊ စုံထောက်အဖွဲ့က လုံလောက်တဲ့ သက်သေခံချက်တွေ ရထားတာနဲ့ ဒေါက်တာကိုပါဖမ်းပြီး မစ္စစတာလင်နဲ့ နှစ်ယောက်သားကို လူသတ်မှုနဲ့ စွဲချက်တင်လိုက်ကြတာပေါ့"

လင်ဒန်သည် ဘရန်ဒီတစ်ကျိုက်ထပ်၍ သောက်လိုက်လေသည်။

"အဲဒီအမှုဟာ ကျုပ်ဆီရောက်လာတယ်။ တရားလိုရှေ့နေက တရားခံနှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် အသေအလဲ ချစ်နေ ကြလို့ အဘွားကြီးဆုံးရင် သူတို့နှစ်ယောက် ငွေကြေး တောင့်တောင့် တင်းတင်းနဲ့ အိမ်ထောင်ပြုနိုင်ကြမယ်ဆိုပြီး အဘွားကြီးကို အဆုံးစီရင် ကြတယ်လို့ စွပ်စွဲတယ်။ မစ္စဝင်းဖို့ဟာ ညအိပ်ရာမဝင်ခင်ကလေးမှာ ကိုးကိုးတစ်ခွက် အမြဲသောက်လေ့ရှိတယ်။ အဲဒီကိုကိုးကို မစ္စစတာလင် က ဖျော်ပေးရတယ်။ အဲဒီ ကိုကိုးထဲကို အိပ်ဆေးပြားကလေးတွေ ထည့်လိုက်တာနဲ့ပဲ အဘွားကြီး ဆုံးရှာတယ်။ တရားခံနှစ်ယောက်ဟာ ပူပုံဖမ်းပြီး အကြီးအကျယ်လိမ်ကြတယ်။

"သက်သေတွေက သူတို့နှစ်ယောက်ခါးဖတ်ပြီး လမ်းလျှောက်သွား တာ မြင်ရတယ်လို့ ဆိုကြတယ်။ အစေခံက ဒေါက်တာအိမ်မှာ မစ္စစတာလင်ကို ဒေါက်တာက ဖက်နမ်းနေတာကို မြင်ပါတယ်လို့

http://www.cherrythitsar.org



ထွက်တယ်။ ဒီလို ထွက်ကြပေမယ့် သူတို့ကတော့ သူတို့ဟာ မိတ်ဆွေ သာဖြစ်ပါတယ်လို့ လိမ်ကြတယ်။ မစ္စစတာလင်ကို ဆရာဝန်စစ်ကြည့်တော့ အပျိုရည်မပျက်သေးဘူးတဲ့။ အံ့စရာပဲဗျာ။

"ဘရင်ဒန်က မစ္စဝင်းဖို့ကို အိပ်ဆေးပြားပေးပါတယ်လို့ ဝန်ခံတယ်။ မစ္စဝင်းဖို့က မအိပ်နိုင်လွန်းလို့ဆိုတာနဲ့ ပေးရတာပါပဲ၊ ပေးတဲ့အခါတုန်းက ဆေးပြားတစ်ပြားထက်ပိုပြီး မစားပါနဲ့လို့ သေသေချာချာ သတိပေးပါတယ်တဲ့။ တရားခံရှေ့နေက မစ္စဝင်းဖို့ဟာ ဆေးပြားကို မတော်တဆ များများထည့်စားလိုက်မိတာရင် ဖြစ်ရပေမယ်လို့ လျှောက်လဲတယ်။

"ဒီစကားဟာ နည်းနည်းမှ ယုတ္တိမတန်ဘူး။ မစ္စဝင်းဖို့ဟာ ပျော်ပျော်ရွှင်ရွှင်နေတဲ့မိန်းမကြီးပဲ။ လောကကြီးကို ငြီးငွေ့ဖို့ အကြောင်းနည်းနည်းမှ မရှိဘူး။ သူသေမယ့်ရက် ရှေ့နှစ်ရက်လောက်မှာပဲ သူ့ငယ်သူငယ်ချင်း အလည်ရောက်မယ်လို့ပြောပြီး မျှော်နေသေးတယ်။ အိပ်လို့မရဘူးလို့ ဘယ်တုန်းကမှ မညည်းဖူးဘူးတဲ့။ အစေခံမက အဘွားကြီးအတော် အိပ်နိုင်တယ်လို့ ထွက်တယ်။ ပြီးတော့လဲ အိပ်ဆေးကို အမှတ်တမဲ့နဲ့ ပိုပြီး စားမိတယ်ဆိုတာ မဖြစ်နိုင်ဘူး။

"ကျုပ်အထင်ကတော့ မစ္စစတာလင်နဲ့ ဒေါက်တာဘရင်ဒန်တို့ တစ်ကိုတ်တည်း တစ်ဉာဏ်တည်းလုပ်တဲ့ကိစ္စ ဖြစ်ရမယ်။ သတ်တဲ့ရည်ရွယ်ချက်က အထင်ရှားပြီးသားကပဲ။ ဒါနဲ့ ကျုပ်က ဒီအမှုကို ကျကျနန စိစစ်ဝေဖန်ပြီး နိဂုံးချုပ်ပေးတယ်။ ဒါပေမယ့် ကျုပ်ဝတ္တရားက အမှုအကြောင်းကို ဂျူရီလူကြီးတွေ ရှင်းအောင် ဖော်ရတာပေါ့။ ဂျူရီ လူကြီးတွေဟာ ကျုပ်က အကျဉ်းချုပ်ပြီး ပြောပြလိုက်ပြီးတဲ့နောက် စဉ်းစားခန်းထဲ ဝင်သွားကြတယ်။ အမှုရဲ့ အကြောင်းအရာ အချက်အလက်တွေကတော့ ရှင်းနေတာပဲ။ တရားခံမှာ ပြစ်မှုထင်ရှားနေတာပဲ။ နားထောင်နေကြတဲ့ ပရိသတ်မှာ တရားခံ နှစ်ဦးစလုံး အပြစ်ရှိတယ်ဆိုတဲ့ အချက်ကို သံသယဖြစ်သူတစ်ယောက်မှ ပါမယ်မထင်ဘူး။

"ဂျူရီလူကြီးတွေကလဲ တရားခံနှစ်ဦးလုံး အပြစ်ရှိတယ်လို့ ဆုံးဖြတ်ချက်ချလာကြလိမ့်မယ်လို့ သေချာနေတာပဲ။ ဒါပေမယ့် ဂျူရီလူကြီး

http://www.cherrythitsar.org



ဆိုတာမျိုးဟာ မရေမရာတွေပဲဗျာ။ သုံးနာရီလောက် စဉ်းစားခန်းထဲ ဝင်ပြီး ပြန်ထွက်လာတယ်ဆိုရင် ကျုပ်ထင်ကြေးတော့ လွဲပြီလို့ သိလိုက်မိပါတယ်။ အပြစ်ရှိတယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချလာကြရင် လူကြီးတွေဟာ တရားခံကို လှည့်မကြည့်ကြဘူး။ အပြစ်မရှိဘူးဆိုတဲ့ ဆုံးဖြတ်ချက်ချလာကြရင်တော့ တရားခံကို ခဏခဏ ကြည့်တတ်ကြတယ်။

"သူတို့ပြန်ဝင်အလာမှာ ကျုပ်က လှမ်းကြည့်လိုက်တော့ လူကြီးနှစ်ယောက်သုံးယောက်ဟာ တရားခံနှစ်ဦးကို လှည့်ကြည့်လှည့်ကြည့်လုပ်နေကြတာ တွေ့ရတယ်။ အဲဒီထဲက ဂျူရီတွေဟာ တရားခံနှစ်ဦးမှာ အပြစ်မရှိဘူးဆိုတဲ့ ဆုံးဖြတ်ချက်ချခဲ့ကြပြီ ဆိုတာ ကျုပ်တပ်အပ်သိတာပေါ့။ အဲဒီ မစ္စစတာလင်နဲ့ ဒေါက်တာ ဘရင်ဒန်ဆိုတာဟာ အခုမစ္စတာကရိတ်နဲ့ မစ္စစ်ကရိတ်တို့ပေါ့ဗျ။ သူတို့ဟာ ကြိုးပေးဖို့ အင်မတန်ထိုက်တန်တဲ့ အလွန်ရက်စက်တဲ့ လူသတ်မှုကို ကျူးလွန်သူတွေလို့ ကျုပ်တပ်အပ်သေချာ ပြောနိုင်ပါတယ်ဗျာ"

"ဒါဖြင့် ဂျူရီတွေက ဘာဖြစ်လို့ သူတို့နှစ်ယောက်မှာ အပြစ်မရှိဘူးလို့ ဆုံးဖြတ်တာလဲ"

"ကျုပ်လဲ ဒီအမေးကို ကျုပ်ကိုယ်ကျုပ် မေးကြည့်ပါတယ်။ ကျုပ်မြင်တဲ့အကြောင်းကတော့ တစ်ခုတည်းပဲရှိတယ်။ အဲဒါကတော့ သူတို့နှစ်ယောက်ဟာ သမီးရည်းစားမဟုတ်ဘူးလို့ အသေအချာ ဆိုနိုင်တဲ့ အချက်ပဲ။ အဲဒီအကြောင်းဟာ အတော်ထူးဆန်းသဗျ။ ဒီမိန်းမဟာ သူလိုချင်တဲ့ယောက်ျားအတွက် ကိုယ့်ကျေးဇူးရှင်ကို ရက်ရက်စက်စက်သတ်ဖို့ ဝန်မလေးပေမယ့် သူ့ချစ်သူနဲ့ အပျိုရည်ပျက်အောင် မဆက်ဆံခဲ့ဘူး။ အဲဒီအချက်ဟာ အတော်ကလေး ဆန်းတယ်"

"လူ့သဘာဝဟာ အတော်ဆန်းကြယ်ပါကလားဗျာ"

❑ ❑ ❑

# ရှင်းပြချက်

ဆမ္မားဆက်မော်မ်သည် အင်္ဂလိပ်လူမျိုး ဝတ္ထုရေးဆရာကြီးဖြစ်သည်။ သူသည် ယခု အသက်ကိုးဆယ်ပြည့်လေပြီ။ အင်္ဂလိပ်စာပေတွင်မက ကမ္ဘာ့စာပေ၌လည်း အတော်ပင် ကျော်ကြားသော ဝတ္ထုရေးဆရာကြီး ဖြစ်သည်။

သူ့ဝတ္ထုများကို စံပြုပြီးလျှင် ဝတ္ထုရေးကြည့်သော၊ အောင်မြင်သော စာရေးဆရာများ၊ မအောင်မြင်သော စာရေးဆရာများ အတော်ပင် များသည်ဟု ဆို၏။ မော်မ်၏ စာပေသြဇာကို ဝေဖန်ရေးသမားတို့က အသိအမှတ် ပြုကြရသည်။ သို့ရာတွင် စာပေဝေဖန်စိစစ်မှု၌ အထက်တန်းကျသော စာပေပညာရှိကြီးများစွာက မော်မ်၏ ဝတ္ထုများကို စာပေအရာမြောက်သည်ဟု ဆိုနိုင်စေကာမူ အဆင့်အတန်းမြင့်လှပြီ မဆိုသာဟု ဆိုကြကုန်၏။

မည်သူက မည်သို့ပင် ဆိုစေကာမူလည်း၊ မော်မ်၏ ဝတ္ထုများကို လူကြိုက်များ၏ ကမ္ဘာအရပ်ရပ်၌ အင်္ဂလိပ်စာတတ်တို့ ဖတ်ကြကုန်၏။ တိုင်းခြားဘာသာရပ်များသို့ ပြန်ဆိုခြင်းခံရသော သူ့ဝတ္ထု တိုရှည်တို့သည် မနည်းလှပေ။ ငွေကြေးအနေအားဖြင့်လည်း အလွန် အောင်မြင်သော ဝတ္ထုရေးဆရာကြီး ဖြစ်သည်။

သူ့အရေးအသားနှင့်ပတ်သက်၍ ထက်မြက်တောက်ပသည်ဟု မဆိုသာ

http://www.cherrythitsar.org



ဟူသော ဆုံးဖြတ်ချက်ရှိစေကာမူလည်း၊ သူ့ဝတ္ထုရေးနည်းမှာမူ တစ်သွင်ထူးခြားပေသည်။ "မော်မ်၏ဝတ္ထုရေးနည်း"ဟူ၍ပင် ခေါ်စမှတ်ပြုကြသည်။ မော်မ်၏ဝတ္ထုများသည် အခြားဝတ္ထုရေးဆရာတို့၏ လက်ရာများနှင့် အလွန်ကွာခြားလှသည်။ မော်မ်သည် ဝတ္ထုရေးနည်း ထုံးစံအတိုင်းမရေးဘဲ တစ်မျိုးထွင်၍ရေးသည်။ သူ့ရေးနည်းမှာ တကယ်တမ်း တွက်စစ်ကြည့်လိုက်သော အခါ မထူးခြားလှပေ။

သူသည် ဝတ္ထုဆိုသည်မှာ ပြောပြရသော အကြောင်းအရာ ဖြစ်သည်။ ရေးခတ်က ပုံပြောခြင်းမျိုးနှင့် အထူးအထွေ မကွဲပြား မခြားနားဟု ဆိုသည်။ ဝတ္ထုသည် သူတစ်ပါးအား ပြန်ပြောပြရသော အကြောင်းအရာ ဖြစ်သည့်အလျောက် ဝတ္ထုရေးစရာသည် 'ဝတ္ထုပြောသမား' **(Story teller)** မျှသာ ဖြစ်သည်။ စာပေပညာရှိကြီးတစ်ယောက်ဟူ၍ မဆိုသာဟူ သောဝါဒ မော်မ်၌ ရှိ၏။ သူက သူသည် ဝတ္ထုပြောသမားမျှသာဖြစ်သည်ဟူ၍ မကြာခဏ ဆိုခဲ့ဖူးလေသည်။

ဝတ္ထုတစ်ပုဒ် (အဖြစ်အပျက်တစ်ခု) ကို မိတ်ဆွေအား အေးအေးဆေးဆေး စီကာပတ်ကုံး ပြောပြဟန်ဖြင့် ဝတ္ထုကိုရေးလေ့ရှိသော မော်မ်၏နည်းမှာ မထူးဆန်းသည်နှင့်အမျှ ထူးခြားနေလေတော့သည်။ သူ့ဝတ္ထုများတွင် စာရေးဆရာကိုယ်တိုင်ပါဝင်၍ စာဖတ်သူအား အကြောင်းအကျိုး ပြောပြပုံကို အသုံးပြုသည်။

ထိုနည်းသည် စာရေးသူနှင့် စာဖတ်သူတို့အား မိတ်ရင်းဆွေရင်းအဖြစ်သို့ ရောက်စေသဖြင့် စာဖတ်သူအဖို့ ကျေနပ်မှုတစ်မျိုး ဖြစ်ထွန်းစေသည်ဟု ဆိုရပေမည်။

ထို နည်းမျိုးကို မော်မ်ကစ၍ အသုံးပြုသည်ဟု မဆိုသာစေကာမူ သူသာလျှင် ထိုနည်းကို အမြဲတမ်းလိုလိုသုံးသည်။ ထို့ကြောင့်လည်း ထိုနည်းမျိုး 'မော်မ်၏နည်း'ဟုပင် ဆိုစမှတ်ပြုကြ၏။ ထိုနည်းသည် မော်မ်ကဲ့သို့ ရိုးရိုးဟန်မျိုးနှင့် ရေးလေ့ရှိသော ဝတ္ထုရေးဆရာအဖို့ အသင့်တော်ဆုံး ဖြစ်သည်ဟု ဆိုနိုင်သည်။ လေသံအေးအေးနှင့် အကြောင်းအကျိုးလိပ်ပတ်လည်အောင် ပြောပြခြင်းသည် ဖတ်သူအဖို့ နှစ်လိုဖွယ်ဖြစ်ပေသည်။

သို့ရာတွင် မော်မ်၏ စာပေအရေးအသားမှာ ပြောင်မြောက်ခြင်းမရှိလှ။ ရိုးရိုးအေးအေးမျှသာဖြစ်သည်။ အရောင်အဝါ ကင်းလှချေသည်။ အတွေး

http://www.cherrythitsar.org



အခေါ်မှာလည်း ထူးခြား နက်နဲလှသည်ဟု မဆိုသာ။ 'လူပြိန်းတွေ'ထက် သာယောင်ယောင် မျှသာပင်။

မော်မ်၏ **Story telling method** ဝတ္ထုပြောနည်း အရေးအသား မျိုးသည် စာရေးဆရာ၏ အာဘော် (ထင်မြင်ချက်)ကို ထည့်သွင်းလိုက် သော်လည်း အခြေမပျက် အပြစ်မရှိသောကြောင့် တစ်နည်းအားဖြင့် ကောင်း သည်ဟု ဆိုနိုင်၏။

နောက်ပိုင်းတွင် ထိုနည်းကို ဝတ္ထုရေးဆရာအများက အသုံးပြုလာကြ သည်။ 'ကိုယ်တွေ့ဝတ္ထု'ဟု မြန်မာတို့ သိထားသော နည်းမျိုးပင်ဖြစ်သည်။

ဖြစ်ကြောင်းစဉ် ဖော်သောနည်း **Narrative method**°°ကို ဝတ္ထုပေါ်လာ ကတည်းက အသုံးများလာသော်လည်း ထိုနည်းတူ စာရေးဆရာ၏ အာဘော် မဝင်အောင် အထူး သတိပြုနေရသောကြောင့် ရေးရသည်မှာ မလွတ်လပ်လှ ဟု ဆိုရပေမည်။ ထိုနည်းကို နိုင်နင်း ကျင်လည်စွာအသုံးပြုနိုင်ပါမှ သပ်ရပ်၍ အကွက်စေ့သော ဝတ္ထုပုံစံမျိုး ထွက်ပေါ်လာနိုင်သည်။

ဇာတ်ကောင်များ၏ အတ္တသဘာဝ ပေါ်လွင်လာအောင် ယင်းတို့၏ အပြု အမူ အပြောအဆိုများဖြင့်သာ သရုပ်ဖော်ရသဖြင့် စာရေးဆရာအဖို့ မိမိ၏ အာဘော် မဝင်အောင် ထိန်းသိမ်းဖို့ အရေးသည် အလွန်ကြီးလှသည်။ မကျွမ်း ကျင်သူတို့အဖို့ ချွတ်ချော်မှုများ ဖြစ်တတ်သည်။

မော်မ်၏နည်းမှာမူ စာရေးဆရာက ကိုယ်တိုင်ဝင်၍ 'ပုံပြောသလို'ပြော ပြနေသောကြောင့် ဇာတ်ကောင်၏ အတ္တသဘာဝကို စာရေးဆရာ၏ အမြင် အတိုင်း ဖော်ပြနိုင်ခွင့်သာပေသည်။ "လူ့သဘာဝဟာ အတော် ဆန်းကြယ် ပါကလားဗျာ"ဟူသော မှတ်ချက်မျိုးကို ချလိုက်ခွင့်သာပေသည်။ အနုပညာ နည်းအရဆိုလျှင် ထိုမှတ်ချက်မျိုးကို စာရေးဆရာက မချရ။ လူ့သဘာဝ ဆန်းကြယ်ပုံကို သရုပ်ဖြင့်သာ ဖော်ပေးရမည်။

ယခု ဤဝတ္ထုတွင် မော်မ်ကိုယ်တိုင် လင်ဒန်၏သဘောသကာယ၊ အပျို ကြီး မစ္စဂရေး၏သဘာဝနှင့်၊ ကရိတ်ဇနီးမောင်နှံ၏ အခြေအနေတို့ကို တိုက် ရိုက် ဖော်ပြသည်။

မော်မ်၏ အယူအဆတစ်ခုမှာ ဝတ္ထုသည် စာပေအရာတွင် အကြီး အကျယ်ဝင်သော စာမျိုးမဟုတ်ဟူ၍ပင်ဖြစ်သည်။ သူကိုယ်တိုင်က သူသည် စာပေပညာရှိ ပုဂ္ဂိုလ်ကြီးမဟုတ်ပါ။ ဝတ္ထုပြောသမား **Story teller**°တစ်ဦး

http://www.cherrythitsar.org



မှုသာဖြစ်သည်ဟု ဆိုထားသည်။ ထို့ကြောင့်ပင်လျှင် သူသည် သူ့ဝတ္ထုများကို ဝတ္ထုပြောသလို ရိုးရိုးမှန်မှန် လေသံမျိုးဖြင့် ရေးသည်။

ဝေဖန်ရေးဆရာကြီးများကလည်း မော်မ်၏ရေးဟန်မှာ သာမန်မှုသာ ဖြစ်သည်။ ထူးခြားပြောင်မြောက်ခြင်းမရှိဟုဆိုကြသည်။ ထိုအဆို မှန်ကန် ကြောင်းကိုမူ သာမန်စာဖတ်သူကပင် မြင်နိုင်ပေသည်။ ထိုသို့ ပြောင်မြောက် ခြင်းမရှိ၍ပင် သာမန်စာဖတ်ပရိတ်သတ် မော်မ်၏ ဝတ္ထုများကို နှစ်သက်ကြ လေသည်။

မော်မ်၏ဝတ္ထုများကို ကမ္ဘာအရပ်ရပ်တွင် စိတ်ဝင်စားစွာ ဖတ်ကြသည်။ သာမန်စာဖတ်ပရိတ်သတ်သည် သူ့ဝတ္ထုများကို ဖတ်၍ နားလည်သောကြောင့် ကျေနပ်ကြသည်။ မော်မ်ကလည်း သာမန်ပုဂ္ဂိုလ်များအဖို့ ရည်စူး၍ရေးသည်။ သူ့အတွေ့အကြုံများသည် များပြားကျယ်ပြန့်လှ၏။ သူ့အတွေးအခေါ် ထင်မြင်ချက်များသည် သာမန်စာဖတ်သူအဖို့ လက်ခံရလွယ်၏။

အကြောင်းသော်ကား ယင်းတို့သည် သာမန်အတွေးအခေါ် အထင်အမြင် များဖြစ်ကြပေသည်။ လေးနက်၍ သာမန်ဉာဏ်အမြင်ထက် ကျော်တက်သည် ဟူ၍ မရှိချေ။ ထို့ကြောင့်လည်း ကမ္ဘာကျော် ဝတ္ထုရေးဆရာကြီးဖြစ်သော် ငြားလည်း ကမ္ဘာ့ထိပ်တန်း စာပေဆုဖြစ်သော နိုဗဲလ်ဆုအတွက် မော်မ်ကို ထည့်သွင်း စဉ်းစားသည်ဟု မကြားခဲ့ရဖူးချေ။

မော်မ်သည် တီထွင်သူမဟုတ်။ လမ်းဖောက်သူမဟုတ်။ သူတစ်ပါး ဖောက်ပြီးလမ်းကို ရှင်ပေးသူမှုသာဖြစ်သည်။ မော်မ်ထံမှ ထူးခြားသောအမြင်၊ နက်နဲသောထင်မြင်ချက်၊ သိမ်မွေ့သော အတွေးအခေါ်တို့ကို မမျှော်လင့်အပ် ပေ။ သို့သော် အများ အသိအမှတ်ပြုပြီးသော အချက်အလက်များ၊ ယုံကြည် ချက်များ၊ ထင်မြင်ချက်များကို မော်မ်က သူ့ဝတ္ထုများဖြင့် သာဓကပြကာ ခိုင်မြဲစေသည်။

ထို့ကြောင့်ပင် ဖြစ်ပေလိမ့်မည်။ မော်မ်အား ကမ္ဘာ့စာပေဆုကြီး (နိုဗဲလ်ဆု)ဖြင့် ချီးမြှင့်ဖို့ ထည့်သွင်းစဉ်းစားသည်ဟူ၍ ဘယ်သောအခါကမျှ မကြားခဲ့ဖူးချေ။ သူ့၌ ထူးကဲလှသောဘဝအမြင် ဘဝအခြေခံတရားမျိုးမရှိဘဲ သူလိုငါလို အတွေးအခေါ်မျိုးကိုသာ လက်ကိုင် ပြုခဲ့လေသည်။

မောမ်မ်၏ ဝတ္ထုများသည် စာပေအရသာကို ခံယူရန် လေ့ကျင့်လျက် ရှိသော စာဖတ်သူများအဖို့ ပထမပိုင်း သင်ခန်းစာများအဖြစ်ဖြင့်သာ တည်နေ

http://www.cherrythitsar.org



နိုင်သည်။ စာဖတ် ဝါသနာပါရုံ၊၊ ဝတ္ထု၌ စိတ်ဝင်စားမှု ရရုံသာဖြစ်သည်ဟု ဆိုလိုပါသည်။

မော်မ်၏ဝတ္ထုများသည် အမြင့်တန်းတွင်ရှိသည်ဟု ထင်မှတ်မှားဖို့မသင့်လှပေ။ စုံထောက်ဝတ္ထုများ၊ အပေါစား အချစ်ဝတ္ထုများနှင့် စာပေအရာမြောက်သည့် ဝတ္ထုကြီးများကြားတွင် မော်မ်၏ဝတ္ထုများသည် **'အများကြိုက်စာပေ' Populaar Literaries** မျိုးအဖြစ် တည်နေသည်ဟု စာပေပညာရှင်တို့က ဆုံးဖြတ်ကြသည်။

မော်မ်သည် အလတ်တန်းစားအရင်းရှင်လောက၌ ကျင်လည်၍ ထိုလောကကိုသာ မြင်တတ်သည်။ ထိုလောက၌ရှိသော အပေါ်ယံ ဟန်သဘာဝနှင့် မှုမမှန်သော အဖြစ်သနစ်တို့ကို မော်မ်က ထုတ်ဖော်ပြထားသဖြင့် သူ့ဝတ္ထုများကို ဖတ်ရှုသုံးသပ်တတ်ပါမူ အရင်းရှင်လောက၏ အညစ်အထေးများကို မြင်နိုင်ပေလိမ့်မည်။

❑ ❑ ❑

http://www.cherrythitsar.org



(

# ၈။ သီလရှင်

## ကက်သရင်းမင်းစဖီးလ်ဒ် ရေးသည်

ဤကဲ့သို့သော သာယာသော နံနက်ခင်းတွင် စိတ်ညစ်ညူးသူတစ်ဦး တစ်ယောက်မျှ ရှိနိုင်မည်မဟုတ်ဟု ထင်ရပေသည်။ ငါ တစ်ယောက်အပြင် ရှိမှာမဟုတ်ပါဘူးဟုလည်း အက်ဒနာ ထင်မြင်လေသည်။ အိမ်ပြတင်းတံခါးများ ဖွင့်ထားလေသည်။ အိမ်ခန်းထဲမှ ပီယာနိုလက်သံ စမ်းနေသည်ကို ကြားရသည်။ နွေဦးသစ်စပန်းများ ဝေဆာလျက် ရှိသော သစ်ပင်တို့သည် လေပြည်ထဲတွင် လှုပ်ရှားမြူးထူးနေကြသည်။ လမ်းမတွင် သူငယ်များ လေချွန်ကစားနေကြသည်။ ခွေးကလေး တစ်ကောင်လည်း လမ်းသွားလမ်းလာတို့ကို အပျော်တမ်းဟောင်၍ နေလေသည်။ လမ်းတစ်လျှောက်တွင် သွားလာနေသူတို့မှာလည်း ခြေလှမ်းသွက်သွက်နှင့် လျှောက်နေကြသဖြင့် ခပ်သုတ်သုတ်ကလေး ပြေးနေကြသည်ဟုပင် ထင်ရသည်။ အက်ဒနာသည် ခပ်ဝေးဝေးတွင် ပိုးထီးကလေး တစ်စင်းကို လှမ်း၍ မြင်လိုက်ရလေသည်။ ထိုပိုးထီးမှာ နွေဦးအဖို့ ပထမဦးစွာ မြင်ရသော ပိုးထီးကလေးပင်တည်း။ ထီးအရောင်မှာ နီမြန်းမြန်း။ စိတ်ညစ်ညူးနေသည်ဟု ဆိုနေသော အက်ဒနာသည်ပင်လျှင် သူ့စိတ်

http://www.cherrythitsar.org



ထင်သလောက် စိတ်ညစ်ပုံ မရချေ။ အမှန်မှာကား ပါးအို့ကလေး ဖောင်း ဖောင်း၊ နှုတ်ခမ်းကလေးပါးပါး၊ မျက်လုံးကလေးကြည်ကြည်နှင့် ကျန်းမာ ဖျတ်လတ်သော တစ်ဆယ့်ရှစ်နှစ်အရွယ် လုံမပျိုကလေး တစ်ယောက် အဖို့ စိတ်လက်နောက်ကျိကာ မချမ်းမသာဖြစ်နေရန် အလွန်ပင် ခက်လှ ဘိတောင်း။ အပူရုပ်ဟုဆိုရလေအောင်လည်း ပြင်သစ်ပြည်ထွက် ဂါဝန် ပြာကလေးဝတ်ပြီးလျှင် ပြောင်းခက်ကလေးများ ပန်ထားသော နွေဦး ဦးထုပ်ဆောင်းထားသောကြောင့် ဆိုရခက်ခြိမ့်မည်။ အက်ဒနာ၏ လက် တွင်ရှိသော စာကြည့်တိုက် အမြဲသုံး အဖုံးမျိုး ဖုံးထားသည့် စာအုပ် ကြောင့် ပူရုပ်ပေါက်သည်ဆိုပါလျှင် ဆိုနိုင်ဖွယ် ရှိပေလိမ့်မည်။ သူသည် စာကြည့်တိုက်မှ စာအုပ်သွား၍ငှားမည်ဟု အကြောင်းပြ၍ အိမ်မှ ထွက် လာခဲ့ရသည်။ သူသည် ယခုအခါတွင် ရှေ့သို့ဆောင်ရွက်ရန်အကြောင်း တစ်ခုကို ချက်ချင်းပင် ဆုံးဖြတ်ရလေတော့မည်။

ဖြစ်ရသည်မှာလည်း အလွန်ဆိုးလှပေသည်။ သူသည် လွန်ခဲ့သည့် ညက သူ့ချစ်သူ ဂျင်မီနှင့်ယှဉ်တွဲ၍ ရုံအထက်တန်းကနေ၍ ပြဇာတ် ကြည့်နေရာ၊ ဂျင်မီပေးသော ချောကလက်ဘူးကို ဂျင်မီအားပြန်၍ လှမ်း လိုက်စဉ်ပင် ပြဇာတ်မင်းသားကို ချစ်ကြိုက်သွားလေတော့သည်။ သို့ရာ တွင် ချစ်သည်ကြိုက်သည်ဆိုသည့်ကိစ္စမှာ အဘယ်နည်း။

ချစ်အာရုံမှာ သူ ရှေ့ကတွေ့ဖူးသည့် အာရုံတို့နှင့် လားလားမျှ မတူ ပေ။ အလွန်ပင် ကွဲပြားခြားနားလှလေသည်။ ထိုအာရုံမှာ ကောင်းသော အာရုံဟု မဆိုသာ။ တစ်ကိုယ်လုံး ရှိန်းဖိန်းထူပူသွားသည်ဟုလည်း မဆို နိုင်။ ဝမ်းနည်းခြင်း၊ စိတ်ပျက်ခြင်း၊ နာကျင်ခြင်း၊ အတိဒုက္ခရောက်ခြင်း စသည်တို့ပင်လျှင် ထိုအာရုံထက် သာသေးသည်။ တစ်ကိုယ်လုံး ရှိန်း သွား စေနိုင်ပေသေးသည်။ ထိုအာရုံတွင်ပါသော အရူးဓာတ်ကလေးကား အကယ်၍သာ ပွဲအပြီး ရုံရှေ့တွင် ဂျင်မီကမော်တော်ကား သွားငှားနေခိုက် ရပ်စောင့်နေစဉ် ထိုပြဇာတ်မင်းသားက ခေါ်င်းငဲ့၍ ဖြစ်စေ၊ အချက်ပြ၍ ဖြစ်စေ လာ၍ခေါ်သွားပါမူ၊ ဂျင်မီကို တစ်ချက်မျှ မထောက်ထားဘဲ၊ မိဘ ဆွေမျိုးတို့ကို မတွေးမိဘဲ ကမ္ဘာအဆုံးသို့ ကောက်ကောက်ပါအောင်လိုက် သွားမည်အမှန်ပင်။

http://www.cherrythitsar.org



ပြဇာတ်သည် အစ၌ အတော်ပင် စိတ်ရှင်ဖွယ် ကောင်းလှပေသေး၏။ ထိုအခိုက်၌ ချောကလက်စား၍ ကြည့်နေနိုင်သေးသည်။ သို့ရာတွင် မကြာမီပင် မင်းသားလုပ်သူမှာ မျက်စိကွယ်သွားလေသည်။ ဩော် ...ဖြစ်မှဖြစ်ရလေတယ်။ အက်ဒနာသည် ဖြေမဆည်နိုင်ဖြစ်ရသဖြင့် သူ့လက်ကိုင်ပဝါကိုနှင့် မျက်ရည်သုတ်၍ မလောက်သောကြောင့် ဂျင်မီ၏ လက်ကိုင်ပဝါကိုငှား၍ သုတ်ရချေသေးသည်။ ငိုရသည်မှာ မထူးဆန်းလှ။ ပွဲကြည့်ပရိသတ်များတို့လည်း ငိုကြလေသည်။ ယောက်ျားရင့်မကြီးများပင် တရှုပ်ရှုပ်ဖြစ်ကာ မျက်လုံးကို အောက်စိုက်၍ ပြဇာတ်ကြော်ငြာကို ဖတ်လေဟန် လုပ်နေကြသည်။ မျက်ရည်ကင်းသော ဂျင်မီသာလျှင် အက်ဒနာ၏ လက်ကို ကိုင်၍ညှစ်လိုက်ကာ “မငိုပါနဲ့ ခင်ရယ်”ဟု တိုးတိုးကလေး အားပေးနေပေသည်။ ထိုအခိုက် ဂျင်မီကိုအားနာ၍သူသည် ချောကလက်တစ်ကန့်ကို ကိုက်ပြီးလျှင် ကျန်အတောင့်ကို ဂျင်မီအား ပြန်ပေးလေသည်။

ထိုအခိုက်ပင် ဇာတ်ခုံပေါ်တွင် မင်းသားမှာ အရောင်မှိန်မှိန်ထဲ၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့်အခန်း ဖြစ်လေသည်။ ဇာတ်ခုံရှေ့က တီးဝိုင်းကလည်း ကြေကွဲအောင် တီးပေးလိုက်လေသည်။ ဇာတ်ခုံတစ်ဖက်စွန်းလမ်းမပေါ်ဟု သတ်မှတ်ထားသောနေရာက ညာသံပေးနေလေသည်။ ထိုအခါ မင်းသားမျက်မမြင်က သနားစဖွယ် လမ်းကိုစမ်း၍ ပြတင်းပေါက်သို့ သွားနေလေသည်။ ပြတင်းသို့ရောက်သောအခါ သူသည် ခန်းဆီးကို လှမ်း၍ အလင်းရောင်ဘက်သို့ ကြောင်တောင် ကြည့်နေလေသည်။ လမ်းမက ညာသံသည်လည်း တဖြည်းဖြည်းဝေး၍ သွားလေသည်။

ထိုအချိန် ထိုအခါကစ၍ အက်ဒနာသည် သူ့ဘဝမှာ ရှေ့ကကဲ့သို့ ဘယ်နည်းနှင့်မျှ မတူနိုင်တော့ဟု ထင်မိလေသည်။ သူသည် ဂျင်မီဆွဲထားသော သူ့လက်ကို ရုပ်လိုက်လေသည်။ ချောကလက်ဘူးကို အပြီးသတ်ပိတ်လိုက်သည်။ ‘လတ်စသတ်တော့ ဒါ အချစ်ဆိုတာပါတကား’ဟု စွဲမြဲမိလေတော့သည်။

အက်ဒနာနှင့် ဂျင်မီတို့သည် စေ့စပ်ပြီးဖြစ်ကြသည်။ သူသည် လွန်ခဲ့သော တစ်နှစ်ခွဲလောက်ကတည်းက အုပ်လုံးသွင်းထားလေသည်။ သူတို့

နှစ်ယောက်သည် လွန်ခဲ့သည့်တစ်နှစ်လုံးပင် စေ့စပ်ကြောင်းလမ်းပြီး ဖြစ်ကြောင်း လူသိနတ်ကြားကြေညာပြီး ဖြစ်ကြသည်။ စေ့စပ်ပြီးသည်မှာ ထိုမျှသာကြာသေးသော်လည်း သူတို့နှစ်ယောက်မှာ လက်တွန်းလှည်းကလေးတစ်ခုစီနှင့် ကလေးထိန်းများက ဥယျာဉ်ထဲသို့ ညနေစောင်း တွန်းသွားကာ ဘီစကွက်တစ်ချပ်စီဝါးနေကြရသော ငယ်စဉ် လူမမည် ဘဝကတည်းကပင် တစ်နေ့နေ့တွင် စုံဖက်ကြရမည်ကို သိခဲ့ကြလေသည်။ သူတို့နှစ်ယောက်အဖို့ မည်မျှသေချာသနည်းဟူမူ၊ အက်ဒနာသည် ကျောင်းနေစဉ်ကတည်းကပင် ဂျင်မီပေးသော ကလေးကစားစရာ 'မြန်းပြီးလက်စွပ်' အတုကလေးကို ဝတ်လာခဲ့လေသည်။ ယခုထက်ထိလည်း တစ်ဦးကိုတစ်ဦး အရေးပေးကာ ခင်မင်ကြလေသည်။

ယခုမှာမူ ထိုဘဝကား လွန်ခဲ့လေပြီ။ အက်ဒနာ၏ စိတ်သည် လုံးဝပြောင်းလျက်ရှိလေပြီ။ ဂျင်မီက ယင်းသို့ပြောင်းလဲကြောင်း နားမလည်သည်ကိုပင် အက်ဒနာက အံ့ဩနေလေသည်။ အက်ဒနာသည် ဝမ်းနည်းဟန်၊ မမာဟန်ဖြင့် ပြုး၍ သီလရှင်ကျောင်းကြီးဝင်းအတွင်း ဥယျာဉ်ထဲသို့ ဝင်သွားလေသည်။ ဥယျာဉ်တွင်းရှိ လမ်းကလေးမှ ကုန်းပေါ်သို့ တဖြည်းဖြည်းတက်သွားလေသည်။ ယခုကဲ့သို့ပြုလိုက်သဖြင့် ဂျင်မီသည် ဖြေမဆည်နိုင် ဖြစ်ချေတော့သည်။ ဒီဘဝတော့ဖြင့် ဆုံးပြီဟု တွေးထင်ပေလိမ့်မည်။ သို့ရာတွင် အချိန်ကြာလျှင် မေ့တန်ကောင်းပါရဲ့ဟု အက်ဒနာအောက်မေ့မိလေမည်။ နောက်အနှစ်လေးဆယ်လောက် ကြာလျှင် သူသည် အရွယ်အိုမင်းသော လူကြီးဖြစ်ကာ အက်ဒနာ လုပ်ပုံအဓိပ္ပာယ်ရင်းကို စိစစ်မိပေလိမ့်မည်။ သူ့အဖို့ကား ဟုတ်ပေပြီ။ ငါ့အဖို့ နောင်ရေးဘယ်သို့နည်း။ အက်ဒနာ တွေးမိလေတော့သည်။

အက်ဒနာသည် ကုန်းထိပ်သို့ ရောက်လေပြီ။ ပန်းပွင့်ဖြူကလေးများပွင့်ကိုင်းကလေး အစုံရှိသော ရွက်သစ်မြိုင်နေသည့် သစ်ပင် တစ်ပင်အောက်တွင် ထိုင်၍ သီလရှင်ကျောင်းကြီး ပတ်ဝန်းကျင်ရှိ ပန်းခင်းကလေးများကို လှမ်း၍ကြည့်နေလေသည်။ သူနှင့်အနီးဆုံး ပန်းခင်းတွင် သေးသွယ်နွဲ့နှောင်းသော 'ပင်စီ' ပန်းကလေးများ ပွင့်နေသည်။ ကျောင်း

http://www.cherrythitsar.org



ကြီးအပေါ်တည့်တည့် လေထဲတွင် ခိုကလေးများ ကျွမ်းထိုးနေကြသည်။ ကျောင်းပေါ်တွင် ဆရာကလေးအဂ္ဂနီသည် ဘုရားရှိခိုး အဖွင့်ကို သင်ပေးနေလေသည်။ သီလရှင်က 'အားမိ'ဟု ကြောင်းပေးလိုက်လျှင် သင်နေယူတို့က 'အားမိ'ဟု လိုက်ဆိုကြသည်။

အက်ဒနာသည် ဂျင်မီနှင့်အိမ်ထောင်မပြုလျှင် မည်သူနှင့်မျှ အိမ်ထောင်ပြုလိမ့်မည်မဟုတ်။ သူချစ်သော ပြဇာတ်မင်းသားနှင့် မဖြစ်နိုင်ကြောင်းကို သူသိလေသည်။ ထူးလည်းထူးဆန်းလှသည်။ ထိုမင်းသားကို ချစ်သာချစ်သည်။ သူနှင့် အိမ်ထောင်ပြုချင်စိတ် မရှိချေ။ သူ့အချစ်ကားကြီးလွန်းလှ၍ အိမ်ထောင်ပြု၍ ဖြစ်နိုင်မည်မဟုတ်။ အချစ်သည်ကား ညှဉ်းဆဲရန်မျှသာဖြစ်သည်။ သူသည်ဆိတ်ဆိတ်နေ၍ ဒုက္ခခံရပေတော့မည်။ ဤချစ်မျိုးကား ဤသို့သာတည်းဟု သူမှန်းဆ တွေးထင်မိလေသည်။

"နေပါဦး အက်ဒနာရယ်။ မင်း စိတ်မပြောင်းတော့ဘူးလား။ ငါ မျှော်လင့်ချက် မရှိတော့ဘူးလားကွယ်"ဟု ဂျင်မီက ငိုမဲ့မဲ့နှင့် မေးလေသည်။

"အို ပြောရမှာ အသည်းနာလှချည့်။ ဒါပေမယ့် မပြောလဲ မပြီးဘဲကိုး။ ဟုတ်တယ် ဂျင်မီ ခင်တော့ စိတ်မပြောင်းတော့ဘူး"ဟု အက်ဒနာက ဆိုလိုက်လေသည်။

ထိုင်လျက်ရှိနေသေးသော အက်ဒနာသည် ခေါင်းငုံ့လိုက်လေသည်။ သူ့ရင်ခွင်ထဲသို့ ပန်းပွင့်ကလေးတစ်ပွင့် ကြွေကျလာသည်။ ဘုရားရှိခိုးသင်နေသော သီလရှင်ဆရာကလေး အဂ္ဂနီက 'အားနီး'ဟု တိုင်လိုက်ရာ၊ တပည့်များက 'အားနီး'ဟု လိုက်ဆိုကြသံကို အက်ဒနာ ကြားလိုက်ရလေသည်။

ထိုအခိုက် အက်ဒနာ၏ နောင်ရေးသည် ပွင့်ပွင့်လင်းလင်းကြီး ပေါ်လာလေတော့၏။ ပေါ်လာလေသည့်အလျောက် အက်ဒနာသည် လန့်သွားကာ အသက်ရှူပင် မှားသွားလေသည်။ သူသည် နောက်ဆုံး၌ သီလရှင်ဖြစ်ရတော့မည်။ သူ့မိဘများက သီလရှင်မလုပ်ရန် အမျိုးမျိုး ဖျက်ကြ၏။ ဂျင်မီ၏သောကကိုကား ပြောပြ၍ပင် မဖြစ်နိုင်တော့ချေ။ 'အို... သူတို့တစ်တွေ ငါ့ကို နှိပ်စက်နေကြသလိုပါကလား။ ငါ့စေတနာကို ဖျက်

http://www.cherrythitsar.org



ဆီးကြပါကလား။ လောကကြီးဟာ အလွန်ဆိုးလှတယ်’ သူသည် နောက်ဆုံး၌ သူပိုင်သော ရွှေငွေပစ္စည်းတန်ဆာတို့ကို သူ့အချစ်ဆုံး မိတ်ဆွေသူငယ်ချင်းများအား ပေးကမ်းစွန့်ကြဲလိုက်၏။ သူ့အဖို့ တည်ငြိမ်သောဣန္ဒြေရှိစေကာမူ သူ့မိဘမိတ်ဆွေများအဖို့ကား ပူပန်သော စိတ်နှလုံးနှင့်ရှိကြ၏။ ထိုအခိုက်၌ပင် သူသည် သီလရှင်ဘောင်သို့ဝင်ရန် ကျောင်းသို့သွားခဲ့လေသည်။ ထိုနေ့ညနေတွင် ပြဇာတ်မင်းသားအား သူငယ်တစ်ယောက်က အထုပ်တစ်ထုပ်ပေးလာသည်။ အထုပ်ထဲတွင် နှင်းဆီဖြူများစွာ ပါရှိသည်။ နှင်းဆီပွင့်များအောက်တွင် အက်ဒနာ၏ ဓာတ်ပုံတစ်ပုံပါလာသည်။ ဓာတ်ပုံနောက်ကျောတွင် ‘အမှတ်ရဖို့ မဟုတ်၊ မေ့ပစ်ဖို့သာ’ ဟု ရေးထားသည်။ နာမည်လည်း မထိုး။ နေရပ်လည်း မထည့်။ အက်ဒနာသည် သစ်ပင်အောက်၌ပင် ထိုင်လျက်ရှိသေးသည်။ သူသည် အဖုံးနက်နှင့် စာကြည့်တိုက်မှ ငှားလာသောစာအုပ်ကြီးကို ကိုင်လျက်ပင်။ သူသည် သီလရှင်ဘဝတွင် ‘အိန်ဂျယ်လာဘွဲ့’ကို ခံယူလေသည်။ ဖျပ်... ဖျပ်...ဖျပ်နှင့် သူ့ဆံပင်များကို ဖြတ်လိုက်လေသည်။ ဆံပင်တစ်ခွေကို ဂျင်မီထံသို့ ပို့ခွင့်ရပါမည်လော။ မရမရှိစေရအောင် ကြံဆောင်ရတော့မည်။ ဂါဝန်ပြာဝတ်၍ ခေါင်းတွင် အဝတ်ဖြူစည်းကာ အိန်ဂျယ်လာသည် သီလရှင်ကျောင်းမှသည် ညဘုရားရှိခိုးကျောင်းသို့၊ ဘုရားရှိခိုးကျောင်းမှသည် သီလရှင်ကျောင်းသို့။ ဝမ်းနည်းရိပ် မကင်းသောမျက်လုံးများမှ ကြည်လင်သော အပြုံးကလေး ပြုထွက်ကာ သူ့ထံသို့ ပြေးလာကြသော ကလေးများအား နှုတ်ဆက်ရင်း သွားလာနေလေသည်။ သူတော်စင်ဘဝသို့ ရောက်ပေပြီ။ လူအများက သူ့စကြီတစ်လျှောက်တွင် ဣန္ဒြေနှင့် သွားလာနေစဉ်ဤသို့ပင် ပြောကြသည်။ “သူတော်စင်ကလေးပေပဲ” သီလရှင်ကျောင်းသို့ ရောက်လာကြသော ဧည့်သည်တို့အား လူအများက ရုပ်ချော၊ အသံသာ၊ အရွယ်နုသော သီလရှင်ကလေးအကြောင်းကို ပြောကြကုန်၏။ “သူကြောင့်ပေါ့ မြို့ထဲမှာ လူတစ်ယောက် ဒုက္ခကြီး ရောက်နေပါပကော“ ဟူ၍လည်း ဆိုကြလေသေးသည်။

http://www.cherrythitsar.org



ပိတုန်းကြီးတစ်ကောင်သည် ပန်းပွင့်ကလေး တစ်ပွင့်ထဲသို့ တွားး၍ ဝင်သွားလေသည်။ ပန်းပွင့်ကလေးသည် ယိမ်းနွဲ့ကာနေလေသည်။ ပိတုန်းကြီး ပျံသွားသောအခါ၌လည်း တလှုပ်လှုပ်နှင့် ဝတ်ရည်စုပ်ခြင်း ခံရသည် ကိုပင် ကျေနပ်ကာ ပြုံးရွှင်နေသည်ဟု ထင်ရလေသည်။

အိန်ဂျယ်လာသည် ပန်းကလေးကို ကြည့်ပြီးလျှင် 'အို ဆောင်းရာသီ ရောက်နေပါပြီကော'ဟု အံ့အားသင့်လျက် ဆိုလေသည်။ တစ်ညသ၌ သူ သည် သူ့အိပ်ခန်းထဲတွင် ချမ်းလွန်းလှ၍ ကွေးနေရာမှ အသံတစ်သံကို ကြားရသည်။ ထိုအသံကား ဥယျာဉ်ထဲမှ ထွက်လာသည်။ ခွေးကလေး၊ ကြောင်ကလေး တစ်ကောင်ကောင်၏အသံ ဖြစ်တန်ရာ၏။ ထိုအခါ အိန်ဂျယ်လာသည် အိပ်ရာမှထ၍ အခန်းတံခါးဖွင့်ပြီးလျှင် တိရစ္ဆာန်ငယ် ကို သွား၍ ပွေ့ခေါ်လာလေသည်။ အပြင်ဘက်တွင် အေးလွန်းလှ၏ သီလရှင်ကလေးသည် ခိုက်ခိုက်တုန်နေလေသည်။

နောက်တစ်နေ့နံနက်တွင် အိန်ဂျယ်လာသည် ဘုရားရှိခိုး ခေါင်း လောင်းသံ ကြားသောအခါ အိပ်ရာမှ မထနိုင်တော့ချေ။ တစ်ကိုယ်လုံး ချစ်ချစ်တောက်မျှ အဖျားတက်၍ ကယောင်ကတမ်း ပြောနေလေသည်။ ဤတောင်မှ ကျော်နိုင်တော့မည် မဟုတ်ချေ။ သုံးရက်အကြာတွင် ကွယ် လွန်ရှာလေသည်။ ဘုရားရှိခိုးကျောင်းကြီးတွင် သရဏဂုံတင်၍ သူ့ရုပ် ကလာပ်ကို သီလရှင်များမြှုပ်နှံရာ သင်္ချိုင်းကွက်ကလေးတွင် သင်္ဂြိုဟ် လိုက်ကြလေသည်။ မြေပုံပေါ်တွင်ကား လက်ဝါးကပ်တိုင် အဖြူလေး တစ်ခု စိုက်ထားလေသည်။ သီလရှင် အိန်ဂျယ်လာရေ အမှျ...အမှျ...။

ညနေသို့ တိုင်လေပြီ။ တစ်ယောက်ပခုံးကို တစ်ယောက်မှီ၍ တဖြည်း ဖြည်း လျှောက်လာကြသော ဇရာအိုမောင်နှံတို့သည် မြေပုံရှေ့သို့ ရောက် ကြသောအခါ ဒူးထောက်၍ ငိုကြွေးကြကုန်၏။

"သမီးရေ ငါတို့တစ်ဦးတည်းသော သမီးလေးရဲ့"

နောက်၊ လူတစ်ယောက် ရောက်လာပြန်သည်။ သူသည် တစ်ကိုယ် လုံး အဝတ်နက်ဆင်ထားလေသည်။ သူသည် ဦးထုပ်ကို ချွတ်လိုက်လေ

http://www.cherrythitsar.org



သည်။ ဦးထုပ်ချွတ်လိုက်၍ ခေါင်းပေါ်မှဆံပင်များ နှင်းရောင်ကဲ့သို့ ဖြူဖွေးနေသည်ကို အိန်ဂျယ်လာ မြင်ရသောအခါ လန့်ထိတ်သွားလေသည်။

"ဂျင်မီရေ ဂျင်မီရဲ့၊ အလွဲကြီး လွဲကြပေါ့နော်"

ဂျင်မီ၏ မျက်နှာတစ်ပြင်လုံး မျက်ရည်များ စိုရွှဲနေလေသည်။ သူသည် ငိုခဲလှ၏။ ယခုမှသာ ငိုလေသည်။

"ငိုပေမယ့် မထူးတော့ဘူးကွယ်။ အချိန်နှောင်းခဲ့ပြီ"

လေတစ်သုတ်သည် သင်္ချိုင်းပြင်သို့ ဖြတ်၍ တိုက်လိုက်ရာ အရွက်ကင်းသော သစ်ပင်တို့သည် လှုပ်ရှားသွားကြသည်။ ဂျင်မီသည် စိတ်ထိခိုက်ဖွယ်ဖြစ်အောင် ရှုံ့ရှုံ့ရှုရှု အော်၍ ငိုလိုက်လေသည်။

အက်ဒနာ၏စာအုပ်သည် သူ့လက်ထဲမှလွတ်၍ အောက်သို့ ဗုတ်ခနဲကျသွားလေသည်။ သူသည်လည်း အိပ်ရာမှ လန့်နိုးသကဲ့သို့ ရုတ်တရက်ထ,၍ခုန်လိုက်သည်။

"အလိုလေး အချစ်ရေ ဂျင်မီရဲ့၊ အချိန်မနှောင်းသေးဘူးကွယ့်။ ဒါတွေ ဘာမှ မဟုတ်ပါဘူး။ အိပ်မက်၊ အလွန်ကြောက်စရာကောင်းတဲ့ အိပ်မက်ဆိုးကြီးပါကွယ်။ ခင် သီလရှင် မလုပ်ရသေးပါဘူး။ အို ဘုရားရေ သီလရှင် မလုပ်မိတာ ဝမ်းသာစရာကြီးပေါ့။ အခုဆိုရင် အဓိဋ္ဌာန်ကြိုးကြီး ချည်နှောင်ပြီး မရှိတော့ဘူး။ လွတ်လပ်တယ်။ နုနုပျိုပျိုကလေးမို့ ထင်ရာလုပ်နိုင်တယ်"

သူနဲ့ဂျင်မီ လွတ်လပ်ကြပေပြီ။ သူတို့နှစ်ယောက် မင်္ဂလာဆောင်ပြီးလျှင် ဆောက်မည်ဟု ကြံစည်ထားသော အိမ်ကို ဆောက်ရပေဦးမည်။ သူတို့က နှင်းဆီပင်တွေစိုက်သောအခါ နောက်နားက ခါးထောက်၍ လူကြီးကလေးလို ဣန္ဒြေရရနှင့် ကြည့်နေမည့် သားကလေးကိုလည်း မွေးရပေဦးမည်။ ပြီးတော့ သားကလေး၏ နှမကလေးကိုလည်း မွေးရပေဦးမည်။ ဤသို့ တွေးလိုက်ရာ သမီးကလေးအကြောင်းသို့ ရောက်လျှင် အက်ဒနာသည် မိခင်မေတ္တာ လေပြည်ကလေး အတိုက်ခံရ ပြီးနောက် တလန်းလန်းပွင့်နေသော ပန်းပွင့်ကလေးများ၊ ကျွမ်းထိုးနေသော ခိုကလေးများကို လှမ်း၍ကြည့်ကာ စိတ်ကြည်နူးလာသည်။ သာယာသောနံနက်

http://www.cherrythitsar.org



ခင်းသည် လူအပေါင်းတို့အား စိတ်ရွှင်ကြည်စေသကဲ့သို့ပင် သူ့ကိုလည်း ခြွင်းချက်အဖြစ် မထားတော့ဘဲ ကြည်နူးစေပေတော့သတည်း။

သူသည်လည်း တစ်ခါမျှ မကြုံဖူးသော အချစ်အာရုံစစ်ကို ခံစားရလေသည်။

# ရှင်းပြချက်

ဝတ္ထုတိုအတတ်သည် အလွန် ခဲခက်လှသည်။ ဝတ္ထုတို တစ်ပုဒ်ကို ကျနအောင် ရေးထုတ်ဖို့မှာ ပန်းချီကားတစ်ချပ်ကို ရေးဆွဲတတ်ဖို့ (သို့တည်း မဟုတ်) ပန်ပုရုပ်တုတစ်ခု ထုတတ်ဖို့သကဲ့သို့ပင် ခဲခက်လှ၏။ ဝတ္ထုတိုနှင့်ဝတ္ထုရှည် ကွာခြားချက်တစ်ရပ်မှာ ဝတ္ထုရှည်**(နော်ဗဲလ်)**တွင် စာရေးဆရာက နေရာယူ၍ ရေးချင်ရာကို ရေးထည့်နိုင်သည်။ အကျယ်ချဲ့၍ မိမိ၏ ထင်မြင်ချက်များကို တစ်နည်းနည်းဖြင့် ဖော်ပြနိုင်သည်။ ဇာတ်လမ်း၊ ဇာတ်ကွက်များ အပိုထည့်သွင်းနိုင်ပေသေးသည်။ ဝတ္ထုတို၌ ယင်းသို့ ပွရောင်းရောင်းလုပ်၍မဖြစ်။ သိပ်သည်းမှုသည် ဝတ္ထုတို၌ အထူးလိုအပ်သော အချက်တစ်ရပ် ဖြစ်သည်။

ဝတ္ထုတိုသည် ဘဝ၏ ပန်းချီကားတစ်ချပ်ပင် ဖြစ်၏။ ရှုခင်းတစ်ခုကို ဖော်ပြသော ပန်းချီကားတစ်ချပ်ပင် ဖြစ်စေကာမူ ထိုရှုခင်း၏ နောက်ကွယ်တွင် တစ်ဘဝလုံး အကျုံးဝင်နိုင်သော အကြောင်းအချက်များ ပါရှိအပ်လှပေသည်။ ဥပမာ ပြပါရစေ။ ယာတောပြင်၌ ယာတဲကလေးရှိသည်။ တဲရှေ့တွင် ကြက်မကြီးနှင့်ကြက်ကလေးများ အစာစားနေကြသည်။ တဲနောက်ဘက်နားတွင် နွားတဲရှိသည်။ နွားတစ်ကောင် ကောက်ရိုးစားနေသည်ကို ခပ်ရေးရေး မြင်ရသည်။ တဲနှင့်မလှမ်းမကမ်း ရှေ့ယွန်းယွန်းတွင် မိန်းမပျိုကလေးတစ်ယောက် ရေအိုးရွက်လျက် တဲဘက်သို့ ခြေလှမ်းနေသည်။ ထိုရုပ်ပုံများပါဝင်သော ရှုခင်းပန်းချီ

http://www.cherrythitsar.org



ကားတစ်ချပ်သည် မြန်မာတောင်သူလယ်သမားတို့၏ ဘဝကို ဖော်ပြလိုက်ပေသည်။ သဘာဝ၏ သာယာမှုနှင့် ယာသမားဘဝ၏ စုတ်ချာမှုတို့ကို တွဲ၍မြင်နိုင်သည်။ ပန်းချီကားထဲတွင် ယာသမားဘဝ၏ အချက်အလက် အစုံအလင် မပါသော်ငြားလည်း ကြည့်ရှုသူ၏ စိတ်ကူးဉာဏ်ဖြင့် ပြန့်ကျယ်စွာ တွေးခေါ်ယူနိုင်သည်။

ဝတ္ထုတိုလည်း ထိုနည်းနှင်နှင် ဖြစ်ပေသည်။ အကြောင်းအရာ အချက်အလက် မစုံသော်ငြားလည်း၊ ပါသမျှ အကြောင်းအချက်တို့သည် မပါသော်ငြားလည်း ဆက်စပ် ပေါ်လွင်လျက်ရှိသော အကြောင်းအချက်တို့ကို ညွှန်းလျက်ရှိသည်။ ထို့ကြောင့်ပင် ဝတ္ထုတိုသည် ရေးသူအဖို့အဆုံးသတ်လိုက်စေကာမူ၊ ဖတ်သူအဖို့ မဆုံးသေးပေ။ ဝတ္ထုတို၏ အဆုံးသည်ပင် ဖတ်သူ၏ ခံစားမှုအစ ဖြစ်၏ဟု စာရေးဆရာကြီးတစ်ဦးက ဆိုဖူးလေသည်။

ဝတ္ထုတို၌ သိပ်သည်းမှုသည် အထူး လိုအပ်၏။ ထို့ကြောင့် ရေးသမျှ စကားလုံးတိုင်း၌ လေးနက်သော အဓိပ္ပာယ် ဆောင်ရပေမည်။ စကားပိုဟူ၍ တစ်လုံးမျှ မပါအပ်ပေ။ အကြောင်းအရာများကို ဗာရာဏသီဖွဲ့၍ မဖြစ်နိုင်။ လိုအပ်သော အကြောင်းအချက်များကိုသာ ဖော်ပြအပ်သည်။ လိုအပ်သည် ဆိုသည်မှာ အဘယ်သို့နည်း။ ဝတ္ထုရေးဆရာ၏ တစ်ခုတည်းသော ရည်ရွယ်ချက်အတွက် လိုအပ်သမျှကို သပ်ရပ်တိကျစွာ ဖော်ပြနိုင်စွမ်းသော အကြောင်းအချက်များသာလျှင် လိုအပ်ပေသည်။ ထိုရည်ရွယ်ချက်သည်လည်း လူ့ဘဝကို ညွှန်းသည့် အချက်တစ်ခုခုကို နက်နဲစွာ တွေးခေါ်ယူနိုင်စေရန် ဖြစ်ရပေမည်။

အထက်ပါ အရည်အချင်းများကို မူတည်ပြီးလျှင် ကက်သရင်းမင်းစဖီးလ်ဒ် ရေးသော **သီလရှင်** ဝတ္ထုတိုကို စိစစ်ကြည့်ကြပါစို့။

ဝတ္ထု၏အစ ဝါကျကိုကြည့်ပါ။ 'ဤကဲ့သို့ သာယာသော နံနက်ခင်းတွင် စိတ်ညစ်ညူးသူ တစ်ဦးတစ်ယောက်မျှ ရှိနိုင်မည် မဟုတ်ဟု ထင်ရပေသည်။' ဤဝါကျသည် အပြင်လောကကို သာမန် အမြင်အနေဖြင့် ဖော်ပြလိုက်သည်။ ရာသီဥတု သာယာမှု၌ လူ၏စိတ်ကို အေးမြကြည်လင်စေနိုင်သော သတ္တိရှိသည်ဟု သာမန်အားဖြင့် ဆိုနိုင်၏။ သို့သော် 'ငါတစ်ယောက်အပြင် ရှိမှာ မဟုတ်ပါဘူးဟုလည်း အက်ဒနာက ထင်မြင်လေသည်'ဟူသော ဒုတိယဝါကျသည် ပထမဝါကျကို တစ်နည်းဖြင့် ဖျက်လိုက်ပြီးလျှင် သာမန်အားဖြင့် စိတ်ညစ်ညူးသူ မရှိနိုင်ဟု ထင်ရဖွယ် ဖြစ်စေကာမူ အက်ဒနာမှာကား စိတ်ညစ်ညူးလျက်ရှိကြောင်းကို လေးနက်စွာ ဖော်ထုတ်ပြလိုက်သည်။

http://www.cherrythitsar.org



ထို ပထမ၊ ဒုတိယ ဝါကျနှစ်ခုဖြင့်ပင် ပြင်ပလောကနှင့် အက်ဒနာ၏ ရင်တွင်းအခြေတို့သည် ကဏ္ဍတစ်ခုစီ ဖြစ်နေကြောင်း ထင်ရှားလေးနက်စွာ ဖော်ပြလိုက်ပေပြီ။ ပထမသည်လည်း အက်ဒနာ၏ အမြင်။ ဒုတိယသည်လည်း အက်ဒနာ၏ အမြင်ပင်ဖြစ်၏။ သို့ရာတွင် ပထမဝါကျသည် အက်ဒနာ၏ အပေါ်ယံစိတ် (ဦးနှောက်မှလာသော အတွေးအခေါ်)ကို ဖော်ပြသည်။ ဒုတိယ ဝါကျသည် သူ့ရင်တွင်း၌ဖြစ်သော အရင်းစိတ်ကို ဖော်ပြသည်။ ဤဝါကျနှစ်ခု ဖြင့်ပင်လျှင် ပြင်ပလောကနှင့် အက်ဒနာ၏ ရင်တွင်းအာရုံတို့သည် ပဋိပက္ခ ဖြစ်လျက်ရှိကြောင်း ဖော်ပြလိုက်သည်။ ဘာကြောင့် သာယာသော အပြင် လောကနှင့် လိုက်လျောအောင် အက်ဒနာ၏ စိတ်က မသာယာလေသနည်းဟူ သော သိလိုဇောကိုလည်း ဖတ်သူ၌ ပေါ်လာစေသည်။ ရှေ့သို့ဆက်၍ ဖတ်ချင် စိတ် ထွန်းကားစ ပြုလာပေပြီ။

'အိမ်ပြတင်းတံခါးများ ဖွင့်ထားသည်။ **...**ထီးအရောင်မှာ နီမြန်းမြန်း' အထိ ဝါကျရှစ်ခု ရှိသည်။ ဝါကျတိုများသာတည်း။ ထို ဝါကျရှစ်ခုဖြင့် ပြင်ပ လောက သာယာမှုကို ဖွဲ့ဆိုလိုက်သည်။

ပထမအပိုဒ် ပြီးသွားလေပြီ။ ဖတ်သူ၌ မျက်စိထဲတွင် သာယာသော အချိန်အခါ၊ သာယာသော ပြင်ပလောက၌ စိတ်မသာမယာဖြစ်နေရှာသော မိန်းကလေး **အက်ဒနာ**ကို မြင်လာရ၏။ ဘာကြောင့် စိတ်ညစ်ညူးသနည်း။ ထို အမေးသည် အဖတ်တင်လျက်ပင် ရှိနေသေး၏။ အဖြေကို ရနိုးနိုးနှင့် ရှေ့သို့ ဆက်၍ ဖတ်ရလေသည်။

ဒုတိယအပိုဒ်တွင် စိတ်ညစ်နေသည်ဟု သူ့ကိုယ်သူဆိုနေသော အက်ဒနာ ကို ရုပ်လုံးဖော်ပြသည်။ စိတ်ညစ်သည်ဟုသာ ဆို၍ အက်ဒနာ၏ ပုံပန်းမှာပူပုံ ပန်း မဟုတ်ကြောင်း ဖော်ပြလိုက်သည်။ ယင်းသို့ ဖော်ပြရာ၌ အက်ဒနာ၏ အသက် တစ်ဆယ့်ရှစ်နှစ်မျှသာ ရှိသေးကြောင်း၊ ကျန်းမာဖျတ်လတ်၍ရှုချင် စဖွယ်ဖြစ်ကြောင်း၊ အပျိုဖြန်းတို့သဘာဝ နွေဦးတွင် ပေါ်ပင်**(ဖက်ရှင်)**ဖြစ်သော ပြောင်းခက်ပန်ထားသော နွေဦး ဦးထုပ်ကိုဆောင်း၍ ပြင်သစ်ပြည်ထွက် ဂါဝန် ပြာကလေး ဝတ်ဆင်ထားကြောင်း၊ ထိုအကြောင်းများကို ဖတ်သူအားသိစေ ညွှန်းလိုက်၏။

ဒုတိယပိုဒ်နောက်ပိုင်းတွင် အက်ဒ်နာက စာကြည့်တိုက်သို့ သွား၍ တစ်ခုခုကို လုပ်ရန် ဆုံးဖြတ်ကြောင်း အကြောင်းကြားလိုက်သည်။

http://www.cherrythitsar.org



တတိယပိုဒ်တွင် အက်ဒနာစိတ်ညစ်ရသည့်အကြောင်းကို စ၍ ဖော်လိုက်သည်။ ရည်းစားနှင့်အတူ ပြဇာတ်ကြည့်ရင်း ပြဇာတ်မင်းသားကို ကြိုက်သည့်စိတ်သည် အက်ဒနာ၏ သန္တာန်တွင်းသို့ ဝင်လာသည် ဆို၏။ အပိုဒ်ကို "သို့ရာတွင် ချစ်သည်ကြိုက်သည်ဆိုသည့် ကိစ္စမှာ အဘယ်နည်း" ဟူသော မေးခွန်းကလေး ချိတ်လိုက်၏။

ထိုမေးခွန်းသည် ပြဇာတ်မင်းသားကို ချစ်ကြိုက်သွားသော အက်ဒနာ၏ မေးခွန်းပင် ဖြစ်၏။

သူ့အဖို့ အဖြေရှာ၍ မရနိုင်သော မေးခွန်းဖြစ်ချေသည်။ သို့ရာတွင် စတုတ္ထအပိုဒ်တွင် အဖြေ ရှာကြည့်စမ်းသည်။

စတုတ္ထအပိုဒ်တွင် အချစ်ဆိုသော အာရုံနှင့် အခြားအာရုံများမတူကြောင်းကို ဖော်ပြသည်။ နောက်ပိုင်းတွင် အချစ်၌ပါသော 'အရူးဓာတ်' ကလေးကို ညွှန်းပြသည်။ အရူးဓာတ်ကြောင့် အကယ်၍ ပြဇာတ်မင်းသားကသာ သူ့ကိုခေါ်လျှင် အက်ဒနာသည် မည်သူ့ကိုမျှ မထောက်ထားဘဲ မင်းသားနောက်သို့ ကောက်ကောက်ပါ လိုက်သွားမည်ဖြစ်ကြောင်း ဆိုလိုက်သည်။

ပဉ္စမအပိုဒ်တွင် ပြဇာတ်မင်းသားကို အက်ဒနာက ဘာကြောင့်သဘောကျသွားကြောင်း၊ ဆဋ္ဌမအပိုဒ်တွင် ထိုသဘောကျချက်ကို အချစ်ဆိုတာ ဒါပါပဲလားဟု တွေးမိကြောင်း ဆိုသည်။

အက်ဒနာ စိတ်ပြောင်းသွားကြောင်း ဖော်ပြပြီးလေရာ စိတ်ပြောင်း၍မသွားခင်က အက်ဒနာသည် သူ့ရည်းစာဂျင်မီနှင့် ကလေးအရွယ် ကတည်းကပင် ချစ်ခင်လာကြပုံကို ဆဋ္ဌမအပိုဒ်တွင် ဖော်ပြထားသည်။ သတ္တမအပိုဒ် အက်ဒနာသည် ဂျင်မီကို ချစ်သောဘဝမှ (ပြဇာတ်မင်းသားကို ချစ်လိုက်ကတည်းက) လွန်ခဲ့ပြီဟု ထင်မိသည်။ သူသည် ဂျင်မီကို သနားသော်လည်း မယူနိုင်တော့သဖြင့် သီလရှင်ကျောင်းဝင်းကြီးထဲသို့ ဝင်၍ သွားသည်။ နောက် အနှစ်လေးဆယ်ကြာလျှင် ဂျင်မီက သူထိုသို့ ပြုလိုက်သည်၏ အဓိပ္ပာယ်ကို နားလည်ကောင်း၏ဟု အက်ဒနာက ထင်မိသည်။ ထိုအတွေးနှင့် တစ်ဆက်တည်းပင် 'ငါ့အဖို့ နောင်ရေး အဘယ်သို့နည်း' ဟု မေးမိသည်။

နောက်အပိုဒ်တွင် သူတက်သွားသော ကုန်းထိပ်နှင့် သီလရှင်ကျောင်း၏ ပတ်ဝန်းကျင်အခြေအနေကို ဖော်ပြထားသည်။ နောက်အပိုဒ်တွင်ကား အက်ဒနာသည် ဂျင်မီကိုလည်း မယူချင်တော့။ ပြဇာတ်မင်းသားကိုလည်း မယူနိုင်။

ပြဇာတ်မင်းသားအပေါ်တွင် ထားရှိသော သူ့အချစ်သည်ကား ကြီးမားလွန်း၍ အိမ်ထောင်ပြုစိတ်မရှိဟု သူထင်လေသည်။ 'အချစ်သည်ကား ညှဉ်းဆဲရန်မျှသာ ဖြစ်သည်'ဟု သူထင်မိသည်။

နောက်အပိုဒ်နှစ်ပိုဒ်တွင် ဂျင်မီက သူ့အား သီလရှင် လုပ်ချင်စိတ်မှ ပြောင်းမလာတော့ဘူးလားဟု မေးရာ၊ သူက ပြောင်းမလာတော့ဘူးဟု ဆိုသော အချေအတင်စကားပြောသံကို ထည့်ထားသည်။

အက်ဒနာသည် သီလရှင်ကျောင်းအနီးတွင် ထိုင်၍နေခိုက် သူ့ နောင်ရေးကို ထင်မြင်လာတော့သည်။သူသည်ပစ္စည်းများကို စွန့်လိုက်သည်။ နောက်အပိုဒ်တွင် သူ သီလရှင်ဖြစ်ရပုံကို ဖော်ပြထားသည်။ ရုပ်ချောသော သီလရှင်ကလေးကို ကျောင်းသို့ရောက်လာသော ဧည့်သည်များက စိတ်ဝင်စားစွာ ကြည့်ကြပုံ ဖော်ပြလိုက်သည်။ "သူ့ ကြောင့်ပေါ့၊ မြို့ထဲမှာ လူတစ်ယောက် ဒုက္ခကြီး ရောက်နေပါပကော"ဟု အချို့က ဆိုကြသည်။ အက်ဒနာသည် သူ့ကြောင့် ဂျင်မီ ဒုက္ခရောက်နေပြီဟု သိ၏။

နောက်အပိုဒ်တွင် ပိတုန်းတစ်ကောင်က ပန်းပွင့်ကလေး တစ်ပွင့်မှ ဝတ်ရည်စုပ်နေရာ ပန်းပွင့်ကလေးက ကျေနပ်စွာ အစုပ်ခံနေပုံကို ဖော်ပြလိုက်သည်။ ဤအပိုဒ်သည် အချစ်သဘာဝကို ပုံဟပ်ပြီး ပြခြင်းဖြစ်၏။

နောက်အပိုဒ်တွင် သီလရှင်ကလေး အိန်ဂျယ်လာ(အက်ဒနာ၏ သီလရှင်ဘွဲ့)သည် ဆောင်းတွင်းတွင် ကြောင်ကလေးတစ်ကောင်ကို နှင်းတောထဲမှ ကယ်ရာတွင် သူကိုယ်တိုင် အအေးမိ၍ အပြင်းဖျားကာ သေရှာသည်။

နောက်အပိုဒ်တွင် သူသေသဖြင့် သူ့မိဘနှင့် ဂျင်မီတို့ပင် သူ့သင်္ချိုင်းသို့ လာ၍ ငိုကြပုံကို ဖော်ပြသည်။

နောက်အပိုဒ်တွင်ကား အက်ဒနာသည် ကိုင်ထားသောစာအုပ် အောက်သို့ ဗုန်းခနဲကျ၍ လန့်နိုးသွားပုံ၊ ရှေ့က အဖြစ်အပျက်များမှာ အိပ်မက်မျှသာဖြစ်ကြောင်း ဂျင်မီနှင့် လက်ထပ်ပြီးနောက် နေရမည့်အိမ်၊ မွေးရမည့်ကလေးနှစ်ယောက် (ပထမသားကလေး၊ နောက်သမီးကလေး)တို့အကြောင်းကိုတွေးကာ ယခင်ကတည်းက သာယာလာခဲ့သော ပြင်ပလောကနှင့် သူ့ရင်တွင်း စိတ်အခြေအနေသည် အဆင်ပြေသွားကာ နောက်ဆုံးအပိုဒ်တွင် 'သူသည်လည်း တစ်ခါမျှ မကြုံဖူးသော အချစ်အာရုံစစ်ကို ခံစားရလေသည်'ဟူသော ဝါကျတစ်ခုတည်းဖြင့် ဖော်ပြလိုက်လေသည်။

http://www.cherrythitsar.org



**သီလရှင်** ဝတ္ထုတိုကို တစ်ပိုဒ်ချင်း ခွဲ၍ ပြခဲ့ပါပြီ။ ရေးပုံရေးနည်းကို ညွှန်ပြခြင်းမျှသာ ဖြစ်ပေသေးသည်။ ဝတ္ထုတို၌ သိပ်သည်းမှုရှိအပ်ကြောင်း၊ဆိုလိုသည့်အကြောင်းကို သိမ်မွေ့သောနည်းဖြင့် ဆိုအပ်ကြောင်း ညွှန်ပြခြင်းလည်း ဖြစ်၏။ သိပ်သည်းမှုကို ပြရာ၌ အက်ဒနာသည် အသက်တစ်ဆယ့်ရှစ်နှစ်အရွယ် အပျိုဖြန်းကလေး ဖြစ်သည့်အလျောက် ပြဇာတ်မင်းသား 'ပူပုံပန်း' လိုက်သည်ကို စွဲလမ်းသွားရာမှ သူ့ကိုယ်သူ 'ဒါဟာ အချစ်စစ်ပါပဲ' ဟု ထင်မိမှားပုံ၊ ဂျင်မီကို မချစ်နိုင်တော့သဖြင့် သီလရှင်ဖြစ်ချင်စိတ်ပေါ်လာပုံ၊ သီလရှင်အဖြစ်နှင့် သူ့နောင်ရေး တွေးကြည့်ရာဝယ် သီလရှင်ဘဝသည် ခြောက်သွေ့ကြောင်း တွေ့ရပုံတို့အား မြင်ထင်လာကြောင်းတို့ကို ပန်းချီတွင် စုတ်ချက်နုနုကလေးများဖြင့် ရုပ်လုံးဖော်သကဲ့သို့ သရုပ်ဖော်သွားသည်ကို တွေ့ရသည်။ နောက်ဆုံး၌ အချစ်စစ်၏ အရသာသည် အရူးထ,ပြီးမှ ပြန်၍ ဒုံရင်းသို့ပြန်ဆိုက်ပြီးသည့်အခါတွင် ပေါ်လာကြောင်း နောက်ဆုံးအပိုဒ်တွင် ဝါကျတိုကလေးတစ်ခုတည်းဖြင့် ဆိုလိုက်ပေသည်။

**သီလရှင်**ဝတ္ထု တစ်ပုဒ်လုံးကို ခြုံကြည့်လိုက်သောခါ တစ်ဆယ့်ရှစ်နှစ်အရွယ် ချစ်ပါးမဝ,သေးသော မိန်းကလေးတစ်ယောက်၏ စိတ်ကစားပုံ၊ စိတ်ကူးယဉ်ပုံ၊ အချစ်အဓိပ္ပာယ် နားလည်ပုံတို့ကို သူ့အတွေး၊ သူ့ အိပ်မက်တို့ဖြင့် ဖော်ပြထားကြောင်းတွေ့ရသည်။ နောက်ဆုံး၌ သီလရှင် ဘဝ၏ အခြေအနေကို လက်မခံနိုင်သော သူ့စိတ်ကို သိမြင်သဘောပေါက်လာကာ ဂျင်မီထံသို့ ချစ်စိတ် ပြန်ရောက်သွားတော့သည်။ ယင်းသို့ ဒုံရင်းသို့ ရောက်ခါမှ အချစ်စိတ်၏ စိတ်အာရုံသည် မည်သို့ပင် လှုပ်ရှားစေကာမူနောက်ဆုံး၌ မိမိ၏ နေရင်းဌာနသို့သာ ပြန်ရောက်ရကြောင်း ပေါ်လွင်စေသည်။

ကက်သရင်းမင်းစဖီးလ်ဒ်သည် နယူးဇီလန်ပြည်သူ ဖြစ်သည်။ ၁၈၉၀–ပြည့်နှစ်တွင် ဖွား၍ ၁၉၂၃ – ခုနှစ်တွင် ကွယ်လွန်သည်။ အင်္ဂလိပ် အယ်ဒီတာ စာရေးဆရာ 'မစ်ဒစ်လ်တန်မာရေး'၏ ဇနီး ဖြစ်သည်။ သူ့ ဝတ္ထုများမှာ အဓိပ္ပာယ်လေးနက်၍ နူးညံ့သိမ်မွေ့သောကြောင့် ထူးခြားလှပေသည်။ သူ့ဝတ္ထုများတွင် ဇာတ်ကောင်များ၏ အတွေးကလေးများနှင့် ဇာတ်လမ်းဇာတ်ကွက် ဖော်ပြချက်များ ရောနှော၍ ရေးထားတတ်သဖြင့် ဖတ်တတ်ဖို့ အတော်ပင်လိုသည်။ ဇာတ်လမ်းဇာတ်ကွက်ဟုသာ ဆိုရသည်။ စင်စစ်အားဖြင့် ပြောပလောက်အောင် မရှိပေ။ စိတ်၏ လှုပ်ရှားမှုကို ဖော်ပြသောကြောင့် ဇာတ်လမ်း

http://www.cherrythitsar.org



ဓာတ်ကွက်ဟု ခေါ်နိုင်ဖို့ ခဲခက်လှ၏။ ထို့ကြောင့် သူ့ဝတ္ထုများကို အကျဉ်းချုပ်ရေးလျှင် ပျက်စီးလိမ့်မည်။ သူ့အနုပညာကို စော်ကားရာကျမည်။ သူ့ဝတ္ထုများ၏ အရသာကို ခံစားလိုပါမူ ဝတ္ထုမူရင်းကိုသာ ဖတ်သင့်သည်ဟု ဝေဖန်သူများက ဆိုကြသည်။

*ဓာတ်လမ်းကောင်းရမည်။ ဓာတ်အိမ်ခိုင်ရမည်။ အချိတ်အဆက်ကောင်းရမည် စသည့် လိုအပ်ချက်များကို တင်ပြသူတို့အဖို့ ကက်သရင်းမင်းစဖီးလ်ဒ်၏ ဝတ္ထုတိုများနှင့် အံမကိုက်ချေ။ ဓာတ်လမ်းကောင်းရမည်။ အချိတ်အဆက်ကောင်းရမည်။ ဖတ်သူ၌ ရင်တဖိုဖို ဖြစ်ရမည် စသည့် အချက်အလက်များဖြင့် ပြည့်စုံရုံနှင့် ဝတ္ထုတိုကောင်းတစ်ပုဒ် ဖြစ်သည်ဟု မဆိုသာပေ။ အရေးအသားကောင်း၍ ဖတ်သူတို့ အာရုံကို ဆွဲဆောင်နိုင်ရုံနှင့်လည်း ဝတ္ထုတိုကောင်းဟု မဆိုသာ။ အရေးအသား မည်မျှပင် ကောင်းစေကာမူလည်း လူ့သဘာဝ လူ့စရိုက်တို့ကို သရုပ်မဆောင်လျှင် (သရုပ်ဆောင်ရာ၌ မအောင်မြင်လျှင် ထိုဝတ္ထုတိုမှာ စာပေအရာမြောက်သည်ဟု ဆိုနိုင်ဖို့ ခဲယဉ်းလှချေသည်။*

*စာပေအရာမြောက်သော ဝတ္ထုတိုဟု ဆိုရာ၌ ဖတ်၍ ကောင်းခြင်းထက် လေးနက်သော အတွင်းခံ အဓိပ္ပာယ်ပါရှိခြင်းက ပို၍ အရေးကြီးသည်။ သီလရှင်ဝတ္ထုတိုကို တစ်ခေါက်မက ဖတ်ကြည့်စေလိုပါသည်။ ပထမအခေါက်နှင့် ဒုတိယအခေါက် အရသာချင်းကွာကြောင်း သိလာပေမည်။ ဝတ္ထုကိုအပျင်းပြေ ဖတ်လိုသူသည် သီလရှင်ကိုဖတ်ပြီးလျှင် စိတ်ပျက်၍ ပစ်ပယ်ပေလိမ့်မည်။ လူ့သဘာဝကို တစေ့တစောင်း ကြည့်လိုသူသည် တစ်ခေါက်မက နှစ်ခေါက် သုံးခေါက် ဖတ်လိုက်ခြင်းဖြင့် မြင်လာနိုင်ပေလိမ့်မည်။ စာပေအရာသာကိုခံစားလိုသူသည် အစားအစာ၏ အရသာ ခံစားရာ၌ ဖြည်းဆေးညက်ညောစွာ ဝါးခြေရန် ဝန်မလေးသည့် နည်းအတိုင်းပင်၊ စာကို ညက်ညက်ညောညော ဖတ်သင့်လှပေသည်။*

http://www.cherrythitsar.org



# ၉။ ပြန်ပေး

## ပါးလ်ဗတ် ရေးသည်

အိုသိုဗင် တီးလုံးသည် ရုတ်တရက် ရပ်သွား ပြီးလျှင် ကြည်လင်ပြတ်သား၍ ရေဒီယိုမှ ပြောနေကျ အသံမျိုးနှင့် အောက်ပါ သတင်းကို ကြေညာလေသည်။

'ရေဒီယို သတင်းတစ်ရပ်အဆိုမှာ ပြန်ပေးဆွဲခံရသော ဂျင်မီလိန်း၏ အလောင်းကို ဟတ်ဆင် မြစ်ကမ်းရှိ သူ၏ အိမ်အနီးတွင် တွေ့ရသည်။ ဂျင်မီလိန်းမှာ မစ္စတာဟတ်ဒလီလိန်း၏ သားငယ်ဖြစ်သည်။ သားကလေးကို ပြန်ပေးဆွဲသွားသည့် အချိန်မှစ၍ မိဘများနှင့် ရဲအဖွဲ့ကပါ အပူတပြင်း လိုက်လံရှာဖွေခဲ့ရာ ယခုမှာမူ ရှာရကျိုးမနပ် ဖြစ်ရတော့သည်'

"ကင့် ရေဒီယိုကို ပိတ်လိုက်စမ်းပါ"ဟု အယ်လင်က အော်ပြောလိုက်သည်။

ကင့်ကရော့သားကို တစ်စက္ကန့်မျှ ယောင်ကန်းကန်းလုပ်နေပြီးမှ ရေဒီယိုကို ပိတ်လိုက်လေသည်။

အယ်လင်သည် သူ၏အောက်နှုတ်ခမ်းကို ကိုက်ရင်း ငြိမ်သက်စွာ ထိုင်နေရာမှ "အင်း... ကလေးအမေတော့ သနားစရာပဲ။ မမောမပန်း ရှာရကျိုးမနပ် ဖြစ်ရပေလေတယ်"ဟု ဆိုလေသည်။

http://www.cherrythitsar.org



"ကလေးဘာဖြစ်မှန်း မသိရဘဲ တရာတည်း ရှာရတာနဲ့စာရင် အခု လို ပြတ်ပြတ်သားသား သိလိုက်ရတာမှ ကောင်းသေးတယ်"ဟု သူ့ ခင်ပွန်းသည်ကင့်က လေသံအေးအေးနှင့် ပြောလိုက်လေသည်။

ကင့်သည် သူ့ဇနီးသည်အား ပြန်ပေးကိစ္စကိုချည်း တွေးပြီးလျှင် အကြောက်ပိုနေရန် မသင့်ကြောင်း ပြောပြရန် အခါကောင်း ကြုံပြီဟု အောက်မေ့မိလေသည်။ အမေရိကန်ပြည်ကြီးတွင် ရှိသမျှ ကလေးများကို ပြန်ပေးဆွဲကြသည်မဟုတ်။ အကြောင်းကံ မကောင်းသည့် ကလေး အချို့ကိုသာ ပြန်ပေးဆွဲကြသည်။ ထို့ကြောင့် အရမ်းကာရော စိုးရိမ်နေ စရာမလိုဟု သူက သူ့ဇနီးကို နားလည်အောင် ပြောပြလိုလှသည်။ သူတို့ အဖို့ သူတို့၏ ကလေးများအတွက် အစောင့်အရှောက်များ ထားပေးနိုင် လောက်အောင်လည်း မချမ်းသာ။ သို့ရာတွင် စက္ကူစက်ရုံတစ်ရုံ ပိုင် သဖြင့် အရပ်ထဲတွင် အချမ်းသာဆုံး ဖြစ်နေပေရာ ပြန်ပေးတို့ မျက်စိ မစူးဘူးဟုလည်း မဆိုသာပေ။

မည်သို့ပင် ဖြစ်စေကာမူ ပြန်ပေးကို ကြောက်အားပိုပြီးလျှင် စိတ် သောက များနေရန် မသင့်လှချေ။ မိမိတို့မှာ ပြန်ပေး မျက်စိကျလောက် အောင် သိန်းသန်းချီပြီး၊ ချမ်းသာသူများ မဟုတ်ဟု အောက်မေ့ကာ စိတ် သက်သာရာ ရှာကြရပေမည်။ ထိုသို့ သဘောထားရန်မှာ ယခု အချိန်တန် ပြီဟု ကင့် ထင်မိ၏။ အကြောင်းသော်ကား လာမည့် ဆောင်းဦးတွင် သားကလေး ဘရစ် ကျောင်းစ၍ တက်ရတော့မည် ဖြစ်သောကြောင့်ပင်။ ဘရစ်သည် အခြားသော သန်းပေါင်းများစွာသော အမေရိကန်ကလေး များနည်းတူ ကျောင်းသို့ ခြေကျင် သွားရပေမည်။ အကွက် သုံးကွက်မျှ သာ ဝေးကွာသော ကျောင်းသို့ မော်တော်ကားနှင့် ပို့ရန်မသင့်ဟု ကင့် ထင်မိသည်။ အပြင်ခိုင်းအစေခံ ပီတာအား ကားနှင့် ပို့စေပါမူ ကလေး အကျင့် ပျက်စီးနိုင်သည်။ ဒီမိုကရေစီနိုင်ငံ၌ ဘရစ်သည် လူထုကြားထဲ တွင် သွားလာနေထိုင်နိုင်ဖို့ အကျင့်လုပ်ရပေမည်။

"ကျွန်မ ကလေးတွေ စောင်သွားခြုံပေးလိုက်ဦးမယ်။ ဘက်စီက စောင်ကို ခွာခွာပစ်တတ်တယ်"ဟု အယ်လင်က ဆို၍ ထွက်သွား လေသည်။

http://www.cherrythitsar.org



သူ့သားနှင့်သမီး အိပ်ရာထဲမှာ ရှိမရှိ သိချင်၍ စောင်ခြုံရန် သွားမည်ဟု ဆိုသည်ကို ခင်ပွန်းသည် ကင့်က သိလေသည်။ ကင့်လည်း ဆေးတံ ညှိပြီးလျှင် အယ်လင်နောက်မှ လိုက်သွားသည်။ သူတို့ နှစ်ယောက်သည် လက်တွဲ၍ လှေကားပေါ်သို့ တက်သွားကြသည်။ အယ်လင်သည် အခန်းတံခါးကို ညင်သာစွာဖွင့်လိုက်သည်။ အယ်လင်၏ ကြောက်စိတ်မှာ ကင့်ကိုပင် ကူးစက်ချင်သလိုလို ဖြစ်တော့သည်။ ကလေးများ အိပ်ခန်းတံခါး ဖွင့်သည့်အခါတိုင်း၌ ကင့်သည် အသည်းထိတ်မိ၏။ ခုတင်ကလေး နှစ်လုံးပေါ်တွင် ကလေးများ တစ်ယောက်စီ အိပ်မောကျနေသည်ကို မြင်လိုက်ရမှ ရင်ထဲက အလုံးကြီး ကျသွားလေတော့သည်။

ကလေးများသည် သူတို့ ခုတင်ပေါ်တွင် အိပ်နေကြသည်။ ကင့်သည် ဘရစ်၏ ခုတင်အနီးတွင်ရပ်၍ သားကလေးကို ငုံ့ကြည့်လိုက်သည်။ အတော် ရုပ်ရည်သန့်တဲ့ ကောင်ကလေးပဲဟု တွေးမိသည်။ ကလေးသည် အိပ်မောကျနေသဖြင့် သူ့မိခင်က သူ့မျက်နှာကလေးကို ငုံ၍ နမ်းသော်လည်း မနိုးပေ။ ကလေး၏ ဆံပင်မှာ နက်၍ ကောက်လိမ်နေသည်။ နှုတ်ခမ်းကလေးမှာ စူလျက်။ အသားကလေး ခပ်ညိုညိုပေမယ့် မျက်လုံးမှာ သူ့အမေ အယ်လင်၏ မျက်လုံးကဲ့သို့ ပြာလဲ့လဲ့ ရှိသည်။

သူတို့ နှစ်ယောက်သည် စကားတစ်ခွန်းမျှ မပြောကြပေ။ အယ်လင်သည် ကလေး၏ လက်မောင်းတစ်ဖက်ပေါ်သို့ စောင်ကိုဆွဲ၍ လွှမ်းပေးလိုက်သည်။ သူတို့နှစ်ယောက်သည် ကလေး၏ ခုတင်အနီးတွင် လက်ချင်း ဆုပ်၍ ရပ်နေကြသည်။ အယ်လင်က ကင့်ကို မော့ကြည့်ရင်း ပြုံးလိုက်သည်တွင် ကင့်က သူ့ဇနီးကို ငုံ့၍ နမ်းလိုက်လေသည်။ ထို့နောက် ကင့်က အယ်လင်၏ပခုံးကို ဖက်လိုက်သည်။ ထို့နောက် သူတို့နှစ်ယောက်သည် ဘက်စီ၏ အိပ်ခန်းသို့ ထွက်သွားကြလေသည်။

ကင့်သည် သားကလေးဘရစ်အား အခြား ယောကျ်ားကလေးများနည်းတူ မိမိကိုယ်ကို စောင့်ထိန်း၍ သွားလာစေလိုသော်လည်း သူ့သမီးကလေး ဘက်စီအတွက် စိတ်မချချေ။ သမီးကလေးမှာ သူ့မအေ၏ ရွှေရောင်ဆံပင်မျိုးရှိ၍ သူ့မျက်လုံးများမှာ ဖအေတူ ဖြစ်လေသည်။

http://www.cherrythitsar.org



ဘက်စီကလေးသည် အသက်ရှူ တစ်ခါတစ်ခါ ပြင်း၍နေသည်။

'ကလေး နှာစေးတာ ဘယ့်နှယ်နေသေးသလဲ'ဟု ကင့်က သူ့ဇနီးအား တိုးတိုးမေးလိုက်သည်။

"သိပ်မဆိုးတော့ပါဘူး။ ရင်ဘတ်မှာ ပလတ်စတာ ကပ်ထားတယ်"ဟု အယ်လင်က တိုးတိုး ပြန်ပြောလေသည်။

ဘက်စီကလေး တစ်ခုခုဖြစ်လျှင် ကင့်သည် အမြဲတမ်း ဒေါသ ဖြစ်မိသည်။ အထိန်း မော်လီကို မယုံကြည်လှချေ။ မော်လီမှာ သဘောသကာယ ကောင်းသော်လည်း ပေါ့ပေါ့တန်တန် နေတတ်သည်။

ဘက်စီသည် လူးလှိမ့်၍ မျက်လုံးကလေးများ ဖွင့်ကြည့်လိုက်သည်။ မျက်တောင်ကလေးများ ပေကလပ် ပေကလပ်လုပ်ရင်း ပြုံးကာ သူ့ဖခင်အား လက်လှမ်းနေလေသည်။

"မချီပါနဲ့ မောင်ရယ်။ အကျင့်ပါနေဦးမယ်"ဟု အယ်လင်က ပြောလိုက်သည်။

ကင့်ကလည်း ကလေးကို မချီပေ။ လှမ်းနေသော လက်ကလေးများကိုတစ်ဖက်ပြီးတစ်ဖက် သာသာကလေးချ၍ စောင်လွှမ်းပေးလိုက်လေသည်။

"ကဲ… သမီးအိပ်တော့"ဟု ကင့်က ဆိုလိုက်ရာ ဘက်စီသည် တစ်ဖက်သို့ လှည့်၍ မျက်စိမှိတ်သွားလေသည်။ ချစ်စရာ၊ သနားစရာကလေး ပေတည်း။

"လာ မီးမှိတ်လိုက်ကြရအောင်"ဟု အယ်လင်က တိုးတိုး ပြောပြီးလျှင် မီးမှိတ်လိုက်လေသည်။ ထို့နောက် သူတို့နှစ်ယောက် ခြေဖျားထောက်၍ အိပ်ခန်းထဲမှ ဧည့်ခန်းထဲသို့ ထွက်သွားကြလေသည်။

ကင့်သည် ထိုင်၍ ဆေးတံဖွာနေလေသည်။ သူ့၌ အယ်လင်ကို ပြောစရာတွေ အများကြီး ရှိသည်။ သူတို့ ကလေးများအတွက် ဘာမျှ စိုးရိမ်စရာ မရှိကြောင်း ပြောထားမှ ဇနီးစိတ်ချမ်းသာမည်။ သူ့ဇနီး သောကကင်းမှ သူလည်း စိတ်ချမ်းသာပေမည်။

"ပြန်ပေးဆွဲတယ်ဆိုတာ မိုးကြိုးပစ်သလိုပဲ။ လူတစ်သိန်းမှာ တစ်ယောက်လောက် မိုးကြိုးပစ်ခံရတာနဲ့ မိုးကြိုးပစ်မှာ ကြောက်နေလို့

ဘယ်ဖြစ်မလဲ။ ပြန်ပေးဆွဲခံရတဲ့ ကလေးတစ်ယောက်ရှိရင် အဆွဲမခံရတဲ့ ကလေး တစ်သိန်းလောက်ရှိတယ်။ ဒီတော့ ကလေးတွေအဖို့ ဘာမှ စိတ်မချစရာ မရှိဘူးကွယ်”ဟု ကင့်က စကားပလ္လင်မဆင့်ဘဲ ပြော လိုက်လေသည်။

အယ်လင်သည် မီးလင်းဖိုအနီးရှိ ကုလားထိုင်တွင် ထိုင်နေရာမှ ကင့်က ထိုသို့ ရုတ်တရက်ပြောလိုက်သဖြင့် ကင့်ဘက်သို့ လှည့်ကြည့်မိ သည်။ “ကင့် တကယ်လို့များ တစ်ယောက်ယောက်က အိမ်ပေါ်ထပ်မှာ အိပ်နေတဲ့ ကလေးတွေကို ပြန်ပေးဆွဲသွားရင် ဘာလုပ်မလဲ။ မှန်မှန်ပြော စမ်းပါ”ဟု အယ်လင်က ပြောလိုက်သည်။

“ဟာ အဓိပ္ပာယ် မရှိတာဘဲကွာ။ အခု ငါ ပြောနေပါပကောလား။ ပြန်ပေးဆွဲတယ်ဆိုတာ အတော်နဲ့ ဖြစ်နိုင်တဲ့ ကိစ္စ မဟုတ်ပါဘူးလို့။ ဟောဒီ သတင်းစာတွေကိုက အသုံးမကျပါဘူးကွာ။ တိုင်းပြည်မှာ ဘာ ဖြစ်မလဲ၊ ဖြစ်တယ်ဆိုရင် သူတို့က အကြီးအကျယ် လုပ်ရေးပြီး ထစ်ခနဲ သတင်းစာထဲ ပါတော့တာပဲ”

“ဂျိန်းအဲလီယက်က ပြန်ပေးမှုသုံးမှုမှာ တစ်မှုလောက်သာ သတင်း စာထဲ ပါတာတဲ့”ဟု အယ်လင်က ပြောလိုက်သည်။

“အို ဂျိန်းကိုယ်တိုင်က သတင်းထောက်မ ဖြစ်နေတော့ ဒီလိုပြောမှာ ပေါ့ကွာ။ သူပြောတဲ့စကားကိုလဲ အဟုတ်ချည်း အောက်မေ့မနေနဲ့ ဦးလေ”

“ဂျိန်းကိုယ်တိုင် ပြန်ပေးဆွဲမှုတွေ လိုက်ပြီး သတင်းထောက်နေတာ မောင်ရဲ့။ ဒီတော့ သူပြောတာ မှန်မှာပေါ့။ တစ်နေ့ကလဲ မိုင်းယက်ရဲ့ ကလေး ပြန်ပေးဆွဲသွားတဲ့ အကြောင်း ပြောနေသေးတယ်”

အယ်လင်၏ အသံမှာ စိုးရိမ်မှု ပယောဂကြောင့် တုန်၍ နေသည်။ ကင့်သည် ထိုအခိုက်အခါမျိုးတွင် သူ့ဇနီးအား စိုးရိမ်မှု ကင်းသွားအောင် ပြောပြဖို့ အချိန်တန်ပြီဟု တွက်မိလေသည်။ အယ်လင်သည် ထိုပြန်ပေး ကိစ္စကို စိတ်စွဲနေသည်။ ဘရစ်ကို မမွေးခင်ကတည်းက သူ့ကို စိုးရိမ်

http://www.cherrythitsar.org



တကြီးနှင့် မေးလေ့ ရှိသည်။ တစ်ခါတစ်ရံ ညကြီးမင်းကြီး အိပ်ရာထဲတွင် သူ့ကိုနှိုး၍ 'မောင် တကယ်လို့များ'ဟု မတင်မကျ ပြောရှာသည်။

"ဘာလဲကွ။ ဘာ တကယ်လို့များလဲ"

"တကယ်လို့များ အယ်လင်တို့ ကလေးကို ပြန်ပေးဆွဲရင် မောင် ဘာလုပ်မလဲဟင်"

"အိုကွာ အယ်လင်ကလဲ ကြံကြီးစည်ရာ။ ဘာမှ မဖြစ်နိုင်တဲ့ဟာ တစ်ခုကို ဖြစ်များ ဖြစ်ရင်ဆိုပြီး အလကားပူနေတယ်။ ဘယ်ကလာ ပြန်ပေးဆွဲရမှာလဲကွ"

ယင်းသို့သာ ပြောရသည်၊ ကင့်စိတ်ထဲ၌လည်း စိုးရိမ်သလိုလို ဖြစ်လာလေတော့သည်။ ဘရစ်ကလေး မွေးပြီးကတည်းက ပြန်ပေးမှုများကို သတင်းစာထဲတွင် ပါလာတိုင်း အထူးဂရုစိုက်၍ ဖတ်လေသည်။

ယခုလည်း အယ်လင်က စိုးရိမ်တကြီး မေးမြဲအမေးကို မေးပြန်လေပြီ။

"အချစ်ရယ် ပူမနေပါနဲ့။ အလကားနေရင်း ကြောက်နေမယ့်အစား တကယ်လို့များ ဖြစ်လာရင် ဘာလုပ်မယ်ဆိုတာကို တိတိကျကျ တွေးထားပါ့မယ်။ စိတ်သာ ချနေပါ"

"ဟုတ်တယ်မောင်ရဲ့။ အယ်လင်လဲ အလကား ကြောက်မနေချင်ပါဘူး။ တကယ်လို့များ ဖြစ်လာရင် ဘာလုပ်ရမယ်ဆိုတာ သိထားနှင့်ရင် အယ်လင် မကြောက်တော့ပါဘူး မောင်ရယ်"

"အင်း တချို့လူတွေတော့ ကလေးတွေ ကြီးပြင်းအောင် မွေးလာပေမယ့် ပြန်ပေးကိစ္စကို တစ်ခါမှ ထည့်စဉ်းစားမိကြမယ် မဟုတ်ဘူးနော်"

အယ်လင်က "စဉ်းစားမိကြမှာပေါ့။ အထူးသဖြင့် အမေလုပ်သူတွေတော့ ဒီအကြောင်းကိုပဲပြောနေကြတယ်"ဟု ဆိုလေသည်။

"အိုကွာ ဒီအကြောင်း မပြောဘဲနေကြရင် ပိုကောင်းမယ်။ ပြောတော့ အလကား အစိုးရိမ် ပိုနေကြမှာပေါ့"

"ကဲလေ တကယ်လို့များဖြစ်လာရင် ဘယ်လိုလုပ်ကြမလဲဆိုတာ ကျွန်မတို့ စဉ်းစားနေကြတယ် မဟုတ်လား"

"အင်း ဟုတ်သားပဲ။ ဟုတ်တယ်။ အခုနေက စဉ်းစားထားရင် အရေးကြုံလာတော့ ဗျာမများရဘူး"

"ကဲ... ကျွန်မတို့ ဘယ်လို လုပ်ကြမလဲ"

"စဉ်းစားထားတာတော့ ဟုတ်ပါပြီ။ တကယ်ဖြစ်ဖို့ ဆိုတာတော့ သိပ်ခဲယဉ်းတယ်။ အဲဒီအချက်ကိုလဲ အယ်လင်က အမြဲစိတ်မှာ ထားရမယ်နော်။ ဟုတ်လား"

အယ်လင်က ခေါင်းညိတ်လိုက်သည်။

"ငါတော့ ငါ့ကလေး တစ်ယောက်ယောက် ပြန်ပေးဆွဲခံရရင် ချက်ချင်း ရဲအဖွဲ့ တိုင်လိုက်မှာပဲ"

"ဘယ်ရဲမျိုးလဲ။ မိုက်အိုဘရိုင်းယန်းတို့ကို နှုတ်မလုံတဲ့ ရဲမျိုးလား။ သူ့လိုဟာမျိုးသာ ပြောလိုက်ရင် သတင်းထောက်တွေ ပြောလိုက်မှာပဲ။ ဒီ အမှုမျိုးဟာ သတင်းစာထဲပါရင် ပြန်ပေးဆွဲခံရတဲ့ လူအဖို့ အသက်စိုးရိမ် ရတယ်လို့ ဂျိန်းက ပြောတယ်"

"ဘယ်ရဲမျိုးလဲဆိုတာတော့ ပြည်ထောင်စုရဲအဖွဲ့ကို တိုင်မယ် ပြောတာပါ။ ရဲအဖွဲ့က စုံထောက်အဖွဲ့ကိုတစ်ဆင့် အကြောင်းကြားလိမ့်မပေါ့"

"ရဲကို တိုင်တယ်ဆိုတာ ဘယ်လိုတိုင်ရမှာလဲ"

ကင့်သည် ထို အမေးကို မဖြေနိုင်ချေ။ "ဒါတော့ မသိသေးဘူး။ ဒါပေမယ့် စုံစမ်းထားပါ့မယ်။ အရေးကြီးတာက ဒီလိုဖြစ်လာရင် ဘယ်လမ်းကို လိုက်မယ်ဆိုတာကို ပထမ ဆုံးဖြတ်ထားဖို့ပဲ။ ငါတော့ ပြန်ပေးဆွဲရင် ငွေပေးပြီး မရွေးဘူး။ အဲဒီလို ဆုံးဖြတ်ထားတယ် အယ်လင်။ ငွေပေးရွေးနေသမျှ ပြန်ပေးကောင်တွေ ဆက်ပြီး သောင်းကျန်းနေဦးမှာပဲ။ သူတို့ကို အားပေးတာနဲ့ တူနေမယ်။ ဒီတော့ ဒီ ကိစ္စမျိုးမှာ သတ္တိနဲ့ ကြံ့ကြံ့ခိုင်ခိုင် ခံနိုင်အောင် ကြိုးစားရမယ်။ ဒီတော့မှလဲ ပြန်ပေးကောင်တွေ နောက်ထပ် မလုပ်ရဲဘဲ ဖြစ်သွားမယ်"

ကင့်ပြောသော စကားကို အယ်လင်က သဘောပေါက်ပုံ မရချေ။ သူက ပြန်ပြောသော လေသံမှာ အတော်ပင် နိမ့်၍ ကြောက်အား ပိုနေပုံ ရသည်။

http://www.cherrythitsar.org



"ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ ကင့်ရယ်။ ငွေပေးပြီး မရွေးဘူးလို့ ဆုံးဖြတ်ထားပေမယ့် အကျပ်ကြုံလာရင် ပေးရမှာပေါ့။ တကယ်လို့ ဘရစ်ကလေး ဆွဲခေါ်သွားကြပြီ ဆိုပါတော့။ ဆောင်းတွင်းကြီးမှာ ကလေးကို ညဝတ်အင်္ကျီကလေးနဲ့ ဆွဲခေါ်သွားကြပြီဆိုရင် ကလေးခမျာ လူဆိုးလက်ထဲမှာ သိပ်ဆင်းရဲနေရှာမှာပေါ့။ ဒီလိုဆိုရင် ဘာပဲလုပ်ရလုပ်ရ ကလေးကို ကယ်ရမှာပဲ။ ကိုယ့်ကလေးကို ပြန်ရအောင် ငွေဘယ်လောက်ပဲ ပေးရပေးရ ရွေးယူရမှာပေါ့"

"တော်ပါတော့ကွာ။ မင်းက ဒီလိုပြောရင် ဒီစကား ဆက်မပြောနိုင်တော့ဘူး"

"မဟုတ်ဘူး ကင့်။ အယ်လင်တော့ ပြောချင်သေးတယ်။ ဒီ ကိစ္စကို ဆက်ဆွေးနွေးကြရဦးမယ်။ အင်း... အယ်လင်တော့ စိတ်ပူရတာမို့ စိတ်အေးချင်လှပါပြီ" ဟု အယ်လင်က လေသံကလေးနှင့် ပြောလိုက်သည်။

"ဒီလာ"ဟုဆိုကာ ကင့်က အယ်လင်ကို ဆွဲ၍ သူ့ဘေးနားတွင် ကပ်ထိုင်စေသည်။ "ကဲ... ငါတို့ကလေးတွေကို မင်းချစ်သလို ငါလဲ ချစ်တာပဲ ဆိုတာ မင်းသိရဲ့ မဟုတ်လား။ ငါလဲ မင်းလိုပဲ ကလေးတွေ အတွက်ဆိုရင် ဘာပဲ လုပ်ရလုပ်ရ လုပ်မှာပေါ့။ ကလေးတွေ ဘေးကင်းဖို့ အကောင်းဆုံး နည်းအတိုင်း လုပ်ရမှာပဲ"

"အကောင်းဆုံး နည်းဆိုလို့ ကျွန်မတို့ ဘာလုပ်ရမယ်မှ သိကြတာမဟုတ်ဘူး"

"ပြန်ပေးဆွဲရင် ငွေပေးရွေးတာဟာ ဥပဒေနဲ့ မညီညွတ်ဘူးလို့ လွှတ်တော်က အတိအလင်း မပြဋ္ဌာန်းမချင်း ပြန်ပေးမှုတွေ ပေါ်နေမှာပဲ။ တစ်ယောက်ယောက်က စပြီး သတ္တိကောင်းကောင်းနဲ့ ငွေပေး မရွေးဘူး လို့ လုပ်လိုက်မှ ဒီကိစ္စ ဖြစ်မြောက်မှာ။ ဒီမိုကရေစီနိုင်ငံမှာ ဥပဒေ ဆိုတာ လူထုက စပြီးလုပ်မှ အစိုးရက လူထုအလိုကို လိုက်ပြီး ပြဋ္ဌာန်း ပေးရတာ"

"ပြန်ပေးတွေက ရဲကိုမတိုင်ရဘူးဆိုရင် ဘယ့်နှယ်လုပ်သလဲ"

အယ်လင်က တကယ်ဖြစ်နေသလို ပြတ်ပြတ်သားသား မေးလိုက်သဖြင့် ကင့်မှာ အံ့အားကြီး သင့်သွားလေသည်။

"ဒါကတော့ ပြန်ပေးကောင်တွေကို ကြောက်ပြီး အညံ့ခံမလား၊ ကိုယ့်မူအတိုင်း လုပ်မလားဆိုတဲ့ အပေါ်မှာ တည်နေတာပေါ့"

"မူတွေဘာတွေ အသာထားစမ်းပါ ကင့်ရယ်။ ကိုယ့်ကလေးဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ မှန်မှန်ပြောစမ်းပါ"ဟု အယ်လင်က ကင့်အား တကယ်ပင် ဖြစ်ပျက်နေသဲ့သို့ အပူတပြင်း မေးလေသည်။

"မှန်မှန်ပြောရမယ်ဆိုရင် ငါတော့ ငွေမပေးဘူးဆိုတဲ့ မူအတိုင်း ကြည့်လုပ်မှာပဲ။ တစ်နည်းတစ်လမ်းတော့ ဖြစ်လာဦးမှာပေါ့"

ကင့်သည် သူပြောသောစကားကို ယုံဟန်မရှိသော သူ့ဇနီး၏ မျက်လုံးများကို ငေးစိုက်ကြည့်နေလေသည်။

* * *

"ဘယ်လိုဖြစ်တယ်ဆိုတာ သေသေချာချာ မှတ်မိအောင် ပြန်စဉ်းစားစမ်း။ နင်သူ့ကို ဘယ်နေရာမှာ ထားခဲ့သလဲ"ဟု ကင့်က ဘူးလုံးနားမထွင်းဖြစ်နေသော ကလေးထိန်းကို အော်မေးလေသည်။

အယ်လင်၏ အသံမှာ ကင့်၏ အသံထက် ပို၍ အေးဆေးသည်။ လွန်ခဲ့သည် နာရီဝက်က ကင့်ထံသို့ တယ်လီဖုန်းဆက်စဉ် သူ့အသံမှာ အတော်ပင် စူးရှလေသည်။ "ကင့် ဘက်စီကလေးရှာလို့ မတွေ့ဘူး"ဟု သူက တယ်လီဖုန်းဖြင့် အော်ပြောလိုက်သဖြင့် ကင့်သည် အိမ်သို့ အမြန်ပြန်လာခဲ့ရသည်။

ကင့်မှာ စက်ရုံဒါရိုက်တာ အစည်းအဝေးတက်နေခိုက်တွင် အယ်လင့်ထံမှ တယ်လီဖုန်းနှင့် အကြောင်းကြားသံကို ကြားရသည်။ ကင့်သည် ဒါရိုက်တာလူကြီးများကို "ဝမ်းနည်းပါတယ်။ ကျွန်တော့်မှာ ကိစ္စတစ်ခုရှိလို့ အခုချက်ချင်း သွားရပါလိမ့်မယ်။ ခွင့်လွှတ်ကြပါခင်ဗျာ"ဟု ပြောပြလေသည်။

"ဘာများ အရေးကြီးရတာလဲ ကင့်"ဟု သူ့ဖခင်က မေးသည်။

http://www.cherrythitsar.org



"အရေးမကြီးလှပါဘူး ထင်ပါတယ်ဖေဖေ။ အရေးကြီးရင် ကျွန်တော် ပြောပါ့မယ်"

ကင့်သည် အစည်းအဝေးမှ ထွက်လာပြီးလျှင် ကားပေါ်သို့ ခုန်တက်၍ အိမ်သို့ တရကြမ်း မောင်းနှင်လာခဲ့သည်။ အယ်လင်နှင့် ကလေးထိန်း မော်လီတို့ကို အိမ်တွင် တွေ့ရသည်။ မော်လီမှာ တရှုပ်ရှုပ် ငိုနေလေသည်။

"ကျွန်မနဲ့ ဘက်စီတို့ ဘရစ်ကလေး ကျောင်းပြန်အလာ စောင့်ရင်း ဝင်းဝမှာ ရပ်နေကြတယ်။ ဘက်စီကို ချီရတာ လေးတာနဲ့ ကျွန်မ သူ့ကို ချထားပြီး သူ့လက်ကလေးတွေကို သုတ်ပေးဖို့ လက်ကိုင်ပဝါသစ် တစ်ထည် အိမ်ထဲဝင်ယူတယ်။ ဘက်စီကလေးဟာ နံနက် မိုးရွာလို့ ကျန်ခဲ့တဲ့ ရေအိုင်ကလေးကို လက်ကလေးနဲ့ ပက်ကစားနေပြီး ကျန်ခဲ့တယ်။ လက်ကိုင်ပဝါ ယူပြီး ပြန်လာတော့ ဘက်စီကလေး မတွေ့ရတော့ဘူး။ ချုံပုတ်တွေအနှံ့ လိုက်ရှာတာပဲ။ မတွေ့ဘူး။ ဒါနဲ့ ကျွန်မလဲ မမကို အော်ခေါ်တာပဲ ဆရာရယ်"

"ကင့် ကျွန်မလဲ ဒီနားတစ်ဝိုက်တော့ နှံ့နေပြီ"ဟု အယ်လင်က ခပ်တိုးတိုး ပြောလိုက်သည်။

"ဝင်းတံခါး"ဟု ကင့်က ဆိုလိုက်ရာ...

"ဝင်းတံခါး ပိတ်ထားပါတယ်။ ကျွန်မ အိမ်ထဲမဝင်ခင် သေသေချာချာ ပိတ်ပစ်ခဲ့တာပဲ"ဟု မော်လီက ငိုရင်း ပြောပြသည်။

"နင် အိမ်ထဲဝင်တာ ဘယ်လောက်ကြာသလဲ"

"ဘယ်လောက်ကြာမှန်းတော့ သတိမထားမိဘူး။ ဒါပေမယ့် ခဏလေးလောက်ပါ"

ကင့်သည် ဝင်းထဲတစ်လျှောက် ပြေးရင်း "ဘက်စီ၊ ဘက်စီ။ ဖေ့ဖေ့ဆီ လာလေ။ ဒီမှာ ဖေဖေလေ"ဟု အော်ခေါ်လေသည်။

သူသည် ချုံပုတ်တစ်ခုရှေ့နားတွင် ရပ်၍ "ကားရုံထဲကော ကြည့်ပြီးကြပြီလား"ဟု အယ်လင်အား လှမ်းမေးလိုက်သည်။

"ပီတာ ရှာတာ နှစ်ခါ ရှိပြီ"ဟု အယ်လင်က ပြန်ပြောသည်။

ကင့်သည် ကားရုံတံခါးကို ဖြုန်းခနဲဖွင့်လိုက်ရာ ပီတာသည် ကားကလေးအောက်မှ ဝပ်လျှားထိုး၍ ထွက်လာသည်ကို တွေ့ရသည်။

"ကျွန်တော်လဲ ရှာတာ နံ့နေပြီ ဆရာ။ မတွေ့ဘူး"ဟု ပီတာက ခပ်တိုးတိုး ပြောလိုက်သည်။

ကင့်က မကျေနပ်သေးသဖြင့် သူကိုယ်တိုင် ရှာလေသည်။ ပီတာလည်း သူ့နောက်မှ တကောက်ကောက် လိုက်ပါလေသည်။ ရှာနေစဉ်ပင် ကင့်သည် တယ်လီဖုန်းနံပါတ် နေရှင်နယ် (၇၁၁၇)ကို သတိရမိသည်။

လွန်ခဲ့သည့် နှစ်ကတည်းက ပြန်ပေးကိစ္စ ပေါ်ပေါက်လာလျှင် အကြောင်းကြားအပ်သည့် ဌာန၏ တယ်လီဖုန်းနံပါတ်ကို မှတ်ထားသည်။ သို့သော် ချက်ချင်း အကြောင်းမကြားသေး။ ဘက်စီကလေး တစ်နေရာရာတွင် ရှိကောင်း ရှိပေမည်။

ဝင်းတံခါး ဖွင့်သံ ကြားရသဖြင့် ကင့်က ပြေးထွက်၍ကြည့်လေရာ ဝင်လာသူမှာ သားကလေး ဘရစ် ဖြစ်နေကြောင်း တွေ့ရသည်။

"ဖေဖေ ဘာဖြစ်လို့လဲ"

ကင့်က မျိုသိပ်ကာ "ဘရစ် မင်းကျောင်းက ပြန်လာတော့ လမ်းမှာ ညီမလေးကို မတွေ့မိဘူးလားဟင်"ဟု ကလေး မရိပ်မိအောင် အသံပြောင်း၍ မေးလေသည်။

"ဟင့်အင်း။ ကျွန်တော် မိုက်ကယ်ကိုသာတွေ့တယ်။ သူက ကျွန်တော် လမ်းဖြတ်တဲ့အခါ ဂရုစိုက်ပြီး လက်ဆွဲခေါ်တယ်"ဟု ဘရစ်ကလေးက ပြန်ပြောလေသည်။

"ဟော ဟိုဟာ ဘာလဲ"ဟု ပီတာက တစ်ခုခုကို လက်ညှိုးထိုးပြသည်။ ယင်းမှာ ကျောက်ခဲနှင့်ဖိထားသော စာရွက်ကလေးတစ်ရွက် ဖြစ်လေသည်။

ကင့်သည် ထိုစာရွက်မှာ ဘာစာရွက်ဖြစ်လေသည်ကို သိနှင့်ပြီးဖြစ်သည်။ သတင်းစာများတွင် ထို စာရွက်ကလေးမျိုးအကြောင်း ဖတ်ရဖန် များလေပြီ။ လက်ရေးမှာ စာမတတ်သူ တစ်ဦး၏ လက်ရေးဖြစ်ကြောင်း ထင်ရှားလေသည်။

http://www.cherrythitsar.org



'ကျုပ်တို့ အလစ်စောင့်နေတာ ကြာပြီ။ ဒေါ်လာ ငါးသောင်းပေးပါ။ ခင်ဗျားမှာ မရှိရင် ခင်ဗျားအဖေမှာ ရှိပါတယ်။ ဘယ်နေရာ လာပေးရမယ်ဆိုတာ နောက်တော့ အကြောင်းကြားမယ်။ ပုလိပ်တိုင်ရင် ကလေးကို သတ်ပစ်မယ်"ဟု စာက ဆိုသည်။

"ဖေဖေ ဘာစာလဲ"ဟု ဘရစ်က မေးသည်။

"အို ဘာမှ မဟုတ်ပါဘူး။ ပီတာ၊ ကလေးကို အိမ်ထဲခေါ်သွားစမ်း"

အယ်လင်ဘယ်မှာလဲ။ ပြန်ပေးကိစ္စ မဖြစ်စေရပါဘူးဟု သူက သူ့ဇနီးကို အာမခံခဲ့သည်။ ယခု ဖြစ်လေပြီ။ တယ်လီဖုန်းနဲ့ အကြောင်းကြားလိုက်လေမှပဲဟု ကင့် အောက်မေ့မိသည်။

"အယ်လင်"ဟု သူက အော်ခေါ်လိုက်သည်။ အယ်လင်သည် အိမ်အပေါ်ဆုံး အထပ်ခိုးကလေးမှ ပြေးဆင်းလာလေသည်။

"အယ်လင်"ဟု သူက ခေါ်လိုက်သည်။ အယ်လင်မှာ ကြောက်အားပိုကာ မျက်နှာ ဖြူရော်ရော် ဖြစ်နေသည်။ သနားစရာပင်တည်း။ အမှန်မှာ သူတို့ဇနီးမောင်နှံ နှစ်ဦးလုံးပင် သနားစရာ ကောင်းလှတော့သည်။ ကင့်သည် ထိုအရေးတွင် မည်သို့ ဆောင်ရွက်ရမည်ကို သိဖို့လိုသည်။ ပြန်ပေးကိစ္စပေါ်လာလျှင် မည်သို့ဆောင်ရွက်ရမည်ဟူသော အကြောင်းကို လွန်ခဲ့သည့်နှစ်ကပင်လျှင် လင်မယားဆွေးနွေး ဆုံးဖြတ်ပြီးလေပြီ။ မိဘများက ပြန်ပေးတောင်းသည့်ငွေကို ပေးလိုက်ကြပြီးလျှင် သားသမီးများ ဆုံးကြရသည်။ ကင့်သည် ထိုမိဘများနည်းလမ်းကို မနှစ်သက်။ မည်သို့ ဆောင်ရွက်သင့်သည်ဟု ကိုယ်တိုင်မသိသဖြင့် အားထားရမည့်သူ တစ်ဦးတစ်ယောက်ထံမှ ဩဝါဒလိုနေသည်။

"ငါ ပြည်ထောင်စုရဲအဖွဲ့ကို တယ်လီဖုန်း ဆက်လိုက်တော့မယ်"ဟု ကင့်က အမှတ်တမဲ့ ပြောလိုက်မိလေသည်။

"မဆက်ပါနဲ့ဦး ကင့်ရယ်။ စောင့်ပါဦး"ဟု အယ်လင်က အလန့်တကြား ပြန်ပြောသည်။

"ဟင့်အင်း ဆက်မှဖြစ်မယ်"ဟု ပြန်ပြောပြီးလျှင် ကင့်သည်

http://www.cherrythitsar.org



အယ်လင် မထခင် ထိုင်ရာမှထ၍ တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး နောက် "နေရှင်နယ် (၇၁၁၇)ကို ပေးပါ"ဟု ဆိုလိုက်သည်။

"နေရှင်နယ် (၇၁၁၇) စကားပြောနေပါတယ်"ဟု အဝေးဘက်က တည်ငြိမ်သော လေသံဖြင့် ပြန်ပြောလေသည်။

"ကျွန်တော် နယူးယောက်မြို့ ဂရင်းဗစ်လ် အီစဝပ်အဲဗင်းနူး နံပါတ် (၁၁၄)က ကင့်ကရော့သားပါ။ ကျွန်တော့်သမီးကလေးကို ပြန်ပေးဆွဲ သွားတာ တိုင်ကြားပါတယ်"

တစ်ဖက်မှလာသော အသံက ကင့်အား နက်ဖြန်အထိ စောင့်၍ မိုင်ငါးဆယ်ကွာသော ရွာအရက်ဆိုင်ကလေးသို့ လာပြီးလျှင် မဲပြာရောင် ဝတ်စုံ ဝတ်ထားသောလူတစ်ယောက်ကိုတွေ့ရန် မှာကြားလေသည်။

ကင့် တယ်လီဖုန်း ပြောနေခိုက် အယ်လင်က "ကလေးကို သတ်ပစ်ကြတော့မှာပဲ"ဟု အတန်တန် ရေရွတ်ညည်းညူလျက် ရှိသည်။

"ပြန်ပေးတွေက ငါတယ်လီဖုန်းဆက်တာကို သိမှာမဟုတ်ပါဘူး။ ဝါရှင်တန်က ရဲအဖွဲ့ကလူတွေက ဒါကို ဘယ်သူ့ကိုမှ ပြောမှာ မဟုတ်ဘူး။ ငါတို့မှာ အကူအညီ လိုနေတယ်လို့ မင်းကို ငါ မပြောဘူးလား" ဟု ကင့်က အယ်လင်အား တယ်လီဖုန်းခွက်ကို ချပြီးနောက် ပြောပြ လေသည်။

ထိုနောက် သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ဖက်၍ ချုံးပွဲချ ငိုနေကြလေတော့သည်။

* * *

ကင့်သည် တစ်ခါမျှ ထိုသို့ သည်းခံစောင့်မျှော်မှုမျိုးကို မပြုခဲ့ဖူးချေ။ သို့ရာတွင် ယခုအခြေ၌ကား သည်းခံ၍ စောင့်ရချေတော့မည်။ သူသည် အယ်လင်ကိုလည်း သည်းခံနိုင်အောင် ကြိုးစားကူညီပေးရမည်။ ဇနီးခမျာ မှာ ထိုသို့ ဒုက္ခမျိုးတွင် ခင်ပွန်းကိုသာ အားကိုးရှာသည်။

ပထမဦး ရဲအဖွဲ့က ပြောသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ရှိ သော အချက်အလက်များကို ပြန်လည် သုံးသပ်နေရသဖြင့် စိတ်သက်

သာသလိုလို ရှိသည်။ ပထမဦးစွာ အိမ်သူအိမ်သားများအား ဤကိစ္စကို ပြင်ပသို့ မပေါက်ကြားစေရန် ပညတ်ရပေမည်။ အိမ်သူအိမ်သား များဟုဆိုလျှင် ထမင်းချက် ဆာရာ၊ အစေခံမ ရိုစ်၊ ကလေးထိန်း မော်လီ နှင့် ဥယျာဉ်သမား ပီတာတို့သာ ရှိသည်။ သူတို့ကို ဆင့်ခေါ်၍ ပြောပြရန် ဖြစ်သည်။

"အိမ်က လူတွေအားလုံး ထမင်းစားခန်းမှာ စုကြပါစေ"ဟု ကင့်က အယ်လင်ကို မှာခဲ့ပြီးလျှင် သူကိုယ်တိုင် ထမင်းစားခန်းသို့ သွားလေ သည်။

"ဒက်ဒီ ဘာဖြစ်တာလဲ။ ဘက်စီ ဘယ်မှာလဲ"ဟု ဘရစ်က အခန်းဝ မှနေ၍ ကြောက်လန့်သည့် အမူအရာဖြင့် ဆီး၍ မေးလေသည်။

ကင့်က လေသံမှန်အောင် ထားပြီးလျှင် "ငါတို့ရှာလို့မတွေ့သေးဘူး သားရယ်။ ဒါပေမယ့် ဒီအကြောင်းကို ငါ့သား ဘယ်သူ့ကိုမှ မပြောရ ဘူးနော်"ဟု ဆိုလေသည်။

"ကျွန်တော် အိမ်ဝင်းထဲ လျှောက်ရှာလိုက်မယ်လေ။ ကျွန်တော် ရှာရင် တွေ့မှာပဲ ဖေဖေ"ဟု ဘရစ်က ဆိုသည်။

"မရှာနဲ့ ငါ့သား။ မင်း အိမ်ပေါ်တက်နေရင် ကောင်းမယ်။ ဖေဖေ တော်တော်ကြာရင် တက်လာခဲ့မယ်"ဟု ကင့်က ပြန်ပြောလိုက်သည်။

အစေခံများသည် အခန်းထဲသို့ ဝင်လာကြသည်။ အယ်လင် နောက် က ပါလာသည်။

"ကျွန်မ ဘရစ်ဆီ သွားလိုက်မယ်"ဟု အယ်လင်က ဆိုသည်။

အယ်လင်သည် အတော်ပင် ချုပ်တည်းနိုင်ပေသည်။ သူ့နှုတ်ခမ်းက လေးများမှာ ဆတ်ဆတ်တုန်နေရှာသည်။ ကင့်သည် အယ်လင်ကို ကူညီ အားပေးရန် လိုနေကြောင်း သိလေသည်။

"အေး အေး မကြာခင် လာခဲ့မယ်"ဟု ကင့်က ဆိုလိုက်သည်။ အယ်လင်သည် ဘရစ်ကလေး၏ လက်ကိုဆွဲ၍ ထွက်သွားလေသည်။ ကင့်သည် စောင့်နေသော ပုဂ္ဂိုလ်လေးဦးဘက်သို့ လှည့်ကြည့်လိုက်သည်။ မော်လီမှာ ယခုထက်တိုင် ငိုလျက်ရှိသေး၏။ သူတို့မျက်နှာများကို ကြည့်

လိုက်လျှင်ပင် သူတို့သည်ပြန်ပေးထားခဲ့သော စာအကြောင်းကို သိနှင့်ကြပြီးကြောင်းကို သိလေသည်။

"မင်းတို့အားလုံးပဲ ဘာဖြစ်နေတယ်ဆိုတာ သိပြီး မဟုတ်လား" ဟု ကင့်က ဆိုပြီးလျှင် မျက်နှာလေးခုကို စူးစိုက်ကြည့်လိုက်ရာ၊ သူတို့လေးယောက်လုံးမှာ သူ့အဖို့ ကြောက်စရာလိုလို ဖြစ်နေကြောင်း မြင်မိလေတော့သည်။ ပီတာနှင့်ဆာရာတို့မှာ သူ့မိဘများ လက်ထက်ကတည်းက အစေခံလုပ်လာသူများ ဖြစ်သည်။ ရို့စ်မှာလည်း အခြားသူ မဟုတ်၊ ဆာရာ၏ တူမပင် ဖြစ်သည်။ ယင်းသို့ သူ့တစ်သက်လုံးက သိကျွမ်းလာသော တပည့်ဟောင်းများ ဖြစ်သော်ငြားလည်း ယခုအခိုက်အခါ၌ သူ့ရန်သူများဟု အောက်မေ့၍ ကြောက်ရွံ့မိလေသည်။

"မင်းတို့ကို ငါပြောချင်တာကတော့ ဒီကိစ္စ မပေါက်ကြားအောင် နှုတ်လုံကြဖို့ပဲ။ ဒီအကြောင်းကို အပြင်လူတစ်ယောက်မှ မသိဖို့ အထူးလိုတယ်။ ပြန်ပေးတွေက သူတို့အလုပ်ဟာ လူသိနတ်ကြား ဖြစ်သွားတယ်ဆိုတာ သိသွားရင် ငါ့သမီးကလေး အသက် ဆုံးရှာလိမ့်မယ်။ သိရဲ့လား"ဟု ကင့်က လေသံပြင်းပြင်းနှင့် ပြောလိုက်သည်။

ထို့နောက် သူသည် လည်ချောင်းရှင်းပြီးလျှင် လေသံခပ်မှန်မှန်နှင့် "ကလေးရဲ့အသက်ဟာ ငါတို့ အခုအတောအတွင်း ပြုမူချက်ပေါ်မှာ တည်နေတယ်"ဟု ဆိုလေသည်။ ထိုအခိုက် မော်လီ၏ငိုသံသည် ပွင့်ထွက်လာလေသည်။ ကင့်သည် ထိုရာမှ ထ၍ "ကဲ ဒါပဲ။ သတိကြီးကြီး ထားကြပါ"ဟု ဆိုပြီးလျှင် အစေခံများကို လွှတ်လေသည်။

တယ်လီဖုန်းမြည်သံ ကြားရ၍ ကင့်သည် တယ်လီဖုန်းရှိရာသို့ သွားလေသည်။ ပြန်ပေးက နောက်ထပ် အကြောင်းကြားမည် ဆိုသည်မှာ မည်သို့ အကြောင်းကြားမည်ကို မသိရသဖြင့် ပြန်ပေးထံမှလာသော တယ်လီဖုန်းသံလောဟု အောက်မေ့မိကာ ရင်တထိတ်ထိတ် ဖြစ်နေလေသည်။

"ကင့် ဘာများအကြောင်းထူးသလဲ"ဟူသော သူ့ဖခင်ကြီး၏ အသံကို ကြားလိုက်ရလေသည်။

http://www.cherrythitsar.org



ကင့်သည် သူ့ဖခင်အား ဖြစ်သည့်အကြောင်းကို ပြန်ပြောရန်မသင့်ဟု သတိရမိသည်။ သူ့ဖခင်မှာ လျှို့ဝှက်သိုသိပ်တတ်သူ မဟုတ်ချေ။

“မထူးပါဘူး ဖေဖေ။ အယ်လင် နည်းနည်း နေမကောင်းတာပါပဲ”

“ဒါဖြင့် မင်း ဆရာဝန် ခေါ်ပြီးပြီလား”

“လိုရင် ခေါ်ပါ့မယ် ဖေဖေ”ဟုဆိုကာ ကင့်သည် တယ်လီဖုန်းကို ဖြုန်းခနဲ ချလိုက်သည်။ ဆက်၍ပြောရန် မစွမ်းသာတော့ပေ။

သူသည် ဘရစ်ကို သတိရသဖြင့် လိုက်ရှာရာ ဘရစ်မှာ ကလေးခန်းတွင် ညစာ စားနေသည်ကို တွေ့ရသည်။ ကလေးထိန်း မော်လီကို အောက်ထပ်သို့ လွှတ်ထားသည်။ အယ်လင်သည် မော်လီကို ကြည့်လို့မရနိုင်အောင် ဖြစ်နေတော့သည်။ ကင့်ကလည်း ထိုနည်းအတူပင် ဖြစ်နေသည်။

ကင့်အဖို့ကား အယ်လင်ထက်ပင် ပို၍ ဆိုးနေသည်။ သူသည် ကလေးခန်းကိုပင် မကြည့်နိုင်လောက်အောင်ပင် ဖြစ်နေတော့သည်။ ထိုအချိန်မှာ ဘက်စီကလေး ရေချိုးပြီးချိန်မျိုး ဖြစ်သည်။

“ငါ စာဖတ်ခန်းထဲ သွားဦးမယ်”ဟု ကင့်က ပြောပြီးလျှင် ဆင်းသွားလေသည်။

စာဖတ်ခန်း၌ ငြိမ်ဆိတ်၍ နေသည်။ ထိုတိတ်ဆိတ်ခြင်းသည်ပင်လျှင် သူ့ဒုက္ခကို ပိုကဲစေသည်။ သူသည် သမီးကလေး လွတ်မြောက်ရေးအတွက် ချက်ချင်း မဆောင်ရွက်ရဘဲ သည်းခံ၍ စောင့်ဆိုင်း နေရှာသည်။ ယင်းသို့ စောင့်ဆိုင်းရခြင်းပင်လျှင် ကြီးစွာသော ဒုက္ခပေတည်း။

ကလေးခမျာ မည်သို့နေမည်ဟူသော အချက်ကို ကင့်သည် ကောင်းစွာသိသည်။ ရဲဘက်ကလည်း နက်ဖြန်အထိ စောင့်ရမည်ဟု ဆိုသည်။ ယနေ့ည ဘယ်သို့ ပြုရမည်နည်း။ ကလေးခမျာ ဘယ်နေရာ အိပ်ရရှာမည်နည်း။

ကင့်သည် ထ၍ခုန်လိုက်သည်။ တစ်ခုခုလုပ်ရာမှ ဖြစ်မည်။ ကလေးပြန်ပေးလက်တွင်နေခိုက် ဖခင်က ဘာမှမလုပ်ဘဲ ထိုင်စောင့်နေရမည်

http://www.cherrythitsar.org



လော။ အိမ်ဝင်းထဲ လျှောက်ကြည့်ဦးမည်။ နောက်ထပ် စာတစ်စောင် ချထားတာ တွေ့ချင်တွေ့ရမည်။

သူသည် ဆောင်းဦးညဉ့်ဦး ရှုခင်းထဲသို့ ဝင်သွားလေသည်။ သူသည် ချုပ်တည်းထားရသော ဒေါသကို မပေါက်ကွဲအောင် အတော်ထိန်းထားရသည်။ စိတ်လိုက်မာန်ပါ အော်ဟစ် ဆဲဆိုပစ်လိုက်ချင်တော့သည်။ ဘာမှ မလုပ်ရဘဲ စောင့်နေရခြင်း၏ ဒုက္ခသည်ကား ကြီးလှချေသည်။ ထိုဝေဒနာသည် ကြီးလှစွာ၏။ သို့ရာတွင် ချုပ်တည်းမှုသည် အထူး လိုအပ်သည်။ စိတ်လိုက်မာန်ပါလုပ်လျှင် အမှားကြီး မှားချေမည် ဧကန်။

သူသည် အိမ်ဝင်းထဲတွင် အနှံ့ရှာဖွေသော်လည်း ပြန်ပေးထံမှ စာကို မတွေ့ရချေ။

ထိုအခါ မှောင်စပျိုးနေသောအခိုက် ဖြစ်သည့်အလျောက် ဝင်းဝတွင် ခပ်မည်းမည်းသဏ္ဌာန်တစ်ခုကို မြင်ရလေသည်။ "မစ္စတာ ကရော့သား" ဟု သူ့ကိုခေါ်သော ပီတာ၏ အသံကို ကြားရသည်။ "မစ္စတာ ကရော့သား၊ ဘာဖြစ်လို့ သူတို့က ကျွန်တော့်မိန်းမကိုမှ ရွေးပြီး ပေးသွားရသလဲ မသိပါဘူး ခင်ဗျာ။ ကျွန်တော် ညစာစားဖို့ အိမ်အပြန်မှာ ကျွန်တော့်မိန်းမက ဒါကို ဆီးပေးတယ်။ သူက စာဖတ်တတ်ကာ မဟုတ်တော့ ဘာမှန်း မသိဘူးပေါ့။ ကျွန်တော်လဲ ဒီစာကိုယူပြီး ဒီကိုအပြေးလာတာပဲ"ဟု ပီတာက ဆိုလေသည်။

ကင့်သည် ပီတာ၏ တုန်နေသောလက်မှ စက္ကူကို ဆွဲယူပြီးလျှင် အိမ်ပေါ်သို့ တက်ပြေးလေသည်။ အိမ်ခန်းမီးရောင်အောက်၌ စာရွက်တွင်ပါသော အောက်ပါအကြောင်းအရာကို ဖတ်ကြည့်လေသည်။

'ငွေကို အသင့်ပြင်ထား။ အားလုံး ငွေစက္ကူချည်း ဖြစ်ပါစေ။ ငွေစက္ကူနံပါတ်တွေ မမှတ်နဲ့။ မှတ်ရင် သားကလေးကိုပါ ဆွဲမယ်။ ကျုပ်တို့ကို တစ်ပတ်မရိုက်နဲ့။ တစ်ပတ်ရိုက်ရင် လွတ်မယ်မထင်နဲ့။ ငွေကို သေတ္တာတစ်ခုထဲ ထည့်ပြီး စက်ရုံဘေးနားက ချောင်းနားမှာရှိတဲ့ ဝက်သစ်ချပင်ကြီးအောက် လာချထား။ ဘယ်နေရာဆိုတာ ခင်ဗျား သိမှာပေါ့။ နက်ဖြန်ည သန်းခေါင်ချိန်မှာ လာထား'

http://www.cherrythitsar.org



ပြန်ပေးချိန်းသည့်နေရာကို ကင့် ကောင်းစွာသိသည်။ သူငယ်စဉ်က ထိုနေရာတွင် မကြာခဏ ငါးမျှားဖူးလေသည်။ တစ်ခါက သူ စက်ရုံ တံခါးဝတွင် ရပ်နေခိုက် ဝက်သစ်ချပင်ကြီးကို မိုးကြိုးပစ်သည်။ သူနှင့် ကိုက်တစ်ရာခန့်သာ ကွာသည်။ သူ ထိုဝက်သစ်ချပင်ကြီးကို ကောင်းစွာ သိကြောင်း ပြန်ပေးတို့က အဘယ်သို့ သိကြသနည်း။

သူသည် ပီတာဘက်သို့ လှည့်ပြီးလျှင် "ဒါကို ဘယ်သူ ယူလာ သလဲ"ဟု ခပ်ထန်ထန် မေးလိုက်သည်။

"ကျွန်တော် မသိပါဘူး ခင်ဗျာ။ မိန်းမကလဲ လူဖြူဖြူတစ်ယောက် လို့သာ ပြောနိုင်ပါတယ်။ အဲဒီလူက ဒီစာကို ပစ်ပေးပြီး "နင့်ခင်ပွန်း လာရင် ပေးလိုက်လို့ ပြောပြီး ထွက်သွားတာပဲတဲ့။ မိန်းမက စာကို ကျွန် တော့်ကိုပေးတော့ ကျွန်တော်လဲယူပြီး ဒီကို ပြေးလာတာပဲ"ဟု ပီတာက တုန်တုန်ယင်ယင်နှင့် ပြောပြလေသည်။

ကင့်သည် ပီတာကို စိုက်၍ ကြည့်နေသည်။ တစ်ဦးတစ်ယောက်က ပီတာကို လက်ကိုင်တုတ် လုပ်နေသလား။ ငွေကြေးပေး၍ ခိုင်းထား သလား။ သို့တည်းမဟုတ်၊ ဝေစုပေးမည်ဟု ပြောထားသလား။ ပီတာနှင့် ပြန်ပေး မည်သို့ ဆက်သွယ်သနည်း။

"မင်း ဘက်စီကိစ္စနဲ့ ပတ်သက်တယ်လို့ ဆိုရင် ငါကိုယ်တိုင် မင်းကို သတ်ပစ်မယ်။ သိလား"ဟု သူက ပီတာကို ဆိုလိုက်သည်။

"ဘုရား ဘုရား မစ္စတာ ကရေ့သားရယ်၊ ခင်ဗျား ကျွန်တော့် အကြောင်းကို အသိသားပဲဗျာ၊ ခင်ဗျားနဲ့ မစ္စအယ်လင်တို့ အိမ်ထောင် မကျခင်ကတည်းက ကျွန်တော် ဥယျာဉ်လုပ်လာတာပါ။ ပြီးတော့ ဒီလို မကောင်းတဲ့အလုပ်မှာ ကျွန်တော် ဘာကိုလိုလို့ ပါရမှာလဲ။ ကျွန်တော်လို တာ ရနေပြီဟာပဲ။ အိမ်ရတယ်။ လခကောင်းကောင်း ရတယ်။ ကျွန်တော် လောဘမကြီးပါဘူး ခင်ဗျာ"

သူပြောတာလဲ မှန်တာပဲဟု ကင့်က တွေးမိလေသည်။ ထိုကိစ္စမျိုး ဖြစ်လာလျှင် လူတိုင်းကို မသင်္ကာဖြစ်တတ်သည်။

"ကဲ ခင်ဗျား မိန်းမကြီးကို ပြောထားဦး။ ဒီကိစ္စကို ဘယ်ကိုမှ မပေါက်ကြားစေနဲ့လို့"ဟု ကင့်က အမိန့်ပေးလိုက်သည်။

http://www.cherrythitsar.org



"ပြောပြီးပါပြီခင်ဗျာ၊ ပြောပြီးပါပြီ၊ သူက တစ်ယောက်ယောက်ကို သာ ပြောရင် ကျွန်တော်သူ့ကို အာနင်းဖွဲ့ပစ်မှာပါပဲ"

"ကဲ သွားတော့။ ကျုပ်ပြောတာ မှတ်ထားနော်"

"ဟုတ်ကဲ့ ခင်ဗျာ"ဟု ပီတာက ဆိုပြီးလျှင် ထွက်သွားလေသည်။

* * *

"ကျွန်မတို့ လျော်ကြေးပေးရမှာပေါ့"ဟု အယ်လင်က အတင်းတိုက် တွန်း ပြောဆိုနေသည်။

သူတို့သည် ကလေးခန်းသွားသော စင်္ကြံကလေးဘက်သို့ ပွင့်နေ သော သူတို့အခန်းတံခါးအနီးတွင် ထိုင်နေကြသည်။ ကလေးခန်းထဲ၌ အိပ်နေသော ဘရစ်၏ ခေါင်းအုံးစွန်းကို အလင်းရောင်တွင် လှမ်းမြင်နိုင် ကြသည်။ သူတို့သည် အိပ်၍ မရကြချေ။ ထမင်းချက် ဆာရာက ပို့ လိုက်သော ကြက်သားကြော်ကို စားပြီးကြလေပြီ။ ကင့်က အယ်လင်အား ရေနွေးနှင့် ရေချိုးစေပြီးလျှင် ဆိုဖာပေါ်၌ လှဲနေစေသည်။ သူကမူ အဝတ်အစား မလဲသေးဘဲ နေသည်။ တစ်ယောက်ယောက် ရောက်လာ လျှင် လာနိုင်သေးသည်ဟု ထင်မိ၏။

"ရဲအဖွဲ့ကလူ ပြောထားတဲ့အတိုင်း နက်ဖြန်လုပ်ရလိမ့်မယ်"ဟု သူ က အယ်လင်ကို ပြောလိုက်သည်။

နက်ဖြန်တွေ့ရန် ချိန်းထားသော လူအပေါ်တွင် လုံးလုံးလျားလျား အားကိုးရခြင်းမှာ အလွန်ပင် မရေမရာနိုင်လှသည်။ ကြောက်ဖွယ်ကောင်း လှတော့သည်။ ထိုလူ့အကြောင်းကို သိဖို့ဝေးစွ။ သူ့နာမည်ကိုပင် မသိရ သေးချေ။ မွဲပြာရောင်အင်္ကျီဝတ်ပြီးလျှင် လက်ကိုင်ပဝါအပြာ အင်္ကျီအိတ် ထဲတွင် ထည့်ထားသည်ကို တွေ့ရမည်ဟု ဆိုသည်။ ထိုသို့ မသိသူ တစ်ဦးအား သမီးကလေး၏ အသက်ကယ်ဖို့ အားထားရမည်ဆိုခြင်းမှာ အလွန်ပင် မရေရာသော အလုပ်တစ်ခု ဖြစ်ချေသည်။ သို့ရာတွင် ထိုလူ ၏နောက်တွင် ကူညီရန်အသင့်ရှိသော စွမ်းရည်သတ္တိနှင့် ပြည့်စုံသည့် ရာပေါင်းများစွာပါဝင်သော ရဲအဖွဲ့ကြီး ရှိပေသေးသည်။

http://www.cherrythitsar.org



"ငွေပေးမှ ဖြစ်မယ်။ ပေးမှဖြစ်မယ်။ ငွေဘယ်မှာလဲ"ဟု အယ်လင်က အရူးပမာ ပြောရှာသည်။

"အယ်လင်၊ ငါက ငွေနှမြောလို့ ပြောနေတာမှ မဟုတ်ဘဲကွယ်"ဟု ကင့်က ပြောသည်။

"ကျွန်မတို့ ဘဏ်မှာ နှစ်သောင်းရှိတယ်။ ရှင့်အဖေက ကျန်တဲ့သုံးသောင်း ပေးမှဖြစ်မယ်။ နောက်တော့ ပြန်ဆပ်ကြတာပေါ့"ဟု အယ်လင်က အရေးတကြီး တွက်ပြလေသည်။

"အယ်လင်၊ မင်းပြောတာ မဟုတ်သေးပါဘူး။ အခု အရေးကြီးတာက"

"အရေးအကြီးဆုံးဟာ ဘက်စီရဲ့ အသက်ပဲ။ ဒီထက် အရေးကြီးတာ ဘာမှမရှိဘူး။ ရှင့်အဖေမှာ ဒီငွေပေးလိုက်လို့ စည်းစိမ်ပြုတ်သွားမှာ မဟုတ်ပါဘူး။ ပြုတ်လဲပြုတ်ပါစေ။ မတတ်နိုင်ဘူး"

"မဟုတ်ပါဘူး အယ်လင်။ ဖေဖေက အရေးကိစ္စရှိရင် ဒီငွေကို ကြည့်နေမယ်များ ထင်သလား"

"ကင့် ရှင်က ဖေဖေ့ကို ကြောက်နေတယ်။ ရှင်ကြောက်ရင် ကျွန်မကိုယ်တိုင် သွားပြောမယ်"

သူတို့နှစ်ယောက်သည် အရူးသဖွယ် တစ်ယောက်တစ်ခွန်း စကားများနေကြသည်။ သူတို့ခများများလည်း သောကလွန်ကဲလှသဖြင့် မဖြစ်တန်သောဒေါသ ဖြစ်ကြရကုန်ပြီ။

အယ်လင်သည် ရုတ်ခြည်းပင် တရှုပ်ရှုပ် ငိုလေသည်။ "ရှင်တစ်ခါကပြောတာ ကျွန်မ မမေ့နိုင်ပါဘူး။ ရှင်က မူအတိုင်းလုပ်မယ် ပြောတယ်။ ကင့် စဉ်းစားကြည့်စမ်း။ ကျွန်မသမီးကလေး အခုဆိုရင် သူမသိတဲ့ လူတွေကြားထဲ ရောက်နေတယ်။ ကြောက်ရှာလွန်းလို့ အသည်းကွဲအောင် ငိုနေရှာရော့မယ်။ သူပတ်ဝန်းကျင်က လူတွေဟာလဲ ရက်စက်တဲ့ လူတွေ။ ဒီတော့ သူကို ငိုတာ မတိတ်ရကောင်းလားဆိုပြီး ရိုက်ချင် ရိုက်နေကြမှာ။ အမယ်လေး ကင့်ရယ်။ ဒါကို စဉ်းစားကြည့်စမ်းပါဦး"

http://www.cherrythitsar.org



ကင့်သည် အယ်လင်ကို ဖက်ထားလိုက်သည်။ ထိုအခိုက်အခါမျိုး တွင် သူတို့နှစ်ယောက်သည် လူချင်းလည်း မခွာထိုက် စိတ်ချင်းလည်း မကွဲထိုက်ပေ။ အယ်လင်ကို သနားရပေမည်။ အယ်လင်၏ဆန္ဒကို အထူး လိုက်လျောသင့်လှ၏။

"ဒါလင်ရယ်၊ မင်းပြောတဲ့အတိုင်း အားလုံးလုပ်ပါ့မယ်။ စိတ်သာချ နေ နက်ဖြန်နံနက်စောစော ဖေဖေ့ဆီသွားပြီး ငွေတောင်းမယ်"ဟု ကင့် က ဆိုသည်။

"ကျွန်မတို့ ငွေပေးမယ်ဆိုတာ သူတို့သိအောင် ဘယ်လိုလုပ် ကြောင်းကြားမလဲ"ဟု အယ်လင်က မေးလိုက်သည်။

"သတင်းစာထဲ ထည့်လိုက်မှာပေါ့။ သက်ဆိုင်ရာသို့ ကော်လံထဲမှာ တခြားလူတွေ အဓိပ္ပာယ်နားမလည်ဘဲ ပြန်ပေးတွေသာ နားလည်မယ့် ပြန်စာမျိုး ရေးတတ်ပါတယ်"

"ဒါဖြင့် စမ်းကြည့်ရအောင် ကင့်"

ကင့်သည် သူ့အိတ်ထဲက ခဲတံနှင့် စာအိတ်တစ်အိတ်ကို ဆွဲထုတ် ပြီးလျှင် ရေးလေသည်။

"ဒါ ဘယ့်နှယ်နေလဲ။ ငါးသောင်း၊ ဝက်သစ်ချပင်အိုကြီးအနီး၊ တစ် ဆယ့်နှစ်နာရီ၊ သဘောတူသည်"ဟု ကင့်က ဖတ်ပြလေသည်။

"ဒီလိုဆိုရုံနဲ့တော့ ဒုက္ခရောက်နိုင်စရာ အကြောင်းရှိမယ် မဟုတ်ပါ ဘူး ထင်ပါရဲ့။ သူတို့တွေ့သွားရင် ကျွန်မတို့က သူတို့တောင်းတာကို ပေးဖို့ သဘောတူတယ်လို့ နားလည်ကြမှာပေါ့နော်"ဟု အယ်လင်က အားမလိုအားမရ အသံဖြင့် ဆိုသည်။

"ကဲ မောင် သတင်းစာတိုက်ကိုသွားပြီး ကြော်ငြာအဖြစ် ထည့်လိုက် မယ်၊ ကြော်ငြာခ ချက်ချင်းပေးရင် မောင်တို့နာမည်နဲ့ လိပ်စာပေးစရာ မလိုပါဘူး"

"ကောင်းသားပဲ။ ဒီလိုလုပ်တာဟာ ထိုင်ပြီး ငိုင်နေရတာထက်တော့ ကောင်းပါသေးတယ် မောင်ရယ်"ဟု အယ်လင်က တိုက်တွန်းလိုသော ဆန္ဒဖြင့် ပြောလေသည်။

http://www.cherrythitsar.org



သူသည် နှစ်မိုင်ကွာသော မြို့ကလေးရှိ ခပ်စုတ်စုတ်သတင်းစာတိုက်ရှေ့တွင် ကားထိုးဆိုက်လိုက်သည်။ မျက်လုံးနီနီနှင့် ညပိုင်း ကြော်ငြာစာရေးက ကြော်ငြာကို ဖတ်ပြီးလျှင် "ကြော်ငြာကလဲ ရယ်စရာကြီးပဲ။ ဒီလို မအူမလည်ကြော်ငြာမျိုး ခဏခဏ လာတတ်တယ်။ ကြော်ငြာခကတော့ တစ်ဒေါ်လာပါပဲ။ နာမည်"ဟု ပြောနေစဉ်ပင် ကင့်သည် တစ်ဒေါ်လာ ထုတ်ပေးပြီး ချက်ချင်းပင် ထွက်ခဲ့လေသည်။

ကင့်သည် မှောင်ထဲတွင် ကားကို ခပ်ဖြည်းဖြည်း မောင်းလာသည်။ စက်သံကို မပြည်အောင် အထူးကြိုးစား၍ မောင်းသည်။ ရာသီဥတုအခြေအနေသည် မုန်တိုင်းထ,ခါနီးတွင် ငြိမ်သက်နေသကဲ့သို့ ငြိမ်သက်လျက်ရှိသည်။ သူသည် ကားမောင်းရင်းပင် ဘက်စီကလေး၏ ငိုသံကို ကြားရနိုးဟု မျှော်လင့်မိလေသေး၏။

ကင့်နှင့် အယ်လင်တို့သည် တစ်ညလုံး အိပ်ပျော်သည်ဟူ၍ မရှိပေ။ သို့ရာတွင် နံနက် မိုးလင်းခါနီး၌ အိပ်မောကျသွားကြသည်။ ကင့်က အယ်လင်အား အိပ်ရာတွင်သိပ်၍ သူကမူ အယ်လယ်၏အနီးတွင် လှဲ၍နေသည်။ တစ်ညလုံးလိုလိုပင် အိပ်မပျော်သော်လည်း နံနက် မိုးလင်းသည့်အခါ ဘရစ်က လာ၍ နိုးသဖြင့် လန့်၍ နိုးကြသည်။

"ဘက်စီ ပြန်မလာသေးပါကလား မေမေ"ဟု ဘရစ်ကလေးက ဆိုလိုက်သံကို သူတို့နှစ်ယောက် အိပ်မှုန်စုံမွှားနှင့် ကြားလိုက်ရသည်။ ဘက်စီဟူသော အမည်ကို ကြားလိုက်ကြသည့်အခါ သူတို့နှစ်ယောက်လုံး မျက်စိများ ပြူးကျယ်သွားကြလေတော့သည်။

"ကြည့်စမ်း။ ကျွန်မတို့နှစ်ယောက်စလုံး အိပ်ပျော်သွားလိုက်ကြတာ"ဟု အယ်လင်က ကင့်ကို ကြည့်၍ အံ့အားသင့်စွာပြောလေသည်။

"အတော်ကလေးကြာမှ ပြန်လာမှာ သားရဲ့"ဟု ကင့်က ဘရစ်အား လေသံမှန်မှန်ထား၍ ပြန်ပြောလေသည်။

"ဘက်စီ ဒီနေ့ပြန်လာမှာလား ဖေဖေ"

"လာလိမ့်မယ် ထင်တယ်"

ထိုနေ့မှာ စနေနေ့ဖြစ်သဖြင့် ဘရစ် ကျောင်းသွားဖို့ မလိုပေ။

http://www.cherrythitsar.org



ကင့်သည် ချက်ချင်းပင် စိတ်သက်သာရာ ရသွားလေသည်။ သူတို့ စိတ်အားလျော့စရာအကြောင်း မရှိ။ လုပ်စရာတွေ အများကြီး ရှိသည်။ သူ့ဖခင်ထံသို့ သွား၍ ငွေတောင်းရမည်။ ငွေပေးရေးနှင့် ပတ်သက်၍သူ့ ထင်မြင်ချက်ကို လုံးဝ မစွန့်ပယ်သေးချေ။ အကယ်၍ ရဲဘက်က လူကြီးက ငွေပေးမရွေးနှင့်ဟု ဆိုလျှင် အယ်လင်ကို အသိမပေးဘဲထားပြီး ငွေ မပေးဘဲနေမည်ဟု စိတ်ကူးလေသည်။ နောင်တစ်ခုခု ဖြစ်လာလျှင်လည်း သူတာဝန်ယူမည်ဟု ပိုင်းဖြတ်ထားသည်။

"ကဲ ဘရစ်၊ မင်းနဲ့ မေမေနဲ့ ဘက်စီအဝတ်အစားတွေ အသင့်ပြင် ထားကြပေတော့။ ပြန်လာရင် ချက်ချင်းအဝတ်လဲရအောင်ပေါ့ကွာ"ဟု ဆိုပြီးလျှင် ကင့်သည် ရေချိုးရန် ထွက်သွားလေသည်။ သူသည် ရေမိုးချိုး ပြီးနောက် အဝတ်အစားအသစ်များ လဲပြီးလျှင် တစ်နေ့ပတ်လုံး အထူး သတိဝီရိယနှင့်နေရန် ပြင်ဆင်ရပေမည်။

သူသည် မှန်ရှေ့တွင်ရပ်၍ သူ့ရုပ်ပုံကို သူကြည့်လေသည်။ အကယ် ၍ ခြေလှမ်းမှားသွားလျှင် အယ်လင့်ရှေ့တွင် ဟန်ဆောင်သည့်မျက်နှာ မျိုး ထားနိုင်မည်လောဟု သူ့ကိုယ်သူ မေးကြည့်မိလေသည်။ အကယ်၍ ဘက်စီကို ပြန်မရခဲ့လျှင်၊ အကယ်၍ ဘက်စီကလေး ပျောက်မှန်းမသိ ပျောက်သွားရှာလျှင်၊ အကယ်၍ သူ့အလောင်းကလေးကို တစ်နေရာရာမှ တွေ့ခဲ့လျှင် သူ ဘယ်သို့ ပြုမူရမည်နည်း။

ပြန်ပေးဆွဲခံရသော ကလေးများ၏ မိဘတို့သည်လည်း သူကဲ့သို့ပင် အမျိုးမျိုး တွေးတောကြပေမည် မုချပင်။ အကယ်၍ ငွေပေးပြီး မရွေး သဖြင့် သူ့သမီးကလေး ကတိမ်းကပါးဖြစ်ခဲ့ပါမူ၊ သူသည် ငွေမပေး သည့်အကြောင်းကို အယ်လင့်အား တစ်သက်လုံး ဖုံးကွယ်ထားမည်လော။ သူ့ အပြစ်ကို ဖွင့်ဟဝန်ခံမည်လော။ ဖွင့်ပြောရမှာလည်း ခက်လှသည်။ တစ်သက်လုံး ဖုံးကွယ်ထားရန်လည်း မဖြစ်နိုင်။

မျှော်လင့်ချက်ထားဖို့သာ လိုတော့သည်။ သူသည် အဝတ်အစားလဲ ပြီးနောက် အိပ်ခန်းထဲသို့ ပြန်ဝင်သွားသည်။ ဘရစ်သည် အဝတ်အစား လဲရန် သူတို့အိပ်ခန်းထဲသို့ ဝင်လာသည်။ အယ်လင်မှာမူ အိပ်ရာထဲတွင်

http://www.cherrythitsar.org



လှဲလျက်ရှိသေးသည်။ ခေါင်းအုံးကို ခေါင်းထိုးလျက် လှဲနေသည်။ မျက်နှာ ဖြူရော်ရော်နှင့် စိတ်ပင်ပန်းဟန် ရှိချေသည်။

ကင့်သည် ငုံ့၍ သူ့ဇနီးနဖူးကို နမ်းလိုက်သည်။

"မောင် အယ်လင့်ဖို့ နံနက်စာ အပို့ခိုင်းလိုက်မယ်။ ပထမဦးဆုံး ဖေဖေ့ဆီ သွားမယ်။ တကယ်လို့များ တစ်ခုခု အကြောင်းကြားစရာရှိရင် ဖေဖေ့အိမ်မှာ ရှိရင်ရှိမယ်။ မရှိရင် ဘဏ်တိုက်မှာ ရှိမယ်"ဟု ဆိုလေသည်။

အယ်လင်သည် ခေါင်းညိတ်ပြီးလျှင် သူ့ကို မော့ကြည့်လိုက်သည်။ ထို့နောက်ပြန်၍ မှိတ်စိမှိတ်ထားလိုက်တော့သည်။ သူသည် သူ့ဇနီး၏ မျက်နှာကို ငေးစိုက်၍ ကြည့်နေသည်။ သူ့ဇနီး၏ မျက်နှာမှာ အပေါ်ယံ အမြင်အားဖြင့် တည်ငြိမ်နေသော်လည်း သွေးကြောကလေးများ ထလျက်ရှိသည်ကို မြင်ရလေသည်။

"အယ်လင် စိတ်တင်းမှပေါ့ကွယ်။ အရေးကြီးတဲ့အခိုက် ကြုံတော့မယ်။ စိတ်တင်းထား"ဟု သူက တည်ကြည်သော လေသံဖြင့် မှာကြားလေသည်။

"သိပါတယ် မောင်ရယ်။ အယ်လင်လဲ ဒီမှာနေလို့ မဖြစ်တော့ပါဘူး။ ဘရစ်ကိုခေါ်ပြီး အိမ်အောက်ဆင်းလိုက်ခဲ့ပါမယ်"

အယ်လင်သည် ရတ်တရက် လူးလဲထပြီးနောက် ရေချိုးခန်းထဲသို့ ဝင်သွားလေသည်။ ထိုနောက် ရေချိုးသံကို ကြားရသည်။ ကင့်သည် အချိန်ကိုလု၍ လုပ်စရာများစွာ ရှိသေးသဖြင့် သားကလေးကို "ငါ့သား မင်းမေမေနဲ့ အောက်ထပ်ကို လိုက်ခဲ့ပေတော့။ ဖေဖေသွားဦးမယ်"ဆိုကာ တစ်ယောက်တည်း အောက်ထပ်သို့ ဆင်းသွားလေသည်။

* * *

"ကျွန်တော့်ကို ဒီနေ့ ငွေသုံးသောင်းပေးပါ ဖေဖေ။ ကျွန်တော်ရှယ်ယာတွေ ရောင်းပြီးတာနဲ့တစ်ပြိုင်နက် ပြန်ပေးပါ့မယ်"ဟု ကင့်က သူ့ဖခင်အားတောင်းဆိုလိုက်သည်။

http://www.cherrythitsar.org



"ဘယ်တော့ရမယ်ဆိုတာက အရေးကြီးတာ မဟုတ်ပါဘူးကွ။ ဒါပေမယ့် ဒီလောက်ငွေများများကို ဘာဖြစ်လို့ လိုချင်တယ်ဆိုတာ ငါ သိချင်တယ်။ မင်းအလုပ်ကို ငါဝင်ပြီးမရှုပ်ချင်ပါဘူး။ မင်း တစ်ခုခု လုပ်ဖို့ဆိုတာတော့ သိပါတယ်။ ဒါပေမယ့် သိတော့ သိချင်တာပေါ့ကွ" ဟု ဖခင်ကြီးက ဒေါသသံနှင့် ပြန်ပြောလေသည်။

ကင့်သည် နံနက်စာစားစဉ် သတင်းစာဖတ်ခိုက်၌ ထိုကိစ္စ သတင်းစာထဲမပါစေချင်လျှင် သူ့မိဘများကို ဖွင့်မပြောမှဖြစ်မည်ဟု ပိုင်းဖြတ်ထားပြီး ဖြစ်လေသည်။ နံနက်သတင်းစာထဲတွင် သူ ညက ထည့်သော ကြော်ငြာပါလေသည်။ ဘက်စီကလေး အသက်ကို စိုးရိမ်ထောက်ထားသည့်အလျောက် နှုတ်လုံဖို့ အထူးဂရုစိုက်လေသည်။

သူသည် သူ့ဖခင်ထံသို့ မလာခင် အိမ်၌ အစေခံများကို တစ်ဖန်စုဝေး၍ "မင်းတို့အားလုံး အခုထိ နှုတ်လုံကြတဲ့အတွက် ငါ ကျေးဇူးတင်ပါတယ်။ ငါတို့ကိစ္စကို သတင်းစာထဲမပါစေရင် ငါ့သမီးကလေး အသက်ချမ်းသာလိမ့်မယ်။ ဒီတော့ မင်းတို့အားလုံး ဆက်ပြီး နှုတ်လုံကြစမ်းပါစေ။ အဆုံးတိုင် နှုတ်လုံကြရင် ငါ မင်းတို့ကို တစ်ယောက်ဒေါ်လာ တစ်ရာစီ ဆုချမယ်"ဟု ပြောလေသည်။

"ဟုတ်ကဲ့ ဆရာ"ဟု ထမင်းချက် ဆာရာနှင့်အစေခံ ရိုစ်တို့က ပြောသော်လည်း၊ ကလေးထိန်းမော်လီမှာ ရှိုက်ကြီးတငင် ငို၍သာ နေလေသည်။

"ကျွန်တော်တော့ ဒေါ်လာတစ်ရာလဲ မလိုချင်ပါဘူး ခင်ဗျာ။ ကလေးသာ ကောင်းကောင်းမွန်မွန် ပြန်ရောက်စေချင်တာပါပဲ"ဟု ပီတာက ဝမ်းနည်းသောလေသံဖြင့် ပြောလေသည်။

ကင့်သည် ပီတာကို မယုံချင်သလိုလို ဖြစ်မိခဲ့၏။ ယခု ပီတာ၏ စကားကို ကြားရသောအခါ၊ ထိုမယုံသင်္ကာစိတ်သည် လွင့်စင်သွားကာ၊ မသင်္ကာဖြစ်မိကာ မှားလေခြင်းဟု တွေးမိလေတော့သည်။

"ကျုပ်လဲ ဒါကိုပဲ လိုလားတာပေါ့ ပီတာရယ်"ဟု သူက စိတ်ထိခိုက်သော လေသံဖြင့် ဆိုလေသည်။

http://www.cherrythitsar.org



ကင့်သည် သူ့စိတ်ထိခိုက်မှုကို သူ့ကိုယ်သူ အံ့အားသင့်မိ၏။

ယခု ဖခင်ကြီးက သူ့ကို စိန်းစိန်းကြည့်၍ မေးနေလေရာ သူသည် စိတ်ကို ကောင်းစွာချုပ်တည်းကာ "အခုလို ငွေတွေ အများကြီးတောင်းတာဟာ အတော်လွန်တဲ့ အလုပ်ပဲဆိုတာ ကျွန်တော် သိပါတယ် ဖေဖေ။ ဒါပေမယ့် အခုရက်အတောအတွင်းမှာ ကျွန်တော့်ကို အကြွင်းမဲ့ ယုံကြည်ပြီး ထုတ်ပေးပါလို့ ကျွန်တော် တောင်းပန်ပါရစေ"ဟု ဆိုသည်။

"မင်း ငွေကစားဖို့တော့ ဟုတ်မယ်မထင်ဘူး။ အခုအချိန်မျိုးမှာ ငွေကစားရင် မှားမယ် ဧကန်ပဲ"

သူ့ဖခင်က ငွေကစားသည့်အကြောင်း ပြောသောအခါ ကင့်သည် သူ့သမီးကလေးအသက်နှင့် ကစားရမည့် ငွေကစားနည်း ဖြစ်ပါကြောင်း တွေးမိလေသည်။

"ကျွန်တော့် ငွေကစားနည်းဟာ သာမန် နည်းမျိုး မဟုတ်ပါဘူး ဖေဖေ။ ဖေဖေ့ဆီမှာ ငွေမယူတော့ပါဘူး။ ဘဏ်တိုက်မှာပဲ ကျွန်တော့်အိမ်ပေါင်ပြီး ယူပါတော့မယ်"ဟု သူက ဆိုလိုက်သည်။

"မဟုတ်တာ လုပ်ရော့မယ် ဒီအကောင်ဟာ။ ငါ့သား အိမ်ပေါင်ရတယ်ဆိုတာ ငါ မကြားချင်ပါဘူး "ဟုဆိုကာ ဖခင်ကြီးသည် ချက်လက်မှတ် တစ်စောင်ကို ရေးလေသည်။

"ကျေးဇူးပါပဲ ဖေဖေ"ဟု ကင့်ကဆိုကာ ဘဏ်တိုက်သို့ ကပျာကယာ ထွက်သွားလေသည်။

* * *

ကင့်မှာ ထိုနေ့အဖို့ အလုပ်များလှသဖြင့် အချိန်ကုန်မှန်း မသိတော့ပေ။ မွန်းတည့်ခါမှ သတိရသည်။ နောက်တစ်နာရီခန့် အကြာတွင် ချိန်းထားသည့် ထမင်းဆိုင်ကလေးသို့ သွားရပေမည်။ သူသည် ဘဏ်တိုက်မှ အိမ်သို့ပြန်သွားရာ အိမ်တွင် အယ်လင်အား ဝရန်တာတွင် နေစာ လှုံနေသည်ကို တွေ့ရသည်။ သူ့လက်ထဲတွင် စာအုပ်တစ်အုပ်ရှိသည်။ ဘရစ်ကလေးမှာ ခြံထဲတွင် မော်တော်လော်လီ ကားနီကလေးနှင့်

ကစားလျက် ရှိသည်။ အပြင်က မြင်ရသူတိုင်းမှာ ထိုအိမ်၌ ဒုက္ခကြီးစွာ ကျရောက်နေသည်ဟု ထင်နိုင်ဖွယ်ရာ အကြောင်းလမ်း မရှိနိုင်ပေ။

"ငွေရလာပြီလား"ဟု အယ်လင်က မေးလိုက်သည်။

ကင့်က အင်္ကျီအိတ်ကို လက်ဖြင့်ဖိလျက် "အသင့်ပဲ"ဟု ဆိုလေသည်။

သူတို့နှစ်ယောက်သည် နံနက်စာစားပွဲတွင် စကားမပြောဘဲ ထိုင်ကြသည်။ ဘရစ်ကလေးသာလျှင် ကလေးသဘာဝ ပြောချင်ရာ လျှောက်ပြောနေတော့သည်။ အယ်လင်မှာ ထမင်းကို အလျင်းမစားပေ။ ကင့်ကမူ အနည်းငယ်မျှသာ စားလေသည်။ အစားအသောက် မစားသော်လည်း ထမင်းစားပွဲတွင် အခြေအမပျက်လာ၍ ထိုင်သည်ကို ကင့်က ကျေးဇူးတင်နေတော့သည်။

"ဒီလို ဟန်မပျက်နေနိုင်တာ တော်တာပေါ့"ဟု ကင့်က အယ်လင်ကို လှမ်းပြောလိုက်ရာ အယ်လင်က မချိပြုံးကလေး ပြုံးနေလေသည်။

"ကော်ဖီ မသောက်တော့ဘူး ရိုစ်"ဟု အစေခံမကို လှမ်းပြောပြီးနောက် ကင့်က အယ်လင်ကို "မောင် သွားတော့မယ်"ဟု ဆိုလေသည်။

"သွားလေ၊ အခုလို အကြာကြီးစောင့်နေရတာ ဒုက္ခပါပဲ"

"သိပါတယ်ကွယ်"ဟုဆိုကာ ကင့်က အယ်လင်အား နှုတ်ဆက်နမ်းလိုက်လေသည်။

လွန်ခဲ့သည်နေ့က ဘာမျှမလုပ်ရဘဲ စောင့်ဆိုင်းနေရသဖြင့် ကင့်သည် စိတ်ညစ်ညူးခဲ့၏။ ယနေ့၌မူ သူသည် စောင့်ဆိုင်းရသည့် အချိန်သို့ရောက်အောင် ကြိုးစားရသည်ဖြစ်သောကြောင့် မျှော်လင့်ချက်ကလေး ရှိကာ စိတ်မညစ်တော့ချေ။

ကင့်သည် ထမင်းဆိုင်ကလေးရှိရာသို့ တစ်ယောက်တည်း ကားမောင်းသွားသည်။ ပတ်ဝန်းကျင်ရှုခင်းသည် နဂိုအတိုင်းပင် ဖြစ်ပေသည်။ ထိုကဲ့သို့သော အပေါ်ယံ သာယာမှု ရှုခင်းအတွင်းဝယ် အပြစ်ကင်းသော ကလေးများကို အိမ်မှ ခေါ်ယူပြီးလျှင် မိဘများထံမှ ငွေညှစ်တတ်သော လူမသမာများရှိသည်ဟူ၍ ဆိုနိုင်ဖွယ် မရှိပေ။

http://www.cherrythitsar.org



သူသည် ကားမောင်းရင်း သူ့၌ ရန်သူများ ရှိလေသလားဟု တွေးတောစစ်ဆေးကြည့်လေသည်။ ကိုယ့်ထက်သာ၊ မနာလိုသူများ ရှိကောင်းရှိပေမည်။ သူကိုယ်တိုင် ရန်သူဖြစ်အောင် လုပ်မိသည့် အကြောင်းအချက်ကား မရှိပေ။ သူ့ဖခင်၌လည်း ရန်သူရှိပေမည်။ အဘိုးကြီးက အလုပ်အကိုင် မရှိသောဘဲ ပျင်းရိနေသူတို့ကို အလွန်မုန်းတီးသည်။ မုန်းသည့်အလျောက် ပြောင်ပြောင်ကြီး ပြောတတ်သည်။ ထို့ကြောင့် အဘိုးကြီး၌ ရန်သူ ရှိပေလိမ့်မည်။

ကင့်သည် ထမင်းဆိုင်ဝင်းထဲသို့ ကားကို မောင်းသွားပြီးလျှင် ရပ်ထားခဲ့သည်။ သူသည် ဆိုင်ထဲသို့ ရင်တဖိုဖိုနှင့် ဝင်သွားပြီးလျှင် တံခါးဝတွင် ထိုင်နေသော မိန်းမအား "အရက်ခန်း မရှိဘူးလား"ဟု အမှတ်မထင် ဟန်ဆောင်၍ မေးလိုက်သည်။

"ညာဘက် လှည့်သွားပါ"ဟု မိန်းမက ပြောသည်။ ထိုညနေမှာ တနင်္ဂနွေနေ့ညနေ ဖြစ်သောကြောင့် အရက်ခန်းတွင် လူစည်သည်။ မိန်းမကြီးကလည်း ကင့်ကို လှမ်း၍သာ ဖြေလိုက်သည်။ သူ့ကို လှည့်၍ပင် မကြည့်လိုက်ချေ။

အခန်းထဲသို့ ဝင်လိုက်လျှင်ပင် သူသည် ချိန်းထားသူနှင့် တွေ့ရသည်။ ထိုသူသည် ပြောထားသည့်အတိုင်းပင် မဲပြာရောင်ကွက်အင်္ကျီကို ဝတ်ထားသည်။ ရုပ်အင်္ကျီအပြာစင်း ဖြစ်သည်။ လည်စင်းအပြာနှင့်အင်္ကျီအိတ်ထဲမှ ပြူထွက်နေသော လက်ကိုင်ပုဝါမှာလည်း အပြာပင်ဖြစ်သည်။ ထိုသူသည် ခုံတန်းရှည်ကြီး၏ အစွန်းတစ်ဖက်တွင် ရှိသည်။ ကင့်သည် သူ့အနီးသို့ လျှောက်သွားပြီးလျှင် "ဝီစကီနဲ့ဆော်ဒါရစ်ခွက်"ဟု မှာလိုက်သည်။ အခန်းထဲတွင် လူများပြည့်လျက်ရှိ၏။ ကင့်က မဲပြာရောင်အင်္ကျီဝတ်ထားသူကို "ရွာထမင်းဆိုင်မှာ ဒီလိုလူများတာ အတော်ထူးခြားသဗျ"ဟု ဆိုလိုက်သည်။

"ဟုတ်တယ်ဗျ"ဟု ထိုလူက ပြန်ပြောလေသည်။ သူ့အသံမှာ သိမ်မွေ့လှသည်။ သူသည် ရေကဲ့သို့ အရည်ကို ဖန်ခွက်ရှည်ကြီး တစ်ခွက်တွင် ထည့်လျက် သောက်နေသည်။ မကြာမီ ကုန်သွားသဖြင့် သူက

http://www.cherrythitsar.org



အရက် ရောင်းသမားကို လှမ်း၍ “ဒါမျိုး နောက်တစ်ခွက်ပေးပါဦး”ဟု တောင်းလိုက်သည်။ ထို့နောက် ကင့်ဘက်လှည့်ကာ “ဒါကို လန်ဒန် ခဝါသည်မ အရည်လို့ ခေါ်ကြတယ်”ဟု ပြောပြလေသည်။

ကင့်သည် ထိုမျှ အမြင်နုပ်သော ပုဂ္ဂိုလ်မှာ အရေးပါ အရာရောက် သော သူ ဖြစ်နေသည်ဟု တွေးထင် အောက်မေ့ရန် ခက်လှသည်ဟု ထင်မိလေသည်။

“ကျုပ်သွားတဲ့ လမ်းဘက်ကိုပဲ သွားမှာလား”ဟု ကင့်က ရုတ် တရက် မေးလိုက်သည်။

“ခင်ဗျားကားနဲ့ ခေါ်ရင် ကောင်းမှာပဲ”ဟု နုပ်တုတ်တုတ်လူက ပြောလေသည်။

ကင့်သည် သူ့ကို ထိုသူက သိကြောင်း သိရသဖြင့် စိတ်ချလေတော့ သည်။ ထို့ကြောင့် သူက ခေါင်းညိတ်ပြသည်။ သူတို့နှစ်ယောက်လုံး သည် ကိုယ့်အရက်ဖိုး ပေးကြပြီးနောက် အခန်းထဲမှ ထွက်သွားကြသည်။

“မြောက်ဘက် တည့်တည့်မောင်းပါ”ဟု လူနုပ်နုပ်က ပြတ်သား သော အသံဖြင့် ပြောလေသည်တွင် ကင့်သည် အိပ်မက်မက်သလို ငေး ငိုင်ငိုင်ဖြစ်ရာမှ လန့်သွားလေသည်။ ထိုလူသည် ကင့်၏ ဘေးတွင် လက်ပိုက်၍ထိုင်နေသည်။ “မစ္စတာ ကရော့သား။ ဘယ်လိုဖြစ်တယ် ဆိုတာ အတိအကျ ပြောစမ်းပါ”ဟု မေးလေသည်။

ကင့်က ဖြစ်သမျှ အကြောင်းကို ပြောပြလေသည်။

“ကျွန်တော် ခင်ဗျားနာမည် မသိရသေးဘူး”ဟု ကင့်က ဆိုလိုက်ရာ ထိုလူက “ကျုပ်နာမည် အရေးမကြီးပါဘူး။ ကျုပ်ကို ဒီအမှု အပ်ထားပါ တယ်”ဟု ခပ်တည်တည် ပြန်ပြောလေသည်။

“ကျွန်တော် ပြောပြီ မဟုတ်လား ကျွန်တော်တို့မှာ ရန်သူမရှိပါဘူး။ ရှိဦးတော့ ကျွန်တော်တော့ မသိတာအမှန်ပဲ”ဟု ကင့်က ပြောပြလေ သည်။

“အို လူဆိုရင် ရန်သူရှိတာချည်းပါပဲဗျာ”ဟု ထိုလူက ခပ်တိုးတိုး ဆိုသည်။

http://www.cherrythitsar.org



"လူဆိုးတစ်ယောက်ယောက်က ကျွန်တော့်သမီးကလေးကို ပြန်ပေးဆွဲမယ်လို့ ကျွန်တော် မထင်မိဘူး"ဟု ကင့်က ဆိုလိုက်သည်တွင် ထိုလူက "လူဆိုးက ပြန်ပေးဆွဲတာမှ မဟုတ်ဘဲ။ လူဆိုးက ကလေးတွေကို ဘယ်တော့မှ ဒုက္ခမပေးပါဘူး။ ကလေးတွေကို ဒုက္ခပေးရင် ဒုက္ခကြီးရောက်တတ်တယ်ဆိုတာ လူဆိုးတွေက သိတယ်။ ဒါကြောင့်မို့ တကယ့်လူဆိုးက ဘယ်တော့မှ ပြန်ပေးမဆွဲဘူး။ ဘာမဟုတ် ညာမဟုတ် အကောင်က အဖော်တစ်ယောက် နှစ်ယောက်လောက်နဲ့ ပြန်ပေးဆွဲတတ်တာဗျ"ဟု ထိုလူက ကင့်အား ရှင်းပြလေသည်။

"လူဆိုးအဖို့ ဒုက္ခကြီး ရောက်တယ်ဆိုတာ ဘယ်လိုများလဲဗျ"ဟု ကင့်က မေးလေသည်။

"ဒုက္ခရောက်တယ်ဆို ကလေးတွေ ပြန်ပေးဆွဲရင် မိတာချည်းပဲ"

ကင့်သည် ထိုနုပ်နုပ်လူကို အယုံအကြည် ရှိလာသည်။ ထိုကြောင့် သူက ရင်းနှီးစွာ "ကျွန်တော့်မိန်းမကတော့ ငွေပေးရွေးချင်တာပဲ။ ခင်ဗျားကတော့ ငွေပေးရွေးတယ်ဆိုတာ လမ်းမမှန်ဘူးလို့ ဆိုမှာပဲ"ဟု ဆိုလေသည်။

"လမ်းမမှန် မဟုတ်ပါဘူး။ လမ်းမှန်ပါတယ်။ ကျုပ်တို့ ရဲအဖွဲ့တွေဟာ ကဝေဆရာကြီးတွေ မဟုတ်ပါဘူး။ ပြန်ပေးတောင်းတဲ့ ငွေကို မပေးရင် ပြန်ပေးနဲ့ အဆက်ပြတ်နေမှာပေါ့။ အဆက်ရှိမှလဲ ကျုပ်တို့ ဖမ်းလို့ရနိုင်မှာပေါ့။ ကျုပ်တွေ့ရတဲ့ အမှုတွေထဲမှာ အမှုနှစ်ခုပဲ ပြန်ပေးနဲ့ အဆက်ပြတ်ပြီး သဲလွန်စ ရှာမရ ဖြစ်ခဲ့ဖူးတယ်"

"သြော် ကလေး အသတ်ခံရသလား"ဟု ကင့်က လန့်သောအသံဖြင့် မေးလေသည်။

"တစ်ယောက်တော့ အသတ်ခံရတယ်။ တစ်ယောက်ကတော့ အစပျောက်သွားတာပဲ"ဟု ထိုလူက ပခုံးတွန့်၍ ပြောသည်။

"ကျွန်တော် ဘာလုပ်ရမလဲ ပြောပါ။ ပြောတဲ့အတိုင်း လုပ်ပါ့မယ်"ဟု ကင့်က မေးသည်။

ထိုလူက စီးကရက် တစ်လိပ် ညှိသောက်ပြီးလျှင် "ကျုပ်တို့ကို

http://www.cherrythitsar.org



မတိုင်ဘဲ ကျိတ်လုပ်နေသလို လုပ်ပါ။ ငွေပေးပြီး ရွေးပါ။ ပေးတဲ့ ငွေစက္ကူနံပါတ်တွေကိုသာ မှတ်ထားပါ။ ပေးမှာသာ ပေးပါ။ ပြီးတော့ သူက နောက်လုပ်ရမှာကို ပြောရင် ပြောတဲ့အတိုင်း လုပ်ပါ။ ပြီးတော့ ကျုပ်တို့ကို အကြောင်းကြားပါ။ ကျုပ် တယ်လီဖုန်းနံပါတ်ကတော့ ဟောဒီအတိုင်းပါပဲ"ဟု ဆိုကာ သူ့အိတ်ထဲမှ စာရွက်ကလေးတစ်ရွက်ကို ထုတ်ပေးလေသည်။ ထိုနောက် သူက ...

"ခင်ဗျား တယ်လီဖုန်းကြိုးကို ကျုပ်တို့ဆက်ထားပြီး ခင်ဗျားဘယ်သူနဲ့ ပြောပြော ကျုပ်တို့ ကြားဖြတ်နားထောင်ရပေလိမ့်မယ်"ဟု ဆက်၍ ပြောလေသည်။

"ဒါကတော့ မိတ်ဆွေ ကြိုက်သလိုသာ စီမံပါ"ဟု ကင့်က ပြောလိုက်သည်။

"ဒါပဲ လိုပါတယ်။ ဒီပြင်လဲ စီမံစရာ မရှိပါဘူး။ မိဘများ လုပ်ချင်တာကို လုပ်ခွင့်ပေးရမယ်လို့ ကျုပ်တို့အထက်က အမိန့်ပေးထားတယ်။ ခင်ဗျားဟာ အတော်အဆင်အခြင်ကြီးတဲ့လူပဲ။ ကျုပ် တွေ့ဖူးသေးတယ်။ လူတစ်ယောက်ဟာ သူ့ကလေးကို ပြန်ပေးဆွဲသွားတာ ရဲဘက်က ဝင်ကူညီရင် ရဲကို သေနတ်နဲ့ ပစ်သတ်မယ်လို့ ကြိမ်းတယ်။ သူ့ဘာသာ သူစီမံမယ်ဆိုပြီး လုပ်တာပဲ"

"ဒါဖြင့် ကလေး ပြန်ရရဲ့လား"

"မရဘူးဗျ။ ငွေလဲ ပေးရသေးတယ်။ ငွေပေးရွေးတယ် ဆိုတာ ကောင်းပါတယ်။ ဒါမှလဲ ကျုပ်တို့က ဖမ်းလို့လွယ်မှာ။ ဒါပေမယ့် ဒီလူက နှုတ်မငြိမ်ဘူး။ သူ့ဘာသာ စီမံတာ၊ ရဲကို အဝင်မခံဘူး ဆိုပြီး လျှောက်ပြောနေတော့ ကျုပ်တို့အဖွဲ့က မဝင်သာတော့ဘူးပေါ့"

"ကျွန်တော်တော့ ကလေးပြန်ရဖို့အတွက် ငွေပဲကုန်ကုန်၊ ဒုက္ခပဲ ရောက်ရရောက်ရ ကိစ္စ မရှိပါဘူး။ ကလေး အသက်ချမ်းသာရင် ပြီးတာပါပဲ"ဟု ကင့်က ပြောလိုက်သေးသည်။

ထိုလူ ဘာမျှပြန်မပြောတော့ပေ။ ကင့်သည်လည်း ရွာဘက်သို့ လှည့်၍ ကားကို မောင်းလာရလေသည်။ ထမင်းဆိုင်သို့ ရောက်သောအခါ

ထိုလူက "ကဲ ဒါပဲ။ ခင်ဗျားအကြံ အောင်ပါစေများ"ဟု ဆိုကာ ကားပေါ်မှ ခုန်ထွက်ပြီးလျှင် ဆိုင်ထဲသို့ ဝင်သွားလေသည်။

ညနေစောင်းတွင် ကားမောင်း၍ အိမ်ပြန်လာသော ကင့်သည် မွဲပြာအင်္ကျီနှင့် လူကို တွေ့ရသဖြင့် မည်သို့ ပြောဆိုဆွေးနွေးသည် ဟူသော စကားကို အကျယ်ချဲ့၍ ပြောစရာ အကြောင်းအရာ မရှိသည့် အဖြစ်ကို တွေးမိလေသည်။ သူပြောနိုင်သည့် အချက်တစ်ရပ်မှာ ထိုသူကို သူနှစ်သက် ယုံကြည်ကြောင်းပင် ဖြစ်သည်။ ထိုလူမှာ အလွန်တန်ခိုးကြီးသော အဖွဲ့၏ ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ထိုသူနှင့် တွေ့ဆုံရသည်မှာ စိတ်အားတက်ဖွယ်ဖြစ်ကြောင်း စသည့်အချက်များရှိသည် မှန်၏။

အိမ်သို့ ရောက်သောအခါ အယ်လင်က စောင့်မျှော်နေသည်ကို တွေ့ရသည်။

"တကယ်ဆိုတော့ သူက ဘာမှ မပြောလိုက်ဘူး။ ငွေပေးရွေးတာ မှန်တယ်လို့သာ ပြောလိုက်တယ်။ မောင်တို့ ငွေပေးရွေးရဖို့တော့ သေချာတယ်။ ဒီလူဟာ ထူးခြားတော့ ထူးခြားတာပဲ။ ကလေး အသက်ရှင်နေသေးရင်တော့ ငွေပေးလိုက်ရင် မောင်တို့သမီးကလေး ပြန်ရမှာပဲ။ ကဲ ငွေစက္ကူတွေ စစ်ကြည့်ရအောင်"ဟုဆိုကာ သူဖက်ထားသော အယ်လင်မှာ အတော်ပင်တုန်လှုပ်နေမှန်းသိသဖြင့် စကားကို ဖြတ်လိုက်လေသည်။

သူတို့သည် အိပ်ခန်းတံခါးကို သော့ခတ်ပြီးလျှင် ငွေစက္ကူများကို ရေတွက်နေကြသည်။

* * *

ည (၁၂)နာရီ မထိုးခင် ဆယ့်ငါးမိနစ်အလိုတွင် ကင့်သည် ချိန်းထားသော သစ်ပင်အိုကြီးရှိရာသို့ မှောင်ထဲတွင် တိုး၍သွားလျက် ရှိသည်။ ထိုနေရာသို့ ကလေးအရွယ်ကပင် သွားနေကျ ဖြစ်သဖြင့် ကင့်အဖို့ မခဲယဉ်းလှချေ။ သို့ရာတွင် အပျော်တမ်း ငါးမျှားရန် ခြေကျင်ထွက်လာသော သူငယ်လေးဘဝနှင့် ယခုဘဝမှာ ကွာခြားလှချေသည်။

သူသည် ဝက်သစ်ချပင်အိုကြီး အနီးတွင် ကားကိုရပ်၍ သူနှင့်

http://www.cherrythitsar.org



အယ်လင်တို့ သပ်သပ်ရပ်ရပ် ထည့်ထားသော ငွေစက္ကူသေတ္တာကြီးကို ကားထဲမှထုတ်ယူလာသည်။ အနီးပတ်ဝန်းကျင်၌ လူသံသူသံ မကြားရပေ။ သို့ရာတွင် သူ့ကလေးကို ခေါ်သွားသော လူတစ်စုသည် တစ်နေရာမှ နေ၍ စောင့်ကြည့်နေကြမည်ဟူ၍ကား သိရလေသည်။

သူသည် ဘက်စီကလေး၏ အော်သံကို အနီးရှိ စက်ရုံပျက်ကြီးမှ ကြားရလေမလားဟု အောက်မေ့ကာ နားစွင့်နေမိသည်။ သို့ရာတွင် အသံဟူ၍ ဘာသံကိုမျှ မကြားရချေ။ သူသည် သေတ္တာကို သစ်ပင် ခြေရင်းရှိ ငေါငေါပေါ်နေသော အမြစ်ကြီးပေါ်တွင် တင်လိုက်လေသည်။

ယင်းသို့ တင်လိုက်ရာတွင် မြေနှင့် တစ်ပေခန့်မြင့်သော ကြိုးတန်းလေးတစ်ခုကို ဝင်၍ တိုက်မိသည်။ သူသည် ဘာများလဲဟု အောက်မေ့ကာ လက်ဖြင့်စမ်းကြည့်ရာ သစ်ပင်ကို ပတ်ထားသော သာမန်ချည်မျှင်ဖြစ်နေကြောင်း တွေ့ရှိရသည်။ ကြိုးသွားရာ လျှောက်၍ စမ်းသောအခါ ကျောက်တုံးတစ်တုံး အောက်တွင် စာရွက်တစ်ခေါက်ကို တွေ့ရလေသည်။ သူသည် ထိုစာရွက်ကောက်ယူပြီးလျှင် ပါလာသော ဓာတ်မီးခြစ်ကို ခြစ်၍ ဖတ်ကြည့်သည်။ လက်ရေးမှာ စာမတတ်သူ ရေးထားကြောင်း ထင်ရှားလေသည်။ မညီမညာသော လက်ရေးဖြင့် အောက်ပါအတိုင်း ရေးထားသည်ကို တွေ့ရလေသည်။

'ကျုပ်တို့ ပြောသလို ကောင်းကောင်းလုပ်ရင် နက်ဖြန်ည (၁၂) နာရီမှာ ခင်ဗျား လူငှားအိမ်ကိုသွားပြီး ကလေးကိုခေါ်ချေ။ ဒါပေမယ့် ကျုပ်တို့ကို တစ်ပတ် မရိုက်နဲ့။ ရိုက်ရင် ကလေးအလောင်းကိုပဲ ရမယ်'

သူသည် မီးခြစ်ကို ပိတ်လိုက်သည်။ သူ အလုပ်မဟုတ်လျှင် ကလေးကို အသေရလိမ့်မည်။ သူလုပ်သမျှ တစ်ယောက်တည်း လုပ်မှ ဖြစ်မည်။ ဘယ်သို့ လုပ်ရမည်ဆိုသည်ကို အတိအကျ ဆုံးဖြတ်ပြီးမှ အယ်လင့်ထံသို့ ပြန်မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

အယ်လင်က 'ကလေး ရရင်ပြီးရောပေါ့။ ဘယ်သူ့ကိုမှ အသိပေးနေစရာ မလိုဘူး။ ကိုယ်ကျိုးကိုသာ ကြည့်ပါ'ဟု ဆိုမည်မုချပင်။ အယ်လင့် အလိုအတိုင်း သူက မည်သူ့ကိုမျှ မပြောဘဲ လုပ်မည်။ သို့ရာတွင်

http://www.cherrythitsar.org



ပြန်ပေးများက ကတိမတည်ဘဲ ကလေးအလောင်းကိုသာ ပြန်ပေးမည်ဆိုလျှင် ခက်ချေမည်။

ထိုအခိုက်တွင် သူသည် ရဲအဖွဲ့ဝင်မျက်နှာကို သတိရမိသည်။ ထိုသူမှာ ယုံကြည်အားထားစရာ ဖြစ်ပေသည်။ သူသည် ဤကိစ္စမျိုးတွင် မည်သို့ ဆောင်ရွက်အပ်သည်ကို အသေအချာ သိသည် ဖြစ်၏။ ကိုယ့်သဘောအတိုင်း လုပ်သော မိဘများထံသို့ သူတို့ကလေးများ ပြန်မလာသည့် ယခင် သာဓကများရှိချေသည်။ သူ့တာဝန်မှာ ရဲအဖွဲ့ကို အကြောင်းကြားရန် ဖြစ်သည်။ ထိုတာဝန်ကို ဆောင်ရွက်မည်ဟု ကင့်က ဆုံးဖြတ်လိုက်လေသည်။

သူသည် အိမ်သို့ ပြန်လာရာ အယ်လင်အား သူ့အိပ်ရာပေါ်တွင် မျက်စိမှိတ်လျက် လဲလျောင်းနေသည်ကို တွေ့ရသည်။

"ဒါလင်"ဟု သူက ခပ်တိုးတိုး ခေါ်လိုက်သည်တွင် အယ်လင်သည် မျက်လုံးများ ဖွင့်ပြီးလျှင် ထ၍ထိုင်လေသည်။ ကင့်သည် အယ်လင်အား ပြန်ပေး၏စာကို ပေးလိုက်ပြီးလျှင် သူ့ဘေးနားတွင် ထိုင်လိုက်သည်။ အယ်လင်လည်း ဖတ်ပြီးနောက် စိတ်မချမ်းသာသော မျက်နှာထားနှင့် သူ့အား မျက်လွှာ လှန်ကြည့်လိုက်သည်။

"နောက်(၂၄)နာရီတောင် စောင့်ရဦးမယ်ဆိုတော့ ကျွန်မဖြင့် ဒီဒဏ်ကို မခံနိုင်တော့ဘူး"ဟု သူက ခပ်တိုးတိုး ပြောလိုက်သည်။

"အို မင်းကလဲ ဘာဖြစ်လို့ မခံနိုင်ရမှာလဲကွာ။ ခံနိုင်ရမှာပေါ့။ မခံနိုင်လို့ကော ဘယ်တတ်နိုင်မှာလဲ။ ကဲပါ ထပါ။ ငါဖြင့် တစ်နေ့လုံး ဘာမှ မစားရသေးပါဘူး။ တစ်ခုခု စားကြပါဦးစို့"ဟု ကင့်က ဆိုလေသည်။

"နေဦး မောင်။ ကျွန်မ မျက်နှာသွားသစ်လိုက်ဦးမယ်။ ပြီးတော့ အောက်ထပ် ဆင်းလာခဲ့ပါ့မယ်"ဟု အယ်လင်က ဆိုသည်။

ကင့်သည် ပြန်ပေးတို့အား ငွေ ပေးလိုက်ပြီးပြီဖြစ်ရာ ရဲအဖွဲ့ဝင်ထံသို့ အရဲစွန့်၍ အကြောင်းကြားလိုက်မည်ဟု စိတ်ပိုင်းဖြတ်လေသည်။ သူသည် အယ်လင် အောက်ထပ်သို့မဆင်းခင် အကြောင်းကြားမှ ဖြစ်

http://www.cherrythitsar.org



မည်ဟု သိသည်။ ထို့ကြောင့် ရဲအဖွဲ့ဝင် ပေးထားခဲ့သော တယ်လီဖုန်းနံပါတ်ကို ခေါ်လိုက်လေသည်။

"ဟဲလို"ဟု ထိုလူက ဆိုသည်။

"ကျွန်တော် ကင့်ကရော့သားပါ။ ကျွန်တော့်ကို ချိန်းလိုက်ပြီ"

"သြော် ဟုတ်လား"ဟု ထိုလူက စိတ်အားထက်သန်စွာ ဆိုလိုက်သည်။

"နက်ဖြန်ည (၁၂)နာရီ"

"ဟုတ်လား။ ဘယ်မှာလဲ။ သန်းခေါင်ချိန်းတာကတော့ ထုံးစံပါပဲ။ သူတို့ အမြဲတမ်း သန်းခေါင်ချိန်းကြတာပဲ"

"ကျွန်တော့်ဥယျာဉ်မှူးရဲ့ အိမ်ကို ချိန်းတယ်"

"ကောင်းပြီ မစ္စတာကရော့သား။ ကျုပ်တို့ကို အကြောင်းမကြားတဲ့ အနေမျိုးနဲ့ ဆက်လုပ်သွားပေါ့"ဟု ဆိုကာ တယ်လီဖုန်းကို ဖြတ်လိုက်လေသည်။

ကင့်သည် တယ်လီဖုန်းကို မချသေးဘဲ နားထောင်နေသေး၏။ ဘယ်ကမှ အသံမကြားရသော်လည်း သူနှင့် ရဲအဖွဲ့ဝင်တို့ ပြောသော စကားကို ဖြတ်၍ နားထောင်နေကြောင်း သူသိလေသည်။ ယင်းသို့ ဖြတ်၍ နားထောင်နေသူမှာ ဘယ်သူနည်း။ လန့်စရာ ကောင်းလှတော့သည်။ သို့သော် ရဲအဖွဲ့က သူ့အိမ်က တယ်လီဖုန်းကို ဖြတ်၍ နားထောင်လိမ့်မည်ဟု ထိုလူက ကြိုတင် အကြောင်းကြားထားသဖြင့် လန့်စရာ မဟုတ်။ အားရှိစရာပင် ဖြစ်တော့သည်။

ထိုအခိုက် အယ်လင် ဆင်းလာသံကို ကြားရသဖြင့် ကင့်သည် တယ်လီဖုန်းကို ချပြီးလျှင် အယ်လင်ကို လှေကားခြေရင်းမှ ဆီးကြိုလေသည်။

"အယ်လင်ရေ၊ မောင်တော့ ထင်နေတာပဲ"

"ဘာများ ထင်နေတာလဲ မောင်"

"မောင်တို့ နိုင်လိမ့်မယ်လို့ စိတ်ထဲမှာ ထင်နေတယ်"

နိုင်မည်ဟု ထင်သည်ဟု ဆိုရငြားလည်း ဘက်စီလေး၏ မျက်နှာ

ကို ကွက်ခနဲ မြင်လိုက်ရသဖြင့် ရင်တဖိုဖို ဖြစ်သွားလေသည်။ 'ငါ့သမီးကလေးကို အရှင်ရမှရမှာလား''ဟု စိုးရိမ်စိတ် ရတ်ခြည်းပေါ်လာလေသည်။

''ကဲ တို့ စားကြရအောင်။ ငါလဲ စားမယ်။ မင်းလဲ စားရမယ်။ နက်ဖြန်ကျတော့ ဒီပြန်ပေးကောင်တွေကို ငါတို့ နိုင်ရမယ်''ဟု ကင့်က အားရပါးရ ပြောလေသည်။

နက်ဖြန်ကျရင် ငါတို့ နိုင်ရမယ် ဆိုသော်လည်း သူတို့ ရှုံးတော့မလိုလို ဖြစ်သွားချေသည်။ စောင့်ရသည့်ဒုက္ခကို ပင်ပန်းကြီးစွာ ခံကြရရှာသည်။ နာရီများအားလုံး ရပ်နေသည်ဟု ထင်ရလောက်အောင် အချိန်မှာ ကုန်ခဲလှချေသည်။ တစ်နေကုန် စောင့်ဆိုင်းရသည်မှာ အတော်သည်းခံရသော အလုပ်ကြီးပင်တည်း။

တနင်္ဂနွေနေ့ဖြစ်လေရာ ကင့်၏မိဘများ လာရောက်လည်ပတ်နေကျဖြစ်သဖြင့် လာကြလျှင် လျှို့ဝှက်ချက် သိသွားမည် စိုးရသည်။ သို့ရာတွင် ကံအားလျော်စွာပင် ကင့်၏မိခင်က အအေးမိသဖြင့် ထိုနေ့တွင် အလည် မလာရောက်နိုင်ဟု ကင့်၏ဖခင်က တယ်လီဖုန်းနှင့် လှမ်းပြောလိုက်လေသည်။

သူတို့နှစ်ယောက်သည် သားကလေး ဘရစ်နှင့် ကစားနေကြသည်။ ညဦးတိုင်အောင် တကကစားတည်း ကစားနေကြရတော့သည်။ ကလေးအိပ်ချိန်ကျခါမှ ကလေးသိပ်ပြီးလျှင် သူတို့နှစ်ယောက်လည်း အိပ်ခန်းထဲတွင် ထိုင်နေကြသည်။ လက်ထဲတွင် စာအုပ်တစ်အုပ်စီ ရှိကြသော်လည်း စာထဲတွင် စိတ်မဝင်စားနိုင်ချေ။ အချိန်ကိုသာ စောင့်နေကြသည်။

ဆယ့်တစ်နာရီ ထိုးသောအခါ ကင့်က ''ကဲ ငါသွားမယ်''ဟု ပြောကာ ထပြီးလျှင် သူ့ဇနီးအား နမ်း၍နှုတ်ဆက်လေသည်။ အယ်လင်သည် သူ့ကို အတင်းတွယ်ဖက်ထားသည်။ သို့ရာတွင် ချက်ချင်းပင်လျှင် သူတို့သည် ကိုယ်ချင်း ခွဲလိုက်ကြသည်။ ထိုအချိန်အခါမျိုး၌ စိတ်တင်းထားဖို့လိုကြောင်း သူတို့နှစ်ယောက်လုံး သိကြပေသည်။

သူသည် ကားကို ဖြည်းဖြည်း မောင်းပြီးလျှင် (၆)လမ်းကွာ လောက်

တွင် ထားခဲ့ပြီးနောက် လမ်းလျှောက်သွားလေသည်။ သူသည် အိမ်ဟောင်း အချို့ကျော်၍ သူ့ဥယျာဉ်မှူး ပီတာ့အိမ်သို့ ရောက်လေသည်။ သူသည် တံခါးကို အသာခေါက်လိုက်ရာ ပီတာက "ဘယ်သူလဲ"ဟု မေးလိုက်သည်။

"ကျုပ်ပါ။ ကင့်ကရော့သားလေ။ သူတို့ ကလေးကို ဒီခေါ်လာကြလိမ့်မယ်"

"ကျွန်တော့်အိမ် ခေါ်လာမယ် ဟုတ်လား။ ဒါဖြင့် မီးထွန်းပါရစေဦး"

"မီး မထွန်းနဲ့ ပီတာ၊ တံခါးကိုလဲ သော့မပိတ်နဲ့။ ကျုပ် မှောင်ထဲမှာ ထိုင်နေမယ်။ တံခါးနားမှာ ကုလားထိုင်နဲ့ ထိုင်နေမယ်"

ကင့်သည် တုန်နေသဖြင့် ပီတာက တွန်းပေးလိုက်သော ကုလားထိုင်ကို တိုက်မိလေသည်။

"မစ္စတာကရော့သား၊ သောက်စရာတစ်ခုခု သောက်ပါလား"

"ကောင်းသားပဲ ပီတာ"

ကင့်သည် ပီတာ ပေးလာသော ခွက်ကိုယူ၍ မော့ချလိုက်ရာ လည်ချောင်းထဲသို့ ပူဆင်းသွားသော အနံ့ဆိုးသည့်အရက်ကို သတိထားမိလိုက်လေသည်။

"နောက် ဘာလုပ်ပေးရဦးမှာလဲ မစ္စတာကရော့သား"

"ဘာမှ လုပ်ပေးစရာ မလိုပါဘူး။ ငြိမ်ငြိမ်သာ စောင့်နေပါ"

"ကျွန်တော် ဒီမှာ ထိုင်နေမယ်။ ကျွန်တော့် အမယ်ကြီးကတော့ အိပ်ပြီ"

"စကား မပြောနဲ့ပီတာ"

"ဟုတ်ကဲ့ခင်ဗျာ"

တစ်နေကုန် စောင့်ရသည့် ဒုက္ခသည် ကြီးမားလှ၏။ သို့သော် အချိန်ကျရောက်ခါနီးလေလေ တုန်လှုပ်ချောက်ချားလေလေ ဖြစ်တော့သည်။ ကိုယ်က ငြိမ်သက်သည်နှင့်အမျှ စိတ်က အပြင်းအထန်လှုပ်ရှားလျက်ရှိလေသည်။

ကင့်သည် အမျိုးမျိုး ကြံ၍ စိုးရိမ်လေသည်။ အကယ်၍ ရဲအဖွဲ့က လုပ်ပုံ မသေသပ်သဖြင့် ပြန်ပေးများ သိသွားလျှင် ကိုယ်ကျိုးနည်းရချေမည်။ လွတ်လပ်သောတိုင်းပြည်ဟုသာ ဆိုရသည်။ ရာဇဝတ်မှု ကျူးလွန်သည်ကို ဖွင့်၍ တိုင်ကြားခြင်း မပြုနိုင်ချေ။ အကယ်၍ ဘက်စီကလေးကို အရှင်ပြန်မရလျှင် သူသည် ရဲအဖွဲ့ကို အကြောင်းကြားခဲ့ကြောင်း အယ်လင်အား ဖွင့်မပြောတော့ဟု ဆုံးဖြတ်လိုက်သည်။ ရဲအဖွဲ့ကို အကြောင်းကြားခဲ့သည့်အတွက် သူကျေနပ်သည်။ ပြန်ပေး လူဆိုးများ ပြောသမျှလုပ်၊ ပြုသမျှ ခံရမည်မှာ အတော်ပင် ဆိုးရွားလှသော အဖြစ်ပင်တည်း။

သူသည် လက်နှစ်ဖက်ကို ချိတ်ဆုပ်ထားရာ အပြင်အပ အအေးဒဏ်ကြောင့် လက်ချောင်းများမှာ သွေးမလျှောက်ဘဲ အေးစက်စက် ဖြစ်ကာ နာကျင် နေလေသည်။ ထိုအခိုက်လမ်းပေါ်တွင် သီချင်းသံနှင့် လူတစ်ယောက် လျှောက်သွားသံကို ကြားရလေသည်။

“ဒါဟာ အရက်မူးသမားပါ”ဟု ပီတာက တိုးတိုး ပြောလိုက်သည်။

ကင့်က ဘာမျှ ပြန်မပြောချေ။ လမ်းမှာလည်း ပြန်၍ ငြိမ်သက်လျက် ရှိလေသည်။

ထို့နောက် သန်းခေါင်ကျော်ပြီးအတော်ကြာသည့်အခါ ကားတစ်စီး လမ်းပေါ်တွင် ပေါ်လာပြီးလျှင် ပီတာ့အိမ်ဝင်းဝတွင် ရပ်လေသည်။ ဝင်းတံခါးသည် ကျွီခနဲမြည်အောင် ပွင့်ပြီးလျှင် တစ်ဖန် ကျွီခနဲ ပြန်ပိတ်သွားလေသည်။ ထို့နောက် ကားသည် ထွက်သွားလေသည်။

“ပီတာ ကျုပ်ကို ဝင်းဝလိုက်ပို့ပါ”ဟု ကင့်က ဆိုသည်။

ညမှာ အလွန်မှောင်လေသည်။ သူ့အဖို့ အမှောင်ဆုံး ဖြစ်သည်။ သို့ရာတွင် အိမ်ပြင်သို့ ထွက်လိုက်လျှင်ပင် ကြယ်များ အရောင်တောက်နေလေသည်။ ပီတာက ကင့်ကိုလက်ဆွဲ၍ ရှေ့က သွားလေသည်။ ဝင်းတံခါးဝတွင် ပီတာသည် ငုံ့၍ကြည့်လိုက်ပြီးလျှင် “ဟောဒီမှာ ကလေး” ဟု ဆိုလေသည်။

ကင့်သည် မူးဝေဝေ ဖြစ်၍ ငေးနေခိုက်တွင် သူ့လက်ထဲသို့ ကလေး ရောက်လာသည်ကို တွေ့လိုက်ရသည်။

http://www.cherrythitsar.org



"ဟ နွေးနွေးကလေးပါလား"ဟု ကင့်က စိတ်အားထက်သန်စွာ ဆိုလိုက်သည်။

သူသည် ကလေးကို ပီတာ့အိမ်ထဲသို့ ချီသွားလေသည်။ ပီတာက ဖယောင်းတိုင်ထွန်းပြီးလျှင် မီးရောင်ကို မြှောက်ပြလေရာ ဘက်စီကလေးကို မြင်ကြရလေသည်။ ကလေး၏ အင်္ကျီကလေးမှာ ညစ်ပေနေလေသည်။ ယောက်ျားဝတ် ဆွယ်တာအင်္ကျီကြီးတစ်ထည် စွပ်ပေးထားသည်ကိုလည်း တွေ့ရသည်။ ကလေးမှာ သက်ပြင်းကြီး ရှူနေလေသည်။

"ကြည့်စမ်း ကလေးကို အိပ်ဆေးတွေ တိုက်ထားတယ်"ဟု ပီတာက ဆိုလိုက်သည်။

"အိမ်ကို အရောက်ပြန်ရမယ်။ ကဲ ပီတာ ကျုပ်ကို ကားထိအောင် လိုက်ပို့ပါဦး"ဟု ကင့်က တိုးတိုးနှင့် အရေးတကြီး ပြောလေသည်။

သူတို့ ကားပေါ်ရောက်သောအခါ ပီတာက "ကျွန်တော် ကားမောင်းပို့ရရင် မကောင်းဘူးလား"ဟု မေးလေသည်။

"ကောင်းသားပဲ"ဟု ဆိုကာ ကင့်သည် ကလေးကိုချီလျက် ကားထဲသို့ ဝင်၍ ထိုင်လိုက်သည်။ ကလေးမှာ ပျော့ခွေနေသဖြင့် ကင့်မှာ အသက် မရှူရဲအောင် ကြောက်လန့်နေလေတော့သည်။ 'ဘုရား ဘုရား၊ ဒါပေမယ့် အသက်ရှူနေသေးသားပဲ' မကြာခင်တွင်ပင် ဘက်စီအား သူမိခင်ရင်ခွင်တွင်း ပို့လိုက်ရပေတော့မည်။

အယ်လင်သည် တံခါးဝတွင် စောင့်နေသည်။ သူသည် စကားတစ်လုံးမျှ မပြောဘဲ ကလေးကို လှမ်းယူလိုက်သည်။ ကင့်သည် တံခါးပိတ်လိုက်ပြီးနောက် အယ်လင်ကို "ကျုပ် မင်းကို ပြောမလို့ဟာ"ဟူ၍ စကားမဆုံးခင်ပင် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

အယ်လင်မှာ အံ့သြစရာကောင်းလှတော့သည်။ စိတ်ဓာတ်ကြံ့ခိုင်လှပေသည်။ နောက်နေ့နံနက်တွင် ကင့်နိုးလာသောခါ အယ်လင်သည် သူ့ဘေးနားတွင် ထိုင်လျက်ရှိသည်။

"ဆရာဝန်က မောင်ဒီနေ့ အလုပ်မဆင်းပါနဲ့ဦးတဲ့"ဟု အယ်လင်က ပြောသည်။

"ဆရာဝန်က ပြောတယ်၊ ဟုတ်လား"ဟု ကင့်က အံ့အားသင့်စွာ မေးလိုက်သည်။

"ဟုတ်တယ်လေ။ မနေ့ညက မောင်လဲသွားတာ မမှတ်မိတော့ဘူးလား။ ဆရာဝန်ကို မောင်တို့သားအဖအတွက် ညကပဲ သွားခေါ်ရတော့တာပေါ့"

"သြော် ဘက်စီ ဘက်စီကလေး ဘယ်မှာလဲ။ ဘယ့်နှယ်နေသေးသလဲ"

"အို ဘက်စီ နေကောင်းပါတော့မယ်"

"ဟာ မင်းက ငါ့ကို ညာနေတာပါ။ ကလေး ရှိသေးလို့လား"

"ရှိပါတယ်။ ဟောဟိုမှာ ...၊ ထလေ သွားကြည့်ပါလား"

ကင့်သည် ယိမ်းယိုင်လျက်ထ၍ ကလေးအိပ်ခန်းသို့ သွားလေသည်။ သူ့ခြေထောက်များမှာ မနေ့ညက လဲသွားကတည်းက မရှိတော့သကဲ့သို့ မခိုင်မခံ့ ဖြစ်နေတော့သည်။ ကလေး အိပ်ခန်းထဲတွင် ဘက်စီကလေးသည် အိပ်ပျော်နေလေသည်။ မျက်နှာကလေး ဖြူရော်ရော် ဖြစ်နေရှာသေးသည်။

"သူ ဒီဒုက္ခကို ကြီးရင် မှိတ်မိမှာ မဟုတ်ဘူး။ အဲဒါ ဝမ်းသာစရာပဲ။ ဘရစ်သာဆိုရင် ခက်သေးတယ်"ဟု အယ်လင်က ပြောလေသည်။

ကင့်က ဘာမျှ ပြန်မပြောချေ။ ဘာမျှလည်း မတွေးချင် မပြောချင်လှပေ။

"ကဲ အိပ်ရာပြန်အိပ်ချေဦး။ စားစရာ သောက်စရာတွေ ကျွန်မ ယူလာခဲ့မယ်"ဟု ဆိုလေသည်။

"ကော်ဖီတစ်ခွက်လောက်သောက်ပြီးရင် ငါလဲ အိပ်ရာက ထပါမယ်ကွယ်"ဟု ဆိုကာ ကင့်သည် အိပ်ရာထဲတွင် လှဲနေလေသည်။ အိပ်ရာထဲတွင် လှဲနေခြင်းသည် ကောင်းလှလေသည်။ အဆိုးဆုံး အချိန်ကား ကျော်လွန်ခဲ့လေပြီဖြစ်၍ သူသည်အားလုံးကို ကျေးဇူးတင်နေလေသည်။

ထိုအခိုက် အိပ်ရာဘေးက တယ်လီဖုန်း မြည်လာသည်။ တယ်လီဖုန်းကို ကောက်ကိုင်ပြီးလျှင် 'ဟဲလို'ဟု သူက ဆိုလေသည်။

http://www.cherrythitsar.org



"ဟလို မစ္စတာကရော့သား၊ ကလေးမ ကလေး ဒဏ်ရာ ရသေးသလား"

"မရပါဘူး။ အကောင်းကတိပါပဲ"

"ကောင်းပါလေရဲ့။ ကျုပ်တို့ ပြန်ပေးကို ညက ဖမ်းလို့မိပြီဆိုတာ ပြောချင်လို့ပါ"

"ဖမ်းမိပြီလား"ဟု ဆိုကာ ကင့်က အိပ်ရမှ ထခုန်လိုက်သည်။

"ဟုတ်ရဲ့လားဗျာ။ သိပ်အံ့သြစရာပဲ"

"ကျုပ်တို့ ညက ရဲသားတွေ ရပ်ကွက်တစ်ခုလုံးကို ဝိုင်းထားတော့ မိတော့တာပေါ့။ ခင်ဗျားငွေ ပြန်ရလိမ့်မယ်"

"အို ဒါက အရေးမကြီးပါဘူး။ ပြန်ပေးဆိုတာက ဘယ်သူလဲ"

"ဟယ်ရီဘရောင်းဆိုတဲ့ ကောင်ပဲ။ ကုန်စုံဆိုင်က အကောင်ပါ"

"သူ့ကို ကျွန်တော် မသိဘူး။ သူ့နာမည်တောင် မကြားဖူးဘူး"

"ဘယ် ကြားဖူးမလဲ။ သူကလဲ ခင်ဗျားကို မသိဘူးတဲ့။ ဒါပေမယ့် သူ့အဖေနဲ့ ခင်ဗျား အဖေတို့ဟာ ကျောင်းနေဖက်ပဲတဲ့။ သူ့အဖေဆီက ပြောသံကြားဖူးတယ်တဲ့။ သူ့အဖေက စွံတဲ့လူမဟုတ်တော့ ခင်ဗျားအဖေကို မနာလိုဘူးပေါ့။ အကောင်က ခင်ဗျားဆီက ရစရာ အကြွေးရှိသတဲ့။ ရှူးလို့ ပြောချင်ရာ ပြောတာပါ။ အကောင်က မလည်မဝယ်ပါ။ ကြောက်လိုက်တာလဲ သေတော့မယ့် အတိုင်းပဲ။ ကဲ ဒါပဲ မစ္စတာကရော့သား"

ကင့်သည် တယ်လီဖုန်းကို ချလိုက်လေသည်။ ဖြစ်သမျှ အကြောင်းမှာ မယုံချင်စရာ၊ အံ့သြစရာ ဖြစ်နေတော့သည်။ သူသည် ပတ်ဝန်းကျင်ကိုလှည့်ကြည့်ပြီးလျှင် ပြန်ပေးမှု ဖြစ်သည်ဟုသာ ဆိုရသည်။ ဘာမျှ မဖြစ်သကဲ့သို့ပင် အခြေမပျက်ကြောင်း တွေ့ရသည်။ ပြန်ပေးများကိစ္စမှာ ထိုကဲ့သို့ ဖြစ်ပေသည်။ ပြီးမှ သိကြသည်က များသည်။

သူက မကြာမီ အိမ်အောက်ထပ်သို့ ဆင်း၍ အစေခံများကို ခေါ်ပြီးလျှင် ကတိအတိုင်း တစ်ဦးလျှင် ဒေါ်လာတစ်ရာစီ ဆုချမည်ဟု ပိုင်းဖြတ်ထားလေသည်။

အယ်လင်သည် ဗန်းကလေးနှင့် အခန်းထဲသို့ ဝင်လာလေသည်။

http://www.cherrythitsar.org



နောက်က ဘရစ် ပါသည်။ သားကလေးမှာ ကျောင်းသွားရန် အသင့် ပြင်ပြီး ဖြစ်လေသည်။ "ဘရစ်ကို ပီတာလိုက်ပို့ရင် မကောင်းလား ဒါလင်"ဟု အယ်လင်က စိုးရိမ်သံမပါအောင် ကြိုးစား၍ မေးလိုက် သည်။

အယ်လင်က သားကလေးကို တစ်ယောက်တည်း ကျောင်းမသွား စေလိုပေ။

"မကောင်းဘူးလား မောင်ရယ်"ဟု ထပ် မေးလေသည်။

ကင့်သည် မဲပြာရောင်အင်္ကျီ ဝတ်ထားသော ရဲအဖွဲ့ဝင်၏ မျက်နှာ ကို မြင်ယောင်မိသည်။ ထိုသူသည် ရဲအဖွဲ့ကြီး၌ ပါဝင်သော အလားတူ ပုဂ္ဂိုလ်များတွင် တစ်ဦးမျှသာ ဖြစ်ပေသေးသည်။ ထိုပုဂ္ဂိုလ်များသည် တိုင်းပြည်၌ ဥပဒေထိန်းသိမ်းရေးကို ကြိုးပမ်းဆောင်ရွက်နေကြပေသည်။ ထိုနေ့က ထိုလူပြောစကားကို ကင့် သတိရမိနေသေးသည်။

"ကျုပ်တို့တစ်တွေဟာ ဥပဒေကို မရိုသေတဲ့လူတွေပဲ။ ပြန်ပေးမှုမှာ ငွေပေးမရွေးရဘူးလို့ ဥပဒေလုပ်လိုက်ရင် လိုက်နာကြမှာ မဟုတ်ဘူး။ အရက်သေစာ ပိတ်ပင်ရေးလိုပဲ တိတ်တိတ်ပုန်း လုပ်ကြမှာပဲ။ ဒါ ကြောင့်လဲ ပြန်ပေးတွေ ရှိနေသေးတာပေါ့။ လူတွေမကြိုက်တဲ့ ဥပဒေကို ဘယ်လောက်ပဲ ကောင်းကောင်း မလုပ်နိုင်ဘူးဗျ။ ဒီမိုကရေစီဆိုတာ ဒီလိုချည်းပဲ"ဟု ရဲအဖွဲ့ဝင်က ကားပေါ်တွင် သူ့ကို ပြောသွားလေသည်။

ကင့်က အယ်လင်ဘက်သို့ လှည့်၍ "ဘရစ်ဟာ သူ့တိုင်းပြည်မှာ သူနေတာပဲ။ ဘာကြောက်စရာမှတ်လို့"ဟု ဆိုပြီးလျှင် ဘရစ်ဘက်သို့ လှည့်ကာ "မင်းတစ်ယောက်တည်း မသွားရဲဘူးလား ငါ့သား"ဟု မေး လိုက်သည်။

"သွားရဲတာပေါ့ ဖေဖေ"ဟု ဘရစ်က ကြံခိုင်သော လေသံဖြင့် ဖြေ လိုက်လေသည်။

✲ ✲ ✲

http://www.cherrythitsar.org

# ရှင်းပြချက်

ဤဝတ္ထုကို ပါးလ်ဗတ် ရေးသည်။ **ပါးလ်ဗတ်သည် များသောအားဖြင့် ဤဝတ္ထုမျိုးကို ရေးလေ့ မရှိ။ စုံထောက်ဝတ္ထုမျိုးကို ရေးခဲလှ၏။** ယခု ရေးပြန်တော့လည်း အခြားစုံထောက် ဝတ္ထုများနှင့် မတူပေ။ လူ့သဘာဝကို ထင်ရှားစွာ ဖော်ပြနိုင်စွမ်းသည်။ သူ့လက်ရာသည် ထူးကဲလှ၏။ သူ့အရေးအသား သူ့အတွေးအခေါ်တို့သည် ကောင်းမွန် နက်နဲလှသည်။ စုံထောက်ဝတ္ထုသည် များသောအားဖြင့် ဇာတ်လမ်းကို အားပြုတတ်သောကြောင့် လူ့သဘာဝ၌ အင်အားနည်းတတ်သည်။ ရင်တလှပ်လှပ်ဖြစ်အောင် ဖန်တီးဖို့ကိုပါ အာရုံပြုသဖြင့် စုံထောက်ဝတ္ထုရေး ဆရာသည် ဇာတ်လမ်း အချိတ်အဆက်ကို ကျကျနန သေသေသပ်သပ် စီစဉ်လေ့ရှိသည်။

စင်စစ်သော်ကား ဤဝတ္ထုသည် စုံထောက်ဝတ္ထု မဟုတ်။ လူ့သဘာဝ ဝတ္ထုတစ်ပုဒ်ပင် ဖြစ်သည်။ ပြန်ပေးဆွဲခံရခြင်းသည် အလွန်ပင် ရင်ဖိုစရာကောင်းလှ၏။ အဆွဲခံရသူကို ထားဘိဦး။ သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့အဖို့ ရင်တလှပ်လှပ် ဖြစ်တတ်သည်။ ဒုက္ခကြီးနှင့် ရတ်တရက် ရင်ဆိုင်ရသဖြင့် မကြံတတ် မလုပ်တတ် ဖြစ်ကြရသည်သာတည်း။

ပါးလ်ဗတ်သည် အမေရိကန်နိုင်ငံ၌ ပြန်ပေးမှုများ ပေါများသည်ကို အကြောင်းပြု၍ ဤဝတ္ထုကို ရေးခြင်း ဖြစ်ဟန်ရှိ၏။ အခြားသော အလားတူ ဝတ္ထုများမှာကဲ့သို့ ရှုပ်ထွေးသော ဇာတ်လမ်း ဇာတ်ကွက်များ မထည့်ပေ။ လျှို့ဝှက်သော အကြောင်းအချက်များ မသွင်းပေ။ ကြောက်စရာကောင်းသော လူဆိုးများ၊ အသိရခက်သော ပုဂ္ဂိုလ်(ဇာတ်ကောင်)များကိုလည်း မပါစေပေ။

http://www.cherrythitsar.org



သူပေးသော ဇာတ်လမ်းမှာ ရိုးလှ၏။ လူမမယ်ကလေးတစ်ယောက်ကိုပြန်ပေးက ခေါ်သွားပြီး မိဘများထံမှ ငွေတောင်းသည်။ ရဲက တိုက်တွန်းချက်အရ တောင်းသော ငွေကို ချိန်းသော အချိန်နှင့် နေရာတွင် သွား၍ ပေးသည်။ ကလေးကို ပြန်ပေးတို့က အိပ်ဆေးကျွေးပြီး ပြန်ပို့သည်။ ချောင်းနေသော ရဲအဖွဲ့က ပြန်ပေးကို ဖမ်း၍ မိသည်။ ထိုမျှပင်။

*ဤဝတ္ထု၌ အသားယူထားသည့်အချက်မှာ ပြန်ပေးဆွဲခံရသော ကလေးများ၏ မိဘများ စိတ်အခြေအနေနှင့် အပြုအမူတို့ပင် ဖြစ်သည်။ ဇာတ်လမ်းမှာ သာမန် အလိုအားဖြင့် ဇာတ်လမ်းဟု ခေါ်လောက်လှသော ဇာတ်လမ်းမျိုး မဟုတ်။ ရိုးလှစင်းလှ၏။ သို့သော် ပါးလ်ဗတ်သည် လူ့သဘာဝနှင့် လူ့စရိုက်တို့ကို ပေါ်ပေါက်လာသော အခြေအနေကို မူတည်၍ သရုပ်ဖော်ပေးလိုက်ပေသည်။ ဤဝတ္ထုတွင် ဇာတ်ကောင်များကိုသာ သရုပ်ဖော်သည် မဟုတ်။ အခြေအနေကိုလည်း သရုပ်ဖော်ထားသည်။*


*ဤဝတ္ထုကို အချစ်ဝတ္ထုဟု ဆိုလျှင်လည်း မမှားနိုင်ပေ။ ကင့်နှင့်အယ်လင်တို့သည် ဒုက္ခကြုံသောအခါ တစ်ယောက်ကို တစ်ယောက်က အားကိုး၊ တစ်ယောက်က တစ်ယောက်ကို မြတ်နိုးခြင်းတို့သည် ပေါ်လွင်လာပေတော့သည်။ ချစ်မြတ်နိုးပုံကို ဖော်ပြရာ၌ ပါးလ်ဗတ်သည် (မိန်းမ ဖြစ်၍မလား မသိ) အတော်ပင် သိမ်မွေ့သည်။*

*ဤဝတ္ထုနှင့် ပတ်သက်၍ အထူးအထွေ ရှည်ရှည်လျားလျား ရေးစရာလိုမည် မထင်ပါ။ ဝတ္ထုကို ဖတ်လိုက်လျှင်ပင် ကျေနပ်ဖွယ် ဖြစ်ကြောင်း သိသာပေလိမ့်မည်။ ပါးလ်ဗတ်၏ အနုပညာ စွမ်းရည်ကို ဂရုပြု၍ လေ့လာစေချင်လှတော့၏။ ဤဝတ္ထု၌ တိုင်းပြည်၌ ရာဇဝတ်မှု ဘေးရန်မှ လွတ်ကင်းနိုင်ရမည်ဟူသော အချက်ကို ထင်ရှားစေသည်။ ထို့ကြောင့် ဤဝတ္ထုမျိုးကို ဝါဒဖြန့်ဝတ္ထုဟု ခေါ်နိုင်သည်။*

(ဝါဒဖြန့်ဝတ္ထုဟု ဆိုလိုက်ရုံနှင့် နိုင်ငံရေးဘက်သို့ ပြေး၍ မတွေးသင့်။ မည်သည့် ဝါဒ အချက်အလက်ကိုပင် ထင်ရှားစေအောင် သရုပ်ဖော်သော ဝတ္ထုမျိုးကိုမဆို ဝါဒဖြန့် ဝတ္ထုဟု ခေါ်နိုင်သည်။ ဥပမာ အရက်သောက်၍ ပျက်စီးသွားသည့်အကြောင်းကို သရုပ်ဖော်ထားသော ဝတ္ထုကို အရက်မသောက်ရေး ဝါဒဖြန့် ဝတ္ထုဟု ခေါ်နိုင်သည်။)

✲ ✲ ✲

http://www.cherrythitsar.org



http://www.cherrythitsar.org

# ၁၀။ သက်သေခံစာ

## စီအက်စ် ဖော်ရက်စတား ရေးသည်။

## (သက်သေခံမှတ်စုသည်)

### ❀ တစ်

အမှတ် ၁၇၊ ဟော်သွန်လမ်း။

*မစ္စတာ လေစီရှင့်...*

*ကျွန်မ၏ ယောက်ျားက အရေးခိုင်း၍ ရေးရပါသည်။ သူကရှင့်ကို မနက်ဖြန် အလုပ်တိုက်အသွားတွင် အိမ်သို့ ဝင်လာရန် ပြောပါသည်။ လာလျှင် ဟစ်ဒစ်ချ်လမ်း၊ အမှတ် ၇၂ အိမ် အရောင်းအဝယ် စာချုပ်စာတမ်းများ ယူလာခဲ့ရန်လည်း ပြောပါသည်။ သူ့ လက်မောင်း အတော် သက်သာသွားပါပြီ။ သို့ပေမယ့် မော်တော်ကား မမောင်းနိုင်သေးပါ။ ဆရာဝန်ကလည်း သိပ်လှုပ်လှုပ်ရှားရှား မလုပ်ပါနှင့်ဟု ဆိုထားပါသည်။*

*သင်၏ မိတ်ဆွေ*
*ဆစ်လ်ဗီးယားဟတ်။*

❖ ❖ ❖

http://www.cherrythitsar.org



## ❀ နှစ်

၁၇၊ ဟော်သွန်လမ်း။

မစ္စတာ လေစီရှင့်...

ကျွန်မ ယောက်ျားက ရှင် မနက်ဖြန် ထပ်လာပါဦးတဲ့။ လေလံနဲ့ ပတ်သက်ပြီး မှာစရာ အကြောင်းတွေ ရှိလို့ပါတဲ့။ သူကိုယ်တိုင် လေလံ မပစ်နိုင်ပေမယ့် သူက ရှင့်ကို ပြောလိုက်တယ် မဟုတ်လား။ မှတ်ဆိတ် ရိတ်ဖို့ ဆတ္တာသည်ကို စောင့်ရမှာမို့ ဒီမနက် မထွက်နိုင်သေးဘူးတဲ့။

**သင့်၏ မိတ်ဆွေ**
**ဆစ်လ်ဗီးယားဟတ်။**

❖ ❖ ❖

## ❀ သုံး

၁၇၊ ဟော်သွန်လမ်း။

မစ္စတာ လေစီရှင့်

ဒီစာတော့ ကျွန်မယောက်ျား ကိုယ်စားရေးတဲ့ အလုပ်နဲ့ ပတ်သက်တဲ့ စာမဟုတ်ဘူး။ ကျွန်မကိုယ်တိုင်ရေးတဲ့ ကျွန်မရဲ့စာပါပဲ။ ဘာကြောင့် ကျွန်မက ရှင့်ဆီကို စာရေးတယ်ဆိုတာ ရှင်လဲ ရိပ်မိမှာပေါ့။ မနေ့က ကျွန်မတို့အိမ်မှာ ဖြစ်ပျက်တာနဲ့ ပတ်သက်ပြီး ကျွန်မက တောင်းပန်ချင်လို့ ဒီစာကို ရေးလိုက်ရတာပါပဲ။ မနေ့က ရှင် ဝင်ပြီး ပြောလိုက်တာ ကောင်းပါရဲ့။ ဒါပေမယ့် ဒီလို ဘယ်တော့မှ မလုပ်ပါနဲ့ ရှင်။ ရှင်လဲ ကျွန်မယောက်ျားဆီမှာ အလုပ် လုပ်လာတာ ငါးနှစ်၊ ခြောက်နှစ် ရှိနေပြီဟာ။ ကျွန်မ ယောက်ျား ဒေါသကြီးကြောင်း၊ စိတ် မြန်ကြောင်း သိရောပေါ့။ ဒေါသဖြစ်တယ်ဆိုရင် သူ့ဟာသူ ဘာပြောလို့ ပြောမှန်း သိတော့တာ မဟုတ်ဘူး။ မပြောသင့်တာတွေ လျှောက်ပြော

တော့တာပဲ။ ပြီးတော့လဲ မနေ့ကတော့ ခါတိုင်းထက် ဆိုးပါတယ်။ သူ့ လက်ကလဲ ကောင်းကောင်း မပျောက်သေးဘဲ အဝတ်သိုင်းထားရတော့ လုပ်စရာ ရှိတာ လုပ်ချင်တိုင်း လုပ်မရဖြစ်ပြီး ပို ဒေါပွနေတယ်။ သူ့ ခမြာ အပြင်မထွက်ရတာလဲ အတော်ကြာနေတော့ စိတ်ညစ်ပေတာပေါ့ ရှင်။

သူ့ လက်လဲ မကြာခင် ပြန်ကောင်းပါတော့မယ်။ ကျန်းကျန်းမာမာ ဖြစ်ပြီး သွားနိုင် လာနိုင်ဖြစ်လို့ သူ့အလုပ်ကို သူစိတ်တိုင်းကျ လုပ်ရတဲ့ အခါကျရင် သူ စိတ်ကောင်းလာပါလိမ့်မယ်။ မနေ့က ရှင် ဝင်ပြောလိုက်တော့ ကျွန်မဖြင့် ရှင့်ကို ကျွန်မ ယောကျ်ားက အလုပ်ဖြုတ်ပစ်လိုက် မလားလို့ ထင်ပြီး အတော် လန့်သွားမိတယ်။ အခုနေအခါမှာ အလုပ်က ရှားပါဘိသနဲ့။ ကဲ ဒီတော့ နောက်တစ်ခါ သူ့ရှေ့မှာ သတိထားပေတော့။ ရှင် ပူမနေပါနဲ့။ ကျွန်မတော့ ရိုးနေပြီ။

ကျွန်မကသာ ရှင့်အတွက် ပူရတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ရှင့်ထက် အသက်ကြီးပေတာကိုး။ အသက်ကြီးသူက အသက်ငယ်သူ အတွက် ပူရတာပေါ့လေ။ ဒီတော့ နောက်နောင် သူစိတ်ဆိုးအောင် ရှင် မလုပ်ပါဘူးလို့ ရှင် ကျွန်မကို ကတိပေးရလိမ့်မယ်။

**သင်၏ အလွန် ရင်းနှီးသော မိတ်ဆွေ**
**ဆစ်လ်ဗီးယားဟာတ်။**

❖ ❖ ❖

## ❁ လေး

၁၇၊ ဟော်သွန်လမ်း။

မစ္စတာ လေဝီ ...

ရှင်ရေးလိုက်တဲ့ စာကလေးက အတော်ပဲ ကောင်းပါပေတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ ဒါပေမယ့်ရှင် ကျွန်မဆီကို နောက်ထပ် စာ

မရေးရင် ကောင်းမယ် ထင်တယ်။ ကျွန်မ ယောကျ်ားက ဒီနေ့နံနက် ကျွန်မဆီကို စာတစ်စောင် ရောက်လာတာ သိတယ်။ သူက ဘယ်သူ့ဆီက စာလဲ။ ဘာအကြောင်းတွေ ရေးထားတာလဲလို့ မေးတယ်။ ကျွန်မဆီ ရောက်လာတဲ့ စာမှန်သမျှ အကြောင်းကို ဒီလိုပဲ စစ်တတ် ကြောတတ်တာပဲ။ ဒါပေမယ့် ဘာရမလဲ၊ ကျွန်မက သူမမြင်အောင် ဂရုစိုက်ရတာပေါ့။ ဒါဟာ လွယ်တော့ လွယ်လှတာ မဟုတ်ဘူး။

ရှင်ရေးတဲ့ စာထဲမှာ မသင့်မလျော်တာတွေပါတာတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် ကျွန်မတော့ သူ့ကို မပြဘူး။ ဒါနဲ့ သူနဲ့ကျွန်မ ရန်ဖြစ်လိုက်ကြသေးတယ်။ သူက အော်လိုက်တာ ပီတာကလေး လန့်ပြီး ငိုရှာတယ်။ ကျွန်မလဲ ဘယ်စိတ်ကောင်းမလဲရှင်။ သူ့ အလုပ်တိုက်ရောက်တော့ ဒေါသက်ပွနေသေးသလား မသိဘူး။ မပွတော့ဘူးလို့တော့ မျှော်လင့်ရတာပဲ။ အလုပ်တိုက်မှာ သူက ရှင့်ကို ကြိမ်းလား၊ မောင်းလား လုပ်နေဦးမှာလားလို့ တွေးပြီး ပူမိသေးတယ်။ ရှင့်ကို မကြာမကြာ ကြိမ်းလားမောင်းလားနဲ့ နေတယ်လို့ အောက်မေ့ မိတယ်။ ဟုတ်သလား။ သူ ကြိမ်းပေ မောင်းပေမယ့်လို့ ရှင်ကတော့ သူ့ကို စိတ်မဆိုးပါနဲ့ရှင်။ ဒါကတော့ သူ့ ဝါသနာပါ။ စိတ်မရှိပါနဲ့နော်။

ရှင် ဟိုအိမ်ကို အရောင်းအဝယ်ဖြစ်အောင် ဆောင်ရွက်ပေးလိုက်နိုင်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်။ ဒါမှလဲ ရက်တော်တော်ကြာကလေး နားအေးအေး နေကြရတော့မယ်။ သူက ရှင် တော်တယ် ဆိုတဲ့ အကြောင်း တစ်ခါက ပြောဖူးပါတယ်။ သူ့ လက်အောက်ခံ အလုပ်သမားတစ်ယောက် တော်တဲ့ အကြောင်း ပြောခဲ့ပေခြင်းမို့ သူ ဒီလို ချီးမွမ်း တာဟာ ရှင့်အဖို့ အလားအလာ ကောင်းတယ် ဆိုရပေမှာပေါ့။ တစ်နေ့နေ့ ရှင်လဲပဲ အိမ်ပွဲစားအဖြစ်နဲ့ တစ်စင်ထောင်နိုင်မှာပေါ့။ ဒီတော့လဲ ဟတ်ကုမ္ပဏီဟာ သူ့ဟာသူ တော်သလို ကြည့်လုပ်လိမ့်မယ်ပေါ့။

ရှင်ပေးလိုက်တဲ့ စာအကြောင်း ဆက်ပြောရဦးမယ်။ ကျွန်မဆီကို နောက်ထပ် စာမရေးပါနဲ့လို့ ပြောရတာ ကျွန်မ အများကြီး စိတ်ထိခိုက်ပါတယ်။ ဒါပေမယ့် ဘာကြောင့် ကျွန်မက ရှင့်ကို တားရသလဲ ဆိုတာ

http://www.cherrythitsar.org



ရှင် သိမှာပေါ့၊ အခု ရှင့်စာကို မီးရှို့ပစ်လိုက်ရတယ်။ မထားရဲဘူးရှင့်။ ခွင့်လွှတ်ပါနော်။

သင်၏
ဆစ်လ်ဗီးယားပလတ်

❖ ❖ ❖

## ❀ ငါး

ဖရင့်ရေ...

ရှင်လဲအိမ်က ထွက်သွားရော ကျွန်မလဲ ထိုင်ပြီး ရှင့်ဆီကို စာရေးတော့တာပဲ။ ရဟာင် အိမ်လာတာကို ကျော့ သိသွားမှာ စိုးရွံ့ ပါဘိတော့တယ်။ ရှင် နောက်ဘယ်တော့မှ မလာခဲ့နော်။ ဘယ်လောက်ပဲ အခွင့်သာတယ် ဆိုပေမယ့် ဘယ်တော့မှ လာဖို့ မကြံစည်ပါနဲ့ရှင်။ သူသိသွားရင် ဘာလုပ်မယ်ဆိုတာ ကျွန်မတော့ မတွေးဝံ့ဘူးရှင်။

ရှင်လာတာ ကျွန်မတော့ သိပ်ဝမ်းသာတာပဲ။ ပီတာကလေးကို နံနက်ပိုင်း တစ်ရေးအိပ်အောင် သိပ်နေတုန်းမှာ အိမ်အောက်ထပ်က တံခါးခေါက်သံကြားရတော့ 'ဟင်း လာပြန်ပြီ။ ဘာပစ္စည်းရောင်းဖို့ လာဆွယ်ဦးမှာလဲ"လို့ တစ်ယောက်တည်း ဆိုမိပါသေးတယ်။ ပစ္စည်းရောင်းဖို့ လိုက်စပ်တဲ့လူလို့ မှတ်နေတာကို။ တံခါးဖွင့်လိုက်တော့ ရှင် ဖြစ်နေတာပဲလေ။ ရှင်လာတာ သိပ် ကျေးဇူးတင်တာပဲ။ ဒါပေမယ့် ကျွန်မတော့ သိပ်လန့်တာပဲရှင်။ ရှင့်အဖို့တော့ အလုပ်ကိစ္စနဲ့ သွားရင်း လက်ဖက်ရည်ဝင်သောက်နေလို့ နောက်ကျတာပဲလို့ ပြောပြီး ကျွန်မဆီဝင်လာနိုင်ပေတာပေါ့။ ဒါပေမယ့် မလာပါနဲ့ရှင်။ ဘာဖြစ်လို့ မလာသင့်တယ်ဆိုတာတော့ ရှင်သိမှာပေါ့လေ။

ဖရင့်ရေ၊ ရှင် ကျွန်မအတွက် ပူပန်နေဖို့ မလိုပါဘူး။ ကျွန်မဟာ ကျော့နဲ့ ပေါင်းလာတာ ငါးနှစ်ရှိလို့ ကျွန်မဘာသာကျွန်မ ကြည့်ပြီး တော်

http://www.cherrythitsar.org



သလို နေသွားနိုင်ပါတယ်။ ပြီးတော့လဲ ရှင်နဲ့ ကျွန်မ သွေးတော် သားစပ်ကြတာမှ မဟုတ်ဘဲ။ ရှင် ပူစရာ အကြောင်းလမ်း မရှိပါဘူး။ သွေးသားတော်သည့်တိုင်အောင် ရှင် ကျွန်မအကြောင်းကို ဂျော့ဆီမှာ ဘာမှပြောလို့ဖြစ်မှာ ဟုတ်ဘူး။ ရှင်က သူ့လက်အောက်ခံ အလုပ်သမား မဟုတ်လားလို့။ ကျွန်မအကြောင်း ဝင်ပြောရင် ရှင် အလုပ်ပြုတ်မှာပေါ့။ ကဲ ကဲ အိပ်ရာ ပြင်ပြီး အိပ်ရာပေါ်မှာ လှဲနေတော့မယ်။ ဂျော့က နှိပ်စက်ရင် အိပ်ရာထဲမှာသာ လှဲနေလို့ အဒေါ်က ပြောဖူးတယ်ရှင့်။

ကျွန်မအဖို့တော့ အိပ်ရာထဲမှာ တစ်လှဲတည်း လှဲနေရတော့မှာပဲ။ ဂျော့က အတော်ပါးတာ။ ကျွန်မ အိပ်ရာထဲမှာ လှဲနေရာက ထစေချင်ရင် ကလေးကို ငိုအောင် လုပ်တယ်။ ကလေးငိုတော့ ထရတော့တာပေါ့ရှင်။ ကျွန်မတော့ ရှင့်အတွက် ပူပန်နေမှာပဲ။ ရှင် ဒီနေ့ အိမ်လာနေလို့ ရုံးပြန်နောက်ကျတာနဲ့ ဂျော့က ဆူမှာပဲလို့ တွေးပူမိပါတယ်။ ဘာကြောင့် ရုံးပြန် နောက်ကျတယ်ဆိုတာများ သိလိုက်ရင် ဒုက္ခကြီးလှလှ တွေ့ရမှာ အမှန်ပါပဲရှင်။ ကျွန်မအဖြစ် တွေးလေလေ ကျောချမ်းလာလေပဲ။ ကျွန်မ ရှင့်အတွက် သိပ်ပူတာပဲ။ ရှင် ဘာမှ မဖြစ်ပါဘူးဆိုတာ သိရတော့မှ စိတ်အေးရတော့ မှာပါပဲလေ။

သင်၏
**ဆစ်လ်ဗီးယား။**

❖ ❖ ❖

# ❁ ခြောက်

၁၇၊ ဟော်သွန်လမ်း။

အချစ် ဖရင့်ရေ ...

မောင် နောက်ထပ် မလာရင် ကောင်းမယ်ထင်တယ်။ မလာနဲ့လို့ ပြောတာလဲ များလှပြီ။ ဒါနဲ့လဲ လာတာပဲ။ ဒီတစ်ခါတော့ အတည်ပြော

တာ ဆရာ။ မောင် ဒီလာနေတာကို ဂျော့သိသွားမှာလဲ စိုးတာပေါ့။ ဒါပေမယ့် ဒီပြင်အကြောင်းလဲ ရှိသေးတယ်။ မောင်ပဲ မှန်းဆ ကြည့်ပေတော့။ ဖရင့်ရေ၊ ဒီကိစ္စ ရပ်တန်းကပဲ ရပ်ရင် ကောင်းမယ်လို့ ထင်တယ်။ ဒီနေ့ကစပြီး မောင်နဲ့ ခင်တို့ မျက်နှာချင်းမဆိုင်ကြဖို့ သင့်ပြီ။ မောင် ခင့်ကို မေ့ပစ်လိုက်ပါနော်။ မောင်က ခင့်ထက် အသက် နှစ်နှစ်ငယ်တယ်။ ဘယ်လိုသိသလဲဆိုတာ သိချင်သလား။ ဂျော့နဲ့ ရပြီး မကြာခင်ပင် မောင့်အကြောင်း စပ်မိလို့ ပြောရင်းက မောင့်အသက်ကို သူက ပြောတယ်။ ခင် မှတ်ထားတာပေါ့။ မောင့်အသက်နဲ့ ဆိုရင် ရွယ်တူတန်းတူ မိန်းမတစ်ယောက် ယူပြီး ခင့်ကို မေ့ပစ်ဖို့သာ သင့်ပါတယ်။ ခင့်အဖို့တော့ မောင့် ဓာတ်ပုံကလေးကို ကြည့်ပြီး အဝေးကပဲ လွမ်းနေပါတော့မယ်ကွယ်။ မောင့် ဓာတ်ပုံကို မောင် မပေးဘဲနဲ့ ဘယ်လို ရသလဲဆိုတာ သိချင်သလား ဟင်။ ဂျော့က သူ့အလုပ်သမားတွေနဲ့ တွဲပြီး ရိုက်ထားတဲ့ ဓာတ်ပုံမှာ မောင်ဟာ ဂျော့အနားမှာ ရပ်နေတယ်လေ။ အဲဒီဓာတ်ပုံကြီး ခင်တို့အိမ်က အိပ်ခန်းလွတ်မှာ ချိတ်ထားတယ်။ ခင်တော့ လစ်ရင် အဲဒီ ဓာတ်ပုံကြီးထဲက မောင့် ရုပ်ပုံလွှာကို ကြည့်နေတော့တာပဲ။ အခု မောင်နဲ့ ခွဲရတော့မှာမို့ အဲဒီ ဓာတ်ပုံကြီးဆီကို ခဏခဏ ရောက်သွားတာပေါ့။

ဖရင့်၊ မနက်ဖြန် ဂျော့ဟာ အီစဘုန်းမြို့ကို ဟောဇယ်ဆိုတဲ့ အိမ်အရောင်းအဝယ်ကိစ္စနဲ့ သွားလိမ့်မယ်။ သွားရင် တစ်နေ့ကုန်နေရမှာပေါ့။ ဒီတော့ မနက်ဖြန် မောင် ခင့်ဆီကို လာပြီး နေ့လယ်စာ စားလှည့်ပါ။ အဲဒီ အခါကျမှ နှစ်ယောက်သား နှုတ်ဆက်ကြတာပေါ့။ လာဖြစ်အောင် လာ နော်။ ခင် မောင့်ကို နေ့လယ်စာအတွက် ဘာတွေ ချက်ပြုတ်ထားတယ် ဆိုတာ ပြချင်လို့ပါ။ မောင် အခု ထမင်းလခ ပေးစားနေရတာ ဘယ်မှာ အစားကောင်း အသောက်ကောင်း စားရတယ် ရှိမှာလဲ။ မောင် အနေအထိုင် ဆင်းရဲတာကို တွေးမိတိုင်း ခင်တော့ စိတ်မချမ်းသာပါဘူးကွယ်။ မနက်ဖြန် လာဖြစ်အောင်လာနော်။ နှုတ်ဆက်ပွဲ

http://www.cherrythitsar.org



ကလေးပေါ့။ နှုတ်မဆက်ခင် ပျော်ပျော်ကြီး နေရမှာမို့ မလာဘဲမနေပါနဲ့ ဆရာ ဒါပဲ။

**သင့်ထာဝစဉ်**

**ဆစ်လ်ဗီးယား။**

❖ ❖ ❖

# ခုနစ်

၁၇၊ ဟော်သွန်လမ်း။

အချစ်ရေ ...

မောင့်ကို ခင် သိပ်ချစ်တာပဲ။ ဂျော့ အိစဘုန်းက ပြန်လာပါပြီ။ အားလုံး အဆင်ပြေပါတယ်။ သူ အာဖရိကပြည်ကထွက်တဲ့ လုံကြီး နှစ်ချောင်း ယူလာတယ်။ ဧည့်ခန်းမှာ အလှ ချိတ်ထားဖို့တဲ့။ ပီတာ ကလေး လက်လှမ်းမမီတဲ့ နေရာမှာ ချိတ်ဖို့ ပြောရသေးတယ်။ အခုပဲ ဂျော့ **ခြသေ့်**ကလပ် ထွက်သွားလို့ ဒီစာကို ကောက်ရေးလိုက်ရတယ်။ ဖရင့်ရေ၊ အချစ်ရေ၊ ခင်တော့ မောင့်ကို သိပ်ချစ်တာပဲ။ ဒီနေ့ တစ်နေ့လုံး ခင်ဖြင့် ဒီချစ်တယ်ဆိုတဲ့ စကားကို ထပ်တလဲလဲ ပြောခဲ့ပေမယ့် အခုလဲ ပြောချင်သေးတာပဲ ။ ဒီနေ့ မောင်နဲ့ခင် ချစ်ကြတာ တကယ်တော့ လွန် တယ်။ နောက် ဒီလိုလုပ်ဖို့ မသင့်ပေဘူးပေါ့နော်၊ ဟုတ်လား။ မှတ်ထား ဆရာ မှတ်ထား။ မနေ့ကများ သူဖို့ ချက်ရပြုတ်ရတဲ့အထဲမှာ သူက ရှုပ်လိုက်တာ လွန်ပါရော။ အာလူးပြုတ်တွေ တူးတဲ့ အနံ့ရမှပဲ သူလွတ် တော့တယ်။ မောင် တော်တော်ကဲပါလားဟင်။ နောက်ဘယ်တော့မှ ဒီလို မလုပ်ရဘူး သိရဲ့လား။ ခင်တော့လေ သိပ်ရှက်သွားတာပဲ။ ဒါပေမယ့် မောင့်ကို အရင်တုန်းကထက် အများကြီး ပိုချစ်လာတယ်။ မောင်ကသာ ခင့်ကို ပိုချစ်မှာ မဟုတ်ပါဘူး။ ပြီးတော့ မနေ့က ပြောချင်တာတွေ ကုန်

အောင်လဲ မပြောလိုက်ရဘူး။ သူရှုပ်နေတာနဲ့ အချိန်တွေ ကုန်သွားတာ ပေါ့။ ရုံးချိန် နောက်ကျနေတော့ မောင် ပြေးရတာပေါ့။ အတော် မော သွားသလား မောင်။

**သင့်ထာဝစဉ်**
**ဆစ်လ်ဗီးယား။**

(နောက်ဆက်တွဲ။ ။ စာအိတ်ပိတ်ပြီးမှ ပြန်ဖွင့်ရတယ်။ ဒီနေ့ ကစပြီး မောင် ခင့်ကို မတွေ့ရဘူးဆိုတော့ ခင့်ကို မေ့သွားမှာပဲလို့ စိုးရိမ်မိတယ်။ အဲဒါ ကြောင့် အခု မောင် ခင့်ကို ချစ်သေးရဲ့လားလို့ မေးလိုက်ရပါတယ် မောင်ရယ်။)

❖ ❖ ❖

# ❁ ရှစ်

၁၇၊ ဟော်သွန်လမ်း။

ဖရင့်ရေ...

ဒီ စာဟာ ရှည်ပြီး အလုပ်သဘောဆန်တဲ့ စာ ဖြစ်လိမ့်မယ်။ ခင် ဆိုမယ့် အချက်တွေကတော့ အသစ်အဆန်းတွေ မဟုတ်တော့ပါဘူး။ မောင် သိပြီးသားတွေပါပဲ။ တွေ့တဲ့အခါ ဒီစကားတွေ ပြောကို မပြော ဖြစ်ဘူး။ ပြောမယ်လို့ မတွေ့ခင်က ရည်ရွယ်ထားပေမယ့် တွေ့တော့ ဟိုစကား ဒီစကား ပြောရတာနဲ့ အခု ပြောမယ့် စကားတွေကို အချိန် မရတော့ဘူး။

ပထမအချက်ကတော့ မနေ့က ခင် မောင့်ကို ပြောလိုက်တဲ့ အကြောင်းကို စာနဲ့ ရေးပြီး အတည်ပြုရတာပါပဲ။ အဲဒါကတော့ ခင် ဂျော့ကို ဘယ်နည်းနဲ့မှ မပစ်နိုင်ဘူး။ မောင်က ဂျော့ကို ပစ်ပြီး မောင်နဲ့ လိုက်ဖို့ ပြောတာ ကျေးဇူး တင်ပါတယ်။ အင်မတန်မှလဲ ကောင်းမွန်တဲ့

http://www.cherrythitsar.org



စကား ပါပဲ။ ဒါပေမယ့် ခင် ဒီစကားကို လက်မခံနိုင်တဲ့အတွက် အများကြီး စိတ်မကောင်းပါဘူး မောင်ရယ်။ ခင်နဲ့ မောင် ထွက်သွားကြရင် မောင် အလုပ်ပြုတ်မယ်။ ခင့်မှာလဲ ငွေကြေးရှိတာ မဟုတ်တော့ ခင်တို့ နှစ်ယောက် ငတ်နေကြလိမ့်မယ်။ စဉ်းစားကြည့်စမ်း မောင်။ ခင်နဲ့ မောင်တို့ အချစ်မှာ ငွေကြေးက ဝင်ပြီး နှောင့်ယှက် ချုပ်ချယ်နေတယ်။

သိပ် အသည်းနာစရာ ကောင်းတာပဲ။ မောင်က အလုပ်ထွက်ရှာမယ် ဆိုပေမယ့် အလုပ်ရဖို့ သိပ်ခက်တယ်။ မောင့်မှာ နာမည်ပျက်ကြီးနဲ့ ဆိုတော့ ဘယ် အလုပ်ရှင်က မောင့်ကို အလုပ်ပေးမှာလဲ။ ဂျော့ကလဲ မောင်နဲ့ ခင်တို့ အကြောင်း လူသိနတ်ကြား ဖြစ်အောင် မပြောဘဲ မကြေညာဘဲ နေမှာတဲ့လား။ ငွေကြေးမရှိဘူးဆိုရင် မောင် အနေအထိုင် အစားအသောက် ဆင်းရဲပေလိမ့်မယ်။ ခင့်အတွက်တော့ အရေးမကြီးပါဘူး။ မောင်နဲ့သာ နေရရင်တော့ ဘာပဲလုပ်ရ လုပ်ရပါစေ။ အမှိုက်လှည်း သမလုပ်ရဦးတော့ ကျေနပ် ပျော်ရွှင်ပါတယ်။ ပြီးတော့လဲ ပီတာကလေးကို ဂျော့နဲ့ ထားပစ်ခဲ့ဖို့ အင်မတန် ခက်ပါတယ်။ ဂျော့ဆိုတာကတော့ ယောက်ျားမို့ ကလေးကို ကျကျနန စောင့်ရှောက် တတ်မှာ မဟုတ်ဘူး။ တကယ်လို့များ သူ အိစတုန်းက ယူလာတဲ့ လုံကြီးတွေကို ပီတာကလေး လက်လှမ်းမိသွားရင် ပြီးပါလေရော။ ပြီးတော့ ခင်နဲ့ ဂျော့ကွာကြရင် ဂျော့က ပီတာကလေးကို ခေါ်ထားလိုက်မှာ သေချာတယ်။ ဒီလို ခေါ်ထားတာဟာ သူ ကလေးကို ချစ်လို့တော့ မဟုတ် ဘူး။ ခင့်ကို နှိပ်စက်ချင်လို့ပေါ့။ ခင်တော့ ကလေးကို ဘယ်နည်းနဲ့မှ ခွဲလို့ မရဘူး။ ပီတာကလေးမှာ အသက် နှစ်ခါလည် တစ်လပဲ စွန်းသေးတယ်။ ကလေးကို ဂျော့က ခင်ပြုစုသလို ဘယ်ပြုစုမှာလဲ မောင်ရယ်။

အင်း ဘဝဟာ အတော်ပဲ ဆိုးပါလား။ ချစ်သူတွေကို နှိပ်စက်တဲ့ ဘဝပဲနော်။ ဒီတော့ ခင်နဲ့မောင်ဟာ ဒီလိုပဲ သောင်မတင်ရေမကျနဲ့ နေသွားကြရဦးမှာပဲ ။ နောက်နောင်တစ်ခုခု ဖြစ်လာလို့ အခြေအနေ ပြောင်းရင်လဲ ပြောင်းတဲ့ အလျောက်ပေါ့။ အဲဒီအထိတော့ သည်းခံပြီး

http://www.cherrythitsar.org



စောင့်ကြရလိမ့်မယ် မောင်။ ကဲလေ ဒါတွေ လျှောက်ပြောနေရင် သာပြီး စိတ်မချမ်းသာ ဖြစ်လိမ့်မယ်။ ခင်တော့ မောင့်လို ရုပ်ချောနဲ့ ချစ်ရတဲ့အတွက် အများကြီး ကျေနပ် ဝမ်းသာနေတာပဲ။ ဒီလိုပဲဒုက္ခကို သတ္တိရှိရှိ ခံပြီး၊ ချစ်သူကလေးကို ငဲ့တဲ့ သဘောနဲ့ ဖြစ်သမျှ အခြေမှာ ပျော်ပျော်ကြီး နေတော့မယ်လို့ စိတ်ပိုင်းဖြတ်ထားတာပဲ။

နောက်အချက်တစ်ခုကတော့ မောင့်ကို ပေးတဲ့ ခင့်ရဲ့ စာတွေကို ဖျက်ဆီးပစ်လိုက်ပါ။ စာတွေဟာ အင်မတန် အန္တရာယ်များတယ် နော်။ နောင်တော့ သက်သေခံပစ္စည်း ဖြစ်တတ်တယ်။ မောင်နေတဲ့ အိမ်ကလဲ တယ်လီဖုန်း မရှိတော့ ခင်ပြောချင်တာတွေ စာနဲ့ချည်း ရေး ပြောနေရတာ ခက်လှသကို။ တယ်လီဖုန်းသာရှိရင် ညနေတိုင်း မောင့်ကို လှမ်းလှမ်း စကားပြောနိုင်မှာပဲ။ အဲဒီလို မောင့် အသံကလေး ကြားနေရရင် ခင်တော့ ကျေနပ်မှာ အမှန်ပဲ မောင်ရယ်။ အခုတော့ ဂျော့ ခြင်္သေ့ကလပ်ကို ထွက်သွားမှ စာရေးရတော့တယ်။ စာရေးပြီး အိပ်ရာဝင်တာပဲ။ ခင်တော့ မောင့်ကို အိပ်ရာထဲမှာ ရှိနေစေချင်တာပေါ့။ အခုတော့လေ မောင့်ကို အိပ်မက်ထဲမှာသာ တွေ့ရတော့တယ်။ ခင်တော့ မောင့်ကို အစွဲကြီး စွဲနေပြီမောင်ရယ်။ ဒီစာတွေကို မီးရှို့ဖျက်ဆီးပစ်နော်။ ခင်တော့ မောင့်ဆီက စာတစ်စောင်တည်းရှိတာ။ အခု မီးရှို့ပစ်လိုက်ပြီ။

မောင့်ကို နောက်ထပ် ဘယ်တော့တွေ့ရမယ်ဆိုတာ မသိသေးဘူး နော်။ တွေ့နိုင်ဖို့ ခဲယဉ်းလှပါတယ်။ ဂျော့ဟာ အင်မတန်ဆိုးတာ။ ခင့် အပေါ် အင်မတန် ရက်စက်တယ်။ အခု အတောအတွင်းမှာ ခင်က မောင့်ကို စိတ်ကူးရင်း ပျော်နေတတ်တာကို ကြည့်ပြီး ဒေါပွနေတယ်။ ခင် ဘာကြောင့် စိတ်ချမ်းသာနေတယ်ဆိုတာ သူတွေးလို့ မရတိုင်း ဒေါပွနေတာပေါ့လေ။ အခုဆို သူဟာ အရင်တုန်းကထက် အရက်ပိုပြီး သောက်တယ်။ ကလေးကိုလဲ ငိုအောင် လုပ်တယ်။ မောင်က အရက်သမား မဟုတ်လို့ တော်ပါသေးရဲ့။ လင်က အရက်သောက်ပြီး နှိပ်စက်သမျှ ချစ်သူက အရက်ကို တစ်ခါတလေလောက် သောက်တယ် ဆိုရုံကလေး သောက်ပြီး ခင့်အပေါ်မှာ ယုယပေလို့ တော်ပါသေးရဲ့လေ။

http://www.cherrythitsar.org



ကဲ ဒီစာရှည်ကြီးကို အဆုံးသတ်ရတော့မယ်။ ဂျော့အတွက် လက်ဖက်ရည် ပြင်ပေးရဦးမယ်။ ကိုယ့်ချစ်သူဆီကို စာရေးနေရာက ထပြီး လင်အတွက် လက်ဖက်ရည် ပြင်ပေးရတယ် ဆိုတာ အသည်းနာစရာပဲ။ တော်သေးပြီနောက်။ ဖရင့် ဒါလင်ရေ။ မွေးမွေးအများကြီး ပေးလိုက်ပါတယ်ကွယ်။

သင့် ထာဝစဉ် ချစ်သူ

ဆစ်လ်ဗီးယား။

❖ ❖ ❖

# ကိုး

၁၇၊ ဟော်သွန်လမ်း။

အချစ်ရေ...

ဒါကြောင့်မို့ အခုထိုင်ပြီး အဲဒီ အကြောင်း ရေးလိုက်ရဦးမယ်။ ဂျော့က အီစဘုန်း တစ်ခါ ပြန်သွား နေတယ်။ အဒေါ်ကလဲ ပီတာကို တစ်နေ့လုံး ခေါ်သွားတယ်။ အဲဒီလို အဘက်ဘက်မှာ လွတ်လပ် အခွင့် အလမ်းသာတဲ့အခါ မောင်လာလိုက်တော့ သိပ်ဟန်ကျသွားတာပေါ့။ ညနေပိုင်း ဂျော့ပြန်လာတော့ ခင့်မှာ မောင်နဲ့တွေ့လိုက်ရတာတွေကို စားမြုံ့ပြန်နေဆဲပဲမို့ သူက ခင့်ကို ဘာ ပြုံးပြုံးကြီး လုပ်နေရတာတုန်းလို့ မေးတယ်။ အင်း မောင်ဟာ အာဂအိုင်ယာလန်ကျွန်းသားပဲ။ ခင်တော့ မောင့်မျက်လုံးကြီးတွေကို အကြိုက်ဆုံးပဲ။ မောင့် မျက်လုံးတွေဟာ အပြာကလေးတွေပဲနော်။ ခင်တော့ သိပ်ချစ်တာပဲကွယ်။ ပြီးတော့လဲ မောင့် ဆံပင်ခွဲပုံကို ခင် သိပ် သဘောကျတယ်။ အဲဒီဆံပင် ခွဲပုံကိုပေါ့။ ခင် မောင့်ကို ပထမ စတွေ့ရကတည်းက စွဲတာ သိလား။ ပြီးတော့လေ မောင် ပြုံးလိုက်ရင် မောင့် မျက်ရစ်ကလေးတွေ ဝိုင်းပြီး လာတာကလေး ဟာလဲ သိပ်ချစ်စရာ ကောင်းတာပဲ။

http://www.cherrythitsar.org



ဂျော့ လက်ကျိုးတုန်းက မောင့်ကို ခင့်ရှေ့တင် ဂျော့က ကြိမ်းလို့ မောင်က ဒေါသကြီးနဲ့ ကြည့်တာကိုလဲ ခင် မမေ့နိုင်ပါဘူးရှင်။ မျက်လုံးက မီးတောက်လာအောင် ဒေါသဖြစ်တယ်ဆိုတာ ဝတ္ထုရေးတဲ့ ဆရာတွေက ဥာဏ်ကွန့်ရေးတာပဲလို့ ထင်မိခဲ့ပေမယ့် မောင့်ကို ဟိုနေ့က မြင်လိုက်ရမှ မီးတောက်နေတယ်ဆိုတာ တကယ်ပါလားလို့ တွေးမိတော့တယ်။ မောင်ဟာ အိုင်ယာလန်ကျွန်းသားဆိုတော့ ဒေါသကြီးရင်လဲ မျက်လုံးက မီးတောက်တာပဲ။ ဒါပေမယ့် မောင် ခင့်ကိုတော့ ဒေါသမဖြစ်ရဘူးနော်။ ဒါပဲဆရာ။ ဒီလိုသာ မောင်က ဒေါပွမယ်ဆိုရင် ခင်သေမယ် သိလား။ မောင်က ကိုယ်လုံး ကိုယ်ထည် ကြီးကကြီးပါဘိသနဲ့။ တစ်ခါတလေများ မောင်ဟာ ခင့်ချစ်သူလို့ ဆိုတာ တွေးမိရင်း အံ့ဩမိတယ်။ မျက်စိမှိတ်ပြီး တွေးကြည့်တဲ့အခါမှ မောင့်ကို ခင်က ယုယုယယ ရင်ခွင်မှာ ထားပြီး နမ်းတဲ့အခါများမှာ မောင်ဟာ ကလေးကလေးလိုပဲ ကန္တဲ့ကလျ နေတာကို မြင်ယောင်မိပါတော့တယ်။

မောင်ဟာ အခုမှ အသက် အစိတ်ပဲ ရှိသေးတယ်။ ခင်က အသက်နှစ်ဆယ့်ခုနစ်နှစ်။ အသက်ချင်း နှစ်နှစ်သာ ကွာပေမယ့် မောင်က သိပ်ကြီးတာ။ နထွားကြီးပဲ။ ယှဉ်လိုက်ရင် ခင်ဟာ မောင့်အမေလောက်ထင်ရတယ်။

မောင်ရေ၊ ဂျော့ဟာ ခင့်အပေါ်မှာ အတော်ပဲ ရက်စက်တာ။ မရက်စက်ဦးတော့ ခင်တော့ သူ့ကို သိပ်မုန်းတာပဲ။ ဒါပေမယ့်လေ နောက်နောင် တစ်ခုခု ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ရတာပဲ။ မကြာခင်ပဲ တစ်ခုခု ဖြစ်လာရင် ကောင်းမှာပဲနော်။ မောင့်ကို ခင် သိပ်ချစ်နေပြီ။ ခင်တော့ မောင့်ကို ရင်ခွင်ထဲမှာ ထားချင်လှပြီ မောင်ရယ်။ ပြောစမ်းပါ။ မောင် ခင့်ကို ချစ်ရဲ့လားလို့။ တစ်ခါတလေ ခင်တို့ ကံကိုက ဆိုးပါတယ်လို့ အောက်မေ့မိတယ်။ မောင် တစ်ခု မှာလိုက်ပါရစေ။ ခင့်ကို သတိရနော် ကဲ ကဲ ဒီနေ့ည အိပ်ရာထဲမှာ မောင်က ခင့်ကို သတိရနေစမ်းပါလို့။ ခင်တော့ မောင့်ကို သိပ်သတိ ရတာပဲကွယ်။

အချစ်ကြီးချစ်တဲ့
ဆစ်လ်ဗီးယား။

❖ ❖ ❖

http://www.cherrythitsar.org



# တစ်ဆယ်

၁၇၊ ဟော်သွန်လမ်း။

ဒါလင်ရေ...

ဒီလို နေသွားလို့ မဖြစ်ဘူးလို့ မောင်ပြောတာကို ခင် နားလည်ပါတယ်။ ဒါပေမယ့် ဘယ်လိုလုပ်ရမှာတုန်း မောင်ရဲ့။ ဂျော့ကို ပစ်သွားလို့ မဖြစ်ဘူးကွယ့်။ မောင်လဲ အကြောင်းစုံ သိပြီးပြီဟာ ထပ်ပြောနေစရာလိုမယ် မဟုတ်ပါဘူး မောင်ရယ်။ ပီတာကလေးကို ထောက်ထားရသေးလို့ မောင့်အတွက် ဖြစ်ပေမယ့် ဂျော့ကိုတော့ ပစ်သွားလို့ မဖြစ်သေးဘူးကွယ်။ ပြီးတော့လဲ သူ့ကို ပစ်သွားရင် မောင်နဲ့ခင်တို့ ရက်သတ္တပတ်နှစ်ပတ်အတွင်း ဝေ်ကြလိမ့်မယ် သိရဲ့လား။ မချစ်မနှစ်သက်တဲ့ လူနဲ့အတူနေရတာ သိပ်ပြီး ဆင်းရဲရတာပဲနော်။ မောင်ကလဲ ချစ်သူနဲ့ မနေရတော့ ဆင်းရဲမှာ အမှန်ပေါ့။ တစ်ခါတလေများလေ ခင် အခု ထိုင်နေတဲ့ အနားက နံရံမှာ ချိတ်ထားတဲ့ လုံကြီးနဲ့သာ ဂျော့ကို ထိုးသတ် လိုက်ချင်တဲ့စိတ် ပေါ်ပေါက်လာတယ်။ ဒါပေမယ့် စိတ်သာ ရှိတာ လုပ်ရဲတာ မဟုတ်ဘူး။ အိုင်ယာလန်သူ မဟုတ်တော့ သတ္တိမရှိလှဘူးပေါ့မောင်ရယ်။ အိုင်ယာလန်သူသာဆိုရင် စိတ်လိုက်မာန်ပါ လုပ်လိုက်ပြီးရောပေါ့။ အိုင်ယာလန်သူ အိုင်ယာလန်သားတိုင်းလဲ မဆိုးပါဘူး။ အင်မတန်ချစ်စရာကောင်းတဲ့ အိုင်ယာလန်သား တစ်ယောက်ကို ခင် တွေ့ဖူးပါတယ်။ အဲဒါ ဘယ်သူလဲ မောင် သိရဲ့လား။

အချစ်ရေ၊ လာပြီး မွေးမွေးပေးလှည့်စမ်းပါ။ ဒါမှပဲ ခင့်စိတ်ကြည်လင် ရွှင်လန်းလာ ပါလိမ့်မယ်။ အခုတော့ ဘယ်လို လုပ်ရမယ်ဆိုတာ မသိဘဲ အကြံရကျပ်လွန်းလို့ စိတ်ညစ်နေတယ်။ နောက်တစ်ခါသူက ရိုက်ရင်တော့ ခင် သူ့ကို တစ်ခုခု ပြန်လုပ်မိလိမ့်မယ်။ သိလား။ သူ အလှချိတ်ထားတဲ့ လုံကြီးနဲ့ သူ့ကို ထိုးမိလိမ့်မယ်။ အဲဒီလောက်ပဲ စိတ်ညစ်တယ် မောင်ရယ်။ ကဲလေ ဒီ အကြောင်းတွေ ဆက်မရေးချင်တော့ပါဘူး။ ခင့် စာတွေ အားလုံးမီးရှို့ပြီးပြီမဟုတ်လား။ မောင်နဲ့

တွေ့ရင် ပြောမယ်လို့ ခဲထားတာတွေလဲ မောင်နဲ့ တွေ့တော့ မေ့ကုန်တာပဲ။ စာတွေ မီးရှို့ပြီးပြီလားလို့ မောင်နဲ့တွေ့တုန်းက မေးမလို့ဟာ မေးကို မမေးဖြစ်ဘူး မောင်ရယ်။

အချစ်များစွာနှင့် ချစ်သူ
ဆစ်လ်ဗီးယား။

❖ ❖ ❖

# တစ်ဆယ့်တစ်

၁၇၊ ဟော်သွန်လမ်း။

အချစ်ဆုံးရေ…

ခင် မှာထားတာတွေ လုပ်ဖြစ်အောင် လုပ်ပါ။ ခင်က ကပျာကယာ ထွက်လာခဲ့ရလို့ မောင့်ကိုကျကျနန ရေရေလည်လည် မမှာခဲ့မိဘူး။ ပြီးတော့လဲ မောင် အကုန်လုံး သိထားဖို့ မလိုပါဘူး။ မောင် ခင်တို့ အိမ်ကို ခင့်ယောက်ျားခေါ်တဲ့အခါမှ ရောက်ဖူးတယ်လို့ ပြောတာပေါ့။ ခင် လုပ်တာပါလို့ ခင် ပြောမယ်နော်။ မတော်တဆ ဖြစ်သွားတာပဲလို့ ဆိုမှာပေါ့။ လုံကို နံရံမှာ ချိတ်နေတုန်း လွတ်ကျပြီး သူ့ကို စူးတာလို့ ဆိုမယ်။ ဒီစာကို ထည့်ပြီး အပြန်ကျတော့ ဂျော့ သေနေတာကို တွေ့လို့ လန့်အော်နည်းမျိုးအော်မယ်။ ခင်တော့ မကြောက်ပါဘူး မောင်ရယ်။ နည်းနည်းမှ မကြောက်ဘူး။ အလောင်းကြီးက မျက်လုံးကြီး ပြူးလို့။ သွေးတွေကလဲအိုင်ထွန်းလို့။ ဒါနဲ့တောင်မှ ခင်တော့ မကြောက်ဘူး မောင်။ အားလုံး ကိစ္စတွေ ပြီးလို့ နေသောတကျ ဖြစ်တော့ ခင်နဲ့မောင် လက်ထပ်ကြတာပေါ့။ အဲဒါကတော့ မောင်က ခင့်ကို လိုချင်သေးတယ် ဆိုရင်ပေါ့လေ။ ကဲ တော်ဦးမယ်။ ပိတာကလေး နံနက်တစ်ချိန်အိပ်တာ နိုးခါနီးပြီ။ ဂွတ်ဒ်ဘိုင် ဒါလင်။ ဒီလို မောင်က လုပ်လိုက်တဲ့အတွက် ခင်က မောင့်ကို အပြစ် မတင်ပါဘူး။ ဒီလို လုပ်လိုက်တာ ဝမ်းတောင်

http://www.cherrythitsar.org



*သာပါသေးတယ် မောင်ရယ်။ ဂျော့ပဲ ဆိုးလွန်းလို့ ဒီလို ဖြစ်တာ ကောင်း တောင် ကောင်းသေးတယ်။ နောက်မကြာခင် မောင်နဲ့ ခင် တူပျော်ပျော်နေဖို့ပဲ ရှိတော့တယ်နော်။*

**ထာဝစဉ် အချစ်**
**ဆစ်လ်ဗီးယား။**

http://www.cherrythitsar.org

# ရှင်းပြချက်

ဤဝတ္ထုသည် စုံထောက်ဝတ္ထုဖြစ်၏။ သို့သော် ကြုံတွေ့နေကျ စုံထောက်ဝတ္ထုများနှင့် လားလားမျှ မတူ။ ရုံးတော်တွင် သက်သေခံအဖြစ် တင်ပြသော စာများကို စီစဉ်လိုက်သည်နှင့် ဇာတ်လမ်း အဖြစ်သနစ် ပေါ်လွင်လာပေတော့သည်။ ရေးပုံဆန်းလှ၏။ စာများကို သေသေချာချာ ဖတ်ကြည့်သောအခါ သာမန်ရေးနည်းဖြင့် ရေးသော စုံထောက်ဝတ္ထုကဲ့သို့ပင် ရာဇဝတ်မှု အကြောင်းရင်းသည် ပေါ်လာတော့သည်။

သက်သေခံစာ အမှတ်(၁)မှသည် တဖြည်းဖြည်း ဆက်၍ ဖတ်လိုက်သောအခါ မစ္စတာလေစီ (ဖရင့်)နှင့် မစ္စစ်ဟတ်(ဆစ်လ်ဗီးယား)တို့၏ တိတ်တိတ်ပုန်း အချစ်ဇာတ်လမ်းသည် ပေါ်လွင်လာလေသည်။ ပထမစာ၌ ပြင်ပြင်စိမ်း တစ်ယောက်ကို မိန်းမတစ်ယောက်က တာဝန်ဝတ္တရား အတိုင်းရေးသော စာဖြစ်ကြောင်း ‘မစ္စတာ လေစီရှင့်’ဟူသော ပဏာမမှ အစ၊ စာကိုယ်တစ်ခုလုံးကို ကြည့်ခြင်းဖြင့် သိနိုင်သည်။ မစ္စစ်ဟတ်သည် သူ့ခင်ပွန်းက ခိုင်းသဖြင့် သူ့ခင်ပွန်း၏ လက်အောက်ခံ အမှုထမ်းတစ်ယောက်ကို ခေါ်လိုက်သော စာဖြစ်သည်။ ဒုတိယ စာသည်လည်း ဒုတိယအကြိမ်ခေါ်သော စာဖြစ်၏။ တတိယစာ၌ ဇနီးနှင့် လက်အောက်ခံတို့ စ၍ ငြိစပြုလာကြောင်း တွေ့ရသည်။ ဇနီးက

http://www.cherrythitsar.org



သူ့ခင်ပွန်း ဒေါသကြီးကြောင်း၊ လက်အောက်ခံကို ဝင်၍ မပြောလိုက်ဖို့ အကြောင်း၊ သူ့ခင်ပွန်း၏ လက်အနာပျောက်ခါနီးပြီဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။ ထိုစာသည် ဇာတ်ကြောင်း ဖော်သော စာဖြစ်၏။ မစ္စတာ လေစီကို ဆစ်လ်ဗီးယားက ပြောပြခြင်းသည် စာရေးဆရာက သူ့စာဖတ်ပရိ သတ်အား ဇာတ်ကြောင်း ဖော်ခြင်းပင် ဖြစ်၏။ ဇာတ်ကြောင်း ဖော်ပြရာတွင် ကျွမ်းကျင်လိမ္မာသည်ဟု ဆိုရပေမည်။ ဆစ်လ်ဗီးယားတို့ အိမ်ထောင်ရေး မသာယာပုံကို အရိပ်အမြွက်ပြသည်။ ဖရင့်အပေါ်တွင် ဆစ်လ်ဗီးယား၏ အာရုံစိုက်လာစပြုပုံကို ညွှန်းသည်။ ဆစ်လ်ဗီးယား၏ အာရုံအစအပျိုးမှုသည် သူနှင့် ဖရင့်တို့၏ တိတ်တဆိတ် အချစ်ဇာတ်လမ်း၏ အစဖြစ်သည်။ ရာဇ ဝတ်မှု ဖြစ်ပွားရာအကြောင်း လမ်းပေါ်လာပေပြီ။ သို့သော် စာဖတ်သူသည် ထိုစာကို ဖတ်ရုံနှင့် မသိသေး။ သိချင်စိတ်တွေ ပေါ်လာသည်။ **Suspense** ဟု ခေါ်သော သိလိုဇော ဝင်လာလေပြီ။

စာအမှတ် (၄)သည် ဖရင့်နှင့် ဆစ်လ်ဗီးယားတို့၏ တိတ်တဆိတ် အချစ် ဇာတ်လမ်းတွင် ခြေတစ်လှမ်း တိုးလာပြီဆိုသည့် အချက်ကို ပြသည်။ သက် သေခံ ပစ္စည်းအဖြစ် တင်ပြသော စာများသည် ဆစ်လ်ဗီးယားက ဖရင့်ထံသို့ ရေးသော စာများသာ ဖြစ်သည်။ ဖရင့်ကပေးသော စာကိုမူ ဆစ်လ်ဗီးယားက မီးရှို့ပစ်လိုက်ကြောင်း ဤစာတွင် စ၍ တွေ့ရသည်။ ဖရင့်က ဆစ်လဗီးယား ထံသို့ စာရေးလိုက်၍ ဆစ်လ်ဗီးယားက ပြန်သော စာ ဖြစ်သည်။

စာအမှတ် (၅) အစတွင် ဖရင့်က ဆစ်လ်ဗီးယားထံသို့ မစ္စတာဟတ် (ဂျော့) မရှိခိုက်တွင် လာသွားကြောင်း သိရသည်။ ဆစ်လ်ဗီးယားက နောက် ဘယ်တော့မှ မလာပါနှင့်ဟု စာထဲတွင် ဆိုခြင်းသည် နောက်လာဖို့ဖိတ်ခေါ် ခြင်းပင် ဖြစ်သည်။ သူသည် တိတ်တဆိတ် ဖြစ်ခြင်းမှာ မသင့်လျော်ဟု သိ၏။ သို့သော် ဖြစ်လည်း ဖြစ်ချင်လေသေးသည်။ သူ့ ခင်ပွန်းကိုလည်း ကြောက်သည်။ သို့သော် သံယောဇဉ် ငြိစပြုလေပြီ။

သူက မလာသင့်ဘူး၊ မလာပါနှင့်ဟု ဖရင့်ကို စာရေး၍ ဆိုသော်လည်း ဖရင့် မလာဘဲလည်းမနေ၊ သူကလည်း တကယ်တော့ လာစေချင်သည်။ စာ အမှတ်(၆)တွင် ဖရင့် နောက်ထပ်လာပြီးလျှင် ချစ်တင်နှီးနှော သွားလေသည်။ ဆစ်လ်ဗီးယားသည် ဖရင့်ကို 'အချစ် ဖရင့်ရေ'ဟု ခေါ်လိုက်ပြီ။ ဖရင့်က သူ့ကို ချစ်သည်ကို သူနှစ်သက်၏။ ခင်ပွန်းကိုလည်း ကြောက်သည်။ နောက်မီး

http://www.cherrythitsar.org



လင်းခြင်းသည် မသင့်ဟူ၍လည်း အပေါ်ယံ သဘောအားဖြင့် သိ၍ နောက် ထပ် မလာဖို့ချည်း ပြောသည်။ နောက်ထပ်မလာနှင့် ပြောသော်လည်း ဖရင့်က နောက်ထပ်လာသည်။ ယင်းသို့လာသည်ကိုလည်း စိတ်ထဲက ကြိုက်သည်။ မလာနှင့်ဟု စာအစမှာ ဆိုသော်လည်း စာအဆုံး၌ သူ့ ခင်ပွန်း အခြားမြို့သို့ တစ်နေကုန် သွားနေမည့် သတင်းကို ပေးရုံမက၊ နေ့လယ်စာလာ၍ စားဖို့ ဖိတ်လိုက်သေးသည်။ နောက်ဆုံး နှုတ်ဆက်ခြင်း နှုတ်ဆက်ဖို့ ခေါ်သည်ဟု သူက ဆို၏။ သို့သော် သူကိုယ်တိုင်က သူပြော သည့်အတိုင်း ရပ်တန်းက ရပ်ဖို့ မလိုလားပေ။ မိန်းမ သဘာဝကို သိမ်မွေ့စွာ ညွှန်းလိုက်ခြင်းပင်တည်း။

အမှတ်(၇)တွင် ဆစ်လ်ဗီးယားသည် ကျဆုံးလေပြီ။ ဖရင့်ကို 'အချစ်ရေ' ဟု ပစ်၍ ခေါ်လိုက်ရုံသာမက 'မောင့်ကို ခင် သိပ်ချစ်တာပဲ'ဟု စာအစတွင် ဖွင့်ဟဝန်ခံလိုက်လေပြီ။ သူတို့နှစ်ယောက် ခရီး ဘယ်လောက်ရောက်၍ ဘယ် စခန်းသို့ ဆိုက်ကြပြီဆိုသည်ကို ထင်ရှားစွာ သိနိုင်ပေပြီ။ စာကိုယ်ထဲတွင် သူတို့ ဆိုက်ရောက်ကြပြီဖြစ်သော အချစ်စခန်းကို ဖော်ပြထားသည်။ ယင်းသို့ အခြေမျိုးတွင် ရောက်နေပြီ ဖြစ်သော်လည်း စာ၏ နောက်ဆက်တွဲတွင် 'ဒီကနေ့က စပြီး မောင် ခင့်ကို မတွေ့ရတော့ဘူး'ဆိုသော စကားမျိုး သုံးချေ သေးသည်ဆိုသည့် အချက်ကို တွေ့ရသည်။ ထိုအချက် သည် မိန်းမသဘာဝ တစ်ရပ်ကို သိမ်မွေ့စွာ ဖော်ပြခြင်းပင်ဖြစ်၏။ မိန်းမ၏ ငြင်းချက်သည် ဖိတ် ခေါ်ချက်ပင် ဖြစ်သည်ဟူသော အချက်ပင်တည်း။

အမှတ်(၈)တွင် ဆစ်လ်ဗီးယားသည် အချစ်နယ်ကျွံရာမှ နောင်ရေး ကိစ္စ ကို ဆွေးနွေးသည်။ သူသည် သူ့ခင်ပွန်းကို မပစ်နိုင်ကြောင်း၊ သူ့ သားကလေး အတွက်ကြောင့်ဟူသော စကားကို ဆိုသည်။ ဆစ်လ်ဗီးယားသည် ဖရင့်နောက် သို့ လိုက်လျှင် ဆင့်တောင့်ဆင်းရဲဖြစ်ရမည်ကို သိသည်။ ယင်းသို့ ဆင်းရဲမျိုး ကို မခံနိုင်။ ခံဖို့လည်း မလိုလားပေ။ 'နောင် အခြေအနေ ပြောင်းတဲ့အချိန်' အထိ စောင့်ရလိမ့်မည်ဟု ဆိုသည်။ အခြေ အနေ ပြောင်းဖို့ စောင့်စားသည်။ ထို့အပြင်လည်း သူ့ခင်ပွန်း အခြားမြို့က ဝယ်လာသော လုံကြီးအကြောင်းကို အထူးထည့်၍ ပြောသည်။ စာတွေမီးရှို့ပစ်ဖို့ သတိပေးသည်။ 'နောင်တော့ သက်သေခံ ပစ္စည်း ဖြစ်တတ်တယ်'ဟု ဆိုသည်။ ဆစ်လ်ဗီးယားသည် မိန်းမ

http://www.cherrythitsar.org



စိတ်၊ မိန်းမဉာဏ်ဖြင့် နောင်ရေးကို ကြိုတင်၍ မြင်သည်။ သူ့ထံသို့ ဖရင့်က ပေးလိုက်သော စာကို မီးရှို့ပစ်သည်။ ဖရင့်ကသာ မီးရှို့မပစ်ပေ။ မိန်းမ သဘာဝ သေသေသိပ်သိပ် လုပ်တတ်ကြောင်း ပြသည်။

စာ အမှတ်(၉)တွင် သူတို့နှစ်ယောက်ထပ်၍ တွေ့ကြပြီးလျှင် စခန်း ဆက်၍ လွန်ကြပြန်လေပြီ။ ဆစ်လ်ဗီးယားလည်း ဖရင့်အပေါ်တွင် အစွဲကြီး စွဲနေလေပြီ။ အမှတ်(၁၀)တွင် သူတို့နှစ်ယောက် ပူးပေါင်း ကျူးလွန်မည့် ရာဇဝတ်မှု အရိပ်အယောင်ပေါ်လာသည်။ လုံကြီးနှင့် သူ့လင်ကို ထိုးလိုက်ချင် တယ်ဟု ဆိုသည်။

နောက်ဆုံးတွင် အမှတ်(၁၁)တွင် ဆစ်လ်ဗီးယားက တိုက်တွန်းသဖြင့် ဖရင့်က ဂျော့ကို လုံနှင့် ထိုးသတ်လိုက်ကြောင်း အစွန်းအစများ တွေ့ရသည်။ ဂျော့ သေပြီးသည့်နောက်မှ ဆစ်လ်ဗီးယားက ဖရင့်ထံသို့ ရေးသောစာဖြစ် သည်။

***ဤ ဝတ္ထုသည် ရေးပုံဆန်း၏။ သက်သေခံစာများက သက်သေခံသွား သည်။ ပမာဏ၊ နိဂုံးစသည်တို့ မပါဘဲ စာတွေကိုသာ စဉ်၍ ပြသွားသည်။ ထို ရေးပုံမျိုးကို တွေ့ရခဲသည်။ အမှုတစ်ခုတွင် သက်သေခံပစ္စည်းက လူ သက်သေထက်ပို၍ တိကျမှန်ကန်စွာ ထွက်ဆိုပြတတ်သည်ဟူသော အချက်ကို ထင်လင်းစွာ ဖော်ပြလိုက်ခြင်းပေတည်း။***

***ဤဝတ္ထုကို အင်္ဂလိပ်ဝတ္ထုဆရာ ဖော်ရက်စတားက တစ်မျိုးထွင်၍ ရေး ခြင်းဖြစ်သည်။ စာဖတ်သူက စိတ်ကူးဖြန့်၍ ကွက်လပ်ဇာတ်ကွက်များကိုဖြည့် ယူရသော အဖြည့်ခံ ဝတ္ထုမျိုးဟု ဆိုနိုင်သည်။***

***ဖော်ရက်စတားသည် နာမည်ကျော် (ရုပ်ရှင်ရိုက်ကူးပြီးဖြစ်သည့်) ရေတပ် ဗိုလ် 'ကပ္ပတိန်ဟော်န်းဘလိုဝါး' ဝတ္ထုများကို ရေးသော စာရေးဆရာဖြစ်သည်။***

# ဝတ္ထုတို ထွေရာမှတ်တမ်း

## ဝတ္ထုတိုများ အားလုံးကို ခြုံ၍ ရှင်လင်းချက်

ဝတ္ထုနှင့် ပတ်သက်၍ အထွေထွေစကား ဆိုပါဦးမည်။ ဝတ္ထုတို ပေါ်ပေါက် လာသည်မှာ မကြာလှသေးပါ။ ယခင်အခါက ပုံပြင်များ၊ မှတ်တမ်းများသာ ရှိသည်။ ဥရောပတိုက်၌ ဝတ္ထုတိုဟူသော သီးသန့် အနုပညာစာပေပုံစံအဖြစ် ပေါ်လာသည်မှာ အနှစ်တစ်ရာ မပြည့်တတ် သေးပေ။ အနှစ်ငါးဆယ်ကျော်လောက် ရှိပြီ ထင်မိပါသည်။ ကျွန်တော် တို့ဆီမှာ ဝတ္ထုတို ပေါ်လာသည်မှာကား အတော်ပင် နောက်ကျချေသေး သည်။ ဝတ္ထုတိုမှာ ကျွန်တော်တို့အဖို့ တိုင်းတစ်ပါးက ရလာသော အနု ပညာ စာပေပုံစံသစ် တစ်ခုပင် ဖြစ်သည်။

ဝတ္ထုတိုသည် ပေါ်လာကတည်းကပင် လူကြိုက်များလာခဲ့၏။ စာရေးဆရာများကလည်း အရေးများ၏ မဂ္ဂဇင်း၊ ဂျာနယ်များ ထွန်း ကားလာသော ဤခေတ်၌ ဝတ္ထုတိုသည် ပွားများရာ နေရာများစွာ ရလာလေသည်။ မဂ္ဂဇင်း၊ ဂျာနယ်တို့သည် ကမ္ဘာပေါ်တွင် များလှစွာ၏။ ယင်းတို့သည် ဝတ္ထုတို ပေါက်ပွားရာ ရေကန်ကြီးများပင်တည်း။

http://www.cherrythitsar.org



ဝတ္ထုတိုသည် အစဉ်ကြီးပွားတိုးတက်နေသော အနုပညာစာပေ ပုံစံတစ်ခုဖြစ်သည့်အလျောက် ယင်း၏ အခြေအနေသည် တစ်နေ့တခြား ပြောင်းလဲလျက်ရှိသည်။ **လွန်ခဲ့သည့် အနှစ်ငါးဆယ်ကျော်က ထွက်ပေါ်လာသော ဝတ္ထုတိုများနှင့် ယခုအခါ ပေါ်ထွက်လျက်ရှိသော ဝတ္ထုတိုများသည် အသွင်အပြင်ချင်း မတူလှတော့ပေ။** အတွင်းသားမှာလည်း အမျိုးအစား ကွဲပြားလေတော့သည်။ ရှေးခေတ်က ဝတ္ထုတိုများတွင် အစ၊ အလယ်၊ အဆုံးဟူ၍ သုံးပိုင်းသုံးကန့် ရှိသည်။ ဇာတ်လမ်းကို အလေးထားသည်။ 'ဝတ္ထုဆိုသည်မှာ ဇာတ်လမ်းကို ပြောပြရပေမည်' ***(A story must tell a story)*** ဟူသော အယူအဆ လွှမ်းမိုးခဲ့သည်။ ဇာတ်လမ်း မခိုင်သော ဝတ္ထုတိုကို အလေး မထားခဲ့ကြချေ။

ကျွန်တော်တို့ဆီမှာ ယခုထက်တိုင် ထိုအယူအဆ ရှိနေသေးသည်။ ဝတ္ထုတိုတစ်ပုဒ် ရေးပေးမည်ဟု စာရေးဆရာတစ်ယောက်က မဂ္ဂဇင်း အယ်ဒီတာကို ပြောလိုက်လျှင် အယ်ဒီတာက "ဘယ်လို ဇာတ်လမ်းလဲ" ဟု မဆိုင်းမတွ မေးလိုက်သည်။ စာရေးဆရာက ဇာတ်လမ်းအကျဉ်းချုပ်ကို ပြောလိုက်၍ နှစ်သက်လျှင် အယ်ဒီတာကလက်ခံမည်ဟု ဆိုလိုက်၏။ ဝတ္ထုတိုကိုကား တစ်လုံးတစ်ပါဒမျှ မရေးရသေးပေ။

ဇာတ်လမ်း ဇာတ်ကွက်ကို အာရုံပြုမှု များလွန်းလှသေးသော ကျွန်တော်တို့ဆီမှာ နိုင်ငံခြား ဝတ္ထုများမှ ဇာတ်လမ်းဇာတ်ကွက်များ ခိုးချနေသော အကျင့် ထွန်းကားနေတော့သည်။ အံ့စရာ မဟုတ်ပေ။ ဝတ္ထုတစ်ပုဒ်ကို စိစစ်ဝေဖန်တော့မည်ဆိုလျှင် ဇာတ်လမ်းအင်အား ကောင်းရဲ့လား ဟူသော အမေးကို ပထမဦးဆုံး ဖြေဖို့ ကြိုးစားလေ့ရှိသည်။ ဇာတ်လမ်းပေါ်မှာ ဇာတ်ကောင်တည်နေသည်ဟူသော အတွေးမျိုး ပေါက်လျက် ရှိကြ၏။ သူတို့ဆီမှာ ဝတ္ထုတို ပေါ်စကကဲ့သို့ ဖြစ်နေ၏။ **ဝတ္ထုတိုသည် ပုံပြင်မှ ပေါက်ပွားလာခဲ့ရလေရကား၊ အစဦး ပုံပြင်မှာကဲ့သို့** ဇာတ်လမ်းကို အလေးဂရုပြုကြသည်။

ဇာတ်လမ်း **ဇာတ်ကွက်များကို ဆင်ပြီးကာမှ ဝတ္ထုတိုကို ရေးခဲ့ကြရာ၊ ထိုမှ ဇာတ်ကောင်သည်လူ၊ လူသည်သာ ပဓာနဟူသော အတွေးမျိုး**

http://www.cherrythitsar.org



**ပေါက်လာ ပြီးလျှင်** ဝတ္ထု၏ အသက်သည် ဇာတ်လမ်းမဟုတ်၊ ဇာတ်ကောင်သာ ဖြစ်သည်ဟူသောအယူအဆ ထွန်းကားလာလေသည်။ ဤအယူအဆ ထွန်းကားမှုတွင် **ရုရှားစာရေးဆရာကြီး အင်တွန်ချက်ကော့၏** စွမ်းဆောင်မှုသည် အတော်ပင် ကြီးမားလှပေ၏။ **ချက်ကော့၏ ဝတ္ထုတိုများတွင် ဇာတ်ကောင်၏ အတ္တသဘာဝသည် ပေါ်လွင်လျက် ရှိ၏။** ဇာတ်ကောင်၏ လှုပ်ရှားမှုသည်ပင်လျှင် ဇာတ်လမ်းဇာတ်ကွက် ဖြစ်လာ၏။ ဇာတ်လမ်းသည် ဇာတ်ကောင်၏ အရိပ်ပင် ဖြစ်သည်။

ဇာတ်ကောင်၏ အတ္တသဘာဝကို သရုပ်ဖော်ရာတွင် ဝတ္ထုရေးဆရာသည် သူ့အမြင်၊ သူ့ဝါဒကို ထည့်သွင်းခြင်း မပြုဟုမဆိုသာ။ သို့သော်လည်း အတင်းအဓမ္မ စုပြုံထည့်သွင်းခြင်း မပြုပေ။ ဇာတ်ကောင်၏ အတ္တသဘာဝနှင့် ကိုက်ညီသော အချက်အလက်တို့သာလျှင် ဝင်မှန်းမသိ ဆိုသလို ဝင်သွားလေတော့သည်။ စာဖတ်တတ်သူအဖို့ ဝတ္ထုရေးဆရာက သူ့အာဘော်ကို ဇာတ်ကောင်၏ သန္တာန်တွင်းသို့ သွင်းပြီးလျှင် ဇာတ်ကောင် အာဘော်ယောင်ဆောင်ခြင်းကို မြင်နိုင်ဖို့ မခဲယဉ်းပေ။ ဝတ္ထုတိုသည် အနုပညာ ပစ္စည်းတစ်ခု ဖြစ်သည့်အလျောက် သဘောသဘာဝတို့မှာ နူးညံ့လှသည်။ သာမန်အားဖြင့် မြင်နိုင်ခဲသော အချက်အလက်များ ပါရှိသည်။

ဝတ္ထုတိုသည် စာဖတ်ပရိသတ်အဖို့ လက်လှမ်းအမီဆုံး၊ အနီးစပ်ဆုံးဖြစ်သည့်အလျောက် ဝတ္ထုတိုအမျိုးမျိုးကို စာရေးဆရာ အမျိုးမျိုးက ရေး၍ အနှံ့အပြား ထုတ်ဝေကြသည်။ ဝတ္ထုတို တစ်ပုဒ်တလေမျှ မပါသော ဂျာနယ်မဂ္ဂဇင်းဟူ၍ ပညာပေးစာစောင်များ၊ သုတေသန စာစောင်များမှအပ မရှိပေ။ ဝတ္ထုတိုကို **မဖတ်ဖူးသော စာဖတ်ပရိသတ် ဟူ၍လည်း မရှိပေ။** ဝတ္ထုတိုသည် ဤမျှ ပျံ့နှံ့သည့်အလျောက် ဝတ္ထုတို၏ နယ်နိမိတ်မှာလည်း ကျယ်ပြန့်လေသည်။ အကြောင်းခြင်းရာ စာတမ်းတိုကလေးမှစ၍ ပုံပြင်အထိ ဝတ္ထုတိုစာရင်းထဲတွင် ဝင်လျက်ရှိ၏။ တစ်ခါတလေ ဝတ္ထုတိုဟု ခေါ်သော်လည်း ဖတ်လိုက်သောအခါ အကြောင်းခြင်းရာ စာတမ်းကလေးမျှသာ ဖြစ်နေကြောင်း တွေ့ရသည်။ တစ်ခါ

တလေ ဝတ္ထုတိုဟု ခေါ်ထားစေကာမူ ဝတ္ထုကြီးသဖွယ် ကြီးမားရှည်လျားသည်ကို တွေ့ရသည်။ ဝတ္ထုတိုဟူသော ဝေါဟာရသည် မသင့်လျော်လှပေ။ 'တို'ဟူသော စကားလုံးသည် ဦးနှောက်ကို ဒုက္ခပေးနိုင်သည်။ ဘယ်လောက် တိုမလဲ ဟူသော မေးခွန်းပေါ်လာဖွယ် ရှိ၏။ **ဥရောပနိုင်ငံဘာသာစကားအချို့တွင် ဝတ္ထုတိုကို 'နော်ဗယ်လ်'ဟု ခေါ်သည်။ ဝတ္ထုကြီးကို 'ရိုမန်းစ်' ဟုခေါ်သည်။** တို – ရှည်ဟူသော စကားမျိုး မပါရှိသဖြင့် ခွဲခြား၍ ရလွယ်သည်။

တစ်ဖန် ဝတ္ထုတိုအမျိုးအစား များစွာရှိရာ ဖတ်သူ အမျိုးအစားလည်း ကွဲပြားလေသေးသည်။ **အချစ်ဝတ္ထုတို၊ လူ့သဘာဝ သရုပ်ပြဝတ္ထုတို၊ စုံထောက် ဝတ္ထုတို၊ စွန့်စားခန်း ဝတ္ထုတို၊ ရယ်ရွှင်ဖွယ် ဝတ္ထုတို၊ အတွေးအခေါ်ကို သရုပ်ဆောင်သော ဝတ္ထုတိုမှစ၍** အမျိုးမျိုး ရှိသည်။ စာဖတ်ပရိသတ်သည် ထိုဝတ္ထုတို အမျိုးအစားတွင် မိမိနှစ်သက်ရာကို စွဲမြဲဖတ်ကြသည့်အလျောက် ပရိသတ် အုပ်စု ကွဲသွားလေသည်။

မဂ္ဂဇင်းထဲတွင် လူအများ နှစ်သက်စေဖို့ ရည်စူး၍ ထည့်သွင်းသော ဝတ္ထုတိုများမှာ အတွေးအခေါ် လေးနက်မှုများကင်း၍ သာမန်အကြောင်းအရာတို့ကို လွယ်လွယ်နှင့် ဖော်ပြသွားကြပေသည်။ တွေ့ကြုံဆုံကွဲဖြစ်မြဲဓမ္မတာကို အပေါ်ယံအမြင်နှင့် အပေါ်ယံအတွေးတို့ကိုသာ ဖော်ပြကြသည်။ ဖတ်သူကလည်း သာမန်ကာလျှံကာ ဖတ်လိုက်သည်။ ပြီးလျှင် ပစ်လိုက် မေ့လိုက်သည်။ ယင်းသို့သော **'မဂ္ဂဇင်းဝတ္ထုတို'များသည် ကမ္ဘာအရပ်ရပ်၌ ပေါများလှ၏။** လူတို့၏ အစားအစာသဖွယ်ပင် ဖြစ်သည်။ ထိုစာပေ့မျိုးရှိပေးရပေမည်။ "ပျင်းပါတယ်။ ဝတ္ထုဖတ်လိုက်ဦးမယ်" ဟူသော စကားမျိုးကို မကြာခဏ ကြားဖူးကြပေမည်။ ပျော်တော်ဆက်ဝတ္ထုများထဲမှ အဖိုးတန်မထွက်ဘူးဟု မဆိုလိုပါ။ သို့သော် များသောအားဖြင့် အပေါစားများသာတည်း။

**လူ့သဘာဝ သရုပ်ပြဝတ္ထုတိုများသည် အတော်ရှားလှ၏။** ပညာအဆင့်အတန်း မြင့်သော လူနည်းစုတို့အဖို့သာ ဖြစ်သည်။ သာမန်ပညာအဆင့်အတန်းရှိသော စာဖတ်ပရိသတ်ကမူ "ဟင် ဘာတွေ ရေးထားမှန်း

http://www.cherrythitsar.org



မသိဘူး”ဟု ဆိုတတ်ကြသည်။ ဘာတွေ ရေးထားမှန်း သိလေဦးတော့ ဖတ်၍ အားမရ ဖြစ်တတ်သည်။ မိမိတို့မျှော်မှန်းချက်သို့ မရောက်ဘဲ မရေမရာ အဖြစ်မျိုးသို့ ဆိုက်တတ်သည်။ တစ်ခါတလေ ဘာမျှ အကြောင်းမဟုတ်သော အဖြစ်အပျက်တို့ကို ဖော်ပြထားသည်ဟု ထင်ကြလေသေးသည်။ မှန်သည်။ စကားလုံးများအတိုင်း အပေါ်ယံ ဖတ်သွားလျှင် ဘာအဓိပ္ပာယ်မျှ ထူးထူးခြားခြားရှိသည်ဟု မဆိုနိုင်လောက်အောင် ဖြစ်တတ်ချေသည်။ “ဘာအကြောင်း ထူးလို့လဲ”ဟု ဖတ်ပြီးလျှင် မေးနိုင်ဖွယ်ရှိ၏။

သူတို့ ပြောတာလည်း မှန်ပေသည်။ အချို့သော ဝတ္ထုတိုများမှာ အကြောင်းအရာ ဟူ၍ ဆိုလောက်အောင် မပါချေ။ စာရေးဆရာ၏ အတွေး အခေါ်များသာ ပါသည်။ အချို့မှာ အတွေးအခေါ်ဟူ၍ သိသိသာသာပင် မပါပေ။ အချို့တွင် ဖော်ပြသော အကြောင်းအရာမှာ မည်သို့မျှ မထူးခြားသော်လည်း မဖော်ပြသော အကြောင်းအရာ အချက်အလက်များကို စာဖတ်သူက တွေးခေါ်ယူရသည်။ အတွေးအခေါ် မတတ်သူတို့အဖို့ ဘာမျှ အကြောင်းမထူး ပါကလားဆိုပြီး လွှင့်ပစ်လိုက်ဖို့သာ ရှိတော့သည်။

**ဝတ္ထုတို၏ နယ်ပင်သည် ကျယ်ဝန်းသည်။** လောကတစ်ခွင်၌ ဖြစ်ပျက်နေသမျှ အကြောင်းခြင်းရာတွေထဲမှ ထုတ်ချင်ရာကို ထုတ်၍ ဖော်ပြနိုင်သည်။ **ဝတ္ထုတိုသည် အရေးရအလွယ်ဆုံး ဖြစ်၏။ သို့သော် တကယ်ရေးဖို့ ခက်လှပေသည်။** စာရေးချင်စိတ် ပေါ်လာသူတိုင်းသည် ဝတ္ထုတိုကို စ၍ ရေးသည်။ ရေးတတ်သည်ဟုလည်း ထင်သည်။ ဖြစ်ကတတ်ဆန်း ဝတ္ထုတိုတစ်ပုဒ် ထွက်လာဖို့ လွယ်ကူသလောက် တကယ်တမ်း ဝတ္ထုတို တစ်ပုဒ်ထွက်ဖို့ အလွန် ခဲယဉ်းသည်။

ယခုခေတ် ကမ္ဘာ့စာပေအသီးသီးတွင် ဝတ္ထုတိုတွေ သိန်းသန်းချီ၍ ထွက်နေကြသည်။ **ဘာသာစကားတိုင်း၌ ဝတ္ထုတို မြောက်မြားစွာ ရှိကြ၏။** နောက်နောင်လည်း အတောမသတ် ထွက်ကြပေဦးမည်။ အမျိုးသားစာပေတိုင်း၌ ဝတ္ထုတိုကဏ္ဍသည် ကြီးမားလှ၏။ မိမိတို့ ဘာသာဘာဝ

http://www.cherrythitsar.org



ရေးကြဖတ်ကြကုန်၏။ **ဝတ္ထုတိုသည် စာရေးဆရာတို့၏ လက်သုံးပစ္စည်း ဖြစ်သည်။** ဝမ်းရေးအတွက် ဝတ္ထုတိုများထွက်လာအောင် ရေးထုတ်လိုက်ကြသည်။ ဝါသနာအလျောက် ရေးကြသည်လည်း ရှိသည်။ မိမိ၏ ယုံကြည်ချက်များကို ဖော်ထုတ်ချင်၍လည်း ရေးကြလေသေးသည်။ အမျိုးမျိုးပင်။

ယင်းသို့ အပြုံလိုက်ထွက်နေသော ဝတ္ထုတိုတို့ကို အဆင့်အတန်း အမျိုးအစား ခွဲခြားဖို့မလွယ်ကူ။ ဖြစ်ပင် မဖြစ်နိုင်လောက်အောင် အခြေသို့ ဆိုက်လျက် ရှိသည်။ သို့သော် စာပေအရာဝင်သော ဝတ္ထုတိုများသည် အချိန်၏ ဖျက်ဆီးမှု၊ ခေတ်၏ သုတ်သင်မှုဒဏ်များကို ခံနိုင်ကာ ဆန်ခါတင် ကျန်ခဲ့ကြသည်။ ရှေးခေတ်ဝတ္ထုတိုအချို့သည် ယင်းသို့ပင် ကျန်ခဲ့ကြ၏။ ယခုခေတ် ဝတ္ထုတိုများအဖို့ကား အချိန်စောသေးသည်။

ရှေးခေတ်က ဝတ္ထုတိုများတွင် ဥပမာ၊ ပြင်သစ် စာရေးဆရာကြီး ဂီးဒီ မောပါးဆွန်း၏ **The Necklace** (ပုတီးကုံး) ဝတ္ထုတို၊ ရုရှား စာရေးဆရာကြီး ပွတ်ရကင်း၏ **The Kiss** (အနမ်း) စသည်တို့မှာ ခေတ်ကုန်သည် ဟူ၍ ရှိကြမည် မဟုတ်ပေ။ တစ်ဖန် **ရုရှားဝတ္ထုတို စာရေးဆရာကြီး ချက်ကော့၏** ဝတ္ထုတို များစွာသည်လည်း ယခု ထက်တိုင် ထင်ရှားလျက် ရှိပေသည်။

ဝတ္ထုတိုများသည် မည်မျှပင် နှစ်လိုဖွယ် ဖြစ်စေကာမူ၊ ဝတ္ထုကြီးများလောက် လူသိမများ ဖြစ်တတ်ချေသည်။ မထူးဆန်းလှပေ။ ဝတ္ထုတိုများသည် သေးငယ်သောကြောင့် ခဏဖတ်ပြီး မကြာခင် မေ့သွားတတ်ကြလေသည်။ ယင်းသို့ ဖြစ်သော်ငြားလည်း စာရေးဆရာတစ်ယောက်၏ အနုပညာ စွမ်းရည်ကို ဝတ္ထုတို များမှာလည်း တွေ့နိုင်သည်။ မြင်တတ်ဖို့သာလိုသည်။ ဝတ္ထုကြီးများလောက် လုံးလုံးခဲခဲ မရှိသည်မှာ အကြောင်းအားလျော်စွာမျှသာ ဖြစ်သည်။

အချို့သော စာပေအနုပညာရှင်ကြီးများသည် ဝတ္ထုတို၌ အထူးကျွမ်းကျင်၍ ဝတ္ထုတိုဖြင့်သာ မိမိတို့၏ အနုပညာစွမ်းရည်ကို ဖော်ပြခဲ့ကြသည်။ ဥပမာ ရုရှားစာရေးဆရာကြီး **ချက်ကော့၊** ပြင်သစ်စာရေး

http://www.cherrythitsar.org



ဆရာကြီး မောပါးဆွန်း၊ နယူးဇီလန် စာရေးဆရာကြီး **ကက်သရင်း** မင်းစဖီး၊ အမေရိကန် စာရေးဆရာကြီး အိုဟင်နရီ၊ အင်္ဂလိပ် စာရေး ဆရာကြီး **အိပ်ချအီးဘိ၊** အိုင်ယာလံ စာရေးဆရာကြီး **လီယမ် အိုဖလာ** တီး၊ အင်္ဂလိပ်စာရေးဆရာကြီး **အေအီးကော့ပတ်။**

ဝတ္ထုတိုသည် ဝတ္ထုကြီးလောက် အပြန့်မကျယ်သော်လည်း အတွင်း ခံ အဓိပ္ပာယ်သည် တစ်ခါတစ်ရံ ပို၍ လေးနက်သည်။ အကွက်မိသဖြင့် ထိရောက်တတ်ပေသည်။ သို့သော် ဆိုခဲ့သည့်အတိုင်းပင် မြန်မြန်ဖတ်၊ မြန်မြန်မေ့ သွားတတ်ကြသောကြောင့် ဝတ္ထုတို၏ သြဇာသည် များသော အားဖြင့် ဝတ္ထုကြီးများလောက် စွဲထင်မကျန်တတ်ချေ။

ဝတ္ထုတိုနှင့် ပတ်သက်၍ စာပေပညာရှင်တစ်ဦးက ဆိုခဲ့ဖူးသည်။ ဝတ္ထုတိုသည် ဆုံးသည်မှစ၍ ဖတ်သူအဖို့ လုပ်ငန်း ပေါ်ရပေမည်ဟု ဆို ၏။ သူ ဆိုလိုသည်မှာ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ပြီးခါမှ ဖတ်သူက တစိမ့် စိမ့်တွေး၍ တစ်ရေးရေး ပေါ်ဖို့ဖြစ်သည်။ **ဝတ္ထုတိုသည် ဖတ်သူအား အကြောင်းခြင်းရာ အလုံးစုံကို ထုတ်၍မပေး။ အတွင်းခံ အဓိပ္ပာယ်များ ကို ဖတ်သူက တစိမ့်စိမ့် တွေးယူရသည်။** ဝတ္ထုကြီးတွင်ကား စာရေး ဆရာက အားရပါးရ ထုတ်ဖော်ပြနိုင်သည်၊ ပြဖို့ အကွက်ပေါ်များသည်။ အချိန်ရသည်။ အခွင့်သာသည်။ ဝတ္ထုတိုမှာ သေးငယ်သောသဏ္ဌာန် ရှိရုံသာမက သိပ်သည်းမှုလည်း ရှိရသေးလေရာ ယင်းသို့ ဖော်ပြခွင့်မသာ ပေ။ ထို့ကြောင့် ဝတ္ထုတိုဖတ်တတ်ဖို့ အထူးပင် လိုသည်။ ဖတ်သူ၏ ဉာဏ်စွမ်းရည် အပေါ်တွင် တည်သည်။ အချို့သော ဝတ္ထုတိုများကို ဖတ်ပြီး "ဘာတွေ ရေးတာပါလိမ့်"ဟု ငေးမောလက်မှိုင်ချနေသော ဖတ် သူတို့သည် မိမိဉာဏ်စွမ်း အဆင့်အတန်းကို ပြန်လည် စစ်ဆေးကြည့် သင့်လှ၏။

ဝတ္ထုတိုနှင့် ကဗျာသည် အနုပညာ ဂုဏ်အဆင့်အတန်းချင်း တူသင့် သလောက် တူသည်။ ကဗျာကို ဖတ်တတ်ဖို့ အထူးလိုသည်။ ဖတ်သူ တိုင်း မဖတ်တတ်ကြချေ။ "ဘာတွေ ရေးထားပါလိမ့်"ဟူသော ငေးမော မှု ပြုသူ များစွာ ရှိချေသည်။ ကဗျာတစ်ပုဒ် ဖတ်တတ်ဖို့မှာ ကဗျာ

တစ်ပုဒ်ကို ရေးတတ်ဖို့လောက်ပင် ခက်ခဲလှသည်ဟု ကဗျာဆရာကြီး တစ်ဦးက ဆိုဖူးသည်။ဝတ္ထုတို(တကယ်တမ်း အဖိုးတန်ဝတ္ထုတို)တစ်ပုဒ်ကို ဖတ်တတ်ဖို့လည်း ထိုနည်းနှင်နှင်ပင်။

တစ်နေ့ကပင် မိတ်ဆွေတစ်ယောက်က **ပြင်သစ်စာရေးဆရာ** (သဘာဝတ္တဗေဒ ဆရာ) **ဂျင်းပေါဆာတီး၏** ဝတ္ထုတိုများကို ဖတ်၍ နားမလည်ဟု ဆိုသည်။ တလောကလည်း တစ်ဦးက **ပြင်သစ်စာရေးဆရာကြီး အယ်ဘယ်ကမူး၏** ဝတ္ထုများကို ဖတ်၍ နားမလည်ဟု ဆိုခဲ့လေသေးသည်။ ထို မိတ်ဆွေများသည် စာပေ လေ့လာလျက်ရှိသော သုတေသီများ ဖြစ်ကြ၏။ သူတို့ပင်လျှင် နားမလည်နိုင်လောက်အောင် ဖြစ်ရသည်မှာ အတော်စဉ်းစားစရာ ဖြစ်ပေတော့သည်။ ကျွန်တော်လည်း ထိုဆရာကြီးများ၏ ဝတ္ထုများကိုဖတ်၍ လေ့လာဆဲ ဖြစ်သည်။ သူတို့သည် **'အိပ်ဇစ်စတင်းရှယ်လစ်'ဝါဒီများ** ဖြစ်သည်။ သူတို့၏ဝါဒကို ပထမ နားလည်ဖို့ လိုသည်။ သူတို့၏ ဝါဒမှာလည်း အတော်ပင် နားလည်ဖို့ ခက်ခဲလှသည်။ ယခုခေတ် စာရေးဆရာများစွာ (အနောက်တိုင်း) စာရေးဆရာများ)သည် သူတို့၏ဝါဒ၌ အနည်းနည်းဖြင့် သက်ဝင်နေကြသည်ဟု ဆိုနိုင်သည်။ ယင်းတို့၏ အရေးအသား(ဝတ္ထု)များတွင် ထိုဝါဒ၏ သရုပ်များ ပေါ်လွင်နေကြသည်။

ကျွန်တော်ဆိုလိုသည်မှာ အပျော်ဖတ်ဝတ္ထုတိုများမှ အပ၊ အတွေးအခေါ် လေးလေးနက်နက် ပါရှိသော ဝတ္ထုတိုများကို ဖတ်တတ်ဖို့ ခဲခက်သည်ဟူ၍ပင်။

မဂ္ဂဇင်း ဝတ္ထုတိုဟုခေါ်သော အများကြိုက် ဝတ္ထုတိုများမှာ ဖတ်သူတို့အဖို့ အားထုတ်မှုနည်းပါး၍ ပေးသမျှကို ခံယူနိုင်ကြသည်။ စာပေဝတ္ထုတိုများမှာမူ ယင်းသို့ မခံယူနိုင်ဘဲ အတော်ပင် ကြိုးပမ်း၍ ခံယူနိုင်မှ တော်ရုံကျပေလိမ့်မည်။ **ဆန်ခါတင် ဝတ္ထုတိုများကို ပညာဆည်းပူးသည့် အနေဖြင့် ကြိုးပမ်း လေ့လာမှု ပြုလိုသူ စာချစ်ပုဂ္ဂိုလ်တို့အဖို့ ကမ္ဘာ့ဝတ္ထုတို များစွာကို ပြန်ဆိုပေးဖို့ လိုအပ်လှသည်။** ပြီးလျှင်လည်း ထိုဝတ္ထုတိုတို့၏ အဓိပ္ပာယ်အခြေအနေ အချက်အလက်တို့ကို တတ်စွမ်း

http://www.cherrythitsar.org



သမ္ဘျ ဖော်ပြသော ရှင်းလင်းချက်များကလည်း လိုအပ်ပေမည်။ ရှင်းချက်များ ပေးရခြင်းမှာ မလွယ်ကူရုံသာမက တာဝန်လည်း ကြီးလှချည်သေးသည်။

ယခု ကျွန်တော် ပေးလိုက်သော ဝတ္ထုတိုဆယ်ပုဒ်မှာ အားလုံး ကမ္ဘာကျော် ဝတ္ထုတိုများဟု ကျွန်တော် မဆိုလိုပါ။ အဆင့်အတန်း မြင့်လှပြီဟုလည်း မဆိုပါ။ သို့သော် အသင့်အတန် ဖတ်ပျော်ကြပေသည်။ ကျွန်တော့် ရှင်းလင်းချက်များမှာလည်း ကျွန်တော် တတ်အားသမ္ဘျ ဖော်ပြချက်များသာ ဖြစ်သည်။ ဖတ်သူများစွာက ကျွန်တော့်အမြင်ထက် ပို၍ ထက်သန်စူးရှနိုင်ဖွယ် ရှိပေသည်။ ကျွန်တော့် အဆိုထက် ပို၍ မှန်ကန်ထိ ရောက်နိုင်ဖွယ်လည်း ရှိပေသည်။ ကျွန်တော့် **ရည်ရွယ်ချက်မှာ ဖတ်သူတို့အား အပျော်တမ်း ဖတ်ခြင်း အလေ့မှ ကျော်တက်၍ လေးလေးနက်နက် လေ့လာမှုပြုတတ်သော အကျင့်မျိုးရဖို့ အစပျိုးစေခြင်းမျှသာ ဖြစ်သည်။**

ကျွန်တော်သည် ကမ္ဘာကျော် ဝတ္ထုကြီး အချို့အကြောင်းနှင့် စာရေးဆရာ ကြီးများ၏ အကြောင်းတို့ကို နိဒါန်းပျိုးသည့်အနေဖြင့် အစမ်းစာတိုကလေးများကို ရေး၍ 'ဘဝနှင့်စာပေ'အမည်တပ် စာအုပ်ကလေး တစ်အုပ်ကို ထုတ်ခဲ့သည်။ ယင်းသို့ ရွေးထုတ်ခြင်း၏ ရည်ရွယ်ချက်ကို ထိုစာအုပ်တွင် ဖော်ပြခဲ့ပါပြီ။ ကမ္ဘာ့စာပေနှင့်ပတ်သက်၍ မိတ်ဆက်သဘောမျိုးဖြစ်ကာ၊ ဖတ်သူတို့၌ ကမ္ဘာကျော်ဝတ္ထုကြီးများကို ဖတ်လိုသော ဆန္ဒ ပေါ်ထွန်းလာပါမူ ကျွန်တော် တတ်အားသမ္ဘျ ကြိုးပမ်းရကျိုးနပ်ပါပြီဟု ဆိုခဲ့သည်။ နပ်သင့်သလောက်လည်း နပ်လာပြီဟု ကျွန်တော် ယခု ဆိုချင်ပါသည်။ အကြောင်းသော်ကား အချို့သော ကမ္ဘာကျော် ဝတ္ထုကြီးများကို ယခုတလော အတော်များများ ပြန်ဆို လာကြခြင်းပင် ဖြစ်သည်။ နောင်လည်း ဘာသာပြန်လုပ်ငန်းသည် တိုးတက်ဖွယ် အခြေ၌ တည်ရှိ၏။ ကျွန်တော် တဖွဖွဆိုခဲ့သည့် အတိုင်းပင် စာပေရေးရာတွင်လည်း ကမ္ဘာ့အမြင်သည် အရေးကြီးလှပေသည်။

ယခုလည်း ဤစာအုပ်ငယ်ဖြင့် ကျွန်တော်သည် ကမ္ဘာ့စာပေ၌ ကြီးမား ကျယ်ပြန့်လှသေ ဝတ္ထုတိုကဏ္ဍ၏ နိဒါန်းငယ်သဖွယ် ပြုစု

http://www.cherrythitsar.org



လိုက်ပါပြီ။ ကျွန်တော့်မိတ်ဆွေများ၊ ဆရာများဖြစ်ကြကုန်သော စာရေးဆရာ ကြီးငယ်တို့သည် တတ်အားသမျှ ဝင်ရောက်၍ ဆောင်ရွက်ကြစေလိုပါသည်။ ကမ္ဘာ့ ဝတ္ထုတိုများကို သူ့အာဘော်အတိုင်း ပြန်ဆိုပေးကြစေချင်ပါသည်။ စာဖတ်သူများကလည်း အပျော်ဖတ်ဝတ္ထုတိုများကို ဖတ်သည့်အခါ ဖတ်ပြီးလျှင် စာပေကို တကယ်တမ်း မြတ်နိုးလေ့လာလိုလျှင် ထိုဝတ္ထုတိုများကိုလည်း ဖတ်ရှုလေ့လာကြစေချင်သည်။

ကျွန်တော့် အဖို့မှာမူ ကျွန်တော် ထမ်းဆောင်နိုင်သလောက် တာဝန်ကို ထမ်းဆောင်သည့်အနေဖြင့် **အလျဉ်းသင့်သည့်အခါဝယ် ကမ္ဘာ့ဝတ္ထုတို တချို့ကို ပြန်ဆိုပြီးလျှင် ရှင်းလင်းချက်များ ရေး၍ ဖတ်သူတို့အား တင်ဆက်ပါဦးမည်။**

**တက်တိုး**

ရန်ကုန်မြို့။

၁၉၆၅ – ခု၊ ဖေဖော်ဝါရီ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။

http://www.cherrythitsar.org

